www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်—— ၈၂၈/၉၉ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်– ၇၃၂/၉၉ (၈)

ထုတ်ဝေခြင်း
ပထမအကြိမ်
၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ၊

အုပ်ရေ
၁၀၀၀ အုပ်

တန်ဖိုး
သုံးဆယ်ကျပ်တိတိ

မျက်နှာဖုံးပန်းချီ
ဝဏ္ဏတန်

စီစဉ်သူ
မငွေးငွေးဝေ




ထုတ်ဝေသူ
ဦးကျော်ကျွန်း မိုးမင်းစာပေ (၀၉၄၃)
အမှတ် (၉၃)၊ ရှမ်းသာလမ်း
လေးထောင့်ကန်၊ သယ်န်းကျွန်း ရန်ကုန်မြို့

ပုံနှိပ်သူ
ဦးစိုးမြင့် (၀၂၆၃၉)
ရွှေအောင်လံရောင်စုံပုံနှိပ်တိုက်
အမှတ် (၄၉) ၁၀၁လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးမြသိန်း သိန်းမြင့်ဝင်း ပုံနှိပ်တိုက် (၀၁၄၂၇)
အမှတ် (၉၆) ၁၁ လမ်း၊ ရန်ကုန်မြို့။

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်
ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်း ကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

BURMESE CLASSIC

# အိပ်မက်ရာသီ

## (၁)

လျှပ်စစ်အော်ဂင်မှာ မင်္ဂလာတီးလုံးသံ ရပ်ဆိုင်းသွားသည်နှင့် ဘုရားရှိခိုးကျောင်းအတွင်း တိတ်ဆိတ်ငြိမ်သက်ခြင်းက ချက်ချင်းပင် လွှမ်းမိုး ကြီးစိုးသွားလေသည်။

အနောက်တိုင်း သတို့သားဝတ်စုံကိုဆင်မြန်းထားသော သူ၏ ရင်ထဲမှာတော့ မငြိမ်သက်နိုင်ပါ။ သိပ်မကြာခင် အချိန်အတွင်း အိမ်ထောင်ရှင်ဘဝကို ရောက်ရတော့မှာပါလား ဟူသော အသိက သူ၏ရင်ခုန်သံတို့ကို ပရမ်းပတာ ပျက်ယွင်း ဆူညံနေစေသည်။

သူ့ဘေးက ဂျူလီယာ ... ကော သူ့လိုပဲ စိတ်လှုပ်ရှားနေမယ် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဇာပဝါ လွှမ်းခြုံထားသော ၎င်း၏ မျက်နှာကို ငုံ့စောင်း လှမ်းကြည့်လိုက်ချင်သော်လည်း သူ မကြည့်ဖြစ်။

တရားဟော စင်မြင့်ပေါ်မှ သိက္ခာတော်ရ ဆရာတော်က လက်တစ်ဖက်ကိုမြှောက်၍ မတ်တတ်ရပ်နေကြသောညီ့ပရိသတ်များအား ထိုင်နိုင်ကြပြီ ဖြစ်ကြောင်း အချက်ပြလိုက်၏။ ဒါဟာ … မင်္ဂလာဆောင် အခမ်းအနားတစ်ခုကို စတင်တော့မည့် သဘောပင် ဖြစ်သည်။

သူ၏အတွေးတို့ မဆုံးခင်မှာပင် သိက္ခာတော်ရသင်းအုပ်ဆရာ၏ အောင်မြင်ခံ့ညားသော သမ္မာကျမ်းစာ ရွတ်သံက ကြည်လင်စွာ ထွက်ပေါ်၍လာလေသည်။

"ဘုရားသခင်သည် ဖန်ဆင်းတော်မူရကား၊ ယောကျ်ားနှင့် မိန်းမ နှစ်ယောက်တည်းကို ဖန်ဆင်းတော်မူ၏။ ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ့်မိဘကို စွန့်၍ ကိုယ့်ခင်ပွန်း၌ မှီဝဲသဖြင့် ထိုသူနှစ်ယောက်တို့သည် တစ်သားတည်း ဖြစ်ရလေ၏။ ထို့ကြောင့် လင်မယားတို့သည် နှစ်ဦးမဟုတ်၊ တစ်ဦးတည်း ဖြစ်ကြကုန်၏။ အချင်း …ယောကျ်ားတို့ …ခရစ်တော်သည် အသင်းတော်ကို ချစ်သကဲ့သို့ ကိုယ်ခင်ပွန်းကို ချစ်ကြရမည်။ ယောကျ်ား





တို့သည် ကိုယ့်ကိုယ်ကိုချစ်သကဲ့သို့ ကိုယ့်ခင်ပွန်းကို ချစ်ကြရမည်။ ထိုသို့ ချစ်သောသူသည် ကိုယ့်ကိုယ်ကို ချစ်သူဖြစ်သလို၊ ဘုရားသခင်ကို ချစ်သောသူလည်း ဖြစ်၏။"

"ယခု ဤသူနှစ်ဦးတို့သည် ဘုရားသခင် ရှေ့မှောက်၌ လည်းကောင်း၊ လူပရိသတ်ရှေ့၌ လည်းကောင်း လက်ထပ်မင်္ဂလာ ထိမ်းမြားခြင်း ဆောင်နှင်းရန် ရောက်ရှိနေကြပြီး ဖြစ်သည်။ ထိမ်းမြားမင်္ဂလာဆောင်နှင်းလိုသောသူတို့သည် တစ်ဦးကိုတစ်ဦး မှန်သောမေတ္တာဖြင့် တရားဥပဒေအရ ထိမ်းမြားလက်ထပ်ပါက သမ္မာကျမ်းစာ၌ ပါရှိသည့်အတိုင်း ဘုရားသခင် ကိုယ်တော်တိုင် ကျေးဇူးတော်ကြောင့် တည်နေတော်မူသောအမှုဖြစ်၍ ထိုသို့လက်ထပ်ခြင်းသည် အသရေနှင့် ပြည့်စုံသော ထိမ်းမြား လက်ထပ်ခြင်း ဖြစ်ပေသည်။"

သင်းအုပ်ဆရာသည် ရွတ်ဖတ်ခြင်းကိုခေတ္တရပ်၍ ပရိသတ်ကို ကြည့်လိုက်၏။ ထို့နောက် သူနှင့်အတူ သတို့သမီးလောင်းကို ?က်ညှိုးညွှန်လျက် …..

"ယခု ဤသတို့သားနှင့်သတို့သမီးတို့သည် ဘုရားသခင်ရှေ့၊ ?တို့ရှေ့၌ အသရေနှင့်ပြည့်စုံသော ထိမ်းမြားလက်ထပ်ခြင်းအမှုကို



www.burmeseclassic.com

www.burmeseclassic.com



*ပြရန် ရောက်ရှိလျက်ရှိသောအခါ... ဤတရားသဖြင့်လက်ထပ်ခြင်းကို တရားသဖြင့်ဆီးတားကန့်ကွက်လိုသူများရှိပါက ...ယခုအချိန်မှာ ကန့်ကွက်နိုင်ပါတယ်။ သို့မဟုတ်ပါက နောက်နောင် ပြောဆိုကန့်ကွက်ပိုင်ခွင့်မရှိကြောင်း သတိပေး ပြောကြားလိုပါတယ်"*

သင်းအုပ်ဆရာတော်သည် ပရိတ်သတ်အား ဝေ့ဝဲ အကဲခတ်ကာ ဒုတိယအကြိမ်မြောက် ဆိုင်းငံ့လိုက်ပြန်သည်။ အတန်ကြာမှ ရွတ်ဖတ်ခြင်းကို စတင်ရန် ဦးခေါင်းကို ငုံ့လိုက်၏။

ထိုအချိန်မှာပင် အလွန် တိုးညင်းသော အသံတစ်ခုက နောက်ဘက်ရှိ ပရိသတ်ထဲမှ မှိန်ဖျော့စွာ ထွက်ပေါ်လာလေသည်။ သင်းအုပ်ဆရာတော်က သတိပြုမိပုံ မရသော်လည်း သူကတော့ ကောင်းစွာ သတိပြုလိုက်မိသည်။ အလွန်တိုးညင်းစွာ ထွက်ပေါ်လာသော ထိုအသံသည် ငိုရှိုက်သံတစ်ခု ဖြစ်၏။ အထူးသဖြင့် မိန်းမတစ်ယောက်၏ ခပ်သဲ့သဲ့ ငိုရှိုက်သံဖြစ်သည်။

သူ နားကြားများ လွဲသွားလေသလား။

သို့သော် သူ နားကြားလွဲခြင်း မဟုတ်ကြောင်း တအောင့်အကြာမှာပင် ကောင်းစွာ သိလိုက်သည်။ သင်းအုပ်ဆရာက ရွတ်ဖတ်ခြင်း ပြန်လည်စတင်ရန် ချောင်းဟန့်လိုက်ချိန်မှာပင် ထို





ခပ်တိုးတိုး ငိုရှိုက်သံက တုန်ခါသောစကားသံတစ်ခုအဖြစ် ပြောင်းလ ထွက်ပေါ်၍လာသည်။

" I object "

"ကျွန်မ ကန့်ကွက်ပါတယ် ..."

တိုင်ပင်မထားဘဲ သူရော ဂျူလီယာပါ နောက်ဘက်သို့ ပြိုင်တူလိုလို ချာခနဲ လှည့်ကြည့်လိုက်ကြသည်။ ပရိသတ်များပါ သူတို့နည်းတူ ကန့်ကွက်သံ ထွက်ပေါ်လာရာသို့ လှည့်ကြည့်ကြ၏။ ဘုရားကျောင်း၏ ဝင်ပေါက်နှင့် အနီးဆုံး၊ နောက်ဆုံးခုံတန်း၌ တစ်ဦးတည်း မတ်တတ်ရပ်နေသော ကန့်ကွက်သူ အမျိုးသမီးကို တွေ့မြင်လိုက်ရသည်။

အကွာအဝေးက အရှေတော်လှမ်းသည့်အပြင် မိန်းမဆောင်း အဖြူရောင်ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းထားသဖြင့် ၎င်း၏ မျက်နှာအား သဲကွဲစွာတွေ့မြင်ခွင့်မရ။ ဖြူဝင်းသောအသားအရေနှင့် ညီသွယ်သော ခန္ဓာကိုယ်အချိုးအစားလောက်ကိုသာ အကဲခတ်ခွင့် ရလိုက်သည့်တိုင် ထိုမိန်းမငယ်နှင့် သူ တစ်ခါမှ တွေ့ဆုံရင်းနှီးမှု ရှိခဲ့ဖူးတာကတော့ အလွန်သေချာပါသည်။

"ဒီလက်ထပ်ပွဲကို ကျွန်မကန့်ကွက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ငိုရှိုက်သံတို့ဖြင့် ရောပြွမ်း တုန်ခါနေသည့် သူမ၏ ဒုတိယ အကြိမ်မြောက် ကန့်ကွက်မှု အဆုံးမှာတော့ ပရိသတ်ထဲမှ တီးတိုး ဝေဖန်သံတို့ အစီအရီ ထွက်ပေါ်လာပြီး သင်းအုပ်ဆရာက "အဖဘုရားသခင်" ဟု ခပ်တိုးတိုး ရေရွတ်လိုက်လေသည်။

အမျိုးသမီးငယ်သည် သူနှင့်တကွ ပရိသတ်၏ အကြည့်တို့ကို မခံနိုင်သည်အလား မျက်နှာကို လက်ဝါးနှင့်အုပ်လိုက်ပြီး အသံ ထွက်ကာ တစ်ချက် ရှိုက်လိုက်၏။ ထို့နောက်တော့ ခုံတန်းရှည်မှ တစ်ဆင့် အလယ်မင်းလမ်းသို့ ထွက်လိုက်ပြီး ဘုရားကျောင်း အပြင်ဘက်သို့ ပြေးထွက်ပျောက်ကွယ်သွားလေတော့သည်။

အမျိုးသမီး ပျောက်ကွယ်သွားသည်နှင့် ပရိသတ်များ၏ ဦးခေါင်းတို့က ပြန်လှည့်လာကြပြီး ၎င်းတို့၏ အကြည့်စူးစူးတို့က သူ့ထံသို့ စုပြုံရောက်ရှိလာကြလေသည်။ ဆိုအကြည့်များထဲမှ အစူးရှဆုံးနှင့် အပူပြင်းဆုံး အကြည့်ကတော့ ဂျူလီယာ၏အကြည့် ပင် ဖြစ်သည်။

၎င်း၏ နီစွေးသောနှုတ်ခမ်းတို့က တဆတ်ဆတ်တုန်ယင်နေ ကြပြီး မျက်ဝန်းတို့ကတော့ ရဲနီ၍နေကြသည်။ သူ တစ်စုံတစ်ရာ ပြောသင့်ကြောင်း နားလည်သော်လည်း ဘာပြောရမှန်း မသိခင်မှာ ပင် ဂျူလီယာ၏ အေးစက်မာကျောသောစကားသံက တစ်လုံးချင်း





ထွက်ပေါ်၍လာသည်။ "ရှင် ဒီလောက် အောက်တန်းကျလိမ့်မယ်လို့ ကျွန်မ ဘယ်တုန်းကမှ မထင်ခဲ့မိဘူး၊ ကိုယ့်မှာ မလွတ်မကင်းမိန်းမ တစ်ယောက် ရှိလျက်နဲ့ တခြားမိန်းမတစ်ယောက်ကို လက်ထပ်ဖို့ ကြိုးစားတာဟာ အတော့်ကို လူမဆန်တဲ့လုပ်ရပ်ပဲ ဆီဇာ"

"မဟုတ်ဘူး ဂျူလီယာ၊ မင်းထင်သလိုမဟုတ်ဘူး၊ စောစောက ကန့်ကွက်သွားတဲ့မိန်းကလေးနဲ့ ကိုယ်နဲ့ ဘာမှ မပတ်သက်ဘူး၊ ကိုယ် သူ့ကို သိလည်း မသိဘူး"

သူ ပျာပျာသလဲ ဖြေရှင်းလိုက်သော်လည်း ဂျူလီယာ၏ ဒေါသတို့က ပြေလျော့မသွားပါ။

"ရှိုက်ကြီးတငင်ငိုပြီး ကန့်ကွက်သွားတဲ့ မိန်းမကို ရှင်မသိဘူး ဆိုတာ တော်တော့ကို ရယ်စရာကောင်းတဲ့ ကိစ္စပဲ ဆီဇာ၊ ဘာပဲ ဖြစ်ဖြစ် အဲဒီကိစ္စကြောင့် ကျွန်မရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာတွေ ရစရာ မရှိအောင် ပျက်စီးခဲ့ရပြီ၊ အဲဒါကို ရှင်စဉ်းစားမိရဲ့လား"

သူ စဉ်းစားမိပါသည်။ ဘယ်ကမှန်းမသိသော မိန်းကလေး တစ်ယောက်၏ အမိုက်ဟယ်မဲ့ လုပ်ရပ်က ဂျူလီယာ၏ ဂုဏ်သိက္ခာ ကိုသာမက သူ၏ ကိုယ်ကျင့်တရားကိုပါ များစွာပွန်းပဲ့ထိပါးစေခဲ့၏။

ထို့ပြင် သူတို့၏ ဘာသာအရ လက်ထပ်ပွဲအား တစ်စုံ တစ်ယောက်က တားဆီး ကန့်ကွက်ပါက ထိုလက်ထပ်ပွဲသည်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ဘရားမဝင်နိုင်တော့ပါ။ ဂျူလီယာ ခပ်သဲ့သဲ့ တစ်ချက် ငိုရှိုက်လိုက်ချိန်၌ သင်းအုပ်ဆရာက အနားသို့ရောက်လာပြီး ၎င်းအား ဖျောင်းဖျသည်။

"စိတ်ကို ထိန်း သမီး၊ စောစောက မိန်းကလေး "objected" လုပ်သွားပေမယ့် အကြောင်းပြချက်ခိုင်ခိုင်လုံလုံဘာမှပြောမသွားဘူး မဟုတ်လား"

"ကျေးဇူးတင်ပါတယ် (ပါစတာ) သူ ဘာမှ မပြောပေမယ့်လည်း အဖြေကတော့ ရှင်းနေပါပြီ"

ပြောပြောဆိုဆို ဂျူလီယာက လက်ထပ်လက်စွပ်ဘူး ကိုင်ပေးထားသော သူ့တူလေးထံသို့ လျှောက်သွားပြီး ၎င်းအတွက် ရည်ရွယ်ထားသည့် သတို့သမီးဝတ် လက်စွပ်ဘူးကို လှမ်းယူကာ သူ့ဘက်သို့ လှည့်လိုက်၏။

"အဲဒီလက်စွပ်ကို စောစောက မိန်းကလေးကို ဝတ်ပေးလိုက်ပါ ဆီဇာ"

ငိုရှိုက်သံဖြင့် ဗလုံးဗထွေးပြောရင်း လက်စွပ်ဘူးကို သူ့ထံသို့ ပစ်ပေးလိုက်သော်လည်း သူ မဖမ်းလိုက်ပါ။ လက်စွပ်ဘူးက ကြမ်းပြင်ပေါ်သို့ကျကာ အဖုံးပွင့်သွားသဖြင့် အတွင်းမှ ရွှေလက်စွပ်ကလေးက စကြိုကော်ဇောနီပေါ်သို့ အရှိန်နှင့် လိမ့်ထွက်သွားပြီး အတော်ဝေးဝေးရောက်မှအရှိန်ကုန်ကာ ရပ်တန့်ငြိမ်သက်သွားသည်။





လက်စွပ်ကလေးကို ကြည့်နေရင်းမှ ဂျူလီယာအား တစ်ခုခု ပြောရန် ပြင်လိုက်စဉ်မှာပင် ၎င်းက အသံမဲ့စွာ ကြိတ်၍ တစ်ချက် ရှိုက်လိုက်ပြီး သူ့ရှေ့မှ ချာခနဲလှည့်ကာ တံခါးပေါက်ဆီသို့ ပြေးထွက်သွားတော့သည်။

စကြိုကော်ဇောနီတစ်လျှောက် ဖြတ်သန်းသွားသော သူမ၏ အဖိုးတန် ဒေါက်မြင့်ဖိနပ်လှလှကလေးမှာ စောစောက လက်ထပ်လက်စွပ်ကလေးပေါ်သို့ တက်နင်း သွားချိန်မှာတော့ သူ၏ ရင်တစ်ခုလုံး နင့်ခနဲ နာကျင်ခံစားလိုက်ရလေသည်။

ဤသို့ဖြင့် စည်ကားသိုက်မြိုက်စွာ အစပျိုးခဲ့သော ဂျူလီယာနှင့် သူ၏လက်ထပ်ပွဲသည် ရုပ်ပျက်ဆင်းပျက်နိုင်စွာ အဆုံးသတ်သွားခဲ့လေတော့သည်။

⊙ ⊙ ⊙



www.burmeseclassic.com

www.burmeseclassic.com

(ကဏ္ဍ တစ်)

"ချစ်ခြင်းမေတ္တာမှတစ်ပါး
အဘယ်ကြွေးမျှ မတင်စေနှင့်"

(ရော ၁၃း၈)

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

(၁)

ပြောကြစတမ်းဆိုလျှင် ဂျူလီယာနှင့် သူသည် ခပ်ညံ့ညံ့ ရုပ်ရှင်တွေထဲကလို မူလတန်းအတူတက်ခဲ့ကြသည့် ငယ်သူငယ်ချင်းများ မဟုတ်သလို အိမ်နီးနားချင်းများလည်း မဟုတ်ခဲ့၊ တက္ကသိုလ်တက်တော့လည်း အင်ဂျင်နီယာကျောင်းသား သူနှင့် ရိုးရိုးမေဂျာကျောင်းသူ ဂျူလီယာတို့မှာ ကျောင်းချင်းမတူသဖြင့် အနေမနီးခဲ့ကြပါ။

သို့သော် ဂျူလီယာ၏ အဖေ နှင့် သူ၏ ဒယ်ဒီကတော့ ဘုရားကျောင်း အတူ တက်ဖော် ခမ္မမိတ်ဆွေများ ဖြစ်သလို ငယ်သူငယ်ချင်းများလည်း ဖြစ်ကြသည်။ ထိုအချက်က နောင်တစ်ချိန်၌ ဂျူလီယာနှင့် သူ့အား ထိမ်းမြားလက်ထပ်ပေးရန် ဟူသော စိတ်ကူးကို ဖခင်နှစ်ဦး၏ ရင်ထဲ၌ ပေါက်ဖွားစေခဲ့ပုံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းကိစ္စအား ပိုမိုခိုင်မာသွားစေခဲ့သော အဖြစ်အပျက်မှာ သူ ဒုတိယနှစ်၌ ဒယ်ဒီ၏ကုမ္ပဏီ ဒေဝါလီခံရလုနီးပါး အရှုံးနှင့် ရင်ဆိုင်ခဲ့ရပြီး၊ ထိုအခက်အခဲကို ဂျူလီယာ၏ဖခင်က ဝင်ရောက် ဖြေရှင်းပေးခဲ့ခြင်းပင် ဖြစ်သည်။ ဖြေရှင်းပုံကတော့ ပမာဏ အတော်များပြားသော ငွေကြေးတို့ကို အတိုးမဲ့ ထုတ်ချေးခဲ့ခြင်း ဖြစ်၏။

"စောဆာဝါးသာ မကယ်ရင် ဒယ်ဒီထောင်ကျမှာ သေချာတယ်၊ သူ့ကျေးဇူးကို တစ်နေ့ပြန်ဆပ်ရမယ်၊ အဲဒီကိစ္စအတွက် မင်းမှာလည်း တာဝန်ရှိတယ်"

ဒယ်ဒီ မကြာခဏ ရေရွတ်ကြွေးကြော်လေ့ရှိသော ထိုစကား၏ အဓိပ္ပာယ်က အလွန်ရှင်းပါသည်။ ထို့အပြင် ဂျူလီယာတို့ သားအဖအား မကြာခဏ အိမ်လည်ခေါ်ကာ ညစာ ဖိတ်ကျွေးခြင်း၊ ဂျူလီယာနှင့် သူ လွတ်လွတ်လပ်လပ် စကားပြောနိုင်စေရန် သူတို့နှစ်ဦးအား ဧည့်ခန်းထဲ၌ နှစ်ယောက်တည်းထား၍ တမင်ရှောင်ပေးခြင်းတို့က နောင်တစ်ကြိမ်၌ သူနှင့် ဂျူလီယာ လျှောက်ရမည့် လမ်းအား သွယ်ဝိုက်သောနည်းနှင့် ဖော်ပြခဲ့ကြခြင်းပင် ဖြစ်သည်။

ဦးစောဆာဝါးကတော့ ထိုကိစ္စနှင့်ပတ်သက်၍ ဒယ်ဒီ့ထက်ပင် ပိုမိုပွင့်လင်းလှပါသည်။ ၎င်းထုတ်ချေးထားသော ငွေများအား ဒယ်ဒီပြန်ဆပ်ချိန်၌ ထိုငွေများကို လက်မခံခဲ့ပါ။ ၎င်း၏ အကြောင်းပြချက်က .....





"ကလေးတွေ ရှေ့ရေးအတွက် အဲဒီငွေတွေကို ခင်ဗျားကုမ္ပဏီမှာပဲ ဆက်ပြီး မြှုပ်နှံထားလိုက်ပါ"

ဟူ၍ဖြစ်သည်။ အလွန်ရှင်းလင်းပြတ်သားလှသော ထိုစကားကို ဖွင့်ပြောခဲ့ပြီး နောက်ပိုင်းမှာတော့ ဒယ်ဒီက သူ့အပေါ် စည်းကမ်းချက်များထုတ်ကာ ဖိအားပေးလာတော့သည်။

"ဘွဲ့မရမချင်း ရည်းစားထားဖို့ စိတ်မကူးနဲ့ ဆီဇာ"

ယင်းမှာ ဒယ်ဒီ၏ ပထမပညတ်ဖြစ်၏။

"ရည်းစားထားဖို့ ဘွဲ့ရတဲ့အထိစောင့် စောင့်ရဦးမှာလား ဒယ်ဒီ၊ ဒါဆို အကြာကြီး နေမှာပဲ"

"ဘွဲ့ရပြီး ရည်းစားထားစရာမလိုတော့ဘူးလေ ဆီဇာ"

ဒယ်ဒီ့စကားကြောင့် သူ ပခုံးတစ်ချက်တွန့်လိုက်မိသည်။

"ဒယ်ဒီဆိုလိုတာက ကျောင်းပြီးတာနဲ့ ကျွန်တော့်ကို မိန်းမပေးစားမယ်ဆိုပါတော့"

"အစစ်ပေါ့"

"ဂျူလီယာနဲ့မှ ဟုတ်ရဲ့လား ဒယ်ဒီ"

သူ့စကားကြောင့် ဒယ်ဒီ တစ်ချက်ပြုံးလိုက်ပြီး .....



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကွက်ကျော်မြင်တတ်သားပဲ၊ မဆိုးဘူး ..... ငါ့သား ပီသလာပြီ"

"ဒယ်ဒီလည်း ကျွန်တော့်အဖေ ပီသပါတယ်"

"ဘာကွ"

"ဪ ... လူတစ်ဖက်သားရဲ့ ကျေးဇူးကို သိတတ်တာကို ဆိုလိုတာပါ"

သူ ခပ်ငေါ့ငေါ့ပြောလိုက်ခြင်းဖြစ်သော်လည်း ဒယ်ဒီကတော့ အလေးအနက် ခေါင်းညိတ်လိုက်ပါသည်။

"ဆာဝါးက ငါ့အပေါ် သိပ်ကောင်းတယ်၊ ငါ့ရဲ့ငွေရေးကြေးရေးကိစ္စကို မကူညီခင်ကတည်းက ဂျူလီယာကို မင်းနဲ့ ကျိတ်ပြီး သဘောတူနေတာ၊ ဒါကြောင့် သူ့ကျေးဇူးကို ဆပ်တဲ့အနေနဲ့ရော၊ သူ့ဆန္ဒကို ဖြည့်ဆည်းတဲ့ အနေနဲ့ပါ ဒီကိစ္စကို ငါစီစဉ်တာ၊ ဂျူလီယာကလည်း တစ်ဦးတည်းသေ[illegible]၊ မင်းကလည်း တစ်ဦးတည်းသောသားဆိုတော့ အမွေကိစ္စတွေ ဘာတွေ မရှုပ်တော့ဘူးပေါ့၊ ငါစီစဉ်တာကို မင်းဘယ်လိုသဘောရလဲ ဆိဇာ၊ တစ်ခုတော့ကြိုပြောထားမယ်နော်၊ ငါစီစဉ်တဲ့အတိုင်း မလိုက်နာရင်တော့ မင်းအမွေတစ်ပြားမှ မမျှော်လင့်နဲ့၊ ငါ သေတမ်းစာကို ပြန်ပြင်ရေးရလိမ့်မယ်"





"ဘယ်လိုရေးမှာလဲ ဒယ်ဒီ"

"တစ်ဝက်ကို ဂျူလီယာတို့သားအဖကို ပေးခဲ့မယ်၊ ကျန်တစ်ဝက်ကို မိဘမဲ့ဂေဟာ လှူပစ်မယ်"

"တော်တော်ကုသိုလ်ရမယ့်ကိစ္စပဲ"

"ဘာပြောတယ်ကွ"

"ဒယ်ဒီ တကယ်လုပ်ဖြစ်ခဲ့ရင် ပြောတာပါ၊ အဲဒီအတိုင်း ဒယ်ဒီလုပ်ဖြစ်မှာ မဟုတ်ပါဘူး"

"ဒါဖြင့် မင်း ဂျူလီယာကို လက်ထပ်မယ်ပေါ့"

"ကျွန်တော်ပြောတယ်မဟုတ်လား၊ ဒယ်ဒီဟာ ကျွန်တော့်အဖေ ပီသပါတယ်လို့"

"ခု ..... ဒယ်ဒီ ကွက်ကျော်မြင်တတ်လာပြီ"

သူ့စကားအဆုံး ဒယ်ဒီပြုံးဖြီးဖြီးဖြင့် သူ့အား ကောင်းချီးပေးပါသည်။ "ချွေးကောင်" တဲ့။

ဂျူလီယာအား လက်ထပ်ရန် သူ ကတိပေးဆုံးဖြတ်ခဲ့ခြင်းမှာ ဒယ်ဒီ၏ ဆန္ဒကို ဖြည့်ဆည်းပေးချင်သောကြောင့် ဖြစ်သလို လက်မထပ်နိုင်ပါဟု ငြင်းဆန်ရန်လည်း မည်သည့်အကြောင်းပြချက်မှ မရှိသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကျောင်းသားသက်တမ်း သုံးနှစ်ကျော် လေးနှစ်မျှ ဖြတ်သန်းခဲ့သည့်တိုင် သူ တစ်ခါမှရည်းစားမထားခဲ့ဖူးသလို အပြောင်အပျက် သဘောနှင့်ပင် မိန်းကလေး တစ်ယောက်တလေအား ရည်းစားစာလိုက်မပေးဖူးခဲ့၊ သူ့အကြောင်းသိနေသော သူငယ်ချင်းများက သူ့အား မကြားတကြား နောက်ပြောင်တတ်ကြသည်။

"ဒီကောင်က ဒီတစ်သက် မိန်းမယူမယ့်ကောင် မဟုတ်ဘူး၊ ဝတ်ရုံရှည်ကြီးဝတ်ပြီး သမ္မာကျမ်းစာအုပ်ကိုင်မယ့်ကောင်"

ထိုသို့ နောက်ပြောင်သူ သူငယ်ချင်းအားလုံး ကျောင်းပြီးလျှင် သူ ဂျူလီယာအား လက်ထပ်မည့်အကြောင်း သိသွားချိန်မှာတော့ ပါးစပ်အဟောင်းသားနှင့် တအံ့တသြ ဖြစ်သွားကြသည်။

"ငါတို့ရည်းစားထားဖို့ မြှောက်ပေးတုန်းကတော့ ဒီတစ်သက် ဘုန်းကြီးပဲဝတ်တော့မလို၊ အသည်းအသန်ငြင်းခဲ့တဲ့ကောင်၊ ခု ..... ဂျူလီယာနဲ့တွေ့တော့မှ ရှာန်လျှောတော့တာပဲ"

"လျှောမယ်ဆိုလည်း လျှောလောက်ပါတယ်၊ ဂျူလီယာက အိကိုကွင်းလေ၊ အလှဘုရင်မဘွဲ့ကို နှစ်နှစ်ဆက်တိုက် ရထားတာ မဟုတ်လား"





"ဘာပဲဖြစ်ဖြစ်၊ သမ္မာကျမ်းစာအုပ်ကြီးကိုရတာထက်စာရင်တော့ ဂျူလီယာရဲ့လက်ကို ကိုင်ရတာက ပိုပြီး နူးညံ့မှာသေချာတယ် ဆိဗာ"

"တော်ကြစမ်းပါကွာ၊ ငါက ဒယ်ဒီ့ဆန္ဒကိုဖြည့်ဆည်းပေးချင်လို့ပါ"

တစ်ယောက်တစ်ပေါက်နောက်ပြောင်နေကြသော သူငယ်ချင်းများကို သူ ခပ်ဆတ်ဆတ် တုံ့ပြန်လိုက်တော့ အခြေအနေက ပိုဆိုးသွားပါသည်။ အားလုံးက ပြိုင်တူလိုလို ဝိုင်းပြောကြ၏။

"ဒါဖြင့်လည်း ငါတို့ပါ မင်းအဖေရဲ့ ဆန္ဒကို ဝိုင်းဖြည့်ပေးကြမယ်လေ၊ မြန်မြန်ပြည့်တာပေါ့ ... မကောင်းဘူးလား"

သူ ခပ်တိုးတိုးကျိန်ဆဲရုံမှအပ ဘာမှ ဆက်မပြောနိုင်တော့ပါ၊ ဆက်ပြောလျှင်လည်း အခြေအနေက ပိုဆိုးဖို့သာ ရှိပါသည်။ ဘာပဲဖြစ်ဖြစ် ဂျူလီယာနှင့်လက်ထပ်ရန်ကိစ္စကိုတော့ သူငယ်ချင်းအားလုံးက ဝမ်းမြောက်ဝမ်းသာ သဘောတူကြသလို သူ့ကိုလည်း မဟာကံထူးရှင်တစ်ယောက်ပမာ သတ်မှတ်ကြ၏။ ဂျူလီယာက အလွန်ချမ်းသာသည့် တစ်ဦးတည်းသော သမီး ဖြစ်သလို စီးပွားရေး တက္ကသိုလ်၏ အလှဘုရင်မလည်း ဖြစ်သည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ထိုဝိသေသများကြောင့် ဂျူလီယာ့အပေါ် အထူးတလည် ရင်မခုန်မိသော်လည်း ဒယ်ဒီကတော့ သူ့အား ရင်ခုန်စေချင်ပုံ ရလေသည်။

“ဒယ်ဒီက ကြွေးဆိုရင် ဘယ်လိုကြွေးမျိုးကိုမှ အတင်မခံချင်ဘူး ဆီဇာ၊ ဆာဝါး ဒယ်ဒီအပေါ် ကောင်းခဲ့တာတွေ၊ ကူညီခဲ့တာတွေဟာ အကြွေးတစ်ခုလို ဖြစ်နေတယ်၊ အဲဒီအကြွေးကို ပြန်ဆပ်ဖို့ကလည်း မင်းအပေါ်မှာ အများကြီးမူတည်နေတယ်၊ ဆာဝါးနဲ့ ဒယ်ဒီကြားမှာ မျက်နှာပျက်စရာအဖြစ်မျိုး မဖြစ်ချင်ဘူး ဆီဇာ”

“ကျွန်တော့်ကြောင့်တော့ ဒယ်ဒီ မျက်နှာမပျက်စေရပါဘူး၊ ကျောင်းပြီးတာနဲ့ ဂျူလီယာကို ကျွန်တော် လက်ထပ်မှာပါ”

“လက်မထပ်ခင် အနေနီးစပ်ဖို့လည်း လိုသေးတယ်ကွ”

“ဒါဖြင့်လည်း ကျွန်တော် သူတို့အိမ်ကို ပြောင်းနေမယ်လေ”

“တောက် ... ငါပြောတာက သူ့အိမ်ကိုဖြစ်ဖြစ်၊ သူ့ကျောင်းကိုဖြစ်ဖြစ် မကြာခဏ အလည်သွားပေးဖို့ကို ပြောတာကွ”

ဒယ်ဒီက ဒုတိယပညတ်ချက်ကို အတိအလင်း ထုတ်ပြန်လေသောအခါ သူကလည်း ဒယ်ဒီ၏ပညတ်တော်အတိုင်း လိုက်နာခဲ့ရ၏။





သူက ကျောင်းတက်ရင်း တစ်ဖက်မှ ဝါသနာပါသော ကားဝယ်ရောင်းအလုပ်ကို လုပ်ကိုင်နေသူ ဖြစ်သဖြင့် ကားပွဲစားတန်းသို့ သွားတိုင်း လမ်းသင့်သော ဂျူလီယာ၏ အိမ်သို့ လည်းကောင်း၊ ကျောင်းသို့လည်းကောင်း မကြာခဏ အလည်ရောက်ဖြစ်ခဲ့သည်။ သူ ရောက်သွားတိုင်း ဂျူလီယာက သူ့အား အရေးတယူ ဧည့်ခံမြဲ ဖြစ်သည်။

“ကိုယ် အလည်လာတဲ့အတွက် ဂျူလီယာ အနှောင့်အယှက် မဖြစ်ပါဘူးနော်”

“ဟင့်အင်း ဝမ်းတောင်သာသေးတယ်”

ထိုစကားအား ဂျူလီယာက အေးဆေးတည်ငြိမ်စွာပြောခဲ့ခြင်း ဖြစ်သည်။

“ဆီဇာမလာခင်တုန်းကဆိုရင် စာလိုက်ပေးတဲ့လူနဲ့ ရည်းစားစကား အတင်းလိုက်ပြောတဲ့လူနဲ့ သိပ်စိတ်ညစ်ဖို့ ကောင်းတာပဲ၊ ခုတော့ ဆီဇာလာတော့မှ သူတို့စိတ်ပျက်ပြီး နောက်ဆုတ်သွားကြတာ”

“သူတို့က ကိုယ့်ကို ဂျူလီယာ့အတွဲလို့ ထင်သွားလို့ ဖြစ်မှာပေါ့ ....”



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ ထင်သွားတာ မဟုတ်ဘူး၊ ကျောင်းပြီးရင် ဆီဇာနဲ့ တို့ လက်ထပ်မယ့်အကြောင်း အသေအချာကို သိသွားတာ"

"သတင်းပေါက်ကြားမှုက မြန်လှချေလား"

"မြန်မှာပေါ့၊ ဂျူလီယာကိုယ့်တိုင် ကြေညာလိုက်တာကိုး"

ဂျူလီယာက တိုသို့သောမိန်းကလေးမျိုး ဖြစ်၏။

ရိုးသားပွင့်လင်းသလို စိတ်ဓာတ် မာကျော မြန်ဆန်သူလည်း ဖြစ်သည်။

"ဆီဇာ့ကို ခုကတည်းက ပြောထားမယ်...နော၊ ရည်းစားတွေ ဘာတွေထားခဲ့ဖူးရင်၊ ဒါမှမဟုတ်လည်း လက်ရှိတွဲနေတဲ့ ကောင်မလေးတွေ ဘာတွေရှိရင် ဂျူလီယာကို ကြိုပြီးအသိပေးထား"

"ဘာလဲ၊ လမ်းမှာတွေ့ရင် ရှောင်ပေးမလို့လား"

"မဟုတ်ဘူး၊ လက်ထပ်ပွဲကို ကြိုပြီးဖျက်ခိုင်းမလို့"

ဂျူလီယာပုံစံက ပြောသည့်အတိုင်း လုပ်လိမ့်မည်ဖြစ်ကြောင်း သိသယဝင်စရာမလိုပါ။ သူ့၌ ဘယ်တုန်းကမှ ရည်းစားမရှိခဲ့ဖူးကြောင်း ပြောတော့မှ ဂျူလီယာ ကျေနပ်သွား၏။ ဒါတောင် နောက်ပိုင်း သူ့အကြောင်းကို တိတ်တဆိတ် စုံစမ်းခဲ့ပါသေးသည်။





ဂျူလီယာကျောင်းသို့ သူ မကြာခဏရောက်သွားတတ်သဖြင့် တစ်ကျောင်းလုံးက သူနှင့် ဂျူလီယာအား သမီးရည်းစားများအဖြစ် သတ်မှတ် ထားကြသော်လည်း သူတို့ နှစ်ယောက်ကတော့ တစ်ယောက်အကြောင်း တစ်ယောက်သိအောင် ကြိုးစားအကဲခတ်သော အဆင့်ထက် မပိုခဲ့။ သမီးရည်းစားနှင့်တူသော အပြုအမူဆို၍ အအေးဆိုင်၌ နှစ်ယောက်အတူထိုင်ကာ စကားပြောခြင်း၊ လမ်းအတူလျှောက်ခြင်းမျှလောက်သာ ရှိခဲ့သည်။

ဂျူလီယာ၌ ယောကျ်ားတစ်ယောက်အား ညှို့ယူ ဖမ်းစားနိုင်သည့် အရည်အချင်း များစွာရှိသော်လည်း ကဗျာမဆန်သလို စိတ်ကူးလည်း မယဉ်တတ်သောသူအတွက် ဂျူလီယာအား တစ်ချိန်ကျလျှင် လက်ထပ်ရမည့် မိန်းကလေးတစ်ယောက်အဖြစ်ထက်ပို၍ ရင်ခုန်စိတ်လှုပ်ရှားမှု မရှိခဲ့။

သူ၏ အရင်းနှီးဆုံး သူငယ်ချင်းဖြစ်သော စောသိန်းဝင်းကတော့ .....

"မိန်းကလေးတွေနဲ့ ပတ်သက်ပြီး မင်း ရင်မခုန်တတ်သေးလို့ပါကွာ၊ ရင်ခုန်တတ်လာတဲ့ တစ်နေ့ကျရင် ဂျူလီယာဟာ မင်းအတွက် ရင်ခုန်စရာအကောင်းဆုံး မိန်းကလေး ဖြစ်နေလိမ့်မယ်။ ငါပြောတာကို မယုံရင်စောင့်ကြည့်"



www.burmeseclassic.com

www.burmeseclassic.com



စောသိန်းဝင်း၏ စကား မှန်၊ မမှန် သူ မသိသော်လည်း ....

ဂျူလီယာနှင့် သူ တွဲသွားသည့်အခါများ၌ ခပ်နောက်နောက် ကျောင်းသားကျောင်းသူတချို့က ....

"ရှေ့သွား နောက်လိုက် ညီတယ်ဗျို့၊ အရမ်းလိုက်တာပဲ"

ဟု မကြားတကြား ရေရွတ်ကြသည့်အခါမျိုးမှာတော့ သူ ကျေနပ်သာယာမိကြောင်း ရိုးသားစွာ ဝန်ခံရပါလိမ့်မည်။ ဂျူလီယာနှင့် သူသည် လိုက်ဖက်ညီသော အတွဲဖြစ်ပြီး အောင်မြင်သာယာသည့်အိမ်ထောင်တစ်ခုကို ဖန်တီးတည်ဆောက်နိုင်လိမ့်မည်ဟူသော အချက်ကိုတော့ သူ အနည်းငယ်မှ သံသယမဖြစ်ခဲ့ပါ။

ထို့ကြောင့်လည်း သူက ကျောင်းပြီး၍ သိပ်မကြာမီမှာပင် ဂျူလီယာနှင့်လက်ထပ်ခဲ့ခြင်းဖြစ်၏။ သို့သော်လည်း ထိုလက်ထပ်မင်္ဂလာအခမ်းအနားသည် ချွတ်ချော်လွဲမှားမှုများစွာဖြင့် တိမ်းစောင်းပျက်စီးခဲ့ရသည်ကတော့ အလွန်အရုပ်ဆိုး၊ အကျည်းတန်လှသလို ခံပြင်းနာကြည်းဖို့လည်း ကောင်းလှပါသည်။

❁ ❁ ❁



(၂)

တကယ်တော့ အဖြစ်အပျက် အားလုံးအား ဖန်တီးခဲ့သည့် တရားခံမှာ မိုးပေါ်မှ ကျလာသလို ရောက်ရှိလာပြီး အစီပွာယ်မဲ့ ကန့်ကွက်သွားသော အမည်မသိ မိန်းကလေးပင် ဖြစ်သည်။ ထိုမိန်းကလေးကိုသာ ခုချိန်၌ မျက်နှာချင်းဆိုင် တွေ့ခွင့်ရမည်ဆိုပါက သူ၏ဒေါသတို့ မီးတောင်တစ်ခု ပေါက်ကွဲသလို ပေါက်ကွဲသွားနိုင်ပါသည်။

သို့သော် လောလောဆယ် အနေအထားမှာတော့ သူ၏ ဒေါသတို့ ပေါက်ကွဲဖို့ထက် အခြားသူများ၏ ဒေါသကိုသာ အလူးအလဲ ရင်ဆိုင်ခဲ့ရ၏။

"တောက် ....."



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုတိုနှင့် တက် တစ်ချက်ကို ခေါက်လိုက်တော့ ခပ်လှမ်းလှမ်းမှ စားပွဲထိုးကလေးက ၎င်းကို ခေါ်သည် အထင်နှင့် သူ့အနားသို့ အပြေးအလွှား ရောက်လာသည်။

"ဘာများအလိုရှိပါသလဲ ဆရာ"

"ကျွတ် ... ငါ မင်းကိုခေါ်တာမဟုတ်ဘူးကွ၊ ဒါပေမဲ့ အနား ရောက်လာမှတော့ မထူးတော့ဘူး၊ ဘီယာတစ်ဘူးထပ်ယူလာခဲ့"

"စိတ်ချဆရာ၊ ကျွန်တော် အမြန်ဆုံး ယူခဲ့ပါ့မယ်"

စားပွဲထိုးကလေး ပြန်ထွက်သွားတော့ အပေါ်ဆုံး အကျႌ ကြယ်သီးကို ဖြုတ်ပြီး လည်စည်းကို လျှော့လိုက်၏။ မနက်က သေသပ် ကျနစွာဝတ်ထားသော မင်္ဂလာဝတ်စုံသည် ယခုတော့ ဖရိုဖရဲနှင့် တွန့်ကြေနေပြီဖြစ်သည်။ ယခုအချိန်၌ သူ့အတွက် တစ်စုံ တစ်ရာအဓိပ္ပာယ်မရှိတော့သော ဤဝတ်စုံအား အထူးတလည် ဂရုစိုက်မနေနိုင်ပါ။

သို့သော် ဤဆိုင်သို့ သူ စတင် ဝင်ရောက်လာစဉ်ကတော့ သူနှင့် ရင်းနှီးနေသော ဆိုင်ပိုင်ရှင်က ထိုဝတ်စုံအပေါ် ဂရုတစိုက် ရှိခဲ့ပုံရလေသည်။

"ဆု(တ်)တွေ ဘာတွေနဲ့ပါလား၊ ဘယ်ပွဲက ပြန်လာတာလဲ"





ဆိုင်ရှင်၏အမေးကို သူ စိတ်ပေါက်ပေါက်နှင့် "မင်္ဂလာဆောင် က ပြန်လာတာ" ဟု ဖြေတော့ ၎င်းက စပ်စုနေသေးသည်။

"ဘယ်သူ့မင်္ဂလာဆောင်လဲ"

"ဘယ်သူ့မင်္ဂလာဆောင်ရှိမလဲ၊ ကျွန်တော့် မင်္ဂလာဆောင် ပေါ့ဗျ ....."

"ခင်ဗျားကတော့ တော်တော့်ကို နောက်တဲ့လူပဲ"

ဆိုင်ရှင်က တဟားဟားရယ်ရင်းမယုံကြည်ဟန်ဖြင့်ပြောတော့ ၎င်းပြောသလိုပင် ယနေ့ အဖြစ်အပျက်အားလုံး နောက်ပြောင်မှု တစ်ခုသာ ဖြစ်လျှင် ဘယ်လောက်များ ကောင်းလိုက်မလဲဟု သူ တွေးခဲ့မိ၏။ နောက်ပြောင်မှုမဟုတ်လည်း အိပ်မက်တစ်ခုဖြစ်ခဲ့လျှင် အလွန်ကောင်းပါလိမ့်မည်။

သို့သော် သူ ကြုံတွေ့ခဲ့ရသည့်နေ့က အိပ်မက်မဟုတ်သလို၊ နောက်ပြောင်ကျီစယ်မှုတစ်ခုလည်း မဟုတ်ခဲ့ပါ။ ဒယ်ဒီ့စကားသံ တို့ကို ယခုတိုင်အောင် ရစ်ဝဲကြားယောင်နေမိသည်။

"ဒီမင်္ဂလာပွဲကို ငါ ဘယ်လောက်အလေးအနက်ထားခဲ့သလဲ၊ ဘယ်လောက် ဖြစ်စေချင်ခဲ့သလဲ ဆိုတာ မင်းအသိဆုံးပဲ ဆီဇာ၊ ခုတော့ ငါ ဖြစ်စေချင်တဲ့ဆန္ဒတွေကို မင်း ဖျက်ဆီးခဲ့ပစ်လိုက်တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့မျက်နှာကို အိုးမဲသုတ်လိုက်တာပဲ၊ မင်းမှာရည်းစားရှိတယ်ဆိုရင် အစကတည်းက ငါ့ကို စောစောစီးစီး ကြိုပြောပါလား'

"မဟုတ်ဘူး ဒယ်ဒီ၊ ဒယ်ဒီ ထင်သလို လုံးဝမဟုတ်ဘူး။ ကျွန်တော်လည်း ဒယ်ဒီ့လိုပဲ ဒီမင်္ဂလာဆောင်ကို ဖြစ်စေချင်တာပါ"

"ဒါဖြင့်ရင် ဘာဖြစ်လို့ ငါ အတန်တန် သတိပေးခဲ့တဲ့ကြားထဲက မင်းရည်းစားထားခဲ့သလဲ၊ ဘာဖြစ်လို့ မိန်းမရှုပ်ခဲ့သလဲ"

"ကျွန်တော် ဘယ်မိန်းမနဲ့မှ မရှုပ်ခဲ့ပါဘူး ဒယ်ဒီ"

"မင်း မရှုပ်ခဲ့ဘဲနဲ့ ဟိုကောင်မလေးက ငိုယိုပြီး မင်းမင်္ဂလာဆောင်ကို လာကန့်ကွက်မလားကွ၊ မင်း ရှုပ်ခဲ့လို့သာ ဒီပြဿနာတွေ ဖြစ်လာတာပေါ့။ ခုတော့ ဆာဝါးကို ငါ ဘယ်လိုပုံစံမျိုးနဲ့ မျက်နှာချင်းဆိုင်ရမလဲ။ ဘယ်လိုတောင်းပန်ရမလဲ။ တောက် .... မင်းတော်တော်ဂြိုဟ်မွှေတဲ့ကောင်ပဲ ဆီဇာ၊ သွား .... ခုချက်ချင်း ဂျူလီယာဆီ လိုက်သွားပြီး သူ ကျေနပ်တဲ့အထိ သွားတောင်းပန်။ ဂျူလီယာ မကျေနပ်မချင်း မင်း အိမ်ပြန်မလာနဲ့။ မြို့ထဲက တိုက်ခန်းမှာ ပြောင်းနေ၊ မင်းအဝတ်အစားတွေ မနက်ဖြန် အဲဒီတိုက်ခန်းကို ပို့ခိုင်းလိုက်မယ်"

ဒယ်ဒီက သူ့အပေါ် အလွန်ချစ်သော်လည်း ဒေါသထွက်နေချိန်မျိုးဆိုလျှင်တော့ ထိုအချစ်တို့က ပျောက်ကွယ်နေတတ်သည်။





သူ ဆက်ရှင်းပြနေပါက ဒယ်ဒီ့ဒေါသတို့ကို ဆွပေးသလို ဖြစ်မည်စိုးသောကြောင့် ဒယ်ဒီ့ရှေ့မှ ထွက်လာခဲ့၏။

ဂျူလီယာအား ကျေနပ်သည့်အထိ တောင်းပန်ရမည်ဟု ဒယ်ဒီ အမိန့်ပေးခဲ့သော်လည်း ထိုကိစ္စမှာ ထင်သလောက် မလွယ်ကူလှပါ။ ဂျူလီယာတို့အိမ် ရောက်သွားတော့ ဂျူလီယာ့ဖခင်က သူ့အား နှုတ်ဆက်ခြင်း မပြုသလို ပြစ်တင်မာန်မဲခြင်းလည်း မပြု။ တင်းမာသော မျက်နှာနှင့် ထထွက်သွား၏။

အိမ်ဖော်အမျိုးသမီးကလေးကတော့ သူ့ကိုတွေ့သည်နှင့် "မမလေး နေမကောင်းလို့ အိပ်နေတယ်" ဟု ခပ်ပြတ်ပြတ်ပြောသည်။ ဂျူလီယာ အမှန်တကယ် အိပ်နေလိမ့်မည်မဟုတ်မှန်း သိသဖြင့် ပခုံးနှစ်ဖက်ကိုဟန်ပါပါတွန့်ရင်း ပြန်ပြောလိုက်သည်။

"ကောင်းပြီလေ၊ ဒါဆိုလည်း သူ အိပ်ရာနိုးတဲ့အထိ ထိုင်စောင့်ရုံပေါ့"

အမှန်တကယ်ပင် သူ ဧည့်ခန်းကောင်းကောင်းနှင့်ထိုင်စောင့်နေလိုက်သည်။ နောက်ဆုံးတော့ ဂျူလီယာ အိမ်ပေါ်ထပ်မှ ဆင်းလာပြီး ဧည့်ခန်းထဲသို့ ရောက်ရှိလာပါသည်။

"ရှင် ဓားကောင်းသားပဲ ဆီဇာ၊ ဓားကောင်းသလို မျက်နှာလည်း တော်တော်ပြောင်တဲ့လူပဲ။ ခုလိုအခြေအနေမျိုးမှာတောင် ကျွန်မဆီကို ရှင် လာတွေ့ရဲသေးတာ အံ့သြစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ရှင်းပြချင်လို့ပါ ဂျူလီယာ"

"ဘုရားကျောင်းမှာတုန်းက ကျွန်မကို ရှင် ရှင်းပြခဲ့ပြီးပြီပဲ"

"အဲဒီတုန်းက ကိုယ် ရှင်းပြတာကို မင်းမယုံခဲ့ဘူး မဟုတ်လား"

"သေချာတာပေါ့။ အဲဒီတုန်းက မယုံသလို ခုလည်း ယုံမှာ မဟုတ်ဘူး။ အဲဒီတော့ လေကုန်ခံပြီး ထပ်ဖြေရှင်းမနေပါနဲ့တော့ ဆီဇာ"

သူ စိတ်ပျက်စွာ ခေါင်းတစ်ချက်ခါယမ်းလိုက်မိ၏။

"မင်းနဲ့ မတွေ့ခင်ကရော၊ မင်းနဲ့ တွေ့ပြီးတဲ့အချိန်ထိ ကိုယ် ဘယ်တုန်းကမှ ရည်းစားမထားခဲ့ဖူးသလို တိတ်တိတ်ပုန်း မိန်းမရှုပ်တဲ့ အလုပ်မျိုးလဲ တစ်ခါမှမလုပ်ခဲ့ဖူးဘူးဂျူလီယာ၊ အဲဒါကို ဘုရားသခင် သိတယ်"

"ခက်နေတာတစ်ခုက ကျွန်မက ဘုရားသခင် မဟုတ်ဘူး ဆီဇာ"

"ကောင်းပြီလေ၊ ဒါဆိုလည်း ဒီနေ့ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက် တွေနဲ့ပတ်သက်ပြီး မင်းကျေနပ်အောင် ကိုယ်ဘာလုပ်ပေးရမလဲ၊ ဘယ်လိုတောင်းပန်ရမလဲ ဂျူလီယာ"

"ဘာမှ ထွေထွေထူးထူး တောင်းပန်နေစရာမလိုပါဘူး ဆီဇာ၊ ဒါပေမဲ့ ရှင် သိပ်ပြီးဆန္ဒပြင်းပြနေရင် လုပ်ပေးနိုင်တာ တစ်ခုတော့ ရှိတယ်"





"ဘာများလဲ ဂျူလီယာ"

"ရှင် ဒီကနေ အမြန်ဆုံး ပြန်သွားဖို့ပါ"

သူ ရှုံးနိမ့်စွာ ဆုတ်ခွာလာခဲ့ရ၏။

ဂျူလီယာ မကျေနပ်မချင်း အိမ်ပြန်မလာနဲ့ဟူသော ဒယ်ဒီ့ စကားကြောင့် အိမ်မပြန်ချင်သလို၊ သူငယ်ချင်းများနှင့်လည်း လောလောဆယ် မျက်နှာချင်းဆိုင်ချင်စိတ်မရှိ။ ထို့ကြောင့် ကားကို စိတ်ကူးတည့်ရာ လျှောက်မောင်းရင်း နောက်ဆုံး၌ ဤဆိုင်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ တစ်ခါတစ်ရံမှသာ သူငယ်ချင်းတချို့ နှင့် လာထိုင်လေ့ရှိသော်လည်း ဆိုင်ရှင်က သူ့အား ကောင်းစွာရင်းနှီး နေသဖြင့် သူ၏မင်္ဂလာပွဲဝတ်စုံနှင့်ပတ်သက်၍ စပ်စုခဲ့ခြင်းဖြစ်သည်။

နောက်ကျိရှုပ်ထွေးနေသော သူ၏စိတ်ဓာတ်တို့အား ဘီယာ နှင့် တိုက်စားချေမွရန် ကြိုးစားကြည့်သော်လည်း မအောင်မြင်ပါ။ ထို့ကြောင့် ဘီယာလေးဘူး ကုန်သွားချိန်၌ မြို့ထဲမှတိုက်ခန်းသို့ သွားရန် ဆုံးဖြတ်လိုက်၏။ ထိုတိုက်ခန်းမှာ ဒရမ်တီး ဝါသနာပါပြီး ကြားခဏ ဆူဆူညံညံ ဒရမ်အတီး ကျင့်တတ်သောသူ့အတွက် လွတ်လပ်စွာ ဒရမ်တီးနိုင်ရန် ဒယ်ဒီ ဝယ်ပေးထားသော အခန်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်၌သာ စိတ်ရှိလက်ရှိ ဒရမ်တီးလိုက်ရမည်ဆိုပါက ဒရမ်စတစ်(ခ်)အတော်များများ ကျိုးကုန်မှာအလွန်သေချာလေသည်။ သို့သော် စိတ်ထွက်ပေါက်တစ်ခုတော့ ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မည်။

ပိုက်ဆံတွက်ရန် စားပွဲထိုးလေးအား လှမ်းခေါ်မည်ပြုစဉ် ဆိုင်ပိုင်ရှင်က သူ့စားပွဲနားသို့ရောက်လာသည်။

"ခင်ဗျားရောက်လာတာနဲ့အတော်ပဲ။ ကျွန်တော့်ဝိုင်း ရှင်းမယ်။ ဘီလ်တွက်လိုက်ပါ"

"ကောင်တာမှာ ဖုန်းလာနေတယ်ဗျ"

"ဖုန်းလာရင်လည်း သွားကိုင်လိုက်ပေါ့ဗျာ။ ပြီးမှတွက်ပေါ့"

"ဖုန်းကိုင်ပြီးပြီ၊ ခင်ဗျားမိတ်ဆွေတစ်ယောက်ဆီကလာတာ၊ ကိုဆီဇာနဲ့ စကားပြောချင်လို့ .... တဲ့"

ဆိုင်ရှင့်စကားကြောင့် သူ တအံ့တသြဖြစ်သွားရသည်။

"ကျွန်တော့်မိတ်ဆွေတစ်ယောက်ဆီက ဟုတ်လား၊ ပေါက်ပေါက်ရှာရှာဗျာ။ ကျွန်တော့်အသိမိတ်ဆွေတွေမပြောနဲ့၊ ကျွန်တော်ကိုယ်တိုင်တောင် ခင်ဗျားဆိုင်ဖုန်းနံပါတ်ကို မသိဘူး။ တခြားဝိုင်းတစ်ဝိုင်းဝိုင်းက ဆီဇာနဲ့ မှားတာဖြစ်မှာပါ"





ဆိုင်ထဲရှိအခြားဝိုင်းများဆီသို့ ဝေ့ဝဲကြည့်ရင်း သူပြောလိုက်တော့ ဆိုင်ရှင်က ခေါင်းယမ်းသည်။

"ကျွန်တော့်ဆိုင်ထဲမှာ ကိုဆီဇာနှစ်ယောက် ရှိကောင်း ရှိနိုင်ပေမယ့် ကုတ်အကျႌနဲ့၊ နက်ခတိုင်နဲ့ ဆီဇာကတော့ ခင်ဗျားတစ်ယောက်ပဲရှိတယ်။ မီးခိုးရောင် ဆု(တ်) ဝတ်ထားလိမ့်မယ်လို့ ဖုန်းထဲက အတိအကျ ပြောတာ"

ဒါဆိုလျှင်တော့ သူမှလွဲ၍ တခြားသူမဖြစ်နိုင်တော့ပါ။ ထူးထူးဆန်းဆန်း ဖုန်းဆက်လာသူမှာ ဘယ်သူများပါလိမ့်ဟူသော သိချင်စိတ်ပြင်းပြစွာ ထိုင်ရာမှ ထရပ်၍ ကောင်တာဆီသို့ လျှောက်လာခဲ့သည်။

"ဟယ်လို ..... ဆီဇာ စကားပြောနေပါတယ်"

တယ်လီဖုန်းကို ကောက်ကိုင်၍ သူ ပြောလိုက်သည်။

"မင်္ဂလာပွဲ ပျက်သွားလို့ တော်တော် စိတ်ညစ်နေသလား ကိုဆီဇာ ...."

တစ်ဘက်မှ တစ်ခါမှမကြားဖူးသော မိန်းကလေးတစ်ယောက်၏ အသံဖြစ်နေသဖြင့် သူ မျက်မှောင်ကြုတ်လိုက်မိသည်။ ဘယ်သူများ ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



“ခုစကားပြောနေတာ ဘယ်သူလဲ တဆိတ်သိပါရစေ”

“ကျွန်မနာမည်ကိုမေးတာ ဆိုရင်တော့ အပိုပဲ ကိုဆီဇာ၊ ရှင် ကျွန်မနာမည်ကိုသိမှာမဟုတ်ဘူး။ ဒါပေမဲ့ ဘုရားကျောင်းမှာတုန်းက ငိုသွားတဲ့မိန်းကလေးတစ်ယောက်ဆိုရင်တော့ ရှင် မှတ်မိမှာပါ”

“ဪ ... လက်စသတ်တော့ မင်းကိုး၊ သိပ်ကိုမှတ်မိတာပေါ့။ ကျုပ် မင်းကို တွေ့ချင်နေတာ”

သူ့အသံတို့က ဒေါသဖြင့် မာကျောတုန်ခါနေကြ၏။

“ရှင့်ကြည့်ရတာ တော်တော်ခံစားနေရတဲ့ပုံပဲ။ ဒါပေါ့လေ ကိုယ့်ချစ်သူနဲ့ လက်ထပ်ခါနီးကျမှ လက်ထပ်ပွဲပျက်ပြီး ကွဲသွားရတာ ဆိုတော့ ဒီလောက်တော့ ခံစားရမှာပေါ့”

ခံစားရမှာပေါ့ ..... တဲ့။

သာမန်မှတ်ချက်ချစကားလား၊ သူ မခံချင်အောင် တမင်ရိသဲ့သဲ့ ပြောလိုက်ခြင်းလား မသေချာသော်လည်း သူကတော့ ခံပြင်းစိတ်ဖြင့် ခပ်ဆတ်ဆတ်တုံ့ပြန်လိုက်သည်။

“ဟုတ်တယ်၊ တော်တော်ခံစားရတယ်။ ဒါပေမဲ့ ကျုပ်ခံစားရတာက ချစ်သူနဲ့ကွဲလို့ ခံစားရတာမျိုးမဟုတ်ဘူး။ ကျုပ်အဖေ သိပ်ဖြစ်မြောက်စေချင်တဲ့ မင်္ဂလာပွဲ ပျက်သွားလို့ ခံစားရတာ။ နေစမ်း





ပါဦး၊ ကျုပ် ခုလိုမျိုးခံစားရအောင် ဘာဖြစ်လို့ မင်း လုပ်ခဲ့ရတာလဲ။ ဘယ်လိုရည်ရွယ်ချက်နဲ့ ကျုပ်ရဲ့မင်္ဂလာပွဲကို ဖျက်ဆီးခဲ့ရတာလဲ”

“ဖြည်းဖြည်းပေါ့ ကိုဆီဇာ၊ အချိန်တန်တော့ ရှင်သိရမှာပါ။ ဒါနဲ့ စကားမစပ် ရှင်နဲ့ဂျူလီယာက ချစ်သူတွေ မဟုတ်ကြဘူးလား”

“ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ... မဟုတ်ဘူး။ လူကြီးချင်း သဘောတူထားတာ၊ လူကြီးတွေက ကျုပ်တို့နှစ်ယောက်ကို သိပ်ပြီး နီးစပ်စေချင်တယ်။ ဒါပေမဲ့ မင်းရဲ့ အသုံးမကျတဲ့လုပ်ရပ်ကြောင့် အစီအစဉ်တွေအားလုံး ကမောက်ကမ ဖြစ်ခဲ့ရတယ်။ အဲဒီတော့ မင်းရဲ့ ပေါကြောင်ကြောင် လုပ်ရပ်တွေနဲ့ ပတ်သက်ပြီး ခိုင်လုံတဲ့ ဖြေရှင်းချက်တစ်ခုခု ကျုပ် ကြားချင်တယ်။ ပြီးတော့ မင်း ဘယ်သူလဲ ဆိုတာကိုလဲ ကျုပ် သိချင်တယ်။ အခု မင်းကို ကျုပ် ဘယ်မှာ လာတွေ့ရမလဲ”

“ရှင် ကျွန်မကို သိပ်ပြီး တွေ့ချင်နေသလို၊ ကျွန်မလဲ ရှင်နဲ့ မျက်နှာချင်းဆိုင် တွေ့ချင်နေပါတယ် ကိုဆီဇာ ... တစ်နေ့နေ့တော့ ကျွန်မတို့ ဆုံဖြစ်ကြမှာပါ”

ထို့နောက် သူ တစ်စုံတရာမတားဆီးနိုင်ခင်မှာပင် တစ်ဖက်မှ ဖုန်းချသွားလေသည်။ တတူတူ မြည်သံ ထွက်ပေါ်နေသော



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ခွက်ကို ကိုင်ရင်း ဒေါသတကြီး အံကို တင်းတင်းကြိတ်လိုက်မိသည်။

ဒါဟာ ... ဘာအဓိပ္ပာယ်လဲ။ ဘာဖြစ်လို့ သူ့ကိုလိုက်ပြီး နှောင့်ယှက်နေရတာလဲ။ ဘယ်လိုအငြိုးနဲ့ သူ့မင်္ဂလာပွဲကို လုပ်ကြံဖျက်ဆီးခဲ့ရတာလဲ။ တစ္ဆေတစ်ကောင်လို ရုတ်တရက်ပေါ်လာတဲ့ အမည်မသိ မိန်းကလေးဟာ ..... ဘယ်သူလဲ။

သူ့ခေါင်းထဲ၌ မေးခွန်းပေါင်းများစွာ ဆူညံနေကြသော်လည်း သူဘယ်လိုမှ စဉ်းစားအဖြေရှာမရ။ ထိုသို့စဉ်းစားမရလေ၊ ခံပြင်းစိတ်ဖြင့် သူ၏ ဒေါသတို့က ဆူဝေ အုံကြွလာကြလေ ဖြစ်သည်။ တယ်လီဖုန်းခွက်ကို ပြန်တင်ရင်း သူ တက်တစ်ချက်ကို ခေါက်လိုက်မိသည်။

◉ ◉ ◉



(၃)

အခန်းထဲ၌ ဒရမ်သံတို့က ဆူညံနေကြ၏။

သူ့တစ်ကိုယ်လုံး ချွေးတို့ဖြင့် ရွှဲနစ်သွားသည်အထိ ဒရမ်ကို မရပ်မနား ခပ်ကြမ်းကြမ်းတီးပစ်လိုက်ပြီး နောက်ဆုံး ရှဲလ်ကို ခပ်ပြင်းပြင်းတစ်ချက် ရိုက်လိုက်ကာ လက်ထဲမှ ဒရမ်စတစ်ခ်တို့ကို ပစ်ချ၍ ထိုင်ရာမှ ထရပ်လိုက်သည်။ ဒရမ်သံတို့ ရပ်ဆိုင်းသွားပြီး အတန်ကြာမှ ပက်ထရစ်က စကားစသည်။

"ငါတော့ ... ဘယ်လိုမှ မယုံနိုင်အောင်ဘဲ။ သိန်းဝင်းနဲ့ ငါ ကင်မရာဓာတ်ခဲ ကုန်သွားလို့ ထွက်ဝယ်တာ ဘာမှမကြာဘူး။ ပြန်လဲလာရော object လုပ်လို့ မင်္ဂလာပွဲ ပျက်သွားပြီဆိုတော့ ဘမင် နှောက်နေတာများလား လို့တောင် ထင်မိသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဂျူလီယာတို့ မိသားစုရော၊ မင်းတို့ သားအဖပါ မတွေ့တော့ (ပါစတာ) ကို ဝင်မေးရင်း အကြောင်းစုံသိရတာ”

“အဲဒီလောက် ကန့်ကွက်တဲ့ ကောင်မလေးကို မင်း လုံးဝ မသိဘူးဆိုတာ သေချာရဲ့လား ဆိဇာ” စောသိန်းဝင်းက သူ့အား လှမ်းမေးသည်။

“ငါ သူ့ကို သဲသဲကွဲကွဲ မမြင်လိုက်ရပေမယ့် ငါနဲ့ လုံးဝ မပတ်သက်တာတော့ သေချာတယ် သိန်းဝင်း”

“အဲလိုကြီးလဲ တစ်ထစ်ချ မပြောနဲ့လေ။ ကျောင်းတုန်းက မင်းကို တစ်ဖက်သတ် ကြိုက်ပြီး ရေလာမြောင်းပေး လုပ်ခဲ့တဲ့ မိန်းကလေးဖြစ်ဖြစ်၊ ဒါမှမဟုတ်လဲ မင်းက အရောတဝင်ဆက်ဆံခဲ့တဲ့ မိန်းကလေးဖြစ်ဖြစ် အဲလိုမိန်းကလေးမျိုးက မစားရတဲ့အမဲ သဲနဲ့ လာပက်တာမျိုးရော မဖြစ်နိုင်ဘူးလား”

ပက်ထရစ်၏ စကားကြောင့် သူ စိတ်ပျက်စွာ ခေါင်းတစ်ချက် ခါယမ်းလိုက်မိသည်။

“မင်းတောင် ငါ့ကိုမယုံတော့ဘူးလား ပက်ထရစ်”

“မယုံလို့မဟုတ်ဘူး ဆိဇာ ...၊ ငါက ရည်းစားတွေ အများကြီး ထားခဲ့တဲ့ ကောင်၊ မိန်းကလေးတွေအကြောင်းကို မင်းထက် ငါ





ပိုသိတယ်။ သူတို့က ဘာမဟုတ်တာလေးနဲ့ အငြိုးအတေး ထားချင်ထားတတ်တာမျိုး၊ ဒါကြောင့် သေချာအောင် မေးရတာ”

“ကျောင်းမှာ ဘယ်မိန်းကလေးကိုမှ ငါ အရောမဝင်ခဲ့ဘူး ပက်ထရစ်”

သူနှင့် မေဂျာတူ အတန်းတူဖြစ်သော စောသိန်းဝင်းက သူ့စကားကို ခေါင်းညိတ် ထောက်ခံသည်။ သူတို့ သုံးယောက်စလုံး ဆယ်တန်းအတူတူအောင်ခဲ့ကြသည့်သူငယ်ချင်းများဖြစ်သော်လည်း တက္ကသိုလ်တက်သောအခါ ပက်ထရစ်က ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်သို့ တက်ခဲ့ပြီး ကျောင်းမပြီးခင် နိုင်ငံခြားသင်္ဘော လိုက်သွားခဲ့သူဖြစ်၏။

သူ၏မင်္ဂလာပွဲ ပျက်ပြီးနောက် ပက်ထရစ်နှင့် စောသိန်းဝင်းက သူ့အား နေရာအနှံ့ လိုက်ရှာခဲ့ကြသည်ဟု ဆိုသည်။ ဘယ်မှာမှ မတွေ့သည့်အဆုံး မြို့ထဲမှ တိုက်ခန်းမှာ ရှိလိုရှိငြား ဝင်ကြည့်ရင်း သူ့အား တွေ့ခဲ့ကြခြင်း ဖြစ်သည်။

ပက်ထရစ်က ၎င်း၏ ဆံပင်ရှည်ရှည်များကို ခါယမ်းရင်း သူ့အား ပြောသည်။

“မင်းမှာ ဘာဇာတ်လမ်းကောင်းမှ မရှိခဲ့ဘဲနဲ့ ကန့်ကွက်ခံရတယ် ဆိုတော့ စဉ်းစားစရာပဲ။ ဒါပေမဲ့ ခုလိုကိစ္စမျိုးကို ဘယ်မိန်းကလေးမှ ရန်ငြိုးရန်စမရှိဘဲ မလုပ်ဘူး သိလား။ လာကန့်ကွက်တဲ့ မိန်းကလေးကို စိတ်မမှန်ဘူးလို့ ပြောဖို့ကလဲ ခက်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"သူ မရှူးတာတော့ သေချာတယ် ပက်ထရစ်၊ မရှူးလို့လည်း ဆီဇာထိုင်တဲ့ဆိုင်ကို ဖုန်းဆက်ပြီး လှမ်းရိုတာပေါ့။ အဲဒီလိုလုပ်နိုင်ဖို့ ဆီဇာနောက်ကို တကောက်ကောက်လိုက်နေမှ ရမှာ၊ ပြီးတော့ ဆိုင်ဖုန်းနံပါတ်ကိုသိဖို့ ဆိုင်ထဲဝင်ရမယ်။ စားပွဲထိုးတစ်ယောက် ယောက်ကို မေးရလိမ့်မယ်"

စောသိန်းဝင်းက တွေးတွေးဆဆဖြင့် ဝင်ပြော၏။

"မင်းတွေးတာ အားလုံးကွက်တိပဲ သိန်းဝင်း၊ ဆိုင်ထဲမှာ ငါထိုင်နေတုန်း ကောင်မလေးနှစ်ယောက် ဝင်လာပြီး ထမင်းကြော်လာစား သွားတယ်လို့ စားပွဲထိုးလေးတစ်ယောက်ကပြောတယ်။ ဟင်းမှာတဲ့ မိန္နူးကတ်ပေါ်မှာရေးထားတဲ့ ဆိုင်ဖုန်းနံပါတ်ကို ကူးမှတ်သွားမှာပေါ့။ သူတို့ ပြန်ထွက်သွားပြီး တအောင့်ကြာတော့ ငါ့ဆီကို ဖုန်း လာတာပဲ"

သူ .... စောသိန်းဝင်းစကားကို ထောက်ခံရင်း ဝင်ပြောလိုက်သည်။ ပက်ထရစ်က စီးကရက်တစ်လိပ်ကို ဖွာရှိုက်ရင်း .....

"ခုကိစ္စတစ်ခုလုံးဟာ မင်းထိခိုက်နစ်နာအောင် တမင်ကြံစည်ပြီး လုပ်တာပဲ ဆီဇာ၊ ကြားထဲက ဂျူလီယာက မဆီမဆိုင် အဖျားခတ် ခံလိုက်ရတာတော့ စိတ်မကောင်းစရာပဲ"





"ဂျူလီယာ ခံစားရသလို ငါလဲ အထိနာတာပါပဲ ပက်ထရစ်၊ ငါ့ဂုဏ်သိက္ခာကို အမည်းစက် စွန်းအောင် အလုပ်ခံလိုက်ရတာပဲ၊ ငါမိန်းမ မရှုပ်ခဲ့ပါဘူးလို့ ဘယ်လောက်ပြောပြော ဘယ်သူမှ ယုံကြတော့မှာ မဟုတ်ဘူး။ ဂျူလီယာ ယုံအောင် ဖြေရှင်းဖို့ ဆိုတာ ကတော့ ဝေးရော ..."

သူ့စကားအဆုံး၊ လေသံအုံ့မှိုင်းမှုတို့ဖြင့် တိတ်ဆိတ်သွားသော စကားဝိုင်းကို ပေါ့ပါး စိုပြည်လာစေရန် စောသိန်းဝင်းက ပက်ထရစ် အား လှမ်းပြောလိုက်သည်။

"ရည်းစားစာတောင် အဖြစ်ရှိအောင် တစ်ခါမှ မရေးဖူးတဲ့ ဆီဇာလို လူမျိုးတောင် ခုလိုပြဿနာမျိုးနဲ့ ရင်ဆိုင်ရတယ်ဆိုတော့ မင်းသာဆိုရင် မတွေးဝံ့စရာဘဲ ပက်ထရစ်၊ လာကန့်ကွက်မယ့် မိန်းကလေးတွေ ဘုရားကျောင်းရှေ့မှာ တန်းစီနေမှာပဲ"

ရည်းစားထည်လဲ တွဲခဲ့ဖူးသော ပက်ထရစ်က ဟန်လုပ် ရယ်မောရင်း စောသိန်းဝင်းစကားကို တုံ့ပြန်လိုက်သည်။

"ငါက ရည်းစားများတယ် ဆိုပေမယ့် ဘယ်မိန်းကလေးကိုမှ လက်ကလေးကိုင်တာထက် မပိုခဲ့ဘူး။ သူတို့ဘက်က အခွင့်အရေး



www.burmeseclassic.com

www.burmeseclassic.com



ပေးတာတောင် မသိဟန်ဆောင်ပြီး စည်းစောင့်ခဲ့တယ်။ ဒါကြောင့် ရည်းစားဟောင်းတွေနဲ့ မတော်တဆ လမ်းမှာတွေ့ရင်တောင် သူတို့က ငါ့ကို မိတ်ဆွေတစ်ယောက်လို ဖော်ဖော်ရွေရွေ ဆက်ဆံကြတယ်၊ အဲဒီတော့ မင်းပြောသလိုမျိုး ဘယ်တော့မှ ဖြစ်မှာ မဟုတ်ဘူး စောသိန်းဝင်း၊ နောက်ပြီး ငါက ဒီတစ်သက် အိမ်ထောင်ပြုမယ့်ကောင် မဟုတ်ဘူး"

"ဘာလဲ အိမ်ထောင်ပြုချင်လောက်အောင် တကယ်ချစ်ရမယ့် မိန်းကလေး မတွေ့နိုင်တော့ဘူး ဆိုပါတော့"

"မဟုတ်ဘူး၊ တွေ့ခဲ့ဖူးတယ်။ ငါ သူ့ကို လက်ထပ်ဖို့အထိ ရည်ရွယ်ခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ကွဲသွားတယ်။ အဲဒီနောက်ပိုင်း အိမ်ထောင်ရေးကို စိတ်မဝင်စားတော့တာ ခုချိန်ထိပဲ။ မင်းသာ သတိထား သိန်းဝင်း၊ မအူမလည်နဲ့ ဒုက္ခဖြစ်မှာ မြင်ယောင်သေးတယ်"

"ကိစ္စမရှိပါဘူး၊ မင်းညီမက ငါ့အပေါ် နားလည်မှု အပြည့်ရှိပါတယ်"

ပက်ထရစ်က စောသိန်းဝင်းအား ခပ်တိုးတိုး လှမ်းဆဲသည်။

သူငယ်ချင်းနှစ်ယောက်၏ စကားနိုင်လုပွဲအား အာရုံဝင်စား၍ မရဘဲ တစ်နေ့နေ့တော့ ကျွန်မတို့ ဆုံဖြစ်ကြမှာပါ ဟူသည့်





တယ်လီဖုန်းထဲမှ အမည်မသိမိန်းကလေး၏စကားသံကိုသာ တရစ်ဝဲဝဲ ကြားယောင်နေမိသည်။

တစ်နေ့နေ့တော့ ...... တဲ့။

ထိုတစ်နေ့နေ့ကို ဘယ်လိုသည်းခံနိုင်မှုတွေနဲ့ သူ စောင့်ဆိုင်းရပါမည်လဲ။

သူကတော့ မထင်ပါ။ မကောင်းဆိုးဝါး တစ်ကောင်လို ရုတ်တရက် ပေါ်ပေါက်လာသော မိန်းကလေးသည် မကောင်းဆိုးဝါး တစ်ကောင်လိုပင် တိတ်တဆိတ် ပြန်လည်ပျောက်ကွယ်သွားပါလိမ့်မည်။ သူ့မှာသာ မဖြေရှင်းနိုင်သော ပြဿနာတို့ကို ပွေ့ပိုက်လျက် အမြင်တိမ်းစောင်းမှုနှင့် ကဲ့ရဲ့ရှုတ်ချမှုများအကြား ဆိုးရွားစွာ ကျန်ရစ်ခဲ့ရမည် ဖြစ်၏။

လက်ထဲမှသောက်လက်စစီးကရက်တိုကို ဆေးလိပ်ခွက်ထဲသို့ ဒေါသတကြီးထိုးချေရင်း အသံမထွက်ဘဲ သူ ရေရွတ်လိုက်သည်။

" (ဒီပွဲမှာ မင်းနိုင်တယ် အမျိုးသမီး) "

ဒါပေမဲ့ ... ငါတို့ကစားနေတာ ဘယ်လို ကစားပွဲလဲ မသိရသေးတာတော့ ငါ့အတွက် တော်တော်ခံရခက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

(၄)

## (စနိုး၏ ကိုယ်တိုင်ရေး မှတ်တမ်း)

အကယ်၍သာ ယွန်းနှင့်အတူ မော်တော်ယာဉ်ရောင်းဝယ်ရေး စခန်းဟု ခေါ်သော ကားပွဲစားတန်းသို့ မရောက်ဖြစ်ခဲ့လျှင် ကျွန်မအား အချိန်ကာလအတန်ကြာ လွှမ်းမိုးပြုစားခဲ့သော အမည်နာမ ခပ်ဆန်းဆန်းတစ်ခု၏ ပိုင်ရှင်နှင့် မထင်မှတ်ဘဲ ဆုံဆည်းဖြစ်ခဲ့ လိမ့်မည် မဟုတ်ပါ။

သို့သော် လောကကြီးသည် မတော်တဆ တိုက်ဆိုင်မှုများစွာနှင့် ပြည့်နှက်နေသဖြင့် ဆီဒိုးနားမှ ဖက်ရှင်ပွဲသွားကြည့်ရန် ယွန်း အဖော်စပ်လာခြင်းကပင်လျှင် ပထမဦးဆုံး တိုက်ဆိုင်မှုတစ်ခုဖြစ်ခဲ့ ၏။ ဒုတိယမြောက် မတော်တဆ တိုက်ဆိုင်မှုကို အစပျိုးခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဆီဒိုးနားဟိုတယ်သို့ ဆူပါစလွန်းနှင့်သွားရမှာ အောက်တယ် ဟူသော ယွန်း၏ အယူအဆဖြစ်သည်။

ယွန်းက သူ့အစ်ကို၏ မာစီးဒီးကားနှင့် ဝင်လဲသွားမည်ဟု ဆိုသည်။

"ဘယ်မှာဝင်လဲမှာလဲ"

"ကားပွဲစားတန်းမှာ"

"ဟာ ..... ယွန်းကလဲ ရှက်စရာကြီး၊ ပွဲစားတန်း ဆိုတာ ယောကျ်ားလေးတွေ အများကြီးဟာ"

"ဝိုင်းကြည့်ရုံအပြင် ဘယ်သူမှ ရှင့်ကို ကိုက်မစားဘူး။ အဖြစ်သည်းမနေနဲ့၊ ကျုပ်တို့ ဧည့်ခံပွဲတွေဘာတွေ ကားကောင်းကောင်းနဲ့ သွားချင်တိုင်း ခုလိုမျိုး အစ်ကို့ဆီကကားနဲ့ ဝင်လဲနေကျပဲ။ရှင်ရှက်ရင် ကားပေါ်မှာထိုင်စောင့်နေ၊ ဘာမှမကြာဘူး"

ငြင်းနေလည်း အကြောင်းထူးမည် မဟုတ်မှန်း သိသဖြင့် ကျွန်မဘာသာပင် နှုတ်ဆိတ်နေလိုက်ရသည်။ ကားပွဲစားတန်းထဲ ရောက်တော့ အရိပ်ကောင်းကောင်း တစ်နေရာမှာ ကားရပ်ပြီး ယွန်းက .... "ခဏစောင့်ဦးဟာ၊ ငါ့အစ်ကိုကို သွားရှာလိုက်ဦးမယ်" ဟု ဆိုကာ အကြည့်စူးစူးများကို လုံးဝဂရုမစိုက်ဘဲ ကားပေါ်မှ ဆင်းကာ ထွက်ခွာသွားပါသည်။





ယွန်းပြန်အလာကို ကက်ဆက်နားထောင်ရင်း ထိုင်စောင့်လျှင် ကောင်းမလားဟု စဉ်းစားနေစဉ်မှာပင် ကျွန်မဘဝအတွက် အလွန်ကံကောင်းထောက်မသော မတော်တဆ တိုက်ဆိုင်မှုနှင့် ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

"ဆီဇာသူရဏ္ဍ ... ဝိုင်အိုင်တီမှ ဆီဇာသူရဏ္ဍ ...ပြန်ကြားရေးရုံးမှာ ဘယ်လီဖုန်းလာနေပါတယ်"

အသံချဲ့စက်၊ လော်စပီကာမှ ထွက်ပေါ်လာသော ထိုအသံကို ကြားလိုက်ရသည့်ခဏ၌ ကျွန်မ၏ ခြေဖျားလက်ဖျားများ အေးစက်တောင့်တင်းသွားကြသည်ဟုပင် ထင်လိုက်မိပါသည်။

"ဆီဇာသူရဏ္ဍ ..." တဲ့ အတော့်ကို ထူးဆန်းသော နာမည်ဖြစ်သလို အမည်တူလုံးဝမရှိနိုင်သော နာမည်ဖြစ်၏။ ထို့ပြင် ကျွန်မအား ကာလအတန်ကြာ ခြောက်လှန့်နေခဲ့သော နာမည်လည်း ဖြစ်ပါသည်။ ကား ရေဆေးနေသော ကောင်ဇလေး တစ်ယောက်ကို လှမ်းခေါ်ပြီး ပြန်ကြားရေးရုံးဘယ်မှာလဲဟုမေးလိုက်တော့ ကျွန်မတို့ ကားရပ်ထားရာနှင့် သိပ်မဝေးလှသော အဆောက်အအုံလေးဆီသို့ လက်ညှိုး ထိုးပြသဖြင့် ထိုပြန်ကြားရေးရုံးရှိရာသို့ မမှိတ်မသုန် စိုက်ကြည့်နေလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကစခအောင်ကြာတော့ အသက် [illegible] အရပ် မြင့်မြင့်နှင့် [illegible] တစ်ယောက် ပြန်ကြားရေးရုံးခေါ် အဆောက်အအုံလေး [illegible] လျှောက်လာပြီး ကောင်တာ၌ ချထားသည့် တယ်လီဖုန်းကို [illegible] စကားပြောနေသည်ကို မြင်တွေ့ရသည်။

"[illegible] ....... ဆီဇာသူရစ္စ ပဲပေါ့"

[illegible] နှိုးလိုက်လည်း သိပ်မဝေးလှသောအနေအထားဖြစ်သဖြင့် [illegible] ကျွန်မ ကောင်းစွာ တွေ့မြင်နေရသည်။ နောက်တစ်ကြိမ် [illegible] သူ့မျက်နှာကို ကျွန်မ မျက်တောင် တစ်ချက် [illegible] စိုက်ကြည့်နေမိသည်။ သိပ်အချောကြီး မဟုတ် [illegible] ယောကျ်ားပီသပြီး ဆွဲဆောင်မှုရှိကြောင်း [illegible] ရိုးသားစွာ ဝန်ခံရပါလိမ့်မည်။ ကျွန်မ ငေးကြည့် [illegible] သူ ဖုန်းပြော၍ ပြီးသွားပြီး တယ်လီဖုန်းခ ရှင်းကာ [illegible] ထွက်ခွာသွားလေသည်။

[illegible] တွေ့ချင်နေသူတစ်ယောက်အား မထင်မှတ်ဘဲ [illegible] ထိုမျှလောက်နှင့် တင်းတိမ်ရောင့်ရဲလိုက်ရမည် [illegible] ကျွန်မလောက် မိုက်မဲသူ ရှိလိမ့်မည် မဟုတ်ပါ။ [illegible] ကားရေဆေးသော ကောင်လေးကိုပင် လှမ်းခေါ်ပြီး





[illegible] ပြန်ကြားရေးရုံး [illegible] သည်။ [illegible] ဖုန်းကို လှမ်းယူကာ ထိုနံပါတ်အတိုင်းခေါ်ပြီး [illegible] ပြောလိုကြောင်း ပြောလိုက်သည်။

[illegible] အတိုင်း [illegible]

[illegible] နောက်လာပြီး ဖုန်းကိုင်ပါသည်။ [illegible] ဖြစ်ကြောင်း [illegible] ကားဝယ်ခဲ့ [illegible] သေချာစွာမသိ။ မီးစင်ကြည့်ရန် ဆုံးဖြတ်လိုက်ပြီး "[illegible] ဆီဇာသူရစ္စလား" ဟု မေးလိုက် [illegible] တစ်ဖက်မှ "ဟုတ်ပါတယ်" ဟု အဖြေ [illegible]

ထိုအခါ ကျွန်မအတွက် ချော်လဲရော [illegible] ပြီး [illegible] သိပ်မခက်ခဲတော့ပါ။

"[illegible] ကိုဆီဇာ။ ကျွန်မ [illegible] ရှင့်ဆီက ကားတစ်စီး ဝယ်ခဲ့တယ်။ ခု ...အဲဒီကားကို ပြန်ရောင်း [illegible] ဆက်သွယ်ပါဆိုလို့ [illegible] ဆက်လိုက်[illegible]"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်တော် ကူညီနိုင်ပါတယ်။ ကားကို ဘယ်မှာ လာကြည့်ရမလဲ သိပါရစေ"

"ခုတလော ကျွန်မအလုပ်နည်းနည်းများနေတာနဲ့ အိမ်သိပ် မကပ်ဖြစ်ဘူး။ ဒီလိုလုပ်ပါလား၊ ရှင့်ဆီကို ကားလာပြမယ်လေ၊ ရှင့်ကို ဆက်သွယ်လို့ရမယ့် အိမ်လိပ်စာနဲ့ ဖုန်းနံပါတ် ပေးထားပါလား"

ဤသို့ဖြင့် သူ၏ အိမ်လိပ်စာနှင့် ဖုန်းနံပါတ်ကို ရရှိခဲ့ပါသည်။ သူနှင့် ဖုန်းပြောအပြီး ကျွန်မ၏ ကံကောင်းထောက်မမှုများအား ကျွန်မဘာသာ အံ့သြ၍မဆုံးနိုင်အောင် ဖြစ်နေမိ၏။ ထိုအချိန်မှာပင် ယွန်း ပြန်ရောက်လာပြီး သူ့အစ်ကိုအား ရှာမတွေ့ကြောင်း ပြောသည်။

"နင်မတွေ့ပေမယ့် ငါတော့ ရှာတွေ့ပြီ ယွန်း"

"ဘယ်သူ့ကိုလဲ"

"ငါ ... အကြွေးရစရာရှိတဲ့ လူတစ်ယောက်ကို"

"ဒါဖြင့်လဲ သွားတောင်းလေဟာ၊ ဖက်ရှင်ရှိုးမသွားတော့ဘူး။ နင်အကြွေးတောင်းလို့ရတဲ့ ပိုက်ဆံနဲ့ တစ်ခုခုသွားစားကြမယ်"

"နင်စားချင်ရင် ငါ့ပိုက်ဆံနဲ့ ကျွေးပါ့မယ်ဟာ၊ အကြွေးက ဘယ်အချိန်တောင်းတောင်း ရပါတယ်။ ကဲ ... မောင်းတော့ဟာ၊ သိပ်ကြာရင် ငါတို့နှစ်ယောက် ပြာဖြစ်သွားလိမ့်မယ်"





"ဘာဖြစ်လို့လဲ"

"လူတွေ ပြုံးတုံးပြတဲ့ ဝိုင်းကြည့်ကြလွန်းလို့"

ယွန်းက ရယ်မောရင်း ကားကိုမောင်းထွက်လိုက်သည်။

ထိုနေ့က ဖက်ရှင်ရှိုးမသွားဖြစ်သော်လည်း ကျွန်မ စိတ်မပျက်ပါ။ အလွန်တွေ့ချင်နေခဲ့သော လူတစ်ယောက်အား မထင်မှတ်ဘဲ တွေ့လိုက်ရသည့်အပြင် ၎င်း၏ လိပ်စာကိုပါ ရရှိခဲ့ခြင်းကြောင့် ဖြစ်သည်။ ပွင့်လင်းစွာပြောရလျှင် ကျွန်မကျေနပ်ပျော်ရွှင်၍ပင် နေပါသေးသည်။

ဆီဇာသုရစ္စ ဟူသော နာမည်ဆန်းဆန်းနှင့် ထိုအမျိုးသားအား ကျွန်မ တိတ်တဆိတ် လိုက်လံရှာဖွေနေခဲ့သည်မှာ ဘယ်လောက်ကြာခဲ့ပြီလဲ။ တစ်နှစ်ခွဲလား၊ နှစ်နှစ်လား၊ ထိုမျှအချိန်ကာလများစွာကို အသုံးပြုခဲ့သည့်တိုင် ကျွန်မ၏ရှာဖွေမှုက တစ်စုံတစ်ရာ အကျိုးမထူးခဲ့။ ယခုတော့ မမျှော်လင့်သောတိုက်ဆိုင်မှုက ကျွန်မ၏ဆန္ဒကို ပြည့်ဝစေခဲ့သည်။ ထို့အတွက် ကျွန်မကျေနပ်၍ မဆုံးနိုင်အောင် ဖြစ်ခဲ့ရခြင်းမှာ သိပ်တော့အံ့သြစရာ မဟုတ်ပါ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



[illegible]အသူရဇ္ဇ၏ နေရပ်နှင့် ဖုန်းနံပါတ်အပြင် ကားဝယ်ရောင်း [illegible]သည်ဟူသောအချက်ကိုပါ သိခဲ့ရသဖြင့် သူ့အကြောင်းစုံစမ်းရန် [illegible] သူ့အား စတင်ရှာဖွေစဉ်ကလောက် မခက်ခဲတော့။ ယွန်း၏ [illegible]ကိုမှာလည်း ဝယ်ရောင်းတစ်ဦး ဖြစ်သဖြင့် ကျွန်မ၏စုံစမ်းမှုကို [illegible]မှတစ်ဆင့် စတင်ခဲ့ပါသည်။

"[illegible]သူရဇ္ဇလား ... [illegible]ချင်းတော့ မသိပါဘူး။ ဒါပေမဲ့ [illegible] [illegible]နေသား[illegible]။ သူက စက်မှုတက္ကသိုလ် [illegible]ရှိ[illegible] တစ်ပတ်က [illegible] ကားအရောင်းအဝယ် [illegible]။ [illegible] မဟုတ်ပါဘူး"

ကျွန်မ [illegible] သူ့အ[illegible] ပတ်သက်၍ အထူ [illegible] ယွန်းပဲ ဖြစ်သည်။

"[illegible] ဒီလောက်တော [illegible]

[illegible]

"စိတ်ဝင်စားလို့ [illegible]"

"ဘုရားရေ ... နင် ဘာကယ်ပြောနေတာလား"

"စနီးတို့က ကိုယ် စိတ်မဝင်စားဘူးဆိုရင်တစ်ခုအတွက် [illegible] တော့မှ အချိန်ကုန်မခံတတ်ဘူး ... ယွန်း ... အဲဒါကို နင်သိပါတယ်"





"အင်း ... ရှင် စိတ်ဝင်စားတယ်ဆိုရင် အဲဒီလူက တော်တော် ချောပြီး၊ တော်တော်ကံကောင်းတဲ့လူ ဖြစ်ရမယ်"

ယွန်း၏စကားကြောင့် ကျွန်မ သဘောကျစွာ ပြုံးလိုက်မိသည်။ ယွန်း ပြောတဲ့အတိုင်း ရှင်ဟာ ကံကောင်းတဲ့လူ ဖြစ်ပါမှ ကိုသိဇ္ဇာသူရဇ္ဇ ...။

"ငါ မနက်ဖြန် သူ့ကျောင်းကိုသွားမလို့ ယွန်း၊ နင် လိုက်မယ် မဟုတ်လား"

"နင် သူ့ကျောင်းကို ဘာသွားလုပ်မှာလဲ"

"သူ့အကြောင်း သိချင်လို့ပါ။ ဘာဖြစ်လို့ သိချင်ရသလဲ ဆိုတော့ ငါမှာ သူနဲ့ပတ်သက်တဲ့ ဇာတ်လမ်းတစ်ပုဒ် ရှိလို့ပဲ ယွန်း။ အဲဒီဇာတ်လမ်းကို ခုတော့ ပြောမပြနိုင်သေးဘူး။ ဒါပေမဲ့ အချိန် တန်တဲ့အခါတော့ နင့်ကို အကုန်ပြောပြမယ်။ ငါ ကတိပေးတယ် ... ယွန်း၊ ဘယ့်နှယ်လဲ ...." [illegible]

ယွန်းက အတော်ကြာ ငြိမ်သက်သွားပြီးမှ "ကောင်းပြီလေ၊ ငါ နင်နဲ့ လိုက်ခဲ့မယ်" ဟု သဘောတူပါသည်။

"သူ့ကျောင်းသွားတာတော့ ဟုတ်ပါပြီ၊ သူ့အတန်းကို နင် သိလို့လား စနီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... အတန်းမပြောနဲ့၊ သူ ဘာမေဂျာယူမှန်းတောင် မသိဘူး"

ကျွန်မစကားကြောင့် ယွန်းကပြုံးရင်း "နင်တော်တော့်ကို စေ့စေ့စပ်စပ် စုံစမ်းထားတာပဲ" ဟု ရေရွတ်သည်။

"နင်တစ်ယောက်လုံး ရှိနေမှပဲဟာ ဘာစုံစမ်းနေစရာလိုဦးမှာလဲ၊ စက်မှုတက္ကသိုလ်မှာ နင့်သူငယ်ချင်းတွေ ရှိနေတာပဲဥစ္စာ"

"နင်ကတော့ လုပ်ချလိုက်ပြန်ပြီ။ ဘာလဲ ငါ့ကို နင့်ရဲ့ အလွှတ်စုံထောက်အဖြစ် ငှားလိုက်ပြီ ဆိုပါတော့ ... ဟုတ်လား စနီး"

"သေချာတာပေါ့။ ပုံမှန်လစာမရှိဘူး။ အချိန်ပိုကြေး မပေးနိုင်ဘူး။ နင်ကျေနပ်မှလုပ်"

"နင့်ရဲ့ ကမ်းလှမ်းချက်ကို ခြွင်းချက်မရှိ သဘောတူလိုက်ပြီ။ မနက်ဖြန်ကစပြီး အလုပ်ဆင်းမယ်"

"နင် တိုးတက်လာပြီ ယွန်း၊ ရှေ့လျှောက် ကြီးပွားဦးမယ်"

"လုပ်မနေနဲ့၊ ငါက နင် အဲဒီလူကို ဘာဖြစ်လို့ဒီလောက်တောင် စိတ်ဝင်စားနေတာလဲဆိုတာ သိချင်လို့ ရှင်းပြီလား"

❖ ❖ ❖





ဘာကြောင့်ပဲဖြစ်ဖြစ် ယွန်း၏ ကူညီစုံစမ်းပေးမှုတို့က ကျွန်မအတွက် များစွာ အထောက်အကူ ဖြစ်စေခဲ့ပါသည်။ ၎င်း၏ သူငယ်ချင်းများမှတစ်ဆင့် ကျွန်မ သိလိုသမျှကို စိတ်ရှည်လက်ရှည် စုံစမ်းပေးခဲ့ခြင်းဖြင့် ဆီဇာသူရစ္စအကြောင်းကို အတော်များများ သိခွင့်ရခဲ့သည်။

"အသက် နှစ်ဆယ့်ငါးနှစ်၊ မက်ကယ်နီကယ်နောက်ဆုံးနှစ် ကျောင်းသား၊ ညီအစ်ကိုမောင်နှမ မရှိဘူး၊ တစ်ဦးတည်းသောသား။ သူ့နာမည်က ဆီဇာသူရစ္စ ဆိုပေမယ့် သူ့အဖေကတော့ ဦးသူရစ္စ မဟုတ်ဘူး"

"ဒါဖြင့် ဘာဖြစ်လို့ ဟိုမရောက်ဒီမရောက်နာမည်ကြီး ဖြစ်နေရတာလဲ"

"ဒီလိုဟာ ... သူ့အဘိုးက တော်တော်ချမ်းသာတယ်။ ပြည်သူပိုင် မသိမ်းခင်က သူရစ္စ ဆိုတဲ့ နာမည်နဲ့ စက်ရုံတွေ၊ ကုမ္ပဏီတွေ အတော်များများပိုင်ခဲ့တယ်။ အဲဒါကြောင့် သူ့ကိုမွေးတော့ သူရစ္စ ဆိုတဲ့ နာမည်ကို အမှတ်တရ ထည့်မှည့်ထားတာ"

"စိတ်ဝင်စားစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီထက်ပိုပြီး စိတ်ဝင်စားစရာကောင်းတဲ့သတင်းတစ်ခု ရှိသေးတယ် စနိုး ...။ ဒါပေမဲ့ နင် သူ့ကိုချဉ်းကပ်ဖို့အထိ ရည်ရွယ်ထားတာဆိုရင်တော့ အဲဒီသတင်းကို ပြောရမှာ အားနာစရာပဲ"

"ပြောမှာသာ ပြောစမ်းပါ ယွန်း။ ဘာမှအားနာမနေနဲ့"

"သူမှာ အတွဲရှိတယ်စနိုး။ ဒုတိယနှစ်လောက်ကတည်းက တွဲလာခဲ့တာ။ ဂျူလီယာတဲ့ ...၊ အီကိုကွင်း၊ လူယဉ်ကျေးမယ် နှစ်ခါလောက် အရွေးခံရဖူးတယ်။ သူ ဒီနှစ်ကျောင်းပြီးတာနဲ့ ဂျူလီယာနဲ့ လက်ထပ်လိမ့်မယ်"

သူ လက်ထပ်တော့မယ် ဆိုပါလား။

ထိုအတွေးက ကျွန်မအား နှုတ်ဆွံ့ ငြိမ်သက်သွားစေပါသည်။ ယွန်းက မည်သို့ထင်မြင်သွားသည်မသိ၊ ကျွန်မအား လှမ်းပြောသည်။

"စိတ်လျှော့လိုက်ပါတော့ကွာ"

"ဘာကို စိတ်လျှော့ရမှာလဲ ယွန်း"

"ဆီဇာသူရစ္စကို ပြောတာပါ"

ယွန်း၏ စကားကြောင့် ကျွန်မ မျှော်ကိုးတိုး ရယ်မောကာ ခေါင်းယမ်းလိုက်ပါသည်။





"ငါ ဘယ်စကားမှ လက်မလျှော့အား ယွန်း။ သူနဲ့ပတ်သက်ပြီး စိတ်လျှော့တာတို့၊ နောက်ဆုတ် အရှုံးပေးတာတို့ ငါ့အာဝမှာ ဘယ်တော့မှ မရှိစေရဘူး"

ယွန်းက ကျွန်မအား နားမလည်သလို ကြည့်ရင်း "နင် ခေါင်းမာတာပဲ စနိုး" ဟု မှတ်ချက်ချသည်။ ယွန်း မှတ်ချက်ချသလိုပင် ကျွန်မ ခေါင်းမာရပါလိမ့်မည်။ ခေါင်းမာရလောက်အောင်လည်း နိုင်လုံသောအကြောင်းအချက်တို့က ကျွန်မ၌ ရာဇ်နှင့်အပြည့် ရှိနေခဲ့သည် မဟုတ်ပါလား။

"ဒီလိုဆို နင် ရှေ့ဆက်တိုးမယ်ပေါ့ ဟုတ်လား စနိုး"

"ဟုတ်တယ်... ငါ ရှေ့ဆက်တိုးရလိမ့်မယ်"

ကျွန်မ စကားကြောင့် ယွန်းက ...နှစ်ဖက်ကို ဟန်ပါပါ တွန့်လိုက်သည်။

"ဒီပုံအတိုင်းဆိုရင်တော့ ... တော်တော်ကြည့်ကောင်းမှာ သေချာတယ်၊ ဟိုကလဲ လှယဉ်ကျေးမယ်၊ ဒီကလဲ မော်ဒယ်လ်ဂဲ... ... ဆီဇာသူရစ္စတစ်ယောက်တော့ ကြားညပ်မှာ မြင်ယောင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ယွန်းက သူ့စိတ်ကူးနှင့် သူ ထင်ရာမြင်ရာ ပြောနေချိန်၌ ကျွန်မကလဲ ကျွန်မအတွေးနှင့် ကျွန်မ ငြိမ်သက်နေမိသည်။ ဘာပဲဖြစ်ဖြစ် ... ပွဲကတော့ ကြည့်ကောင်းမှာ အလွန်သေချာပါသည်။

ရှင့်ကို ဘုရားသခင် စောင်မပါစေ ကိုဆီဇာ။

◉ ◉ ◉



(၅)

ထို့နောက်ပိုင်း ရက်များအတွင်း မော်ဒယ်လ်သင်တန်းများ၊ ဖက်ရှင်ရှိုးများ၊ ဦးလေး၏ စားသောက်ဆိုင်၌ တစ်ပတ်လျှင် နှစ်ရက် သီချင်းဆိုပေးခြင်းကိစ္စများဖြင့် ကျွန်မဘဝအား ပုံမှန် စီးမျောနေခဲ့၏။ ယွန်းကတော့ ကျွန်မ၏ ငြိမ်သက်နေမှုကို နားမလည်နိုင်စွာ အားမလိုအားမရ ပြောလာသည်။

"ဘယ်လိုလဲ စနိုး ... နင်ပြောတော့ ရှေ့ဆက်တိုးမယ်ဆိုပြီး ငြိမ်လှချေလား"

"ဖြည်းဖြည်းပေါ့ဟာ၊ အချိန်တွေအများကြီးရှိပါသေးတယ်။ သူရော၊ ငါတို့ရော စာမေးပွဲဖြေရတော့မှာ စာမေးပွဲပြီးမှ စစ်ဆင်ရေးစတာပေါ့"

ယွန်းက ကျွန်မအား တအံ့တသြကြည့်၍ ......

"စာမေးပွဲပြီးရင် ဟိုက လက်ထပ်တော့မှာလေ စနိုးရဲ့" ဟု ရေရွတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါကလည်း အဲဒီအချိန်ကို စောင့်နေတာပဲ ယွန်း"

ယွန်းက ခေါင်းကုတ်ရင်း "ငါတော့ [illegible] မျှော်လာပြီ" ဟု ခိုးအိုးရှုံ ဟန်ဖြင့် ရေရွတ်လေသည်။

ခြောက်နှစ်တက်ရသော ဆက်မှုတက္ကသိုလ် နောက်ဆုံးနှစ် စာမေးပွဲပြီးဆုံးချိန်၌ သမိုင်းအဓိကကျောင်းသူများဖြစ်သော ယွန်းနှင့် ကျွန်မလည်း နောက်ဆုံးနှစ်စာမေးပွဲကို အောင်မြင်စွာ ဖြေဆိုပြီး [illegible] ပြီးသည်။ သည်နောက်တော့ ဆီဇာနှင့် ဂျူလီယာ၏ [illegible] တိုင် [illegible] ရန်အာ ရှိပါတော့သည်။

"နှင်းနှာဖြော့ [illegible] ကျြားလေးတွေ ဒီကောက်ပိုင်း [illegible] လျက်နဲ့ ဆီဇာသူရဲ့ [illegible] ခရွမြီး ဘာဖြစ်လို့ စိတ်ပင်ပန်းရမှာလဲ။ ငါ စဉ်းစားလို့မရဘူး ဝိုး …" "နောက်ပြီး ခုချိန်ထိ သွေးစေးဘေးနဲ့ ငြိမ်နေတာကိုလည်း ငါ နားမလည်နိုင်ဘူး"

"ဖြည်းဖြည်းပေါ့ကွာ အချိန်တန်တော့ နင်နားလည်လာမှာပါ"

ဟု ထက်ပို၍ ယွန်းအား ကျွန်မ ဘာမျှပြန်မပြောခဲ့။

ဆီဇာသူရဲ့နှင့် ဂျူလီယာတို့ [illegible] ဟူသော သတင်းများ လွှင့်ပျံလာပြီး [illegible] နေ့ရက်နှင့် အချိန် နေရာတို့အား အတိအကျ သိလာရချိန်အထိ ကျွန်မ





[illegible] ငြိမ်သက် စောင့်ဆိုင်းနေခဲ့သည်။ မင်္ဂလာဆောင်နေ့ [illegible] ကျင်းပမည့် ဘုရားကျောင်းသို့ ကျွန်မ ရောက်ရှိ သွားခဲ့ပါသည်။ မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံးကို ပြန်လည်ပေးဆပ်ရပါလိမ့်မည်။

[illegible] ကမ္ဘာလောကကြီးအား ခြောက်ရက်တာ [illegible] နှင့် [illegible] ဖန်ဆင်းတော်မူခဲ့၏။

ဆီဇာ [illegible] ၏ မင်္ဂလာပွဲ ပျက်စီးဖို့ ကိစ္စကတော့ [illegible] ခြောက်မိနစ် [illegible]

"ဒီလက်ထပ်ပွဲကို ကျွန်မ ကန့်ကွက်ပါတယ်" ဟူသော [illegible] ယိုစကားနှစ်ခွန်း၏ အကျိုးသက်ရောက်မှုကို အချိန်အနည်းငယ်၌ ကျွန်မ စောင့်ကြည့်မနေတော့ပါ။ လူမမှတ်မိအောင် [illegible] ဆောင်းထားသော ဦးထုပ် လွင့်ထွက်သွား [illegible] သက်ကာစ်ဖက်နှင့် ယိုင်နဲ့ရင်း ဘုရားကျောင်းထဲမှ ပြေးထွက်ခဲ့ ပါသည်။

"နှင်းအစား ငါ ရင်ဆိုင်လိုက်တာ စနိုးရဲ့"

ကျွန်မ၏ လှုပ်ရှားမှုပတ်သက်ပြီး ယွန်းက [illegible] ဘာမှမေးရှုတ်လို့ မဆိုနိုင်အောင်ဖြစ်နေလေသည်။ ကျွန်မ [illegible] အားကိုသာ အရှိန်ပြင်းပြင်းမောင်းရင်း လေချွန်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် အခု ဘယ်သွားမှာလဲ စန်း"

"ဆီဇာတို့အိမ်နားကိုသွားမယ်။ အဲဒီနားမှာ ကားရပ်ပြီး သူတို့ပြန်လာတဲ့အထိ စောင့်မယ်"

"ဘာအတွက်လဲ'

"ကိုယ်ပစ်လိုက်တဲ့သားကောင် ချက်ကောင်းမှန်၊ မမှန် သေချာအောင် စောင့်ကြည့်ရမယ်လေ"

ကျွန်မ သွေးအေးစွာ ပြောလိုက်တော့ ယွန်းက ပခုံးတွန့်ရင်း "ငါတော့ တဖြည်းဖြည်းနဲ့ နင့်ကို ကြောက်လာပြီ စန်း" ဟု ရေရွတ်သည်။ ကျွန်မကတော့ ဆီဇာတို့သားအဖပြန်အလာကိုသာ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေလိုက်သည်။ ကျွန်မ မျှော်လင့်ထားသည့်အတိုင်း ဆီဇာ့အဖေ၏ကားက ဦးစွာပြန်ရောက်လာပြီး မရှေးမနှောင်းမှာပင် သတို့သားဝတ်စုံကို ဆင်မြန်းထားသော ဆီဇာက ၎င်း၏ ကားကို ကိုယ်တိုင်မောင်းလျက် အဖော်ပင်မပါဘဲ ပြန်လည်ရောက်ရှိလာသည်။

ထို့နောက် မိနစ်အနည်းငယ်ကြာတော့ ဆီဇာ၏ကား ခြံထဲမှ ပြန်ထွက်လာသည်။ မင်္ဂလာဝတ်စုံပင် မလဲနိုင်ပုံထောက်တော့ အတော်ပူထူနေမှာပဲ ဟု ကျွန်မ တွေးလိုက်မိသည်။ ကျွန်မ တင်ကြို





တွက်ဆထားသည့်အတိုင်းသာ မှန်မည် ဆိုလျှင်တော့ ၎င်း၏ဦးတည်ရာမှာ ဂျူလီယာတို့အိမ်မှလွဲ၍ အခြားမဖြစ်နိုင်ပါ။ ဒီတစ်ခါလည်း ကျွန်မ၏ခန့်မှန်းချက် မှန်ကန်ခဲ့ပါသည်။

"ဂျူလီယာတို့အိမ်ကနေ ပြန်ထွက်လာရင် သူ ဘယ်ကိုသွားမယ် ထင်သလဲ စန်း"

ဂျူလီယာတို့အိမ်နှင့် မလှမ်းမကမ်းမှာ ကားရပ်၍ စောင့်ဆိုင်းနေစဉ် ယွန်းက ကျွန်မအား မေးခဲ့သည်။ ပီကေဝါးနေရင်းမှ ကျွန်မပြန်ပြောလိုက်သည်။

"ငါလဲ အဲဒါကိုပဲ သိချင်နေတာ ယွန်း"

"သိချင်ရင် ကားစက်နှိုးတော့၊ ဟိုမှာ သူ့ကားပြန်ထွက်လာပြီ"

စပိုင်ဝတ္ထုတွေထဲကလို သူ့ကားနောက်သို့တကောက်ကောက်လိုက်ရင်း နောက်ဆုံး စနက်လီဘားဆိုင်ကလေးတစ်ဆိုင် ရှေ့၌ ၎င်း၏ကား ရပ်သွားလေသည်။ သူ ဆင်းသွားပြီးအတော်ကြာတော့မှ "ငါတို့ ဘာဆက်လုပ်ကြမလဲ" ဟု ယွန်းက မေးသဖြင့် "ဆိုင်ထဲဝင်ပြီး တစ်ခုခု စားကြတာပေါ့" ဟု ကျွန်မက ပြန်ဖြေလိုက်သည်။ မူလအစီအစဉ်က တစ်ခုခုစားရင်း ၎င်း၏အခြေအနေကိုအကဲခတ်ပြီး အသာပြန်ထွက်လာရန် ဖြစ်သော်လည်း ဘာကြောင့်မှန်း မသိဘဲ သူနှင့် စကားပြောကြည့်ချင်စိတ် ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မီနူးကတ်ပေါ်မှ ဆိုင်ဖုန်းနံပါတ်ကို ကူးယူလာပြီး ကားပေါ်သို့ ပြန်ရောက်သောအခါ ယွန်း၏ ဆယ်လူလာဖုန်းကို တောင်း၍ ဆိုင်ထဲရှိ ၎င်းထံသို့ ဖုန်းလှမ်းဆက်လိုက်သည်။

" ...... ဘုရားကျောင်းမှာတုန်းက ငိုသွားတဲ့ မိန်းကလေး တစ်ယောက်ဆိုရင်တော့ ရှင်မှတ်မိမှာပါ"

"ဪ ... လက်စသတ်တော့မင်းကိုး၊ သိပ်ကိုမှတ်မိတာပေါ့။ ကျုပ် မင်းကို တွေ့ချင်နေတာ"

သူ့အသံက ဘီယာနှင့် ဒေါသတို့ဖြင့် ရောယှက်တုန်ခါနေကြသည်။ သူ့စကားသံတို့ကို နားထောင်ရင်း သူ့ရင်ထဲမှ ခံစားမှု အတိမ်အနက်ကို ကျွန်မ အမောတကော စူးစမ်းသုံးသပ်နေမိသည်။ သူနှင့် ဖုန်းပြောပြီးသွားချိန်မှာတော့ ယွန်းက ကျွန်မအား မေးပါသည်။

"ဘယ်လိုလဲ စနိုး၊ နင်ပစ်လိုက်တာ ချက်ကောင်းကို မှန်ရဲ့လား"

ကျွန်မအတန်ကြာ ငြိမ်သက်နေပြီးမှ ယွန်း၏ အမေးကို ပြန်ဖြေလိုက်သည်။

"မှန်တော့မှန်ပါတယ်။ ဒါပေမဲ့ ငါ မျှော်လင့်ထားသလောက် ခံစားရတဲ့ပုံတော့ မပေါ်ဘူး"





"ဘုရားသခင် ..... နင်က ဘယ်လောက်အထိ ခံစားစေချင်လို့လဲ"

ယွန်း၏အမေးကို ကျွန်မ ချက်ချင်း အဖြေမပေးနိုင်ပါ။ သက်ပြင်းကိုချရင်း ယွန်းကို ပြန်မေးလိုက်မိသည်။

"နင် အသည်းကွဲဖူးသလား ယွန်း"

"မဦးမချွတ်ဟာ၊ ရည်းစားတောင် တစ်ခါမှမထားဖူးတဲ့လူကို နင်မို့မေးရက်တယ်။ နေပါဦး ... နင့်မေးခွန်းက ခုကိစ္စနဲ့ ဘယ်လို ပတ်သက်နေလို့လဲ"

"အများကြီးပတ်သက်တာပေါ့။ ငါက သူ့ကို အသည်းကွဲစေချင်တာ"

ယွန်းက ကျွန်မအား အတန်ကြာအောင် တအံ့တသြ ငေးစိုက်ကြည့်နေပြီးမှ "နင်က သူ့ကို ဘာဖြစ်လို့ အသည်းကွဲစေချင်တာလဲ" ဟု စိတ်ဝင်တစားမေးသည်။

"သူဟာ အသည်းကွဲသင့်တဲ့ လူတစ်ယောက်ဖြစ်နေလို့ပါ [illegible] အသည်းကွဲသင့်တဲ့ လုပ်ရပ်မျိုး သူ လုပ်ခဲ့လို့ပေါ့"

အဖြေက တိုတောင်းသော်လည်း ပြည့်စုံလုံလောက်သည်ဟု ကျွန်မ ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခု သူ အသည်းမကွဲလို့လား စနိုး"

ကျွန်မ ခေါင်းကို ခပ်လေးလေး ခါယမ်းလိုက်မိသည်။

"မကွဲဘူး .... ယွန်း၊ သူနဲ့ ဂျူလီယာက သမီးရည်းစားတွေ မဟုတ်ဘူး။ လူကြီးချင်းသဘောတူထားတာတဲ့။ ငါက ... မင်္ဂလာပွဲ ပျက်ရင် သူ အသည်းကွဲမှာပဲလို့ တစ်ထစ်ချ တွက်ထားခဲ့တာ ခုတော့ ... ငါတွက်ထားတဲ့အတိုင်း မဖြစ်နိုင်တော့ဘူး"

ကျွန်မ သူ့အား အသည်းကွဲစေချင်သည်။ အနည်းဆုံးတော့ အသည်းကွဲတယ်ဆိုတာ ဘယ်လိုမျိုးလဲဟု သူ့အား ခံစားရစေချင်သည်။ သို့သော် ယခုတော့ ကျွန်မ စိတ်ကူး မျှော်လင့်ထားသလို မဖြစ်နိုင်တော့ပါ။ အတွေးထဲ မည်မျှကြာအောင် ကျွန်မ နစ်မြော နေမိသည် မသိ။ ယွန်း၏အသံကြားမှ ကျွန်မ သတိပြန်ဝင်လာသည်။

"အခု ... နင် ဘာဆက်လုပ်မလဲ စနိုး"

"လောလောဆယ်တော့ ငါလဲ မပြောတတ်သေးဘူး ယွန်း ..."

အမှန်တကယ်ပင် ကျွန်မ ဘာလုပ်ရမှန်း စဉ်းစား၍မရသေးပါ။ ဆိဇာသူရှစ္စ ဟူသော အမျိုးသားနှင့် ပတ်သက်၍ ကျွန်မ ဘာ ဆက်လုပ်သင့်ပါသလဲ။



(၆)

ရုပ်ပျက် ဆင်းပျက်နိုင်စွာ ပျက်စီးသွားခဲ့သော မင်္ဂလာပွဲ၏ နောက်ပိုင်းကာလ များမှာတော့ ဆောင်းခိုငှက် တစ်ကောင်လို အိုက်ခန်းလေးထဲမှာသာ သူ ခိုအောင်းဖြစ်ခဲ့သည်။ အိမ်သို့ နှစ်ခေါက် သုံးခေါက် ပြန်ဖြစ်ခဲ့သော်လည်း ဒယ်ဒီက သူ့အား စကားမပြောပါ။ ရလဒ်မကောင်းသော မင်္ဂလာပွဲနှင့်ပတ်သက်၍ ယခုတိုင်အောင် ဒယ်ဒီ စိတ်ဆိုးနေဆဲ ဖြစ်သည်။

ထိုသို့ ဒယ်ဒီ သူ့အပေါ် တင်းမာနေချိန်၌ တစ်ဖက်မှ ဂျူလီယာ၏ တုံ့ပြန်မှုကလည်း စိန်းပြတ်လှပါသည်။ သူ ဂျူလီယာ ထံသို့ အကြိမ်ကြိမ် ဖုန်းဆက်ခဲ့သော်လည်း သူ့အသံကြားသည်နှင့် ဖုန်းချသွားမြဲဖြစ်သည်။ နောက်ဆုံးတော့ ဂျူလီယာ ကျေနပ်သည် အထိ တောင်းပန် ဖြေရှင်းမည် ဟူသော သူ၏စိတ်ကူးတို့ကို စွန့်လွှတ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်း သူ့လိုပင် ကားဝယ်ရောင်းလုပ်သော
စောသိန်းဝင်းနှင့်အတူ ကားပွဲစားတန်းသို့သွားခြင်း (တစ်ခါတစ်
ပက်ထရစ်ကပါ သူတို့နှင့်အတူ လိုက်ပါတတ်၏။) စိတ်မွန်းကျ
သော အခါများ၌ ဒရမ်တီးရင်း နေ့ရက်တို့ကို ဖြတ်သန်းခဲ့သည်
တစ်ရက် ပက်ထရစ်အားဝင်ခေါ်ပြီး ပွဲစားတန်းသွားရန် စိတ်ကူးဖြ
ပက်ထရစ်ဆီသို့ ထွက်လာခဲ့သည်။

ကိုယ့်အတွေးနှင့်ကိုယ် ခပ်မှန်မှန်မောင်းလာသော သူ့ကား၏
အမြန်နှုန်းကို စိတ်မရှည်၍ဘဲလားမသိ၊ နောက်ကားတစ်စီးက ဟွ
နှစ်ချက်သုံးချက်ခန့်တီးပြီး သူ့ကားကို ဖြတ်ကျော်တက်သွားသည်
(ဘီအမ်ဒဗလျူ) တံခါးနှစ်ပေါက် ကားအနီရောင်လေးဖြစ်၏။ အမျိ
အစားကောင်းသော်လည်း ဈေးကွက်မှာတော့ အရောင်းအဝယ်ထိုင်
သော ကားမျိုးဖြစ်သည်။ သူ့အား ကျော်တက်သွားသော ထိ
ကားလေးမှာ မီးပွိုင့်မိသောအခါ၌ သူ့ရှေ့သို့ ရောက်ရှိနေခြင်းမှ
မဆန်းပါ။ ထူးဆန်းသည်က မီးပွိုင့်စိမ်းသော်လည်း ထိုကား
မောင်းမထွက်ခြင်း ဖြစ်သည်။

သူ စိတ်မရှည်သဖြင့် ဟွန်းနှစ်ချက်လောက်တီးပြီး ကျော်တ
ရန် စိတ်ကူးလိုက်ချိန်၌ ရှေ့ကားပေါ်မှ မိန်းကလေးတစ်ယော
ဆင်းလာပြီး သူ့ထံသို့ လျှောက်လာလေသည်။





"စိတ်မရှိပါနဲ့ရှင်၊ ကျွန်မကား ဘက်ထရီဝပ်သွားလို့ ..."

၎င်း၏အသံက တောင်းပန်သည့်အသံမျိုးဖြစ်သလို၊ သူ့အား ကြည့်သည့်အကြည့်ကလည်း အကူအညီတောင်းခံသော အကြည့်မျိုး ဖြစ်သည်။ ဘေးနားကို ဝေ့ဝဲကြည့်လိုက်တော့ တခြား မည်သည့်ကားတစ်စီးတလေကိုမှ မမြင်ရ။ သူတို့ရောက်ရှိနေသောနေရာက လူပြတ်ပြီး ယာဉ်အသွားအလာနည်းသော နေရာမျိုး ဖြစ်သည်။

"ရှေ့မှာ ကုန်းဆင်းပဲ၊ အသာလိမ့်ဆင်းပြီး ဂီယာနဲ့ နှိုးကြည့်ပါလား"

"ကျွန်မလဲ အဲလိုပဲ စိတ်ကူးထားပါတယ်"

သို့သော် အမျိုးသမီးက နေရာမရွှေ့၊ ဒီပုံတိုင်းဆိုလျှင်တော့ သူကားဆင်းတွန်းပေးဖို့ သေချာသွားပါတော့သည်။ ကားစက်သပ်၍ လက်ဆွဲဘရိတ်ကိုဆွဲလိုက်ပြီး အချက်ပြစုံမီးကိုဖွင့်ကာ ကားပေါ်မှ ဆင်းလိုက်သည်။ တစ်ဖက်မှ အကူအညီ တောင်းခံလာခြင်းအား မသိကျိုးကျွန်ပြု၍ ရှောင်ထွက်သွားလျှင် ရနိုင်သော်လည်း၊ နိုင်ငံကြီးသား မပီသသူအဖြစ် အပြောခံရမှာမျိုးကိုတော့ သူ မလိုလားပါ။

"ကုန်းဆင်းဆိုတော့ အားစိုက်ပြီးတွန်းရမယ်မထင်ဘူး။ ဒီလိုလုပ်... မင်း ကားပေါ်တက်ပြီး အဆင်သင့်ပြင်ထား၊ ဒီတစ်ခါမီးစိမ်းတာနဲ့ နောက်ကနေ တွန်းပေးမယ်။ မင်း ဂီယာထည့်ပြီး နှိုးလိုက်"



www.burmeseclassic.com

www.burmeseclassic.com



မီးပွိုင့်မှ မီးစိမ်းလာချိန်ကို စောင့်ဆိုင်းပြီး မီးစိမ်းသည်နှင့် သူ အားယူ တွန်းလိုက်တော့ ကားက အလိုက်သင့် လိမ့်ဆင်းသွားပါသည်။

"ရပြီ ... နှိုးတော့"

အနည်းငယ် အရှိန်ရလာချိန်၌ သူ နောက်ကနေ အော်ပြောသော်လည်း သူ့စကားသံကို မကြားသည်လား၊ ဂီယာထည့်မထား၍ဘဲလားမသိ မည်သည့်ကားစက်သံမှပေါ်မလာပါ။ မီးပွိုင့်တစ်ဝက်သို့ရောက်သည်အထိ "စက္ကင်းဂီယာနဲ့နှိုး" ဟု သူအော်ပြောနေသော်လည်း ကားက တစ်စုံတစ်ရာ ထူးခြားမှုမရှိ။ လမ်းဆုံမီးပွိုင့်အား ကျော်လွန်၍ တစ်ဖက်ခြမ်းသို့ ရောက်တော့ မိန်းကလေးက ကားကို လမ်းဘေးသို့ ထိုးရပ်လိုက်သည်။

"မင်း ဂီယာနဲ့ မနှိုးဘူးလား"

ကားပေါ်မှဆင်းလာသော မိန်းကလေးအား မောဟိုက်သံဖြင့် သူ မေးလိုက်သည်။

"နှိုးတယ်... ကျွန်မ ဂီယာသွင်းထားတာပဲ။ ဒါပေမဲ့ ဘာမှ မထူးဘူး"

"မင်း ကလပ် (ရှ်) ကော လွှတ်ရဲ့လား"





"ဟင့်အင်း"

"ဘယ်လို... ကလပ် (ရှ်) မလွှတ်ဘူး ဟုတ်လား"

"ကျွန်မကားက ကလပ် (ရှ်) မှ မပါတာ"

၎င်း၏စကားကြောင့် .....

ကားနားသို့သွားပြီး ဂီယာတံကိုကြည့်လိုက်တော့ သူထင်သည့်အတိုင်း ဖြစ်နေသဖြင့် ကိုယ့်နဖူးကိုယ်ရိုက်လိုက်မိသည်။ မိန်းကလေးက သူ့အပြုအမူကိုကြည့်ပြီး နားမလည်သလို လှမ်းမေးသည်။

"ဘာဖြစ်လို့လဲဟင်"

"မင်းကားက အော်တိုဂီယာပဲ၊ ဘယ်လိုလုပ်ပြီး တွန်းနှိုးလို့ရမှာလဲ၊ သေလိုက်ပါတော့၊ အော်တိုဂီယာဆိုတာ ကားစက်မနှိုးရင် ဂီယာသွင်းထားပေမယ့် ဖရီးဖြစ်နေတာ မင်း မသိဘူးလား"

"ကျွန်မ တကယ်ကိုမသိဘူး။ အားနာလိုက်တာ"

၎င်းက အားနာနေချိန်၌ သူက ကားတွန်းလိုက်ရသဖြင့် ခါးနာနေပါသည်။ တံခါးကိုဖွင့်ပြီး ဟွန်းတီးကြည့်တော့ ဟွန်းသံက စူးရှကျယ်လောင်စွာ ထွက်ပေါ်လာသဖြင့် သူ အားတက်သွား၏။ ကားပေါ်တက်ထိုင်ပြီး စက်နှိုးကြည့်လိုက်တော့ အလွယ်တကူပင် နှိုးလာပါသည်။ ဘက်ထရီဝပ်လျှင် ဖြစ်တတ်သည့် မော်တာ ငလေးအိ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းမျိုးပင်မရှိ၊ သေချာအောင် စက်ရုပ်ပြီး နောက်တစ်ခါ နှိုးကြည့်တော့လည်း မော်တာက ရှောရှောရှူရှူပင် ရှန်းကာ စက်နှိုးသွားပါသည်။

"မင်းပြောတော့ ဘက်ထရီဝပ်လို့ဆို၊ ခုတော့လဲ အကောင်းပါလား"

"ဟို ... စောစောတုန်းကတော့ တကယ့်ကို နှိုးလို့မရတာပါ"

၎င်းက မျက်နှာငယ်လေးနှင့် အားတုံ့အားနာပြောသည်။

"အင်းလေ ဖြစ်တတ်ပါတယ်။ သော့တွေဘာတွေကြောင်တာဖြစ်မှာပါ။ ကဲ ... မင်းကား မောင်းလို့ရပြီ"

သူ ကားပေါ်မှ ဆင်းကာ နောက်ဆုတ်ပေးလိုက်တော့ မိန်းကလေးက ကားပေါ်သို့ တက်ထိုင်ကာ တံခါးပိတ်လိုက်ရင်း ကျေးဇူးတင်စကားပြောသည်။

"ခုလိုကူညီတဲ့အတွက် အရမ်းကို ကျေးဇူးတင်ပါတယ်"

"ရပါတယ် မလိုပါဘူး"

"ကျွန်မကိုကူညီလို့ ယာဉ်စည်းကမ်းဖောက်ဖျက်မှုနဲ့ ရှင်အရေးယူခံရမယ်ဆိုရင်တော့ ကျွန်မ ဘယ်လိုမှ စိတ်ကောင်းမှာမဟုတ်ဘူး"





"မင်းစကားက ဘာအဓိပ္ပာယ်လဲ"

သူ နားမလည်နိုင်စွာမေးလိုက်တော့ ကောင်မလေးက သူ့ကားရှိရာဘက်သို့ မေးဆပ်ပြရင်း ....

"ဟိုမှာလေ ရှင့်ကားနားမှာ ယာဉ်ထိန်းရဲတွေ ရောက်နေကြတယ်။ ကျွန်မကို ခွင့်ပြုပါဦးနော်"

စကားဆုံးသည်နှင့် သူမကား ညင်သာစွာ မောင်းထွက်သွားသည်။ ယာဉ်မရပ်ရသည့် မီးပွိုင့်ဇရိယာ၌ ရပ်ထားခဲ့သော သူ့ကားရှိရာသို့ လှမ်းကြည့်လိုက်တော့ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကားတစ်စီးနှင့်အတူ ယာဉ်ထိန်းရဲများက သူ့ကားနားမှာ ဝိုင်းအုံလျက် ကားနံပါတ်ကို မှတ်နေကြ၏။ ဒုတိယအကြိမ်မြောက် ကိုယ့်နဖူး ကိုယ်ရိုက်လိုက်ရင်း ကားရှိရာသို့ အမြန်ပြေးရလေတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံး စောသိန်းဝင်းနှင့် ပက်ထရစ်က တဟားဟား ရယ်မောလေသည်။

“ကောင်မလေးက နိုပ်တယ်ဆိုပြီး သွားကြောင်တာကိုး၊ ခံရတာ နည်းတောင်နည်းသေးတယ်။ ဒဏ်ငွေတင် မဟုတ်ဘဲ လိုင်စင်ပါ ခြောက်လလောက်ပိတ်လိုက်ဖို့ ကောင်းတယ်”

“ဆီဇာကို ကားတွေ ဘာတွေ ဆင်းတွန်းပေးချင်လောက်အောင် ဆွဲဆောင်နိုင်တယ်ဆိုတော့ ကောင်မလေးက တော်တော်လှလို့ပဲ ဖြစ်ရမယ်”

ပက်ထရစ်က မှတ်ချက်ချသည်။

“လှတာတော့ တော်တော့်ကို လှတယ်။ ဒါပေမဲ့ ငါ သူ့ကို စိတ်ဝင်စားတာ လှတာတစ်ခုတည်းကြောင့် မဟုတ်ဘူး”

သူ့စကားအဆုံး ပက်ထရစ်နှင့် စောသိန်းဝင်းတို့၏ ရယ်ကျဲကျဲ မျက်နှာများကရုတ်ခြည်းတည်သွားပြီး တအံ့တဩဝိုင်းမေးကြသည်။

“ဘယ်လို... အဲဒီကောင်မလေးကို မင်းက စိတ်ဝင်စားတယ် ဟုတ်လား”

“ဟုတ်တယ်၊ ဒါပေမဲ့ ငါ စိတ်ဝင်စားတာက မင်းတို့ထင်သလို မျိုး မဟုတ်ဘူး။ ငါ သူ့ကို ဘာကြောင့်စိတ်ဝင်စားမိမှန်း ငါကိုယ်ငါ မသိဘူး။ ပြီးတော့ ဘာကို စိတ်ဝင်စားမှန်းလဲ စဉ်းစားလို့မရဘူး”





သူငယ်ချင်းနှစ်ယောက်စလုံး သူ့အား စိုက်ကြည့်နေရာမှ ပြိုင်တူလိုလို ခေါင်း ခါယမ်းလိုက်ကြသည်။

“သေချာတယ် သိန်းဝင်း၊ ဒီကောင် ရူးသွားပြီ”

“ဥစ္စာစောင့်မနဲ့ တွေ့ခဲ့သလားမှ မသိတာ”

“လက်ထပ်ပွဲပျက်ပြီးကတည်းက ဒီကောင် မူပျက်နေတာ”

“အဲဒီတုန်းက ဆရာဝန်တွေ ဘာတွေနဲ့ ပြကြည့်ခဲ့ရင် အကောင်းသား၊ ခုတော့ အခြေအနေ တော်တော်ဆိုးသွားပြီ”

သူ့ကို ရှေ့ထားပြီး အတည်ပေါက်ပြောနေကြသော ၎င်းတို့နှစ်ယောက်ကို အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်၍ ဆဲလိုက်တော့ စောသိန်းဝင်းက ပက်ထရစ်အား လက်ကုတ်ရင်း ......

“တွေ့လား တစ်ယောက်တည်း စကားတွေပြောနေတယ်”

“စကားပြောနေတာ မဟုတ်ဘူး။ မင်းတို့နှစ်ယောက်ကို ကျိတ်ပြီးဆဲနေတာ”

သူ ခပ်တည်တည် ပြောလိုက်တော့မှ စောသိန်းဝင်းက မျက်နှာပိုးသပ်လျက် ....

“ဆောရီးကွာ၊ ငါတို့က မင်း စိတ်ပြေလက်ပျောက်ဖြစ်ပါစေ ဆိုတဲ့ သဘောနဲ့ တမင် နောက်နေကြတာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဘာကို စိတ်မပြေ လက်မပျောက် ဖြစ်နေလို့လဲ။ လောလောဆယ် ငါ ဖြစ်ချင်တာဆိုလို့ တစ်ခုတည်းရှိတယ်"

"ဘာလဲ"

"မနက်က ကောင်မလေးကို နောက်တစ်ခေါက်လောက် ထပ်တွေ့ချင်တယ်"

"ဘာအတွက်လဲ ဆီဇာ"

သည်တစ်ခါတော့ ....

ပက်ထရစ်က အလေးအနက်မေးလာခြင်းဖြစ်၏။ သူကလည်း အလေးအနက်ပင် ပြန်ဖြေလိုက်ပါသည်။

"ငါ သူ့ကို ဘာကြောင့် စိတ်ဝင်စားမိသွားတာလဲဆိုတာ အဖြေရှာချင်လို့"

သူ့စကားအား သူငယ်ချင်းနှစ်ယောက်စလုံး တစ်စုံတစ်ရာ မတုံ့ပြန်ဘဲ ငြိမ်သက်နေကြသည်။

သူ့ရင်ထဲမှာ ခံစားမှုအတိမ်အနက်အား ခန့်မှန်းတွက်ဆနေကြခြင်း ဖြစ်ပါလိမ့်မည်။ ၎င်းတို့ ဘယ်လိုခန့်မှန်းကြမည်မသိ။ သူကိုယ်တိုင်ကတော့ သူ၏ခံစားမှုအား ဘယ်လိုမှ မခန့်မှန်းနိုင်ခဲ့ပါ။ ထို့အတူ သူ၏ အနာဂတ်နှင့် ပတ်သက်၍လည်း တင်ကြိုမတွက်ဆနိုင်ခဲ့။



(၇)

"ငါ မလိုက်ချင်ဘူး သိန်းဝင်း၊ ပက်ထရစ်ကိုခေါ်သွားပါလား"

"ခေါ်ပြီးပြီ၊ သူ့သူငယ်ချင်းတစ်ယောက် သဘောၤတက်ဖို့ကိစ္စ လိုက်လုပ်ပေးနေရလို့ မအားဘူးတဲ့"

"ဟိုရောက်ရင် မင်းက မင်းမိတ်ဆွေတွေနဲ့ အဖွဲ့ကျပြီး ငါ တစ်ယောက်တည်း ကြောင်တောင်တောင် ဖြစ်နေမှာ"

သူ့စကားအား စောသိန်းဝင်းက ပျာပျာသလဲ တုံ့ပြန်သည်။

"မကြောင်စေရဘူး ... စိတ်ချ၊ ငါကိုယ်တိုင် ကြောင်တောင်တောင် ဖြစ်မှာစိုးလို့ မင်းကိုအဖော်ခေါ်တာ။ ခုသွားမယ့်ညစာစားပွဲမှာ ဒီမှာ ရှင်လင်မယားကလွဲပြီး ငါနဲ့သိတဲ့လူ တစ်ယောက်မှမပါဘူး။ သူတို့ကလည်း ဟိုလူညစာခံ၊ ဒီလူညစာခံနဲ့ဆိုတော့ ငါနဲ့စကားပြောချိန်တောင် ရမှာမဟုတ်ဘူး။ မင်းနဲ့ငါ ဘီယာထိုင်သောက်ပြီးပြန်လာရုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



စောသိန်းဝင်းအဆွယ်ကောင်းသဖြင့် ၎င်းခေါ်ဆောင်ရာ ညစာစားပွဲသို့ လိုက်ပါဖြစ်ခဲ့သည်။

ညေ့ခံပွဲမှာ ခြံဝင်းကျယ်ကြီးအတွင်း စားပွဲရှည်ကြီးများဖြင့် အဖျော်ယမကာနှင့် စားစရာများကို အသင့်ပြင်ဆင်ထားပြီး ကိုယ်တိုင်ယူစနစ်ဖြင့် စားသုံးရသည့် လွတ်လပ်ပေါ့ပါးသော ဘူဖေးဒင်နာ ဖြစ်သည်။ စောသိန်းဝင်းက အရက်ပြင်းများ သီးသန့်တင်ထားရာ စားပွဲ၌ ဝီစကီကို ၎င်းစိတ်ကြိုက်ရောစပ်နေချိန်၌ သူက ဘီယာဘူးများရှိရာ တစ်ဖက်စားပွဲရှည်ဆီသို့ လျှောက်လာခဲ့သည်။

ဘီယာတစ်ဘူးနှင့် အမြည်းအဖြစ် ပန်းကန်ပြားတစ်ချပ်ထဲသို့ အသားလုံးကြော်နှင့် အာလူးချောင်းကြော် အနည်းငယ်ထည့်ပြီး လှည့်ထွက်ရန် ပြင်လိုက်စဉ်မှာပင် သူ အလွန်တွေ့ချင်နေသော မိန်းကလေးကို တွေ့ခြင်လိုက်ရသည်။ ၎င်းက နူးညံ့ညင်သာသော အပြုံးတစ်ခုကို ပြုံးလျက် အလွန်နူးညံ့ညင်သာသော ခြေလှမ်းတို့ဖြင့် သူရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လှမ်းလာခြင်းဖြစ်သည်။

"နေကောင်းတယ်နော်"

"နောက်တစ်ခါ ကား တွန်းပေးနိုင်လောက်အောင် ကောင်းတယ် ဆိုပါတော့"





သူ မျှော်လင့်ထားသည့်အတိုင်းပင် သူမ၏ရယ်သံကလည်း ညံ့ညင်သာလှပါသည်။

"ဒီတစ်ခါတော့ တွန်းပေးစရာမလိုတော့ပါဘူး။ ကျွန်မ က်ထရီအိုးအသစ် လဲလိုက်ပြီ"

"ကောင်းတာပေါ့"

"ကျွန်မ ရှင့်ကိုတွေ့လို့ ထလာတာ။ ကျွန်မဝိုင်းမှာ လိုက်ထိုင် လား။ မိတ်ဖြစ် ဆွေဖြစ်ပေါ့"

"ကိုယ့်မှာ သူငယ်ချင်းတစ်ယောက်ပါသေးတယ်။ သူ့ကိုပါ လိုက်ရင် မင်းအတွက် အနှောင့်အယှက်ဖြစ်မလား"

"ဟင့်အင်း မဖြစ်ပါဘူး။ ဒါပေမဲ့ ရှင့်သူငယ်ချင်းအတွက်တော့ နှောင့်အယှက်ဖြစ်လိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"ကျွန်မဝိုင်းက ကုလားထိုင်နှစ်လုံးထဲ ရှိတာလေ"

"ကိုယ့်သူငယ်ချင်းတော့ ကံဆိုးတာပဲ"

"ကျွန်မသူငယ်ချင်းလဲ ကံဆိုးမှာပါ"

"ဘာကြောင့်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ထိုင်ဖို့ သူ နေရာဖယ်ပေးရလိမ့်မယ်လေ"

"အားနာစရာပဲ"

"ကိစ္စမရှိပါဘူး။ ရှင့်သူငယ်ချင်းအတွက် အဖော်ရတာပေါ့"

၎င်းတို့ ထိုင်နေသော နှစ်ယောက်ထိုင် စားပွဲဝိုင်းငယ်လေးဆီသို့ရောက်တော့ ယွန်းဟုခေါ်သော ၎င်း၏ သူငယ်ချင်းနှင့် မိတ်ဆက်ပေး၏။ သူက အနားသို့ရောက်လာသော စောသိန်းဝင်းနှင့် ပြန်လည်မိတ်ဆက်ပေးလိုက်သည်။ ယမကာ အနည်းငယ် ဝင်သွားသည်နှင့် နှုတ်သွက်လာဟန်တူသော စောသိန်းဝင်းက အတည်ပေါက် နှင့် ပြောသည်။

"ခုလို ထိုင်စရာမရှိတဲ့စားပွဲမှာ တွေ့ဆုံသိကျွမ်းခွင့်ရတဲ့အတွက် မင်္ဂလာအပေါင်းနဲ့ ခြေညောင်းပါတယ်"

"ဒါဖြင့်လဲ အညောင်းပြေအောင် လမ်းလေး ဘာလေး လျှောက်လိုက်ပါလား ကိုစောသိန်းဝင်း"

"အေးဗျာ။ အဲဒါပဲ ကောင်းပါတယ်။ ဒါနဲ့ စကားမစပ် ခင်ဗျားလဲ ထိုင်ရတာ ကြာပြီဆိုတော့ ညောင်းနေလောက်ရောပေါ့"





ယွန်းက လျှော့တွက်၍မရသလို စောသိန်းဝင်းကလည်း ခေသူ မဟုတ်ပါ။

နောက်ဆုံး ခပ်လှမ်းလှမ်းမှလွတ်နေသောဝိုင်းသို့ သွားထိုင်ရန် နှစ်ဦးသဘောတူညီမှုဖြင့် ထွက်ခွာသွားကြသည်။ စောသိန်းဝင်းတို့ ထွက်ခွာသွားရာသို့ ငေးကြည့်နေသော သူ့အား ကောင်မလေးက လှမ်းပြောသည်။

"ရယ်စရာကောင်းတယ်နော်"

"သူတို့နှစ်ယောက်ကို ပြောတာလား"

"ဟင့်အင်း ... ရှင်နဲ့ ကျွန်မအဖြစ်ကိုပြောတာ။ ဟိုနှစ်ယောက်က သူငယ်ချင်းတွေတောင် ဖြစ်သွားကြပြီ၊ ရှင်နဲ့ကျွန်မက ခုချိန်ထိ တစ်ယောက်နာမည် တစ်ယောက်မသိရသေးဘူး"

အမှန်တော့ စောစောကတည်းက သူမ၏အမည်ကို မေးရန် စိတ်ကူးခဲ့သော်လည်း ရိုင်းရာကျမည်စိုးသဖြင့် မမေးခဲ့ခြင်းဖြစ်သည်။ ယခု ၎င်းက စကားစတင်လာသဖြင့် သူ့အမည်ဆီဇာဖြစ်ကြောင်း ပြောရင်း ၎င်း၏အမည်ကိုမေးလိုက်တော့ စနိုးဟုအဖြေပေးပါသည်။

"တော်တော်လှတဲ့ နာမည်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်နာမည်ကို သိရင်တော့ ရှင် စိတ်ပျက်သွားလိမ့်မယ်။ ပစ်ဂ်တဲ့ .... ငယ်ငယ်တုန်းက ဝလို့ ဝက်ကလေးလို့ ပိုင်းခေါ်ရင်း ခုချိန်ထိ တွင်သွားတာလေ"

"ကိုယ့်နာမည်လောက်တော့ မဆိုးသေးပါဘူး။ ကိုယ့်နာမည် အပြည့်အစုံက ဆီဇာသူရှစ္စ ... တဲ့။ ကိုယ့်အဘိုးက သူရှစ္စ ဆိုတဲ့ ကုမ္ပဏီထောင်ရင်း ချမ်းသာလာလို့ အဲဒီလိုမှည့်ထားတာ။ မသိတဲ့ လူတွေက သူရှစ္စ ဆိုတာ (ဆာနိမ်း) မျိုးရိုးနာမည်လို့ ထင်ကြတယ်"

"ဘာပဲဖြစ်ဖြစ် ရှင့်အဘိုးကို ကျေးဇူးတင်သင့်တယ်"

"ဘာအတွက်လဲ"

"ဆင်တူယိုးမှားမရှိနိုင်တဲ့ နာမည်မျိုး မှည့်ခဲ့လို့လေ"

ထိုအချက်ကိုတော့ သူ ဝန်ခံရပါလိမ့်မည်။ သူနှင့်အမည်တူသူ ဟူ၍ လူတစ်သိန်းမှာ တစ်ယောက်ရှိရန်ပင် ခဲယဉ်းပါလိမ့်မည်။ ယခု အချိန်အထိ သူနှင့်အမည်ချင်း ခပ်ဆင်ဆင်တူသူဟူ၍ တစ်ယောက် မှ မတွေ့ဖူးသေး။ ဘီယာကို မော့လိုက် အမြည်းဝါးလိုက်နှင့် သူ အတန်ကြာငြိမ်သက်နေပြီးမှ သူမအား ရုတ်တရက်ပြောလိုက်သည်။

"ကိုယ် မင်းကို သိနေသလိုပဲ စနိုး"

"ရှင် ...."





သူ့စကားကြောင့် စနိုး ဟူသောမိန်းကလေးက တအံ့တဩ ဖြစ်သွားပြီးနောက် ဟက်ခနဲ တချက်ရယ်လိုက်သည်။

"တခြား တစ်ယောက်ယောက်ကသာ အဲဒီစကားမျိုးကို တခြားနေရာမှာပြောခဲ့ရင် ကျွန်မ ဟားတိုက်ပြီး ရယ်မိမှာပဲ"

"ဘာဖြစ်လို့လဲ"

"အဲဒီစကားက မိန်းကလေးတစ်ယောက်ကို တွေ့တွေ့ချင်း …ဉ်းကပ်ချင်တဲ့ ယောက်ျားတွေသုံးနေကျ သမားရိုးကျ ရှေးဟောင်း …နည်းကြီးဖြစ်နေလို့ပေါ့။ မြင်ဖူးသလိုပဲဆိုပြီး နာမည်မေးမယ်၊ လိပ်စာ မေးမယ်၊ ဖုန်းနံပါတ်တောင်းမယ်။ ဒါ ခေါက်ရိုးကျိုးနေတဲ့ …ော်မျူလာပဲ"

ငင်း၏စကားကြောင့် အနည်းငယ် အောင့်သက်သက်ဖြစ်သွား …သော်လည်း ချက်ချင်းပင် ဣန္ဒြေဆယ်ရင်း ဆက်ပြောလိုက်သည်။

"ကိုယ်စိတ်ထင်တာလည်း ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ ကိုယ့် အသိတစ်ယောက်ယောက်နဲ့ပဲ ရုပ်ချင်းဆင်တာလား။ ဒါမှမဟုတ် မင်းအသံကိုပဲ တစ်နေရာရာမှာ ကြားဖူးတာလား မသိဘူး။ ကိုယ် မင်းကို ရင်းရင်းနှီးနှီးသိနေတာတော့ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ခေတ္တတုံ့ဆိုင်းငြိမ်သက်သွားပြီးမှ လေးနက် တည်ငြိမ်စွာ တုံ့ပြန်လိုက်သည်။

"ရှင် ... ကျွန်မကို တွေ့ဖူးတာ ဖြစ်နိုင်သလို၊ ကျွန်မအသံ ကြားဖူးတာလဲ ဖြစ်နိုင်ပါတယ် ကိုဆီဇာ။ ရှင် ထင်တဲ့အတိုင်း မှန်နိုင်ပါတယ်"

❋ ❋ ❋



(၈)

စီးကရက်ကို မီးညှိပြီးနောက် ဇစ်ပိုမီးခြစ်အဖုံးကို ဖြောင်းခနဲ မြည်အောင် ပိတ်လိုက်သည်။ ထို့နောက် နှစ်ဖွာသုံးဖွာခန့် အားရ ပါးရစွာ ရှိုက်ပြီး ပက်ထရစ်က စကားစသည်။

"သူ တကယ်ပြောတာလား ဆီဇာ"

ပက်ထရစ်၏အမေးအား နှုတ်ဖြင့်မဖြေဘဲ ခေါင်းညိတ်ပြလိုက်သည်။ စောသိန်းဝင်းက အားမလို အားမရဟန်ဖြင့် ဝင်ပြောသည်။

"တကယ် ဟုတ် မဟုတ် စုံစမ်းကြည့်လို့ရနိုင်တာပဲ၊ ခက်တဲ့ ကိစ္စမှ မဟုတ်တာ"

"သိန်းဝင်းပြောတာ မှန်တယ်၊ သူ မင်းကို တကယ်ပြောတာလား၊ တမင်ပြောလိုက်တာလား သိရအောင် ဒီညသွားကြည့်တာပေါ့ ...."



www.burmeseclassic.com

www.burmeseclassic.com



ပက်ထရစ်က စိတ်အားထက်သန်စွာ ပြောသည်။

"ဆီဇာကတောင် ဘာမှ မဆုံးဖြတ်ရသေးဘူး၊ မင်းက တက်ကြွလှချေလား ပက်ထရစ်"

"တက်ကြွတာ မဟုတ်ဘူး၊ အမှန်တရားကို သိချင်တာ"

"သူ ပြောတဲ့အတိုင်း တကယ်ဟုတ်နေရင် မင်းက ဘာလုပ်မှာလဲ"

"အဲ့ဒါ ငါ့ကိစ္စမဟုတ်ဘူး၊ ဆီဇာနဲ့ပဲ ဆိုင်တယ်"

သူ့အား မေးဆပ်ပြရင်း ပက်ထရစ်က စောသိန်းဝင်းကို ပြောလိုက်သည်။ စောသိန်းဝင်းက စူးစမ်းဟန်ဖြင့် လှမ်းကြည့်ချိန်၌ သူက စီးကရက်ကို တည်ငြိမ်စွာ ဖွာရှိုက်နေလိုက်သည်။ သူ၏အမူအရာက အားမလိုအားမရဟန်ဖြင့် စောသိန်းဝင်းက ခပ်ပြတ်ပြတ်မေးသည်။

"ဘယ်လိုလဲ ဆီဇာ၊ ပက်ထရစ်ပြောတဲ့အတိုင်း သွားကြည့်မလား"

"သဘောပဲ"

"ဒါဆိုလဲ သွားမယ်ကွာ၊ ခုနစ်နာရီ မင်းအခန်းမှာ ဆုံကြမယ်"

အမှန်တရားကို သိချင်လို့ပါဟူသော ပက်ထရစ်၏ ဦးဆောင်မှုဖြင့် ထိုနေ့ည သူတို့သုံးယောက် ကာရာအိုကေ စားသောက်ဆိုင်





တစ်ခုသို့ ရောက်ရှိခဲ့ကြသည်။ အနည်းငယ်စောသေးသဖြင့် ဆိုင်ထဲ၌ လူ သိပ်များများစားစား မရှိသေးသောကြောင့် စိတ်ကြိုက်စားပွဲတစ်လုံးကို ရွေးချယ် နေရာယူလိုက်ကြ၏။ ပက်ထရစ်နှင့် စောသိန်းဝင်းက မီနူးကတ်ကို ခေါင်းချင်းဆိုင်ဖတ်၍ အစားအစာများ မှာကြားနေချိန်တွင် ....

သူ့နောက်ဘက်မှ သင်းပျံ့လာသော ရေမွှေးနံ့ကြောင့် ဖြတ်ခနဲ နောက်သို့ လှည့်ကြည့်လိုက်၏။

သူ မျှော်လင့်နေသော စနီးပင်ဖြစ်သည်။ ထုံးစံအတိုင်း နူးညံ့သော အပြုံးတစ်ခုကို ပြုံးလျက် သူ့နံဘေးရှိ ခုံလွတ်၌ အသာအယာဝင်ထိုင်လိုက်သည်။

"ရှင် လာမယ်ဆိုတာ ကျွန်မသိနေတယ်၊ ဒါပေမဲ့ ဒီလောက်မြန်မြန်ဆန်ဆန်ကြီး ရောက်လာလိမ့်မယ်လို့တော့ မထင်ဘူး"

"ကိုယ့်သူငယ်ချင်းတွေက မင်း ဒီဆိုင်မှာ သီချင်းဆိုတယ်ဆိုတာ မယုံကြလို့လေ"

ပက်ထရစ်နှင့် စောသိန်းဝင်းတို့၏ အကြည့်က ဟင်းလျာစာရင်းကတ်ပြားပေါ်မှတစ်ဆင့် သူမ၏ မျက်နှာပေါ်သို့ ရွေ့လျားရောက်ရှိလာကြသည်။ စနီးက ညင်ညင်သာသာရယ်မောလိုက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်ပိုင်ရှင်က ကျွန်မဦးလေးလေ၊ ကျွန်မကိုယ်တိုင်ကလဲ သီချင်းဆို ဝါသနာပါတော့ အလေ့အကျင့်ရအောင် တစ်ပတ်မှာ နှစ်ရက် အပျော်သဘောမျိုး ဆိုဖြစ်တာပါ။ တကယ့် အဆိုတော် ရစ်စစ်ကြီးတော့ မဟုတ်ပါဘူး"

"ကျွန်တော်တို့ ဒီဆိုင်မှာ လေးငါးခြောက်ခါလောက် လာထိုင်ဖူးတယ်"

ပက်ထရစ်က ဝင်ပြောလိုက်တော့ ၎င်းက ပက်ထရစ်စကားကို ခေါင်းညိတ် တုံ့ပြန်သည်။

"ကိုဆီဇာက ကျွန်မကို တွေ့ဖူးသလိုပဲပြောတော့ ဒီဆိုင်မှာ ကျွန်မသီချင်းဆိုတဲ့အချိန် တွေ့ဖူးတာဖြစ်မယ်ထင်ပြီး ကျွန်မသီချင်းဆိုတဲ့အကြောင်း ပြောလိုက်မိတာပါ"

စနိုး၏ ဖြေရှင်းချက် အဆုံး၌ စောသိန်းဝင်းက ဝင်မေးလိုက်သည်။

"ခင်ဗျား ... မော်ဒယ်လ်လုပ်တဲ့ အကြောင်းတော့ ဆီဇာကို မပြောပြခဲ့ဘူး မဟုတ်လား"

စောသိန်းဝင်းစကားကြောင့် စနိုးနည်းတူ သူပါ တအံ့တဩ ဖြစ်သွားရသည်။ ဒီကောင် ဘယ်လိုလုပ် သိနေပါလိမ့် ဟု သူ တွေးနေချိန်မှာပင် စောသိန်းဝင်းက ခပ်သဲ့သဲ့ပြုံး၍ ဆက်ပြောသည်။





"ခင်ဗျားသူငယ်ချင်းယွန်းပြောပြလို့ ဖက်ရှင်ရှိုးတွေမှာ ခင်ဗျား မော်ဒယ်လ်လုပ်တဲ့အကြောင်း ကျွန်တော် သိနေတာပါ။ ဒါလဲ သီချင်းဆိုသလိုမျိုး အပျင်းပြေလုပ်တာနဲ့တူတယ်"

"ဟုတ်ကဲ့ .... အပျော်သဘောပဲ ဆိုပါတော့"

၎င်းက အေးဆေးစွာ ဝန်ခံလိုက်ချိန်၌ သူ မနေနိုင်တော့ဘဲ ဝင်မေးလိုက်မိသည်။

"မင်း ... အခုလိုပဲ ကိစ္စအတော်များများကို အပျော်သဘော လုပ်တတ်သလား စနိုး"

"တချို့ကိစ္စတွေကလွဲလို့ပေါ့ ..."

"ဘယ်လိုကိစ္စမျိုးတွေလဲ၊ ကိုယ်မသိရဘူးလား"

မေးပြီးမှ သူ့မေးခွန်းက ဘောင်ကျော်သွားမှန်း သတိထား လိုက်မိ၏။ သို့သော် စနိုးကတော့ အေးဆေး တည်ငြိမ်စွာပင် သူ့ မေးခွန်းအား အဖြေပေးလေသည်။

"ရှင် သိရမှာပါ ကိုဆီဇာ ... လောလောဆယ်တော့ ရှင် သိဖို့ အချိန်စောလွန်းပါသေးတယ်"

၎င်း၏အဖြေက အလွန်နားလည်ရခက်ခဲသော အဖြေမျိုး ဖြစ်သလို သူ၏ရင်ခုန်သံအား ပရမ်းပတာမြန်ဆန်သွားစေခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



အဖြေမျိုးလည်း ဖြစ်သည်။ သူ့ဘဝ၌ မိန်းကလေးတစ်ယောက် ကြောင့် ပထမဦးဆုံးအကြိမ်အဖြစ် ရင်ခုန်နေမိကြောင်း သူ့ဘာသာ သူ တအံ့တဩ သတိပြုလိုက်မိသည်။

အတန်ကြာမှ စနိုးအား သူ စိုက်ကြည့်ရင်း ပြောလိုက်သည်။

“ကောင်းပြီလေ၊ ကိုယ် သိခွင့်ရဖို့ အချိန်စောသေးတာကို လက်ခံပါတယ်၊ ဒါပေမဲ့ မင်း ကိုယ်တို့ကို သီချင်းဆိုပြဖို့တော့ အချိန် မစောတော့ဘူးလို့ထင်တယ်”

သူ့စကားအဆုံး၌ သူမက ပြုံး၍ ထိုင်ရာမှထရပ်ကာ စင်မြင့် ရှိရာဆီသို့ ထွက်ခွာသွားလေသည်။

“သူနဲ့ ဂျူလီယာကိုသာ ကြိုးဝိုင်းတစ်ဝိုင်းထဲ လွှတ်ပေးလိုက်လို့ ကတော့ အမှတ်ပေးတဲ့ဒိုင်လူကြီးတွေတော်တော်ဦးနှောက်စားမှာပဲ”

၎င်းထွက်သွားရာသို့ကြည့်ရင်း စောသိန်းဝင်းက မှတ်ချက်ချ လိုက်သည်။ ပက်ထရစ်ကတော့ “ငါသာအရင်စိတ်မျိုးနဲ့ဆိုရင် ဆီဇာ့ လက်ထဲက ဖြတ်ခုတ်မှာ သေချာတယ်” ဟု ရေရွတ်၏။

“ခုလဲ ဖြတ်ခုတ်ဖို့ ကြိုးစားနေတာပဲ မဟုတ်လား၊ မင်းမျက်လုံး တွေက တစ်ချိန်လုံး ကောင်မလေးဆီမှာချည်းပဲ”





“မဟုတ်ပါဘူး သိန်းဝင်းရာ၊ ငါ ဒီတစ်ခေါက် သင်္ဘောက ပြန်လာပြီးကတည်းက မိန်းကလေးတွေနဲ့ မရှုပ်ဘဲ သန့်သန့်လေး နေနေတာ မင်းတို့အသိပဲ၊ ငါက ဆီဇာ့ကိုယ်စား ကောင်မလေးကို အကဲခတ်ပေးနေတာ”

“ဒါဖြင့် ပြောစမ်းပါဦး၊ စနိုးကို မင်း ဘယ်လိုသဘောရသလဲ”

သူ ဝင်မေးလိုက်တော့ ပက်ထရစ်က မဆိုင်းမတွပင် အဖြေ ပေးသည်။

“မဆိုးပါဘူး .... ဒါပေမဲ့ မရိုးဘူး၊ မရိုးတာမှ နှစ်ယောက်စလုံး ရိုးတာ”

“ဘာမရိုးတာလဲ”

“အကြည့်တွေလေ၊ မင်းရော သူရော နှစ်ယောက်စလုံး အကြည့်တွေ မရိုးသားဘူးလို့ ပြောတာ၊ စနိုး မင်းကို စိတ်ဝင်စား နေတာမဟုတ်ရင် မင်းက စနိုးကို စိတ်ဝင်စားနေတာ သေချာတယ်၊ ဘယ်လိုလဲ ဆီဇာ ငါပြောတာ မှန်ရဲ့လား”

“သူပြောတာတော့ မှန်တယ်”

“ဘယ်သူလဲ”



www.burmeseclassic.com

www.burmeseclassic.com



"စနိုးလေ၊ သူ ဒီဆိုင်မှာ သီချင်းဆိုတယ်ဆိုတာ မှန်သားပဲ။ ဟိုမှာ သီချင်းဆိုဖို့ စင်ပေါ်တက်လာပြီ"

တမင်စကားလွှဲလိုက်သောသူ့အား ပက်ထရစ်က ခပ်တိုးတိုး လှမ်းဆဲသည်။

တကယ်တော့ စနိုးအကြောင်း ပက်ထရစ်နှင့် ဆက်ဆွေးနွေးရန် သူ့ဘာသာသူ လိပ်ပြာမလုံသောကြောင့်ဖြစ်သည်။ ထို့ပြင် စနိုး၏ သီချင်းသံကိုလည်း ရင်ခုန်ခံစားချင်သေးသည် မဟုတ်ပါလား။ ပက်ထရစ်စွပ်စွဲသလို တကယ်ပဲ စနိုးအပေါ် သူ စိတ်ဝင်စားနေမိပြီလား .....

သေချာတာကတော့ စနိုးသီချင်းစဆိုသည်နှင့် ၎င်း၏ ချိုအေးသော သီချင်းသံ၌ သူ နစ်ဝင်မြောပါသွားခြင်းပင် ဖြစ်သည်။

❖ ❖ ❖

တယ်လီဖုန်းခွက်ထဲမှာ မိုးခြိမ်းသံ ခပ်ကျယ်ကျယ်ထွက်ပေါ်လာသည်။

"ငါ မေးနေတာ ကြားရဲ့လား ဆိဇာ"

"ဟုတ်ကဲ့ ... ကြားပါတယ် ဒယ်ဒီ"





မကြားဘဲရှိပါ့မလား။ ဒယ်ဒီ့ဆယ်လူလာဖုန်းမှာ အသံချဲ့စက် ဘပ်ထားသလားထင်ရလောက်အောင် ဒယ်ဒီ့အသံက ဒီလောက် ကျယ်လောင်နေတာ။

"ဒါဖြင့် ပြောစမ်းပါဦး၊ အခြေအနေ ဘာထူးသေးသလဲ"

ဒယ်ဒီက စိတ်ဝင်စားမှုအပြည့်နှင့် မေးနေခြင်းဖြစ်သည်။

သူ့အား ရက်အတန်ကြာ စကားမပြောဘဲ တမင် သပိတ်မှောက်ထားသော ဒယ်ဒီ၊ သူ့ထံသို့ ထူးထူးခြားခြားဖုန်းဆက်လာသဖြင့် အံ့ဩဝမ်းသာခဲ့ရသော်လည်း ထိုဝမ်းသာမှုက ကြာကြာမခံပါ။ ဒယ်ဒီက ဂျူလီယာ့အကြောင်း မေးရန် သူ့ထံသို့ ဖုန်းဆက်လာခြင်း ဖြစ်သည်။

"လောလောဆယ်တော့ ဘာမှ မထူးသေးဘူး ဒယ်ဒီ၊ ကြည့်ရတာ ကျွန်တော့်အပေါ် စိတ်ဆိုးနေတုန်းပဲနဲ့ တူတယ်"

"မိန်းကလေးပဲကွ၊ တစ်ခါလောက် သွားတောင်းပန်ရုံနဲ့ စိတ်ဆိုးပြေပါ့မလား၊ မင်းဘက်က ထပ်တောင်းပန်ရမှာပေါ့၊ မင်း သူ့ဆီကို ဖုန်းမဆက်ဘူးလား"

"ဆက်ပါတယ် ... ဒယ်ဒီ"

"အဲဒီတော့ သူ ဘာပြန်ပြောသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမပြောဘူး"

"ဘာမှမပြောဘဲ မင်းပြောသမျှ နားထောင်တယ်ဆိုတော့ အခြေအနေမဆိုးဘူးလို့ ဆိုရမှာပေါ့"

ဒယ်ဒီ့စကားကြောင့် သူ စိတ်ပျက်စွာခေါင်းယမ်းလိုက်မိသည်။

"ကျွန်တော်ပြောတာကို ဘာမှပြန်မပြောဘဲ နားထောင်တာ မဟုတ်ဘူး ဒယ်ဒီ၊ ကျွန်တော့်အသံ ကြားတာနဲ့ တယ်လီဖုန်း ချသွားတာ"

"ဘာကွ ဖုန်းချသွားတယ် ဟုတ်လား"

"ဟုတ်ကဲ့၊ နောက်တစ်ခေါက် ထပ်ဆက်တော့ ဖုန်းကို လာမကိုင်တော့ဘူး ခင်ဗျ"

"ကောင်းရောကွာ"

ဒေါသသံဖြင့် ဒယ်ဒီ ခပ်ဆောင့်ဆောင့်ရေရွတ်လေသည်။

"ကျွန်တော် ဂျူလီယာကို ထပ်ပြီး တောင်းပန်ပါ့မယ် ဒယ်ဒီ၊ သူ ကျေနပ်တဲ့အထိပေါ့"

အမှန်တော့ ဒယ်ဒီကျေနပ်အောင် ပြောလိုက်ခြင်းဖြစ်သည်။

"မင်းသဘောပဲ"





"ဒယ်ဒီ နေကောင်းတယ် မဟုတ်လား"

"ကောင်းတယ်၊ လောလောဆယ် မင်း အိမ်ပြန်မလာဘဲ အဲဒီမှာ ဆက်နေရင် ငါ့အတွက် ပိုကောင်းတယ်"

ထို့နောက် ဒယ်ဒီ ဖုန်းချသွားပါသည်။

သူကတော့ လက်ထဲမှ တယ်လီဖုန်းခွက်အပြင် သက်ပြင်း တစ်ချက်ကိုပါ အဆစ်ချလိုက်သည်။

"အဘိုးကြီးက ဘာတဲ့လဲ၊ အခြေအနေကောင်းရဲ့လား"

ဘေးနားမှ စောသိန်းဝင်းက လှမ်းမေးသည်။ သူ စိတ်ပျက် လက်ပျက် ခေါင်းခါယမ်းရင်း .....

"အခြေအနေကတော့ မုန်တိုင်း ထန်နေတုန်းပဲ သိန်းဝင်း၊ ဂျူလီယာ စိတ်ဆိုးမပြေမချင်း ဒယ်ဒီလည်း ငါ့အပေါ် စိတ်ဆိုးပြေ မယ့်ပုံ မပေါ်ဘူး"

"ကြည့်ရတာ အရင်ဘဝတုန်းက ဂျူလီယာနဲ့ မင်းအဘိုးကြီးနဲ့ ရင်ချင်းဆက်အမြွှာများ ဖြစ်ခဲ့ဖူးသလား မသိဘူး၊ ဒါကြောင့် သူတို့ နှစ်ယောက် ဒီလောက်စိတ်ချင်းဆက်နေတာ ဖြစ်လိမ့်မယ်"

"ပေါက်ပေါက်ရှာရှာကွာ .... မင်းမို့လို့ ကြံကြံဖန်ဖန် တွေး တတ်တယ် "



www.burmeseclassic.com

www.burmeseclassic.com



"ကြုံကြုံဖန်ဖန် တွေးတာ မဟုတ်ဘူး၊ ခေတ်သစ်နည်းနဲ့ ကိုယ်လိုချင်တဲ့အဓိပ္ပာယ်ထွက်အောင် ရှာကြံပြီး တွေးတာ၊ ငါက ဆောက်လုပ်ရေးမှာ အလုပ်ဝင်မယ့်ကောင် ဆိုတော့ ခုကတည်းက လိုရာဆွဲယူ ယုတ္တိဗေဒကို လေ့ကျင့်နေတာ"

စောသိန်းဝင်းအား ဘာမှ ပြန်ပြောမနေတော့ဘဲ ဒရမ်ဆက် ရှေ့သို့ လျှောက်လာပြီး ဝင်ထိုင်လိုက်သည်။ ထိုအချိန်မှာပင် ဘာကြောင့်မှန်း မသိဘဲ အဆက်အစပ်ကင်းမဲ့စွာ စနိုး ဟူသော ကောင်မလေးအား ထူးထူးခြားခြား သတိရလိုက်မိ၏။ စောသိန်းဝင်း သိပါက ၎င်း၏ လိုရာဆွဲယူ ယုတ္တိဗေဒနည်းဖြင့် "စနိုးလဲ မင်းကို သတိရနေလို့ ဖြစ်မှာပေါ့" ဟု ကောက်ချက်ချပါလိမ့်မည်။



(၉)

သူကိုယ်တိုင် ပင်ပင်ပန်းပန်း တွန်းပေးခဲ့ရသော ကားနီလေး
သားရာသို့ လျှောက်လာပြီး ကားဘေးမှန်ကို လက်နှင့်ခေါက်
က်သည်။ ကားမှန်က လျှောခနဲ နိမ့်ဆင်းသွားပြီး ချိုအေးသော
သံလေးက ခပ်မြူးမြူး ထွက်ပေါ်လာသည်။

"ကြည့်စမ်း ... တိုက်ဆိုက်လိုက်တာ၊ ရှင် ဒီမှာ ဘာလာလုပ်
ဘာလဲ ကိုဆီဇာ"

"အဲဒီမေးခွန်းကို ကိုယ်ကမေးရမှာ"

"ဘာဖြစ်လို့လဲ"

"ကိုယ်က ကားဝယ်ရောင်း လုပ်တယ်လေ၊ မင်းစကားနဲ့ ပြော
င် အပျော်တမ်း ကားဝယ်ရောင်းဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ကိုယ်ဒီနေရာမှာရှိနေတာ ဘာမှမဆန်းဘူး၊ အမိ
နှစ်ယောက်သာ ကားတစ်စီးနဲ့ ပွဲစားတန်းမှာ ဘာလာလုပ်ကြတာ
ဘာလဲ ကားရောင်းမလို့လား"

"ပေါက်ပေါက်ရှာရှာ ...ယွန်းအစ်ကိုကို လာရှာတာ၊ သူ့အစ်
ကလဲ ကားဝယ်ရောင်းပဲ"

ဘေးနားမှ ယွန်းက ထောက်ခံဟန်ဖြင့် ခေါင်းညိတ်သဖြ
နာမည်ဘယ်သူလဲဟု မေးလိုက်တော့ ကိုသက် ဟု အဖြေပေးသည်

"ဆံရှည် ကိုသက်ကို ပြောတာလား၊ မာစီဒီးတွေပဲ အရော
အဝယ်လုပ်တယ်လေ"

"ဟုတ်တယ် ကိုဆီဇာ၊ သူနဲ့ သိလို့လား"

"သိတယ် ... လူချင်းသိတာ မဟုတ်ဘူး၊ လူနဲ့ နာမည်
သိတာ၊ သူ ဒီနေ့ မလာဘူးနဲ့တူတယ်၊ မနက်ကတည်းကမတွေ့ဘူ

သူ့စကားအဆုံး စနိုးက စိတ်ပျက်ဟန်ဖြင့် စုတ်တစ်ချက်သ
လိုက်ပြီး ယွန်းကတော့ ဒုက္ခပဲဟု ညီးညီးညူညူ ရေရွတ်လေသည်

"သူ့အိမ် သိတယ်မဟုတ်လား၊ အိမ်လိုက်သွားပေါ့" ဟု
ပြောတော့ စနိုးက မျက်စောင်းခဲရင်း "မောင်နှမအရင်းတွေပဲ မသိ
နေမလား၊ တစ်အိမ်တည်း အတူနေကြတာ" ဟု နှုတ်ခမ်းစူ
ရေရွတ်သည်။





"ဒါဆိုလဲ အိမ်ပြန်ပြီး သူ ပြန်လာတဲ့အထိ ထိုင်စောင့်ပေါ့"

"မဖြစ်ဘူး၊ သူနဲ့ အခုတွေ့မှဖြစ်မှာ"

"ကိစ္စက အရေးကြီးလို့လား ယွန်း"

"ကြီးတာပေါ့၊ သူ့ဆီက မုန့်ဖိုးတောင်းပြီး ဆီးထုပ်ဝယ်စား
လို့"

"ဗျာ"

"အဟဲ ... အလကားနောက်တာ၊ ကိစ္စက ကျွန်မကိစ္စ
ဘူး ... စနိုးကိစ္စ၊ စနိုးက ကျွန်မအစ်ကိုဆီက အရေးတကြီး
ကူအညီတစ်ခုတောင်းစရာရှိလို့ လာရှာတာ၊ ခု ကိုသက်မရှိတော့
ရောက်သွားတာပေါ့၊ မထူးပါဘူး စနိုးရာ .... ကိုဆီဇာ့ကိုပဲ
ကူအညီတောင်းလိုက်ပါလား"

ယွန်းက သူ့အား ရှင်းပြနေရင်းမှ စနိုးကို လှမ်းပြောတော့
က ခေါင်းယမ်းသည်။

"နေပါစေဟာ ... အားနာစရာကြီး၊ တော်ကြာ ကိုဆီဇာ့ကို
ပေးသလို ဖြစ်နေပါ့မယ်"

"ဘယ်လို အကူအညီမို့လို့လဲ ... စနိုး၊ သိပ်ခက်ခက်ခဲခဲကြီး
ရင် ကူညီနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် စနိုးက အနည်းငယ်တွေဝေသွားပြီးမှ အဖြေ

ပေးသည်။

"ခက်တာတော့ မခက်ပါဘူး၊ စနိုးသွားတဲ့ နေရာတွေက အဖော် လိုက်ပေးရုံပါပဲ၊ ဒါပေမဲ့ .... အချိန်တော့ တော်တော ကုန်လိမ့်မယ်"

"အချိန်က ပြဿနာမရှိပါဘူး၊ ကိုယ့်မှာ ပေါလွန်းလို့ ဘယ် ဖြုန်းရမလဲ စဉ်းစားနေတာ၊ စနိုးက ဘယ်နေရာတွေ သွားမှာလဲ"

"သုံးနေရာထဲပါ ... မိုလ်ချုပ်ဈေးရယ်၊ ရုပ်ရှင်ရုံရယ်၊ အင်းလျာ ကန်စောင်းရယ်"

"မင်း နောက်နေတာတော့ မဟုတ်ပါဘူးနော် .... စနိုး"

သူ မယုံသင်္ကာ မေးလိုက်တော့ ၎င်းက အေးဆေးစွ ပြန်ဖြေသည်။

"ကျွန်မ အတည်ပြောနေတာပါ ကိုဆီဇာ၊ ကိစ္စက ကျွန်မ အတွက် တော်တော်အရေးကြီးနေလို့ပါ၊ လမ်းကျတော့ အေးအေး ဆေးဆေး ရှင်းပြပါ့မယ်၊ ဟို ... ကိုဆီဇာ ကူညီနိုင်မယ်ဆိုရင် ပြောတာပါ၊ မကူညီနိုင်ရင်လဲ ရပါတယ်"

စနိုး၏ပုံစံက နောက်ပြောင်ပြောင်ဟန်တစ်စက်မှမရှိ၊ အလေးအနက် ပြောနေခြင်းဖြစ်သည်။ သူ အနည်းငယ် တုံ့ဆိုင်း တွေဝေနေပြီး





စိတ်ပိုင်းဖြတ်လိုက်ကာ "ကောင်းပြီလေ၊ ကိုယ် ကူညီနိုင်ပါတယ်" ဟု ပြောလိုက်တော့ စနိုး၏မျက်နှာ ဝင်းပကြည်လင်သွားလေသည်။

စနိုး၏ခရီးစဉ်အတွက် ကားနှစ်စီးမလိုအပ်သလို ယွန်းလည်း လိုက်ပါမည် မဟုတ်ဟု ဆိုသည်။

ထို့ကြောင့် သူ့ကားကို တိုက်ခန်းသို့ ဝင်ထားခဲ့ရပြီး၊ ယွန်းက လည်း အသိတစ်ယောက်နှင့် ဈေးဝယ်ရန် ချိန်းထားသည်ဟုဆိုကာ ပလာဇာတစ်ခုသို့ ဆင်းနေရစ်ခဲ့သည်။ ခရီးစဉ် စတင်သည်နှင့် ကားမောင်းသည့်တာဝန်ကို စနိုးက သူ့အား လွှဲပြောင်းပေးခဲ့သဖြင့် ၎င်း၏ ကားနီနီလေးကို သူ မောင်းပေးခဲ့ရ၏။

မိုလ်ချုပ်ဈေးသို့ ဦးတည်မောင်းနှင်ရင်း စနိုးအား သူ မေး လိုက်သည်။

"ဘယ်လိုလဲ စနိုး၊ ခုကိစ္စနဲ့ပတ်သက်ပြီး မင်းကိုယ့်ကို ရှင်းပြ မယ်ဆို ...."

"ဟုတ်ကဲ့ ... ကျွန်မလဲ ခုပဲ ရှင်းပြတော့မလို့ပါ၊ မရှင်းပြခင် အရေးကြီးဆုံးအချက်တစ်ခုကို အရင်ပြောရဦးမယ်၊ ခုချိန်ကစပြီး ကိုဆီဇာနဲ့ ကျွန်မ ဟန်ဆောင်သမီးရည်းစားတွေ ဖြစ်သွားကြပြီ"

"ဘာပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟန်ဆောင်သမီးရည်းစားလေ၊ ကိုဆီဇာက ကျွန်မရဲ့ချစ်သူအဖြစ် ဟန်ဆောင်ပေးရမှာ ..."

ဘုရားသခင် ကယ်တော်မူပါ။

ဒီမိန်းကလေး စိတ်မှ မှန်ရဲ့လား။

သို့သော် စနိုး ရှုးမနေသည်ကတော့ အလွန်သေချာပါသည်။ သူ၏အဆိုအရ သူမအား လိုက်လံနှောင့်ယှက်နေသော ခပ်ကြောင်ကြောင် လူတစ်ယောက် ရှိနေပါသတဲ့။ လူကိုယ်တိုင် တစ်မျိုး၊ တယ်လီဖုန်းနဲ့ တစ်သွယ် စာပေးခြင်း၊ ရည်းစားစကား ပြောခြင်းများ အပြင် နောက်ပိုင်း ၎င်းအား ပြန်မချစ်ပါက ကားတင်ပြေးမည်ဟု ခြိမ်းခြောက်လာသည်အထိ ဆိုးဝါးလာသည်ဟု ဆိုသည်။

၎င်းစိတ်ပျက်သွားစေရန် မိမိ၌ ရည်းစားရှိကြောင်း အပြတ်ပြောခဲ့သော်လည်း လက်ဆုပ်လက်ကိုင် ရည်းစားလေးတစ်ယောက် တလေမှ မပြနိုင်သဖြင့် သူမ၏စကားကို အယုံအကြည်မဲ့ပြီး ၎င်းက ပိုမိုအတင့်ရဲလာခဲ့သည်ဟု ဆိုသည်။

"ဒါကြောင့် မင်းက ကိုယ့်ကို ဟန်ဆောင်ရည်းစားအဖြစ် အပျော်တမ်း သရုပ်ဆောင်ပေးဖို့ ခေါ်လာခဲ့တာ ဆိုပါတော့ ဟုတ်လား ... စနိုး၊ ခု ... အဲဒီလူနဲ့ ဘယ်မှာချိန်းထားသလဲ"





"ဟင့်အင်း ... ဘယ်မှာမှချိန်းမထားဘူး၊ သူက ကျွန်မ အပြင်သွားရင် အမြဲလိုလို နောက်ကနေခိုးကြောင်ခိုးဝှက်လိုက်ကြည့်နေကျ၊ အဲဒီတော့ ကိုဆီဇာနဲ့ ကျွန်မနဲ့ တကယ် သမီးရည်းစားတွေလို လျှောက်သွားနေရင် သူ မမြင်ဘဲနေမှာမဟုတ်ဘူး၊ တစ်နေရာရာကနေ စောင့်ကြည့်နေမှာ သေချာတယ်"

သာမန်အားဖြင့်ဆိုလျှင်တော့ စနိုး၏အစီအစဉ်က ပြောစရာမရှိသော်လည်း သူ ဘဝင်မကျသောအချက်တစ်ခုကိုမေးလိုက်သည်။

"သူ အမြဲလိုလို ... မင်းနောက်က လိုက်ကြည့်နေတတ်တာ သေချာရဲ့လား"

"အို ... သိပ်သေချာပါတယ်"

"ဒီလိုဆိုရင် မင်းနဲ့ကိုယ်နဲ့ ရင်းနှီးတာ မကြာသေးမှန်း သူသိနေလောက်ရောပေါ့၊ ပြီးတော့ ... ကိုယ်တို့နှစ်ယောက် ရိုးရိုးသားသား ခင်မင်နေမှန်း သူ မသိဘဲ နေပါ့မလား"

သူ ထောက်ပြလိုက်သည့်အားနည်းချက်ကြောင့် သူမ ဇက်ကလေးပုကာငြိမ်သက်သွားသည်။ အတန်ကြာမှတုံ့ဆိုင်းလေးသွဲ့ စွာ စကားစ၏။

"ဒီလိုကော ... မဖြစ်နိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ"

"အစက ရှင်နဲ့ ကျွန်မနဲ့ ရိုးရိုးတန်းတန်း ခင်မင်ပြီး ခုမှ သမီးရည်းစား ဖြစ်သွားတယ်ဆိုရင်ကော၊ အဲဒီလိုမျိုး သူ ထင်မသွားနိုင်ဘူးလား"

သူ အတန်ကြာ တွေဝေစဉ်းစားနေပြီးမှ "အင်းလေ၊ အဲလိုပဲ စမ်းသပ်ကြည့်ကြတာပေါ့၊ သူ ယုံပါစေလို့ ဆုတောင်းရမှာပဲ"

"သူ ယုံမှာပါ၊ ကျွန်မတို့နှစ်ယောက် ပိပိရိရိ ဟန်ဆောင်နိုင်ဖို့ပဲ လိုတယ်"

"ကိုယ်က ဟန်ဆောင်မကောင်းဘူး စနိုးရဲ့"

"စိတ်မပူပါနဲ့၊ ရှင့်ဘေးနားမှာ မော်ဒယ်လ်သရုပ်ဆောင် တစ်ယောက်လုံး ပါနေတာပဲ၊ ရှင့်ကို ကျွန်မတွဲခေါ်ပါ့မယ်"

အမှန်တကယ်ပင် သူမ၏တွဲခေါ်မှုနောက်သို့ သူ တစ်ကောက်ကောက် လိုက်ပါခဲ့ရသည်။ ဗိုလ်ချုပ်ဈေးထဲ၌ ၎င်းက တစ်လမ်းလုံး သူ့လက်မောင်းကို တွဲခိုထားသဖြင့် နောက်ကလိုက်ချောင်းကြည့်နေမည့် ပုဂ္ဂိုလ်မပြောနှင့်၊ သူ ကိုယ်တိုင်ပင် စနိုးအား မိမိ၏ချစ်သူ တစ်ယောက်ပမာ ရင်ခုန် ထင်မြင်လာမိသည်။ ဒီကြားထဲ ချာတိတ်မတချို့က "လီယိုနာဒိုနဲ့ ကိတ်ဝင်းစလက်ကွ" "မင်းသားက





မင်းသမီးခါးကို ပြန်ဖက်ထားလေ .... တော်ကြာ လေတိုက်လို့ လွတ်ထွက်သွားဦးမယ်"ဟု ဝိုင်းနောက်ကြသဖြင့် သူ့သွေးခုန်နှုန်းတို့ မြန်ဆန်လာကြသည်။

ဈေးထဲ တစ်ပတ် ပတ်ပြီး ကားပေါ်သို့ပြန်ရောက်တော့မှ သက်ပြင်းချလိုက်မိသည်။

"ဒီနေ့အဖို့ ဒီလောက်နဲ့ ရပ်လိုက်ရင် ကောင်းမယ်ထင်တယ် စနိုး ....၊ တော်ကြာ စနိုးကို ကိုယ့်ရည်းစားလို့ တကယ်ထင်သွားလိမ့်မယ်"

"ကိုဆီဇာကလည်း အဲဒီလိုထင်စေချင်လို့ တမင်ဟန်ဆောင်နေတဲ့ဥစ္စာကို"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲဒီလိုထင်တဲ့အထဲမှာ ကိုယ်ပါ ပါသွားမှာစိုးလို့"

"ဘုရားသခင် .... ရှင် တကယ်ပြောနေတာတော့ မဟုတ်ပါဘူး နော် ...."

"ခုချိန်ထိတော့ အဲဒီအတိုင်း ယူဆရတာပဲ"

ပခုံးကိုဟန်ပါပါတွန့်ရင်း ပြန်ပြောလိုက်တော့ စနိုးက သူ့အား အလွန်လှပသော မျက်စောင်းတစ်ချက် လှမ်းထိုးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို အကူအညီတောင်းခဲ့မိတာ ကျွန်မတော့ ကံဆိုးတာပဲ"

"ကိုယ့်အတွက်တော့ ကံကောင်းတယ်လို့ ပြောရမယ်၊ ဒါနဲ့ စကားမစပ် ခု ... ရုပ်ရှင်သွားကြည့်ကြမှာမဟုတ်လား။ ရုံထဲဝင်ခါနီး ကျရင် ကိုယ့်လက်ကို သေသေချာချာကိုင်ထားဖို့ မမေ့နဲ့ဦး"

စနိုး၏ မျက်စောင်းလှလှလေးက ဒုတိယအကြိမ်မြောက် ဝဲပျံ ရောက်ရှိလာပါသည်။ မမြင်ချင်ယောင်ဆောင်ပြီး ကားစက်နှိုးကာ မောင်းထွက်ခဲ့သည်။

❋ ❋ ❋



(၁၀)

စနိုး၏ချစ်သူအဖြစ်အခမဲ့ဟန်ဆောင်ပေးခြင်း၏ရလဒ်ကတော့ စနိုးနှင့် သူ ပိုမိုရင်းနှီးလာခဲ့ခြင်းပင် ဖြစ်သည်။ ထိုသို့ နှစ်ခါ၊ သုံးခါလောက် ဟန်ဆောင်ပေးခဲ့ရပြီး နောက်ပိုင်း၌ ဇာတ်ထရစ်တို့က မှတ်ချက်ချသည်။

"အခြေအနေကတော့ သူငယ်ချင်းဆိုတဲ့အဆင့်ကို ကျော်လွန်ဖို့ နည်းနည်းလေးပဲ လိုတော့တယ်၊ စနိုးကို လိုက်နှောင့်ယှက်နေတယ် ဆိုတဲ့ ပုဂ္ဂိုလ်ကို မင်း ကျေးဇူးတင်သင့်တယ် ဆီဇာ ... တဲ့"

"ဒီလောက်ကြီးလဲ မဟုတ်သေးပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ငြင်းသာ ငြင်းလိုက်ရသော်လည်း သူနှင့်စနိုးက တစ်ပတ်လျှင် နှစ်ကြိမ်ထက်မနည်း ပုံမှန်တွေ့ဖြစ်နေကြပြီး ကျန်အချိန်များမှာတော့ တစ်ယောက်ထံ တစ်ယောက် ဖုန်းဆက်သောအဆင့်သို့ ရောက်ရှိနေကြပြီ ဖြစ်သည်။ ထိုအနေအထားသို့ ရောက်ရှိလာသည့်တိုင် သူငယ်ချင်း ဟူသော အဆင့်ကို ကျော်လွန်ရန် သူ မပြတ်မသား ဖြစ်နေမိ၏။

"မင်းနဲ့ ဂျူလီယာနဲ့ ဇာတ်လမ်းက ပြီးသွားပြီပဲ ...၊ ဘာတွေ စဉ်းစားနေတာလဲ"

ပက်ထရစ်နှင့် စောသိန်းဝင်းတို့က ဝိုင်းပြောကြသော်လည်း သူကတော့ တွေဝေနေဆဲဖြစ်သည်။

"ပြီးသွားပြီ ဆိုပေမယ့် ပြတ်ပြတ်သားသား ပြီးသွားတာမျိုး မဟုတ်ဘူး၊ တကယ်ဆို လက်ထပ်ပွဲပျက်သွားပြီးကတည်းက လုံးဝ အဆက်အသွယ်ဖြတ်သင့်တယ်"

"ခုကော ဆက်သွယ်နေလို့လား'

"မဆက်သွယ်ပေမယ့် ပတ်သက်နေတုန်းပဲ ပက်ထရစ်၊ ဒယ်ဒီ့ကုမ္ပဏီမှာ ထည့်ထားတဲ့ ရှယ်ယာကို သူတို့ဘက်က လာမထုတ်သေးဘူး၊ အဲဒီရှယ်ယာကလည်း ဂျူလီယာနဲ့ ငါနဲ့ ရှေ့ရေးအတွက်





ငါတို့နှစ်ယောက် လက်ထပ်ပြီးရင် လက်ဖွဲ့ဖို့ ဆိုပြီး အတိအလင်း ကြေညာပြီး ထည့်ထားတဲ့ရှယ်ယာ၊ တကယ်ဆို အဲဒီရှယ်ယာကို ပြန်ထုတ်သင့်ပြီ"

"သူတို့ဘက်ကမဟုတ်လဲ မင်းတို့ဘက်က ပြန်အမ်းလိုက်ရင် မရဘူးလား"

"ရတယ် ...ဒါပေမဲ့ ဒယ်ဒီက ဘယ်တော့မှအမ်းမှာမဟုတ်ဘူး။ ခုချိန်ထိ ဂျူလီယာနဲ့ ငါ ပြန်ပြေလည်ဖို့ မျှော်လင့်နေတုန်းပဲ၊ ဟိုတလောက ငါ့အဘိုးကြီး သူတို့အိမ်ကို သွားလည်သေးတယ်"

ထိုသို့သွားလည်ကြောင်း ဒယ်ဒီကိုယ်တိုင် သူ့ထံသို့ ဖုန်းဆက် အသိပေးခဲ့ခြင်းဖြစ်သည်။

"ငါ ရောက်ပြီးပြီကွ"

ဒယ်ဒီက ထုံးစံအတိုင်း စကားကို အဆက်အစပ်မရှိ စတင်လာခဲ့သည်။

"ဘယ်ကိုလဲ ဒယ်ဒီ ... ဘာလီကျွန်းကိုလား"

"ဘာကွ"

"ဟို ... ဒယ်ဒီပဲ ဘာလီကျွန်းကို လှအဥ္စလီတင့်နဲ့ အလည် ရောက်ဖူးချင်တယ်ပြောလို့၊ ကံစမ်းမဲတွေဘာတွေပေါက်ပြီး ရောက်ခဲ့တာလားလို့"



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီက ဖုန်းထဲမှ ခပ်တိုးတိုးဆဲရင်း "ဆာဝါးတို့အိမ်ကို ပြောတာကွ" ဟု စိတ်တိုတိုနှင့် အော်ပါသည်။ ဒယ်ဒီနှင့် သူ ဆက်ဆံရေးကတော့ ထိုအတိုင်းပင် ဖြစ်သည်။

"ဆာဝါးရော၊ ဂျူလီယာရော ငါ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံတယ်"

"ဆက်ဆံမှာပေါ့၊ ဒယ်ဒီက ကျွန်တော်မှ မဟုတ်တာ၊ ညစာတွေ ဘာတွေကော ကျွေးလိုက်သေးလား"

"ကျွေးတာပေါ့ကွ၊ ငါပဲ မင်းမှ မဟုတ်တာ၊ ဆာဝါးနဲ့ငါနဲ့ အပြားတစ်ဝိုင်းတောင် ထိုင်သောက်ခဲ့ကြသေးတယ်"

အခြေအနေကတော့ တော်တော့်ကို ကောင်းနေပုံပါပဲ။

"ကျွန်တော့်အကြောင်းကော ဘာပြောလိုက်သေးလဲ"

"ဘာမှမပြောဘူး၊ ငါကိုယ်တိုင် မင်းနဲ့ပတ်သက်ပြီး တမင်စကားမစဘဲနေတာ၊ မပူပါနဲ့ကွာ အခြေအနေကောင်းမှာပါ"

"ကျွန်တော်က မပူပါဘူး၊ ဒယ်ဒီကသာ ပူနေတာပါ" ဟု စိတ်ထဲမှ ပြန်ပြောလိုက်သည်။

"ဒါပဲကွာ၊ ကုမ္ပဏီမှာ မင်း လာထုတ်ဦး"





ဒယ်ဒီက သူ ပြောချင်တာ ပြောပြီးနောက် ဖုန်းချသွားခဲ့သည်။

(သူ တက္ကသိုလ်စတက်ကတည်းက မုန့်ဖိုး သီးသန့်မပေးတော့ဘဲ သူ့အား ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအဖြစ် သတ်မှတ်ပြီး အသုံးစရိတ်အဖြစ် ကုမ္ပဏီမှ ပုံမှန်လစာထုတ်ပေးခဲ့သည်မှာ ယနေ့အထိဖြစ်သည်။ လစာအား လက်မှတ်ထိုး ထုတ်ယူရုံမှအပ ကုမ္ပဏီနှင့် ပတ်သက်၍ သူ ဘာမှလုပ်ပေးစရာ မလိုပါ။)

ထိုသို့ ဂျူလီယာတို့ထံ အလည်ရောက်ခဲ့ကြောင်း ဖုန်းဆက်အသိပေးလာခြင်းဖြင့် ပျက်စီးသွား[illegible]သော လက်ထပ်ပွဲနှင့် ပတ်သက်၍ ဒယ်ဒီ စိတ်မလျှော့သေးကြောင်း သူ သဘောပေါက်ခဲ့ရသည်။

ဒယ်ဒီက ဂျူလီယာ့ဖခင် ဦးဆာဝါးအား အလွန်ခင်မင်သလို ဂျူလီယာကိုလည်း သမီးအရင်းပမာ ချစ်ခင်သူဖြစ်၏။ သူကိုယ်တိုင်ကလည်း မိခင်မရှိတော့သည့်နောက်ပိုင်း နောက်အိမ်ထောင်မပြုဘဲ သူ့အပေါ် အလိုလိုက် အချစ်ပိုခဲ့သော ဒယ်ဒီအား အလွန်ချစ်သလို ဒယ်ဒီ့ဆန္ဒ မှန်သမျှကိုလည်း ဖြည့်ဆည်းပေးချင်ပါသည်။

အကယ်၍ လက်ထပ်ပွဲသာ မပျက်ခဲ့ပါက သို့တည်းမဟုတ် လက်ထပ်ပွဲ ပျက်ခဲ့သည့်တိုင် စနိုးသာ သူ့ဘဝထဲ ဝင်ရောက် [illegible] မလာခဲ့ပါက ယခုလို စိတ်ဒွိဟနှင့် တွေဝေနေရလိမ့်မည်မ[illegible]ုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်း စနိုးနှင့် သူ၏ဆက်ဆံရေးက မှန်မှန်ကြီး တိုးတက်နေဆဲဖြစ်သည်။ စနိုး၏ မော်ဒယ်လ်သင်တန်းနှင့် ၎င်း သီချင်းဆိုရာ စားသောက်ဆိုင်သို့ သူ မကြာခဏ ရောက်ရှိသွားတတ်သလို၊ စနိုးကလည်း ယွန်းကိုအဖော်ပြု၍ သူ့တိုက်ခန်းသို့ ရံဖန်ရံခါ ဆိုသလို ရောက်ရှိလာတတ်သည်။ ပထမဆုံးအခေါက် ရောက်လာစဉ် သူ့အခန်းထဲ ဒရမ်ဆက်နှင့် ကီးဘုတ်ကိုကြည့်၍ ယွန်းက တအံ့တဩနှင့် .....

"ကိုဆီဇာက ဒရမ်တွေ၊ ကီးဘုတ်တွေ တီးတတ်သလား"

ဟု မေးသဖြင့် သူ ခေါင်းညိတ်ပြလိုက်တော့ ...

"ဟာ ..... ဒါဆိုအတော်ပဲ"

"ဘာလဲ ယွန်းက တီးဝိုင်းဖွားမလို့လား"

"မဟုတ်ပါဘူး၊ ဝါသနာတူချင်း တွေ့ကြပြီလို့ ပြောမလို့ပါ"

အနှောင့်အသွား မလွတ်သော ယွန်း၏စကားကြောင့် စနိုး အနည်းငယ်မျှ မျက်နှာပျက်မသွားခဲ့ပါ။

"နောက် ... သီချင်းတွေ ဘာတွေ တိုက်ချင်ရင် ကိုဆီဇာ့ကို အကူအညီ တောင်းလို့ရပြီ"

ဟုပင် ရေရွတ်လိုက်ပါသေးသည်။





စနိုးကရိုးသားပွင့်လင်းသော်လည်း တစ်ခါတစ်ရံတော့လျှို့ဝှက် ...ာ်နဲမှုတို့ဖြင့် စိတ်ဝင်စားစရာကောင်းနေတတ်ပြန်ပါသည်။

"ကျွန်မနဲ့ မိတ်ဆွေဖြစ်မိတဲ့အတွက် ရှင် နောင်တမရပါဘူး ...ော် ...."

"ကိုယ်က ဘာအတွက် နောင်တရရမှာလဲ"

"ကျွန်မ တစ်ခါတစ်ရံ ဇရုတ်ကျတယ် မဟုတ်လား၊ အဲဒီ ...တွက် ရှင်များ နောင်တရနေမလားလို့"

"မရပါဘူး၊ ကိုယ့်အတွက် စကားပြောဖော် မိတ်ဆွေတွေ ...းလို့ ဝမ်းတောင် သာသေးတယ်"

"တကယ်ပြောတာလား ကိုဆီဇာ၊ ကျွန်မကလဲ ရှင့်ကို စတွေ့ ...တည်းက ရှင်နဲ့ အသိဖြစ်ချင်နေခဲ့တာ။ ကျွန်မရဲ့ဆန္ဒ ပြည့်ဝ ...းအတွက် ဘုရားသခင်ကို ကျေးဇူးတင်ရမှာပဲ"

"နေစမ်းပါဦး၊ မင်းက ဘာဖြစ်လို့ ကိုယ်နဲ့ အသိဖြစ်ချင်ရ ...လဲ"

သူ နားမလည်သလိုမေးတော့ သူမက တိုးညင်းစွာ ရယ်မော ...သည်။

"စကားပြောနေတာမဟုတ်ဘဲ ဘောလုံးကန်နေတာဆိုရင် ရှင် ...ကတ်အပြခံရမှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့လိုမေးခွန်းမျိုးဆိုတာ ပြန်မမေးရဘူး ကိုဆီဇာသူရစ္စရဲ့ ကိုယ့်ဘာသာကိုယ် အဖြေရှာရတာသိရဲ့လား"

သူမသိဘဲနေပါ့မလား၊ သို့သော် တကယ်မသိသည့်ပမာ ခပ်ထုံထုံအမူအရာမျိုးဖြင့် .....

"ကိုယ်အဖြေရှာလို့မရရင် ဘယ်လိုလုပ်ရမလဲ"

"အဲဒီအခါကျတော့လဲ ပန်းပေးပါပြီဆိုပြီးအရှုံးပေးလိုက်ပေါ့"

"မင်းက ကိုယ့်ကို အဖြေပေးမှာလား"

"ဟင့်အင်း၊ ရှင့်ဘာသာရှင် အလိုလိုသိသွားစေရမယ်"

ထိုစကားအား နောက်ရွှတ်ရွှတ်အမူအရာမျိုးနှင့်မဟုတ်ဘဲ အလေးအနက်ပြန်ပြောလာခြင်းဖြစ်သည်။

ခပ်ဆန်းဆန်းစကားများဖြင့် အတည်ပေါက် ရင်ခုန်အောင် လုပ်တတ်သောစနိုးသည် တစ်ခါဘလေတော့လည်း ကလေးဆန်စွာ ဂျီကျတတ်ပါသေးသည်။ ဥပမာ ... ၎င်း မော်ဒယ်လ်လျှောက်ရန် ရှိသည့်အခါများ၌ သူ့အား မလာမနေရဟု အတင်းအကျပ် ဖိတ်ခေါ် ခြင်းမျိုး ဖြစ်သည်။

"နေစမ်းပါဦး၊ ကိုယ်မလာရင် အဲဒီပွဲက ပျက်သွားမှာမို့လား စနိုးရဲ့ ...."





"ပွဲမပျက်ပေမယ့် ကျွန်မကတော့ စိတ်ပျက်သွားမှာပဲ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ စင်ပေါ်မှာကျွန်မမော်ဒယ်လ်လျှောက်တဲ့အခါ ဘယ်လောက်လှသလဲဆိုတာ သူ့ကိုသိစေချင်လို့ပေါ့"

ဘယ်လောက်ခက်လိုက်တဲ့ ကလေးမလဲ။

မလာရင် စိတ်ဆိုးမယ် ဟူသော ၎င်း၏စကားကြောင့် စိတ်ဆိုးမှာ ကြောက်၍ပဲလား၊ သူကိုယ်တိုင်က စနိုး၏ ရင်ခုန်ဖွယ် အလှကို ခံစားချင်၍ပဲလားမသိ၊ ၎င်း၏ရှိုးတိုင်းလိုလို သူ ရောက်ဖြစ် ခဲ့လေသည်။ စနိုးနှင့် သူ၏ဆက်ဆံရေးသည် သာမန် ဟူသော အနေအထားထက် အနည်းငယ် ပိုနေကြောင်းကိုတော့ သူ ဝန်ခံရ ပါလိမ့်မည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

"ဈေးလာဝယ်တာလား ဆီဇာ"

နှုတ်ဆက်ရမလား၊ ရှောင်သွားရမလား ဇဝေဇဝါဖြစ်နေစဉ်မှာပင် သူ့အား စတင်နှုတ်ဆက်လာခြင်းဖြစ်သည်။

"ဆိုပါတော့ ဂျူလီယာကော"

"တို့လည်း အကျႌအသစ်အဆန်းလေး ဘာလေး တွေ့လို တွေ့ငြား လာကြည့်တာ။ ယူ့ကြည့်ရတာ ပိန်သွားသလိုပဲ"

ဂျူလီယာ့ပုံစံက သိဟောင်းကျွမ်းဟောင်းတစ်ယောက်အား နှုတ်ဆက်သည့်ပုံမျိုး ဖြစ်သည်။ သူတို့နှစ်ယောက်အကြား ဘာပြဿနာမှမရှိခဲ့ဖူးသည့်ပမာ အေးအေးဆေးဆေးရှိလှသဖြင့် သူက ဟအံ့တသြဖြစ်ရသည်။ ပို၍ အံ့သြဖို့ ကောင်းသည်က သူ့အား တစ်ခုခုသောက်ရအောင်ဟု ဖိတ်ခေါ်ကမ်းလှမ်းလာခြင်းဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ သူ့အပေါ် အခွင့်အရေးပေးခြင်းတစ်မျိုး ဖြစ်သည် ဆိုလျှင်တော့ ထိုအခွင့်အရေးကို ငြင်းဆန်ရလောက်အောင် သူ မမိုက်မဲသင့်ပါ။ ထို့ကြောင့် ကော်ဖီဆိုင်လေး၏ စားပွဲဝိုင်းလေး၌ သူတို့နှစ်ယောက် အတူထိုင်ဖြစ်ခဲ့ကြသည်။

"ယူ့ဒယ်ဒီက ယူ့ကို အိမ်ပေါ်ကနှင်ချထားတယ်ဆို"

"ဂျူလီယာ့ကို ဘယ်သူပြောသလဲ"

မေးသာမေးလိုက်ရသော်လည်း ဒါဟာ ဒယ်ဒီရဲ့ရိုက်ချက် ဖြစ်မည်ဟု သူ သိနေ၏။ သို့သော် ဂျူလီယာ့အဖြေက သူ့အထင်ကို လွဲမှားစေခဲ့သည်။

"ကိုစောသိန်းဝင်း ပြောတာ"

"သိန်းဝင်းနဲ့ ဂျူလီယာ တွေ့သေးလို့လား"

"တွေ့တယ်။ သူ ဆီဇာ့အကြောင်းတော်တော်များများ တို့ကို ပြောပြတယ်။ ဘုရားကျောင်းမှာတုန်းက လာကန့်ကွက်တဲ့ မိန်းကလေးနဲ့ သူနဲ့ ဘာမှမပတ်သက်တဲ့အကြောင်းကော၊ သူ အိမ်ပေါ်က ဆင်းနေရတဲ့အကြောင်းကော အစုံပဲ"

(ထိုအကြောင်းများ စောသိန်းဝင်း သူ့ကို လုံးဝပြန်မပြောပြခဲ့၊ နောက်ပိုင်း သူ မေးတော့မှ ငါ မင်းအတွက်ပိုပိုသာသာလေး ရှေ့နေ လိုက်ပေးခဲ့တယ်ဟု ဝန်ခံပါသည်။)





"ထို့ကြောင့် သူတို့သားအဖ မပြေမလည်ဖြစ်ရတဲ့အတွက် စိတ်မကောင်းပါဘူး"

"ကိစ္စမရှိပါဘူး၊ နောက်ပြီး ဒီပြဿနာက ဂျူလီယာနဲ့ ဘာမှ ဆိုင်ပါဘူး။ ကိုယ့်ရဲ့ကံကိုက ခေလွန်းလို့ ခုလိုရှုပ်ထွေးကုန်တာပါ။ ကိုယ်ကသာ ဂျူလီယာကျေနပ်တဲ့အထိ တောင်းပန်ရမှာ၊ ခုလဲ ဘလက်စတည်း တောင်းပန်ပါရစေ၊ ဘုရားကျောင်းတုန်းကကိစ္စ တွေနဲ့ ပတ်သက်ပြီး ကိုယ့်ကိုခွင့်လွှတ်ပါ"

သူ့စကားအဆုံး မတွေ့ရတာကြာပြီဖြစ်သော ဂျူလီယာ့အပြုံး သဲ့သဲ့ကို လှစ်ခနဲ တွေ့မြင်လိုက်ရသည်။

"အဲဒီကိစ္စတွေက ယူ့အပြစ် မဟုတ်ရိုးမှန်ရင် တို့ကို တောင်းပန်နေစရာမလိုပါဘူး။ တို့အနေနဲ့လဲ ခွင့်လွှတ်ဖို့မလိုသလို၊ စိတ်ဆိုးစရာလဲမရှိဘူး ဆီဇာ"

"ကိုယ့်အပြစ်မဟုတ်ဘူးဆိုတာကိုတော့ ကျိန်တွယ်ပြီးပြောရဲ ပါတယ်"

"ကိုစောသိန်းဝင်းကလဲ အဲဒီအတိုင်းပြောတာပါပဲ"

"ဒါပေမဲ့ ..... ဂျူလီယာ မယုံဘူးဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



ဂျူလီယာ ဘာမှမတုံ့ပြန်ဘဲ အကြာကြီး ငြိမ်သက်နေပြီး ပထမဆုံးအကြိမ်အဖြစ် သူ့မျက်နှာကို စေ့စေ့ကြည့်ကာ တစ်လုံးချင်း ပြောသည်။

"တို့ ယုံနိုင်အောင် တတ်နိုင်သမျှ ကြိုးစားနေပါတယ်"

၎င်း၏စကားက မကြာခင်ယုံကြည်လာနိုင်သည်ဟု ယူဆနိုင် သလို၊ ဘယ်လိုမှ ယုံကြည်စရာမကောင်းသဖြင့် ယုံနိုင်အောင် အတင်းကြိုးစားနေရသည်ဟုလည်း ယူဆနိုင်ပါသည်။ အဓိပ္ပာယ် နှစ်ခုထွက်သော ထိုစကားကို ပြောပြီး ဂျူလီယာက နာရီကို တစ်ချက်ကြည့်ကာ ပြန်ကြရအောင်ဟု ရေရွတ်သည်။

ဤသို့ဖြင့် ဟိုမရောက် သည်မရောက် ဆွေးနွေးပွဲက တစ် တစ်ရာ အဖြေမထွက်ဘဲ နိဂုံးချုပ်သွားလေတော့သည်။ သို့သော် ယခင်ထက်စာလျှင်တော့ ဂျူလီယာ၏ဆက်ဆံရေးက အများကြီး ပျော့ပျောင်းလာသဖြင့် ထိုတစ်ချက်တည်းနှင့်ပင် ကျေနပ်လိုက် ပါသည်။

ညနေဘက် ပက်ထရစ်သူ့ဆီရောက်လာတော့ ဂျူလီယာနှင့် တွေ့ခဲ့ကြောင်း သူ ပြောပြလိုက်သည်။ ပက်ထရစ်က .....

"မင်းအဘိုးကြီး သူတို့အိမ်တွေ ဘာတွေတောင် ပြန် ဝင်ထွက်နေတယ် ဆိုတော့ အဘိုးကြီးမျက်နှာကြောင့် မင်း





လိုက်လိုက်လျောလျော ဆက်ဆံတာဖြစ်နိုင်သလို၊ သိန်းဝင်း ရှေ့နေ အလိုက်ကောင်းလို့ မင်းအပေါ် တင်ထားတဲ့ စွဲချက်တွေကို ရုပ်သိမ်း ပြီး စိတ်ပြန်လည်လာတာလဲ ဖြစ်နိုင်တယ်"

ပက်ထရစ်က ရေခဲသေတ္တာထဲမှ ဘီယာဘူးနှင့် ဒိန်ခဲတို့ကို ထုတ်ယူရင်း သူ့အား လှမ်းပြောသည်။ သူ့ရှေ့သို့ ချပေးလာသည့် ဘီယာဘူးကို ငေးကြည့်နေရင်းမှ ပက်ထရစ်အား မေးလိုက်သည်။

"စိတ်ပြန်လည်လာတယ်ဆိုတာ ... ဘာအဓိပ္ပာယ်လဲ"

ပက်ထရစ်က သူ့ရှေ့ခုံမှာ ဝင်ထိုင်ရင်း စိတ်ပျက်လက်ပျက် အမူအရာနှင့် စုတ်တစ်ချက်သပ်လိုက်သည်။

"တုံးပါကွာ ..... စိတ်လည်တယ် ဆိုတာ မင်းနဲ့လက်ထပ်ဖို့ ပြန်ပြီးစိတ်ဝင်စားလာတာကိုပြောတာ မောင်ဆီဇာသူရစ္စရဲ့"

ဂျူလီယာက သူနဲ့လက်ထပ်ဖို့ ပြန်စိတ်ဝင်စားမှာတဲ့လား။

သူ ခေါင်းကို ခါယမ်းလိုက်မိသည်။

"မဖြစ်နိုင်ဘူးထင်တယ် ပက်ထရစ်၊ ဒီလောက်ခါးခါးသီးသီး ငြင်းခဲ့ပြီးမှ မင်းပြောသလို ဖြစ်လာနိုင်ပါ့မလား"

ပက်ထရစ်က ဘီယာဘူးကိုဖောက်ရင်း ပခုံးတွန့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ငါလဲ တစ်ထစ်ချမပြောတတ်ဘူး ဆိဇာ၊ အထူးသဖြင့် မိန်းကလေးတွေနဲ့ပတ်သက်ရင် ဘာကိုမှ တစ်ထစ်ချမပြောရဲဘူး၊ သူတို့စိတ်ကို ခန့်မှန်းရတာ ပင်နယ်လ်တီကန်ရသလိုပဲ။ သေချာပေါက်ဝင်မယ်ထင်ပြီး ဘေးချော်ထွက်သွားတာမျိုး ရှိသလို၊ ဂိုးသမားလက်နဲ့ထိပြီးမှ ဂိုးထဲဝင်သွားတာမျိုးလဲ ရှိတယ်"

"မင်းပြောတော့မှ ပိုရှုပ်ကုန်ပြီ ပက်ထရစ်၊ ငါ ဘာကို ဆုံးဖြတ်ရမှန်း မသိတော့ဘူး"

"ခုချိန်မှာ ဘာကိုမှမဆုံးဖြတ်နဲ့၊ အခြေအနေနဲ့ အချိန်အခါက သူ့ဘာသာ ဆုံးဖြတ်ပေးလိမ့်မယ် ....၊ လောလောဆယ် ဘီယာ ထိုင်သောက်နေတာ အကောင်းဆုံးပဲ၊ ကဲ ... ချီးရအောင်"

ပက်ထရစ်က ၎င်း၏ဘီယာဘူးကိုယူပြီး တို့စ်လုပ်ရန် ဘူးကို မြှောက်လိုက်သည်။ သို့သော် ပက်ထရစ်နှင့် သူ ဘီယာဘူးချင်း တိုက်ခွင့်မရလိုက်ပါ။ အကြောင်းကတော့ ဧည့်ခန်းမှ တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာသောကြောင့် ဖြစ်သည်။

"ငါ ဗေဒင်ဟောလိုက်မယ်၊ ခုလာတဲ့ ဖုန်းက စနီးဆီကပဲ ဖြစ်ရမယ်"

ပက်ထရစ်၏ဗေဒင်က ခြွင်းချက်မရှိ မှန်ပါသည်။

"ရှင်ဘာလုပ်နေသလဲ ကိုဆိဇာ"





ဖုန်းကိုင်လိုက်သည်နှင့် စနီးက မေးပါသည်။

"အစကတော့ ပက်ထရစ်နဲ့ ဘီယာသောက်မလို့ပဲ"

"နောက်တော့ကော ...."

"တယ်လီဖုန်းပြောဖို့ ဆုံးဖြတ်လိုက်တယ်"

"ရှင် လိမ္မာသားပဲ၊ ဒါနဲ့ ဒီနေ့တစ်နေ့ခင်းလုံး ရှင် ဘယ်ရောက်နေသလဲ၊ ကျွန်မ ရှင့်ဆီကို ဖုန်းဆက်သေးတယ်"

"ကိုယ် ကားပွဲစားတန်း ရောက်နေတယ်"

အမှန်တော့ နေ့လယ်က ဂျူလီယာနှင့်တွေ့နေခြင်းဖြစ်သည်။

"တစ်နေ့ခင်းလုံး ကားပွဲစားတန်းမှာလား"

"ဟုတ်တယ်"

"အဟား ..... ရယ်ရတယ်နော်"

"ဘာဖြစ်လို့လဲ"

"ပွဲစားတန်းကို ကျွန်မ လှမ်းဆက်ကြည့်သေးတယ် ...၊ ရှင် မရှိဘူး"

"ရှိပါတယ်၊ စနီးဆက်တဲ့အချိန် ကိုယ်အပြင်ခဏထွက်သွားလို့ ဖြစ်ပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ထားပါလေ၊ ရှင်ပြောတဲ့အတိုင်း အမှန်လို့ပဲ ယူဆလိုက်ပါမယ်၊ ကျွန်မ ရှင့်ကိုပြောစရာရှိလို့ .... မနက်ဖြန် ကျွန်မ ဖက်ရှင်ရှိုး ရှိတယ်၊ ရှင်များ စိတ်ဝင်စားမလားလို့"

"သိပ်စိတ်ဝင်စားတာပေါ့ ..... မင်းပါတဲ့ ရှိုးဆိုရင် ကိုယ် စိတ်မဝင်စားဘဲ ရှိပါ့မလား"

"ဒါဖြင့် ရှင်လာမယ်ပေါ့"

"လိပ်စာနဲ့ အချိန်သာပေး၊ ကိုယ် ကွက်တိရောက်အောင် လာခဲ့မယ်"

"စကားကို အကုန်မပြောနဲ့ ကိုဆီဇာ၊ လာမယ်ပြောပြီးမှ ရောက်မလာရင် ကျွန်မစိတ်ဆိုးမှာ"

သူ အရောက်လာမည့်အကြောင်း ထပ်ပြောတော့မှ သူမက ဟိုတယ်အမည်တစ်ခုကို ရေရွတ်ပြပြီး မနက်ဆယ်နာရီ အစီအစဉ် စမှာ ဟု ဆိုသည်။ သူမ ရွတ်ပြသော ဟိုတယ်အမည်က သူ့ အတွက် နားစိမ်းနေသဖြင့် မေးလိုက်သည်။

"မင်းပြောတဲ့ဟိုတယ်ကို ကိုယ်မသိဘူး၊ အဲဒါဘယ်နားမှာလဲ"

"မန္တလေးမှာ"

"ဘာ"





"ကျွန်မ မနေ့က ညကတည်းက မန္တလေးရောက်နေတာ၊ ...လဲ မန္တလေးက ဆက်နေတာ၊ ကဲ ... လိပ်စာနဲ့အချိန်ပြောပြီးပြီ၊ ...င် ကွက်တိရောက်အောင် လာမယ်မဟုတ်လား"

ကိုယ့်စကားနှင့်ကိုယ် ချောင်ပိတ်မိနေသဖြင့် သူ ဘာမှ ပြန် ...ပြောနိုင်အောင်ဖြစ်နေသည်။ အလွန်အကျွံကတိပေးမိသော ပါးစပ် ...သော ကိုယ့်ဘာသာကိုယ် ပိတ်ရိုက်လိုက်ချင်သည်။

"ဒီလိုရှိတယ် စနိုးရဲ့၊ တော်ကြာဆိုရင် မှောင်တော့မှာ မနက် ...ယ်နာရီအမီ မန္တလေးရောက်ဖို့ဆိုရင် ကိုယ် ကားကို တစ်ညလုံး ...မောင်းလာခဲ့ရမှာ၊ ကိုယ့်ကားက တာယာတွေ သိပ်မကောင်းဘူး"

"အဲဒါတွေ ကျွန်မ မသိဘူး၊ မနက်ဖြန် စတိတ်ပေါ်မှာ ကျွန်မ ...လျှောက်နေတဲ့အချိန် ရှင့်မျက်နှာကို မြင်ချင်တယ်"

သူ စိတ်ပျက်လက်ပျက် သက်ပြင်းတစ်ချက်ကို ချလိုက်သည်။ ...င်း တော်တော်ဒုက္ခပေးတဲ့ မိန်းကလေးပဲ စနိုး ....၊ စိတ်ထဲမှ ...သည်းတွားရင်း သူမအား သူ အရှုံးပေးလိုက်ရတော့သည်။

"ကောင်းပြီလေ၊ ဒါဖြင့်လဲ မရောက် ရောက်အောင် လာရ ...တော့မှာပေါ့"

"ရှင် တကယ်ပြောနေတာလား ... ကိုဆီဇာ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့ ..... ကိုယ့်ကားကို ပက်ထရစ်ကားနဲ့ လဲပြီး တစ်ညလုံး မောင်းခဲ့မယ် ..... ဟုတ်ပြီလား"

စနီး အကြာကြီး ငြိမ်သက်သွားပြီးမှ ခပ်မြူးမြူးပြောသည်။

"ရှင်တော်တယ် ကိုဆီဇာ၊ စာမေးပွဲအောင်သွားပြီ၊ ကျွန်မ ရှင့်စိတ်ကိုသိချင်လို့ အိမ်ကနေလှမ်းဆက်ပြီး တမင်နောက်နေတာ၊ မနက်ဖြန်ဘာရှိုးမှမရှိဘူး၊ ကဲ ... စိတ်ချမ်းသာလက်ချမ်းသာနဲ့ ဘီယာသွားသောက်ပေတော့၊ နောက်တစ်ခါကျရင် ဂုဏ်ထူးပါအောင် ကြိုးစား၊ ကျွန်မ ဖုန်းချလိုက်တော့မယ်"

ပြောပြောဆိုဆို သူမ ဖုန်းချသွားပါသည်။

ဘယ်လောက်များ နားရင်းရိုက်ဖို့ကောင်းလိုက်တဲ့ မိန်းကလေးလဲ၊ စာမေးပွဲအောင်သွားပြီတဲ့၊ တယ်လီဖုန်းနဲ့လှမ်းနောက်တာကိုပဲ စာမေးပွဲတစ်ခု စစ်ဆေးသည့်ပမာ ပြောသွားသေးသည်။

"ကြာလိုက်တာကွာ .... ဘာတွေများ ပြောနေကြတာလဲ"

အနားသို့ရောက်လာသောပက်ထရစ်က လှမ်းမေးသဖြင့် ယခုတိုင် လက်ထဲ၌ကိုင်ထားမိဆဲဖြစ်သော တယ်လီဖုန်းကို ပြန်တင်ရင်း သူ ပြောလိုက်သည်။

"ဘာမှ မဟုတ်ပါဘူး၊ စာမေးပွဲတစ်ခု ဖြေနေလို့ပါ"





ပက်ထရစ်၏ ပြူးတူးပြဲတဲအကြည့်တို့ကို မသိကျိုးကျွန်ပြုပြီး "လာကွာ ... ဗိုင်းပြန်စရအောင်"

ဟုပြောရင်း ထမင်းစားခန်းဆီသို့ လျှောက်လာခဲ့သည်။

နောက်တစ်ခါဆိုလျှင် ဂုဏ်ထူးပါအောင် သူ ကြိုးစားရဦးမည်။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

## (စနိုး၏ ကိုယ်တိုင်ရေး မှတ်တမ်းမှ)

ကျွန်မ၏လက်ရေးသေးသေးလေးများဖြင့် ပြည့်ကျပ်ထူထဲ သည့် မှတ်တမ်းစာအုပ်ကိုကြည့်ရင်း ကျွန်မ ကျေနပ်ပီတိဖြစ်နေ သည်။ စာအုပ်ထဲ၌ စာတစ်မျက်နှာပြီးတစ်မျက်နှာ တိုးလာခြင်းက ကျွန်မ၏အောင်မြင်မှုပန်းတိုင်ဆီသို့ တဖြည်းဖြည်းနီးကပ်လာခြင်း ဖြစ်သည်။

ယခုဆိုလျှင် ဆီဇာဟူသော အမျိုးသားသည် ကျွန်မ၏ ကွန်၌ ငြိတွယ်နေပြီး ဖြစ်ကြောင်း သံသယဖြစ်စရာ မလိုပါ။ က ခပ်ဆန်းဆန်းဥပမာနှင့်တင်စားကာမှတ်ချက်ချခဲ့သေးသည်



www.burmeseclassic.com

www.burmeseclassic.com



"ဆီဇာကတော့ နင့်လက်ထဲက ကြက်ဥပဲ ..... တဲ့"

"လက်ခုပ်ထဲက ရေပဲ ကြားဖူးပါတယ်ဟာ ..." ဟု ကျွန်မ
ပြောတော့ ယွန်းက ခေါင်းယမ်းသည်။

"အဲဒီဥပမာက ရိုးနေပြီဟ၊ သွန်လို့ မှောက်လို့ပဲ ရတယ်
လက်ထဲကကြက်ဥက ကြော်စားစား၊ ချက်စားစား၊ အစိမ်းလိုက်
သောက်သောက် ဗိုက်ထဲရောက်မှာ သေချာတယ်။ အဲဒါ
မကျေနပ်သေးရင်လဲ ... အကောင်ဖောက်ပြီး ကြက်မွေးမြူ
လုပ်ပေါ့ ....."

တော်တော့်ကို ပေါက်ကရပြောတတ်တဲ့ ယွန်းပါပဲ။

ကျွန်မ ယွန်းကို ခပ်တည်တည် ပြန်ပြောလိုက်ပါသည်။

"ငါက ကြက်လဲမစားဘူး၊ အကောင်လဲမဖောက်ဘူး၊ အုပ်နံ့
ကိုင်ပေါက်မှာ"

"တော်တော်နာမှာပဲနော် ....."

"ဟုတ်တယ်၊ စိစိညက်ညက်ကို ကြေသွားစေရမယ်"

"အဲဒါတင်ဘယ်ကမလဲ၊ အထဲကပျစ်ချွဲချွဲကြက်ဥအရည်
ထွက်လာဦးမှာ သေချာတယ်၊ နှမြောပါတယ်ဟာ၊ ကြက်ဥဈေး
ဒီလောက်ကြီးနေတဲ့ဥစ္စာ"





ကျွန်မ ဆက်ပြောနေလျှင် ယွန်း၏ နောက်ပြောင်မှုက
တော်တော်နှင့် ရပ်တော့မည်မဟုတ်သဖြင့် နှုတ်ဆိတ်နေလိုက်
သည်။ ယွန်းက တစ်ခါတစ်ရံ ဗျွတ်ရွတ်တ ပြောတတ်သည်မှ
လွဲ ကျွန်မအတွက် အလွန်အားကိုးရသလို အကြံဉာဏ်ကောင်းများ
ကိုလည်း ရှာဖွေပေးတတ်သူ ဖြစ်သည်။

ဆီဇာသူရစ္စနှင့် လျှင်မြန်စွာ ရင်းနှီးခဲ့ခြင်းမှာ ကျွန်မအား
ထိုက်လံနှောင့်ယှက်နေသော တကယ် မရှိသည့် စိတ်ကူးယဉ်
ချစ်ကောင်တစ်ဦးကို ယွန်းဖန်တီးပေးခဲ့သောကြောင့် ဖြစ်သည်။

"နင့်ကို လူတစ်ယောက်က လိုက်နှောင့်ယှက်နေပါတယ်
ပြီး သူ့ကို နင့်ရည်းစားအဖြစ် ဟန်ဆောင်ခိုင်းလိုက်"

"သူ ယုံပါ့မလား"

"ယုံအောင် ခရီးသွားဟန်လွှဲ အကူအညီတောင်းတဲ့ပုံစံမျိုး
ဖြစ်အောင် လုပ်ရမှာပေါ့"

ဤသို့ဖြင့် ဟန်ဆောင်သမီးရည်းစားဇာတ်လမ်းကို ဖန်တီးနိုင်
ခဲ့မှုမက ကျွန်မနှင့် ဆီဇာ လက်ချင်းချိတ်၍ ချစ်သူများသဖွယ်
လျှောက်လည်နေစဉ် ယွန်းက ဓာတ်ပုံများပင် တိတ်တဆိတ် ရိုက်ကူး
ခဲ့ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမှတ်တရသိမ်းထားပေါ့ဟာ...နောင်တစ်ချိန် ဒီဓာတ်ပုံတွေ
က အသုံးဝင်ချင်ဝင်လာနိုင်တယ်၊ ဥပမာ နင့်ကိုတကယ်နှောင့်ယှက်
တဲ့သူပေါ်လာရင် ဒီဓာတ်ပုံတွေ ထုတ်ပြပြီး ကျွန်မမှာ ချစ်သူရှိတယ်
လို့ ငြင်းလို့ရတာပေါ့"

ယွန်း ရိုက်ကူးထားသော ဓာတ်ပုံများက အလွန်ပီပြင်က
သဘာဝကျလွန်းလှပါသည်။ အထူးသဖြင့် ဓာတ်ပုံထဲ၌ ကျွန်မအာ
ငေးကြည့်နေသော ဆီဇာ၏မျက်လုံးများက ချစ်သူတစ်ယောက်အာ
မြတ်မြတ်နိုးနိုး ငေးကြည့်နေသည့် ရွှန်းလဲ့တောက်ပပြီး အပြ
ကင်းစင်သော မျက်လုံးများအဖြစ် တအံ့တသြ တွေ့မြင်လိုက်ရသော
အခါ ကျွန်မ မှင်တက်သွားမိသည်။

ထိုမျက်လုံးများမှာ ဟန်ဆောင်ထားသည့် မျက်လုံးမျ
ဖြစ်သည်ဟုဆိုပါက ဘယ်သူမှယုံကြည်လိမ့်မည်မဟုတ်ပါ။ ဓာတ်
အား ကျွန်မ မည်မျှကြာအောင် ငေးစိုက်ကြည့်နေမိသည်မသိ။

"ငါ ဆီဇာသူရစ္စကို သိပ်ချစ်တယ်ဟာ ... သူ့ကို သိပ်
တွေ့ချင်တာပဲ"

ရုတ်တရက် ပဲ့တင်ရိုက်ခတ်ကြားယောင်လာမိသည့် စကား
တစ်ခုက ကျွန်မအား အိပ်မက်မက်နေရာမှ ပုတ်ခတ်လှုပ်နှိုးလို
သည့်ပမာ မျက်လုံးတစ်စုံ၏ ညှို့ငင်မှုကို မေ့လျော့သွားစေလျ
နာကြည်းမှုတို့ဖြင့် ဆူဝေလာစေသည်။





"စနိုး နင် ဘာဖြစ်သွားတာလဲ"

ကျွန်မအား ငေးကြည့်နေသော ယွန်းက လှမ်းမေးသည်။

"ငါ ဘာဖြစ်လို့လဲ"

"နင်ကြည့်ရတာ တစ်ခုခု သတိရပြီး ဒေါသဖြစ်သွားသလိုပဲ"

"ဟုတ်တယ် .... ငါ မေသင်းအကြောင်း တွေးလိုက်မိလို့"

"ဆီဇာကြောင့် အသည်းကွဲခဲ့ရတယ်ဆိုတဲ့ မေသင်းကြူကို
ပြောတာလား"

ကျွန်မပြောပြထားသဖြင့် မေသင်းကြူအကြောင်း အနည်း
ငယ်သိထားသော ယွန်းက မေးသဖြင့် ဟုတ်မှန်ကြောင်း ကျွန်မ
ခေါင်းညိတ်ပြလိုက်သည်။ ယွန်းက အတန်ကြာအောင် ခပ်တွေတွေ
ငိုင်နေရာမှ ....

"နင် ဆီဇာ့ကို တော်တော်မုန်းနေသလား စနိုး"

ဟု မေးသည်။ ယွန်း၏ မေးခွန်းကြောင့် ကျွန်မ ပင့်သက်
တစ်ချက်ကို ရှိုက်လိုက်သည်။

"အမှန်အတိုင်း ဝန်ခံရရင်တော့ ဟိုးအရင်တုန်းက တော်တော်
မုန်းခဲ့ဖူးတယ် ယွန်း ..... လူကိုမမြင်ဖူးသေးဘဲနဲ့ကို ခါးခါးသီးသီး



www.burmeseclassic.com

www.burmeseclassic.com



မှန်းခဲ့တာ၊ နောက်ပိုင်းကျတော့ အဲဒီခံစားချက်တွေ မရှိတော့ဘူး။ အပြစ်ကျူးလွန်တဲ့လူကို ကူညီတဲ့အပြင် ဒဏ်ပြန်ပြီးခံစားစေရမယ် ဆိုတဲ့ ရည်ရွယ်ချက်ပဲ ငါ့မှာရှိတော့တယ်"

"နင့်ဥစ္စာက ပုဂ္ဂလိက တရားစီရင်ရေးဝါဒပဲ၊ ပုဂ္ဂိုလ်ရေး လက်စားချေတဲ့သဘော ဆန်မနေဘူးလား"

"အဲဒါတော့ ငါမသိဘူး ယွန်း။ ငါသိတာက ဆူးစူးရင် ဆူးနဲ့ပဲ ပြန်ထွင်ရမယ်"

ကျွန်မစကားအဆုံး ယွန်း အတန်ကြာအောင် တိတ်ဆိတ် သွား၏။

"တကယ်လို့ ဆီဇာက အပြစ်မကျူးလွန်ခဲ့ဘူးဆိုရင်ကော ..."

ယွန်း၏စကားကြောင့် ကျွန်မ ခြောက်ကပ်စွာ ရယ်မောလိုက် မိသည်။

"နင်ပြောတဲ့အတိုင်း မှန်ရင်တော့ သူ လွတ်ငြိမ်းချမ်းသာခွင့် ရမှာပေါ့ ယွန်း၊ ဒါပေမဲ့ အဲဒီလိုဖြစ်ဖို့တော့ ... တော်တော်ခဲယဉ်း လိမ့်မယ်"

ထို့နောက် ကျွန်မတို့နှစ်ယောက်စလုံး အတွေးကိုယ်စီဖြင့် ငြိမ်သက်သွားကြသည်။





သနားစရာကောင်းလှသော မေသင်းကြူအား မျှော်လင့်ချက် တွေ ပေးပြီး ရက်ရက်စက်စက် အသည်းခွဲခဲ့သော ဆီဇာသူရစ္စအနေ နှင့် လွတ်ငြိမ်းချမ်းသာခွင့်ရဖို့ဆိုတာ ဘယ်လိုမှ မမြင်နိုင်ပါ။

ထိုညက တော်တော်နှင့်အိပ်မပျော်သဖြင့် မေသင်းကြူ ကျွန်မ ထံ ရေးခဲ့သောစာများကို တစ်စောင်ပြီးတစ်စောင် ထုတ်ဖတ်နေခဲ့မိ သည်။ အကြိမ်ပေါင်းများစွာ ဖတ်ရှုခဲ့ပြီးဖြစ်သော်လည်း ထိုစာများက ပေးသည့် ခံစားချက်ကတော့ ပြောင်းလဲမသွားခဲ့ပါ။

စာတစ်စောင်ဖတ်ပြီးတိုင်း ပေါ်ပေါက်လာသည့် ခံစားမှုက တော့ ကြမ်းရှခါးသက်သည့် အမုန်းတရားပဲဖြစ်သည်။ ထိုအမုန်း တရားများကိုသာ မီးတောက်မီးလျှံများအဖြစ် ပြောင်းလဲပစ်နိုင်မည် ဆိုပါက အချိန်အတော်ကြာကပင် ဆီဇာသူရစ္စတစ်ယောက် ပြာကျ နေလောက်မှာအလွန်သေချာပါသည်။ သို့သော် အမုန်းများကို မီးလျှံ များဖြစ်အောင် ကျွန်မ မပြောင်းတတ်သေးသည့်အတွက်တော့ သူ ကံကောင်းနေပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

ဆီဇာနှင့်ပတ်သက်သည့် ကျွန်မ၏မူလအစီအစဉ်မှာ ၎င်းထံ ချဉ်းကပ်ပြီး မေသင်းကြူအကြောင်း ဖွင့်ပြောရန်နှင့် မေသင်းကြူထံသို့ ခေါ်ဆောင်တွေ့ဆုံပေးရန် ဖြစ်သည်။ သို့သော် ၎င်း၌ ဂျူလီယာဟူသော အမျိုးသမီးတစ်ယောက် ရှိနေပြီး ထိုအမျိုးသမီးနှင့် မကြာခင် လက်ထပ်တော့မည်ဟု သိလိုက်ရချိန်မှာတော့ ကျွန်မမျှော်လင့်သလို မဖြစ်နိုင်တော့ကြောင်း နားလည်လိုက်ရသည်။

ထိုအခါ .... သစ္စာမဲ့သော အမျိုးသား ဒဏ်ခတ်နိုင်ရန်အတွက် ကျွန်မ၌ ရွေးချယ်စရာဆို၍ တစ်လမ်းသာ ရှိပါတော့သည်။ သို့သော် ကျွန်မရွေးချယ်ခဲ့သော နည်းလမ်းက ဆီဇာသူရဲ့အပေါ် မထိရောက်ကြောင်း သိလိုက်ရချိန်မှာတော့ ကျွန်မ အလွန်စိတ်ပျက်ခဲ့ရပါသည်။ သူနှင့်ရင်းနှီးခဲ့ပြီးနောက်ပိုင်း ထိုကိစ္စနှင့်ပတ်သက်၍ ပိုမိုနက်ရှိုင်းစွာ သိခွင့်ရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက ကိုယ် တော်တော်စိတ်လေသွားတယ်။ ဒယ်ဒီက ဂျူလီယာနဲ့ ကိုယ့်ကို အရမ်းနီးစပ်စေချင်တာလေ။ မင်္ဂလာပွဲလဲ ပျက်ရော ကိုယ့်ကို အိမ်ပေါ်က မောင်းထုတ်တော့တာပဲ"

"ရှင် ဘာမှမခံစားရဘူးလား"

"ဘယ်လိုမေးလိုက်တာလဲ စနိုး ... အရမ်းကို ခံစားရတာပေါ့၊ ကိုယ်က ဒယ်ဒီကို သိပ်ချစ်တာ"

သူ ခံစားရသည်မှာ သူ့အဖေနှင့် ပတ်သက်၍ ခံစားရခြင်းသာဖြစ်၏။ထို့ထက်ပိုပုံမရ။ဂျူလီယာကိုလည်းသူ့အဖေသဘောတူသော မိန်းကလေးတစ်ယောက်အဖြစ်ထက် ပို၍ ရင်မခုန်ခဲ့ကြောင်း သူ ရိုးသားစွာ ဝန်ခံပါသည်။

"ကိုယ် ခုချိန်ထိ စဉ်းစားလို့ မရတာက မင်္ဂလာပွဲကို လာကန့်ကွက်တဲ့ မိန်းကလေး ဘယ်သူလဲဆိုတာကိုပဲ"

"ရှင့်ရဲ့ ရည်းစားဟောင်းတွေထဲက တစ်ယောက်ယောက်ဖြစ်မှာပေါ့"

ကျွန်မ သွေးတိုးစမ်းလိုက်ရင်း သူ ဘယ်လိုပြန်ဖြေမလဲဟု စိတ်ဝင်တစား စောင့်ဆိုင်းနေမိသည်။ သူက အသံထွက်ကာရယ်မောလိုက်ပြီး "ကိုယ့်မှာ ဘာရည်းစားဟောင်းမှမရှိခဲ့ဘူး" ဟု ငြင်းဆန်ပါသည်။





"မဖြစ်နိုင်တာဘဲ"

ကျွန်မအသံက စွပ်စွဲသံပါသွားသော်လည်း သူက ရိပ်မိပုံမရဘဲ အေးဆေးစွာ ဆက်ပြောသည်။

"ကိုယ့်ဘဝမှာရည်းစားမပြောနဲ့ မိန်းကလေးသူငယ်ချင်းတောင် မရှိခဲ့ဘူး။ ကိုယ်ရင်းရင်းနှီးနှီးစကားပြောဖူးတဲ့ မိန်းကလေးဆိုလို့ ဂျူလီယာနဲ့ မင်းနဲ့ နှစ်ယောက်ပဲ ရှိသေးတယ်။ ဂျူလီယာကိုတောင် မင်းလောက် စကားကြာကြာမပြောခဲ့ဖူးဘူး"

"ရှင် တကယ်ပြောနေတာလား"

သူက လက်တစ်ဖက်ကိုဟန်ပါပါ မြှောက်လိုက်ပြီးရေရွတ်ကာ သစ္စာဆိုပြပါသည်။ သူ့အမူအရာနှင့် သူ့မျက်လုံးများက ကလေးတစ်ယောက်လို ရိုးသားကာ အပြစ်ကင်းစင်လွန်းလှသဖြင့် ကျွန်မ တွေဝေသွားရ၏။ သို့သော် ချက်ချင်းပင် "မယုံနဲ့ သူ ဟန်ဆောင်နေတာ" ဟု ကျွန်မကိုယ်ကျွန်မ ပြန်ပြောလိုက်ပါသည်။

"ထားပါတော့လေ၊ ရှင်ပြောတဲ့အတိုင်း တရားဝင်ရည်းစား မရှိခဲ့ဘူးလို့ပဲ လက်ခံလိုက်ပါမယ်၊ ဒါပေမဲ့ ရည်းစားဆန်ဆန် ဆက်ဆံခဲ့ဖူးတဲ့ မိန်းကလေးတွေ ဘာတွေကော မရှိနိုင်ဘူးလား၊ ဥပမာ ခရီးတွေ ဘာတွေသွားရင်း ချိတ်တိတ်တိတ် လုပ်ခဲ့တာမျိုး ဆိုပါတော့ ....."



www.burmeseclassic.com

www.burmeseclassic.com



"မင်းမေးခွန်းက ဘယ်လိုကြီးလဲ၊ ကျောင်းမှာ နေ့တိုင်း တွေ့နေတဲ့ မိန်းကလေးတွေနဲ့တောင် စကားမပြောခဲ့ဖူးတဲ့ကောင်က ခရီးလေး တစ်ခေါက်လောက်ထွက်ရုံနဲ့ ဇာတ်လမ်းတစ်ပုဒ် ဖြစ်နိုင်ပါ့မလား။ မင်း ကြည့်ရတာ ကိုယ့်ကို တော်တော်အထင်ကြီးနေပုံပဲ"

"ဒါဖြင့် မေသင်းကြူကို ရှင်မမှတ်မိတော့ဘူးပေါ့" ဟု ကျွန်မ မေးမည်ပြုပြီးမှ ချက်ချင်းပင် စိတ်ကို အမြန်ထိန်းလိုက်ရသည်။ စောပါသေးတယ်၊ "အဲဒီမေးခွန်းကိုမေးဖို့ အချိန်တွေ အများကြီး ရှိပါသေးတယ်" ကိုယ့်ကိုယ်ကို ဖြေသိမ့်ရင်း အခြားအကြောင်း အရာများဆီသို့ စကားလွှဲမည်ပြုစဉ်မှာပင .... သူကပြောသည်။

"ဒါပေမဲ့ တစ်ခုတော့ရှိတယ်"

"ဘာလဲ"

"ခုချိန်ထိ ကိုယ်ရည်းစားမရှိခဲ့ဖူးပေမယ့် နောက်ပိုင်းတော့ ရှိကောင်းရှိလာနိုင်တယ်"

"ဒါတော့ ရှင်ပြောမှလား"

"မင်း ကြိုသိထားစေချင်လို့ပါ"

ကျွန်မမျက်လုံးများကို စိုက်ကြည့်ပြီး သူအလေးအနက် ပြောလာခြင်းဖြစ်သည်။





"ကျွန်မမှတ်ထားပါ့မယ် ကိုဆီဇာ၊ ဂျူလီယာကြောင့် အသည်း မကွဲရင် ကျွန်မကြောင့် ကွဲစေရမယ်" စိတ်ထဲမှ ကျွန်မလေးလေး နက်နက်ပြန်ပြောလိုက်ပါသည်။

ထို့နောက်ပိုင်း သူနှင့် မကြာခဏ တွေ့ဖြစ်သလို သူ့ထံသို့လည်း ဖုန်းမှန်မှန်ဆက်ခြင်းဖြင့် ကျွန်မ၏ထောင်ချောက်ကို ပိုမိုခိုင်ခံ့ရန် တည်ဆောက်ခဲ့သည်။ ယွန်းက ကျွန်မအား "အဝေးက ပစ်လို့မမှန်ရင် အနားကပ်ပြီးတော့ ပစ်မယ့်သဘောလား စနိုး" ဟု မေးတော့ ကျွန်မ ခေါင်းညိတ်ဝန်ခံခဲ့၏။

"သိပ်သေချာတာပေါ့၊ မေသင်းခံစားခဲ့ရသလို သူ ပြန်ပြီး ခံစားစေရမယ်"

စိတ်အားထက်သန်စွာပြောလိုက်သော ကျွန်မကို ယွန်းက ခပ်တွေတွေငေးကြည့်ရင်း ......

"နင် တော်တော်တော့ သတိထားရလိမ့်မယ် စနိုး၊ သူ့ကြည့်ရတာ မေသင်းနဲ့ပတ်သက်ပြီးတော့ကော၊ ဂျူလီယာနဲ့ ပတ်သက်ပြီးတော့ပါ ဘာခံစားချက်မှ မရှိခဲ့တဲ့အတိုင်းပဲ၊ အဲဒီတော့ သူ့ကို သိပ်ပြီး လျှော့မတွက်စေချင်ဘူး။ တော်ကြာ မုဆိုးစစ်စစ်ကနေ သားကောင် ပြန်ဖြစ်နေဦးမယ်"

"နင်ကလဲ နမိတ်မရှိနမာမရှိ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက စိုးရိမ်လို့ သတိပေးတာပါ"

"နင် စိုးရိမ်သလို လုံးဝမဖြစ်စေရဘူး ယွန်း၊ စိတ်ချ"

ပြောသာပြောလိုက်ရသော်လည်း သူ၏ ညှို့ငင်နိုင်စွမ်းသော အကြည့်တို့ကြောင့် တစ်ခါတစ်ရံ သူဟာ ကျွန်မရန်သူပါလား ဟူသော အဖြစ်ကို မေ့လျော့ကာ သတိလက်လွတ်ဖြစ်ခဲ့ဖူးသည်ကိုတော့ ဝန်ခံရပါလိမ့်မည်။ တစ်ခါက လမ်းဖြတ်ကူးရင်းအရှိန်ပြင်းပြင်း ပွတ်မောင်းသွားသော ကားတစ်စီးကြောင့် ကျွန်မထိတ်လန့်တကြား သူ့လက်မောင်းကို လှမ်းကိုင်လိုက်မိသည်။

လမ်းတစ်ဖက်ရှိ ကျွန်မတို့ကားနားကိုရောက်တော့ သူက ကျွန်မကို ပြုံးကြည့်ရင်း ပြောသည်။

"မင်း ကိုယ့်လက်မောင်းကို တစ်သက်လုံး ကိုင်ထားတော့မှာလား စနိုး ....."

သည်တော့မှ သူ့လက်မောင်းကို ကိုင်ထားမိဆဲဖြစ်ကြောင်း သတိရလိုက်မိပြီး ကျွန်မမျက်နှာတစ်ခုလုံး ရဲခနဲဖြစ်သွားကာ သူ့လက်ကို အမြန်လွှတ်လိုက်ရသည်။

"မေ့သွားလို့ပါနော်၊ သူ့လက်မောင်းကိုများ ကိုင်ချင်လွန်းလို့ လက်တောင်သနသေးတယ်"





"မင်းက ကိုယ့်လက်ကိုလဲ ကိုင်သေးတယ်၊ ကိုယ့်ကိုလဲ ကက်ကက်လန် ရန်တွေ့သေးတယ်၊ အဲဒီအတွက် မင်းတစ်ခုခု ပြန်အလျော်ပေးသင့်ပြီ စနိုး"

"အို ... ပေးတာပေါ့၊ ဘယ်လိုပြန်အလျော်ပေးရမလဲပြော"

"မင်းလက်ကို စက္ကန့်သုံးဆယ်တိတိ ကိုင်ခွင့်ပေးရမယ်"

ပြောပြောဆိုဆို ကျွန်မလက်ကို သူ ဖြတ်ခနဲ လှမ်းကိုင်လိုက်သည်။ ကျွန်မတစ်ကိုယ်လုံး အေးခနဲဖြစ်သွားပြီး ရှက်အန်းထူပူစွာကြက်သေသေသွားခဲ့သည်မှာ သူ့လက်အား ရှန်းဖယ်ရန် မေ့လျော့သွားသည်အထိပင် ဖြစ်သည်။

သို့သော် ကံ ကောင်းထောက်မစွာ သူက ကျွန်မလက်အား ဆံကိုင်သည်ဆိုရုံကိုင်ပြီး ပြန်လွှတ်ပေးခဲ့ပါသည်။

"အချိန်စေ့သွားလို့ မဟုတ်ဘူး၊ သနားလို့ ပြန်လွှတ်ပေးလိုက်တာ"

သူက ခပ်အေးအေးပြောရင်း ကားတံခါးကို ဖွင့်နေချိန်အထိ ကျွန်မရင်တွေ ခုန်နေဆဲဖြစ်သလို ကိုယ့်ကိုယ်ကိုလည်း ဒေါသဖြစ်နေမိသည်။ "နင် တော်တော်ညံ့သေးတာပဲ စနိုး၊ ဘာဖြစ်လို့ ဒီလောက်တောင် သတိလက်လွတ် ဖြစ်ရတာလဲ" ကျွန်မကိုယ် ကျွန်မ မကျေမနပ် အပြစ်တင်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်ပိုင်းတော့ ကျွန်မ၏လက်ကိုင်အိတ်ထဲ၌ မေသင်း ကျွန်မထံရေးခဲ့သော စာများကို အမြဲဆောင်ထားရန် ဆုံးဖြတ်လိုက်တော့သည်။ ထိုစာများကို မကြာခဏထုတ်ဖတ်ခြင်းဖြင့် ကျွန်မ၏ စိတ်ဓာတ်တို့ ပိုမိုကြံ့ခိုင်မာကျောလာစေရန်ဖြစ်၏။

ပြောမည်ဆိုလျှင် ဆီဇာနှင့် ပတ်သက်၍ ယွန်း စိုးရိမ်သလို ကျွန်မကိုယ်တိုင်လည်း မပေါ့ဆရဲပါ။

ထိုအခါတောအတွင်း ဆီဇာနှင့်ပတ်သက်သော သတင်းထူး တစ်ခုကို မထင်မှတ်ဘဲ ကြားခဲ့ရ၏။

၁၀

❖ ❖ ❖

တစ်ရက် သင်တန်းမှအပြန် နောက်မှ တရင်းတနှီး လှမ်းနှုတ်ဆက်သံကြောင့် ယွန်းနှင့်ကျွန်မ ပြိုင်တူလိုလို လှည့်ကြည့်လိုက်တော့ ဆီဇာ့သူငယ်ချင်း ကိုစောသိန်းဝင်းကို တွေ့လိုက်ရသည်။ ယွန်းက မော်ဒယ်လ် သင်တန်းမှ ပြန်လာကြောင်း ပြောတော့ စောသိန်းဝင်းက .....





"ကျွန်တော်တောင် ..... ယွန်းတို့သင်တန်း လာတက်ရင် ကောင်းမလား မသိဘူး"

အရပ်ပုရသည့်ကြားထဲ စည်ပိုင်းတစ်လုံးလို ဝဖိုင့်သော ခန္ဓာကိုယ်နှင့် ဤပုဂ္ဂိုလ်သာသင်တန်းလာတက်ပါက သင်တန်းတော့ ပျက်မည်ပျက်တော့မှာပဲ ဟု ကျွန်မ တွေးနေစဉ်မှာပင် ယွန်းက စောသိန်းဝင်းကို ပြောလိုက်သည်။

"ကျွန်မတို့သင်တန်းကအမျိုးသားလက်မခံဘူးကိုစောသိန်းဝင်း၊ တစ်ခုတော့ရှိတယ်၊ ရှင် သိပ်တက်ချင်ရင် မိန်းမလျှာဟန်ဆောင်ပြီး လာတက်ရင်တော့ ဖြစ်နိုင်တယ်"

"အဲဒီလောက် ခက်ခဲနေရင်လဲ နေပါစေတော့ဗျာ၊ သင်တန်း တက်ရပေမယ့် သင်တန်းကို အပို့အကြို လုပ်ခွင့်ရရင်တော့ ဆိုးပါဘူး ..... ဟဲ ..... ဟဲ"

စောသိန်းဝင်း၏ ရှိသဲ့သဲ့စကားကို ယွန်းက ခပ်သွက်သွက်ပင် ငြင်းပြန်လိုက်ပါသည်။

"ဘာလဲ ကိုစောသိန်းဝင်းမိန်းမကို သင်တန်းလာတက်ခိုင်းမို့လား၊ ကောင်းသားပဲ ယွန်းတို့နဲ့အဖော်ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး ယွန်းရာ ..... မိန်းမ မပြောနဲ့ ရည်းစားတောင် မှုးလို့ ရှုစရာမရှိပါဘူးဗျာ"

"ဒါဖြင့်လဲ မမူးအောင် ဆင်ခြင်ပေါ့ရှင်၊ အသောက်အစားလေး ဘာလေး နည်းနည်းလျှော့ပေါ့"

ယွန်း၏စကားကြောင့် စောသိန်းဝင်း၏ မျက်နှာ ရှုံ့မဲ့သွားပြီ ကျွန်မကတော့ သဘောကျစွာ ရယ်မောလိုက်မိသည်။

"ယွန်းနဲ့ စကားနိုင်လုပြောရင်တော့ ရှင် ရှုံးမှာ သေချာတယ် ကိုစောသိန်းဝင်း"

ကျွန်မစကားကြောင့် စောသိန်းဝင်းကခေါင်းညိတ်ဝန်ခံရင်း

"ဟုတ်ပါ့ဗျာ၊ ကျွန်တော်က ဆီဇာနဲ့ပတ်သက်ပြီး ရှေ့နေလေး တစ်ခါလောက်ဝင်လိုက်ပေးခဲ့ဖူးတာနဲ့ ကိုယ့်ကိုယ်ကို ဟုတ်လှပြီ ထင်နေတာ၊ ယွန်းနဲ့တွေ့တော့မှ ကျွတ်တော့တာပဲ"

ဆီဇာဟူသောအမည်ကြောင့် ကျွန်မစိတ်ဝင်စားသွားပါသည်။

"ဆီဇာနဲ့ပတ်သက်ပြီး ရှေ့နေလိုက်ပေးခဲ့ဖူးတယ်ဟုတ်လား ကိုစောသိန်းဝင်း၊ ဘာကိစ္စလဲ"

ကျွန်မ မေးခွန်းကြောင့် စောသိန်းဝင်းက ၎င်း၏စကား လွန်သွားကြောင်း သတိထားမိဟန်ဖြင့် မျက်နှာတစ်ချက် ပျက်သွားသည်။





"ဟိုဒင်း ... အဲ ... သိပ်တော့ ထွေထွေထူးထူးမဟုတ်ပါဘူး"

"ကိုစောသိန်းဝင်းကြီးနော် စကားစတုန်းကစပြီး ခုမှဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့၊ ဘာကိစ္စအတွက် ရှေ့နေလိုက်ပေးတာလဲ ပြော ...."

ကျွန်မအတွက် အလွန်အားကိုးရသော ယွန်းက ခပ်တည်တည် မေးသဖြင့် စောသိန်းဝင်းက ခေါင်းတစ်ချက်ကုတ်ရင်း .....

"ဒီကောင်ကြီး လက်ထပ်ပွဲတုန်းက ကိစ္စပါ၊ အဲဒီတုန်းက ဘကန့်ကွက်တဲ့ကောင်မလေးကို ဆီဇာနဲ့ ပတ်သက်ခဲ့ဖူးရမယ်လို့ ဂျူလီယာတို့ဘက်က တစ်ထစ်ချတွက်ထားတာ .... အဲဒါ လုံးဝ မဟုတ်တဲ့ အကြောင်း ဆီဇာ့ဘက်က ရှေ့နေလိုက်ပြီး ဂျူလီယာ့ကို ကျွန်တော်က ရှင်းပြလိုက်တာ"

"ဂျူလီယာ ယုံသွားသလား"

"ယုံမယုံတော့ မသိဘူး၊ အဲဒီနောက်ပိုင်းဆက်ဆံရေးက အရင် လောက် မတင်းမာတော့တာတော့ အမှန်ပဲ၊ ဆီဇာနဲ့ လမ်းမှာ တွေ့ရင်တောင် စကားတွေဘာတွေ ပြန်ပြောတဲ့အဆင့်ရောက်လာ တယ်။ ဆီဇာ့အဘိုးကြီးကတော့ ဂျူလီယာတို့ အိမ်ကိုတောင် အလမ်းငွေလမ်းပြန်ဖောက်နေပြီလို့ပြောတာပဲ၊ ကဲ ... ကျွန်တော်လဲ သွားဦးမယ်၊ ဆီဇာ့ကို သိပ်လွှတ်မထားနဲ့ဦး စနီး"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးစကားကိုအဓိပ္ပာယ်ပါပါပြောသွားပြီး စောသိန်းဝင်း ထွက်ခွာသွားသည်။ ကျွန်မတို့နှစ်ယောက် ကားရပ်ထားရာသို့ လျှောက်လာရင်း ယွန်းက "နင် ဘယ်လိုသဘောရသလဲ စနိုး" ဟု မေးသည်။

"ဘာကိုလဲ ယွန်း"

"ကိုစောသိန်းဝင်း ပြောသွားတဲ့စကားတွေကိုလေ ... ဆီဇာ အဖေက ရွှေလမ်းငွေလမ်း ပြန်ဖောက်နေပြီဆိုတော့ ဂျူလီယာ ဘက်ကို ဆီဇာပြန်ပါသွားရင် နင် ဘယ်လိုလုပ်မလဲ"

"မပါနိုင်ပါဘူးဟာ၊ သူ ဂျူလီယာ့ကိုမှ စိတ်မဝင်စားတာ"

ယွန်းက စိတ်ပျက်ဟန်ဖြင့် ကျွတ်ခနဲ စုတ်တစ်ချက်သပ်လို သည်။

"နင်က လည်မလိုလိုနဲ့ တစ်ခါတစ်ခါတော်တော်ထုံသေးတာ စနိုး။ ခုခေတ်မှာ အချစ်နဲ့လက်ထပ်တာကို လူတော်တော်များများ စည်းခြားထားလိုက်ပြီ၊ ကိုယ်ချစ်တဲ့လူကိုမှ လက်ထပ်မယ် ဆို ခေတ်က ဟိုးအဝေးကြီးမှာ ကျန်ခဲ့ပြီ၊ မင်္ဂလာဆောင် ဆယ် တကယ်ချစ်လို့လက်ထပ်ယူကြတဲ့ မင်္ဂလာဆောင်က ငါးခုပြည့် ကံကောင်း၊ ပြီးတော့ ဆီဇာ့အဖေနဲ့ ဂျူလီယာ့အဖေက စီးပွား အရကော၊ လူမှုရေးအရပါ ပတ်သက်နေကြတာဆို ... အဲဒီ





ဆီဇာသူရစ္စနဲ့ ဂျူလီယာတို့ရဲ့ မင်္ဂလာပွဲ နောက်တစ်ကြိမ် ဖြစ်မလာဘူးလို့ သေချာပေါက် ပြောနိုင်ပါ့မလား"

ယွန်း၏စကားကြောင့် ကျွန်မငိုင်သွားသည်။ ဟုတ်တော့လည်း ဟုတ်တာပဲ။ ယွန်းပြောတဲ့အတိုင်း တကယ် ဖြစ်မလာနိုင်ဘူး လို့ ဘယ်သူအာမခံနိုင်မလဲ။ လူမှုရေးနှင့် စီးပွားရေး တည်းဟူသော နှောင်ကြိုးက ဆီဇာသူရစ္စအား အလွယ်တကူ ချည်နှောင်ဆွဲခေါ်သွားနိုင်ပါသည်။

"နင်ပြောတဲ့အတိုင်း တကယ်ဖြစ်လာခဲ့မယ် ဆိုရင်တော့ ငါ ရှုံးပြီပေါ့ ..... ယွန်း၊ ကစားကွင်းထဲတောင် မဝင်လိုက်ရဘဲ အရှုံး ပေးလိုက်ရမှာ သေချာတယ်"

"ဒါပေမဲ့ ခုချိန်ထိ နင်ကံကောင်းနေပါသေးတယ် စနိုး၊ ဆီဇာက နင့်ပစ်ကွင်းထဲမှာပဲ ရှိနေပါသေးတယ်"

ယွန်းပြောသည့်အတိုင်း သားကောင်က ပစ်ကွင်းထဲ၌ ရှိနေသည့်တိုင် ရှေ့တိုးမလာသေးဘဲ ရပ်တန့်နေသည်ကတော့ ကျွန်မအတွက် စိတ်ပျက်စရာ ကောင်းလှပါသည်။

ရှင် ရှေ့သို့ တိုးလာဖို့သင့်ပြီ ကိုဆီဇာ၊ ရှင် ချဉ်းကပ်လာမယ့် အချိန်ကို ကျွန်မ စောင့်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

(၁၄)

"ဒယ်ဒီ နေကောင်းတယ်နော်"

ရုံးခန်းထဲ၌ ဖက်စ်မှထွက်လာသည့်စာရွက်များနှင့် အလုပ်ရှုပ်နေသော ဒယ်ဒီက သူ့ကို မော့်ကြည့်သည်။

"မင်း ဘာလာလုပ်တာလဲ ဆီဇာ ...."

လကုန်ရက်များ၌ သူ့အသုံးစရိတ်အဖြစ် လစာလာထုတ်လေ့ရှိကြောင်း သိလျက်နှင့် ... ဒယ်ဒီ တမင်မေးနေခြင်းဖြစ်သည်။ ထို့ကြောင့် သူကလည်း ဒယ်ဒီ့အမေးကို တမင်ဖြေလိုက်ရပါသည်။

"ကျွန်တော် ဒါရိုက်တာအဖွဲ့ဝင်လစာ လာထုတ်တာပါဒယ်ဒီ"

"မင်း လစာတော့ အချိန်မှန် လာထုတ်တတ်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ..... ဒယ်ဒီက အချိန်တိကျမှ ကြိုက်မှန်း ကျွန်တော် သိနေလို့ပါ"

"ထားပါတော့၊ မင်း ကုမ္ပဏီလစာယူပြီး ကုမ္ပဏီနဲ့ပတ်သက်လို့တော့ ဘာမှကြည့်ဖော်မရပါလား"

ဒယ်ဒီ သူ့အပေါ် အကြောင်းရှာ၍ တမင်ရစ်နေခြင်းဖြစ်သည်။

"ဒယ်ဒီပဲ ကုမ္ပဏီနဲ့ပတ်သက်ပြီး ဘာမှဝင်ပါစရာမလိုဘူးလို့ ပြောထားလို့ပါ၊ ကျွန်တော်က ဒယ်ဒီ့ကို ကူညီချင်ပါတယ်"

ဒီတော့မှ ဒယ်ဒီ၏ ခပ်တင်းတင်းမျက်နှာက အနည်းငယ် ပြေလျော့သွားပြီး "ကောင်းပြီလေ ... နောက်ပိုင်း ငါ အကူအညီလိုတဲ့ အခါ မင်းကူညီဖို့ မမေ့နဲ့" ဟု ရေရွတ်သဖြင့် သူ စိတ်လက်ပေါ့ပါးစွာ ခေါင်းညိတ်ပြလိုက်သည်။

"စိတ်ချပါ ဒယ်ဒီ၊ ကျွန်တော် လိုလိုလားလား ကူညီပါ့မယ်။ ဒယ်ဒီခိုင်းစရာရှိရင် ကျွန်တော့်ကို အချိန်မရွေး လှမ်းခေါ် လိုက်ပါ"

သူ ဒယ်ဒီ့ကို နှုတ်ဆက်ပြီး လှည့်ထွက်လာခဲ့သည်။ ရုံးခန်း တံခါးအား ဆွဲဖွင့်ပြီး အပြင်သို့ ထွက်လုဆဲဆဲမှာပင် ဒယ်ဒီက "ဆီဇာ" ဟု လှမ်းခေါ်သည်။

"ဘာလဲ ဒယ်ဒီ"





"မင်းပဲ ခိုင်းစရာရှိရင် အချိန်မရွေးခေါ် လိုက်ဆိုကွ ... ငါ အခုပဲ ခိုင်းစရာတစ်ခု သတိရလိုက်မိလို့ ခရီးသွားဟန်လွှဲသဘောနဲ့ ငါ့ကို တစ်ခုလောက် ကူညီစမ်းပါ"

ဖြစ်ရမယ် ... ဒယ်ဒီတို့ကတော့ ဒီလိုပဲ။

ချီပြီးတုပ်ပြီးမှ အပိုင်ရိုက်ချလိုက်ခြင်းဖြစ်သည်။

"ငါ့ဝန်ထမ်းအသစ်တစ်ယောက် မြို့ထဲက အရောင်းပြခန်းကို လွှတ်မလို့ ... အဲဒါ မင်းကားနဲ့ ဝင်ပို့ပေးခဲ့စမ်းပါ"

ဒါလေးများ ဘာခက်တာမှတ်လို့။ သူ လိုက်ပို့ပေးမည့် အကြောင်း ပြောလိုက်တော့ ဒယ်ဒီက .....

"ဒါဖြင့် မင်း ကားထဲကစောင့်နေ၊ ငါ မှာစရာရှိတာမှာပြီး သူ့ကို လွှတ်လိုက်မယ်"

"ဟုတ်ကဲ့"

ကုမ္ပဏီအောက်၌ ရပ်ထားသော သူ၏ ကားထဲ၌ နှစ်မိနစ်လောက် ထိုင်စောင့်အပြီးမှာတော့ ဒယ်ဒီ၏ ကုမ္ပဏီဝန်ထမ်းအသစ်ဆိုသူရောက်ရှိလာပါသည်။ ဝန်ထမ်းအသစ်ကို လှမ်းကြည့်ရင်း .... ဒါကြောင့် ဒယ်ဒီ သူ့အပေါ် တမင် သံပတ်တင်းခဲ့တာကိုး၊ သူ သဘောပေါက်လိုက်၏။

❀



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ဂျူလီယာ … မင်း ဒယ်ဒီ့ကုမ္ပဏီမှာဝင်လုပ်နေမှန်း ကိုယ်မသိခဲ့ရပါလား"

"အိမ်ထဲမှာချည်းပဲအောင်းနေရတာ ငြီးငွေ့လွန်းလို့ အပျင်းပြေ သဘောဝင်လုပ်တာပါ၊ ဒါနဲ့ တို့ကိုလိုက်ပို့ပေးမယ်ဆိုတာ ယူလား"

"သေချာတာပေါ့၊ ဒယ်ဒီ့ရဲ့ ဆွဲခန့်ဒရိုင်ဘာအသစ်လေ၊ ခု (ရှိုးရွမ်း) ကို သွားမှာမဟုတ်လား"

"ဟုတ်တယ် ….. ဒါပေမဲ့ ဆီဇာအချိန်ရမယ်ဆိုရင် တို့ကို အအေးဆိုင်ကောင်းကောင်းတစ်ခု အရင်ဝင်ပို့ပေးပါလား၊ ရေငတ်လွန်းလို့ အအေးသောက်ချင်လို့ …."

ရာသီဥတုက အမှန်တကယ် ပူပြင်းသလို သူကိုယ်တိုင်လည်း အအေးတစ်ခွက်လောက် သောက်ချင်နေသည့်တိုင် ဘာကြောင့်မှန်း မသိ၊ ဂျူလီယာ အအေးသောက်ချင်တာ တကယ်မှဟုတ်ရဲ့လား ဟု တွေးလိုက်မိသည်။

အအေးဆိုင်ထဲ ရောက်တော့ ဂျူလီယာက "အန်ကယ်နဲ့ ဆက်ဆံရေး အဆင်ပြေတယ် မဟုတ်လား" ဟု မေးသည်။

"ဒီလိုပါပဲ … ဒယ်ဒီနဲ့ ကိုယ်နဲ့က ကွင်းလယ်ဒိုင်လူကြီးနဲ့ စည်းကြပ်ဒိုင်လိုပဲ"





"အဲဒါ ဘာကိုပြောတာလဲ"

"ဩော် … သဘောထားချင်း အမြဲတမ်းတစ်ထပ်တည်း မကျနိုင်ဘူးလို့ဆိုလိုတာပါ။ ဒါပေမဲ့ သူက ကွင်းလယ်ဒိုင်လူကြီး ဆိုတော့ သူ့အဆုံးအဖြတ်ကိုပဲ အတည်ယူရတာပေါ့"

သူ့ဥပမာကြောင့် ဂျူလီယာက ခပ်သဲ့သဲ့ပြုံးသည်။

"တို့တောင် ဆီဇာ့ကို အိမ်ပြန်ခေါ်ထားဖို့ အန်ကယ့်ကို တိုက်တွန်းထားသေးတယ်"

မည်သည့် ရည်ရွယ်ချက်နှင့် ပြောလိုက်မှန်း မသိသော်လည်း ထိုစကားကို ပိုင်းခြားစိတ်ဖြာကြည့်မည်ဆိုပါက အဓိပ္ပာယ်မှာ ….. ဂျူလီယာ သူ့ဘက်မှ ရပ်တည်ပေးနေသည့်သဘောပင် ဖြစ်သည်။

တကယ်ဆိုလျှင် … ရုပ်ပျက်ဆင်းပျက်နိုင်စွာ အရှက်တကွဲ ဖျက်စီးခဲ့ရသော မင်္ဂလာပွဲကြောင့် ဂျူလီယာ သူ့အပေါ် စိတ်ဆိုးသင့်သလို အခဲမကျေနိုင်စွာ နာကြည်းသင့်ပါသည်။ သို့ပါလျက် သဘောထား ပြည့်ဝစွာ သူ့အပေါ် သူငယ်ချင်းတစ်ယောက်လို ဆက်ဆံနေနိုင်သော ဂျူလီယာ့ကို သူ နားမလည်နိုင်အောင် ဖြစ်နေသည်။

"ဂျူလီယာ့ကို ကိုယ်တစ်ခုလောက် မေးချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ ဆီဇာ"

"လက်ထပ်ပွဲပျက်သွားတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဂျူလီယာ ဘယ်လိုမှ မခံစားခဲ့ရဘူးလား"

သူ့မေးခွန်းကြောင့် ဂျူလီယာ ခပ်တွေတွေ ငေးငိုင်သွားပြီး သဲ့သဲ့ရှိုက်လိုက်သည်။

"မခံစားဘဲ နေပါ့မလား ဆီဇာ ... ခံစားခဲ့ရတာပေါ့၊ အဲဒီကိစ္စကြောင့် တို့ အရမ်းတုန်လှုပ်ခဲ့ရသလို ဒေါသလဲ ထွက်ခဲ့ရတယ်၊ ပြီးတော့ ... ဆီဇာကိုလဲ သိပ်စိတ်ဆိုးမိတယ်။ ဒါပေမဲ့ ... တို့စိတ်ကို တတ်နိုင်သမျှ ဖြေခဲ့တယ်၊ အဲဒီကိစ္စတွေကိုလဲ မေ့နိုင်အောင် ကြိုးစားခဲ့တယ်"

"ခု မေ့နိုင်ပြီလား ဂျူလီယာ"

"လုံးလုံး မမေ့နိုင်သေးတောင် ..... အရင်ကလောက်တော့ သတိတရနဲ့ ခံစားမနေရတော့ဘူး ဆိုပါတော့"

"မင်းဟာ တော်တော် အံ့သြဖို့ကောင်းတဲ့ မိန်းကလေးပဲ ဂျူလီယာ"

သူ့မှတ်ချက်စကားကြောင့် ဂျူလီယာ ခပ်သဲ့သဲ့ ပြုံးရင်း ခေါင်းညိတ်သည်။





"တို့ကိုယ် တို့လဲ နားမလည်နိုင်အောင် ဖြစ်ခဲ့ရတယ်၊ မိန်းကလေးတစ်ယောက်ရဲ့ဘဝမှာ ဒီလောက် နာကြည်းစရာ ကောင်းတဲ့ကိစ္စတစ်ခုကို ခုလို လွယ်လွယ်ကူကူဖြေသိမ့်နိုင်တာဟာ ဘာကြောင့်ကို အံ့သြစရာပဲ၊ တို့စိတ်ထင်တော့ ....."

ထစ်ငေါ့စွာ ရပ်ဆိုင်းသွားသော ဂျူလီယာ့စကားအဆုံး "ဆက်ပြောပါ ဂျူလီယာ" ဟု သူ တိုက်တွန်းလိုက်တော့ ဂျူလီယာက သူ့ကိုမကြည့်ဘဲ ခပ်တိုးတိုးဆက်ပြောသည်။ ဂျူလီယာ့အသံက အလွန်တိုးညင်းသော်လည်း စားပွဲတစ်လုံးတည်း မျက်နှာချင်းဆိုင်ထိုင်နေသော သူကတော့ ကောင်းစွာကြားလိုက်ရပါသည်။

"တို့ ... ဆီဇာ့ကို သံယောဇဉ်ရှိလွန်းလို့ဖြစ်မယ်ထင်တာပဲ"

လည်ချောင်းတစ်လျှောက် စီးဆင်းသွားသော စတော်ဘယ်ရီ ရည်တို့က စေးစေးကထက် ပိုအေးနေသလို ခံစားလိုက်ရသည်။

❖ ❖ ❖

"ဘာကယ်ပြောနေတာလား စန်း"

"ဘာလဲ ... ကျွန်မက အပျင်းပြေနောက်နေတာလို့ ရှင် ထင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ကိုယ်တို့ထိုင်တဲ့ အအေးဆိုင်နဲ့ စနိုးထိုင်တဲ့ ဆိုင် တစ်ဆိုင်တည်း ဖြစ်နေတာကို အံ့ဩလွန်းလို့ပါ"

သူ့စကားကြောင့် တယ်လီဖုန်းထဲမှ စနိုး၏ ရယ်မောသံက ခပ်လွင်လွင်ထွက်ပေါ် ၍လာသည်။

"ဘာမှအံ့ဩစရာ မလိုပါဘူး ... ကိုဆီဇာ၊ လောကကြီးမှာ တိုက်ဆိုင်မှုဆိုတာ နေရာတိုင်းမှာ ရှိတတ်တာပဲ၊ ရှင်က စတိုင် ဘောင်းဘီအပြာနုရောင်နဲ့ စပို့ရှပ်ဝတ်ထားတယ်၊ ဟိုအမျိုးသမီးက တော့ အသည်းကွဲရောင်ဝမ်းဆက်နဲ့ ကျွန်မပြောတာ မှန်ရဲ့လား"

ဖုန်းထဲမှ စနိုး၏ စွပ်စွဲချက်ကို ဟုတ်မှန်ကြောင်း သူ ဝန်ခံလိုက် ရပါသည်။ စနိုး၏ မလိုတမာလေသံ ဟု ယူဆရသော ခနဲ့မှန်းရ ခက်သည့် အသံတစ်မျိုးဖြင့် ရေရွတ်သည်။

"ရှင်တို့နှစ်ယောက်ကြည့်ရတာ တော်တော့်ကို ပျော်နေကြတဲ့ ပုံပဲ။ ရှေ့သွားနောက်လိုက်လဲ တော်တော်ညီတာပဲ ကိုဆီဇာ"

စနိုး၏ ရိသဲ့သဲ့စကားကို တုံ့ပြန်ချေပရန် သူ စဉ်းစားနေစဉ်မှာ ပင် "ဂျူလီယာက တော်တော်လှတာပဲနော်" ဟု စနိုးက မှတ်ချက် ချသည်။ ဂျူလီယာဟူသောအမည်နာမအား စနိုးက ပေါ့ပေါ့ပါးပါး ရေရွတ်လိုက်ခြင်းဖြစ်သော်လည်း သူကတော့ တအံ့တဩ ငေးငိုင် သွားရပါသည်။





"ဂျူလီယာ ..... ဟုတ်လား စနိုး"

"အင်းလေ ... ဘာလဲ၊ ရှင်က ... ရှင်နဲ့အတူတူ အအေးဆိုင် [illegible]ခဲ့တဲ့ အမျိုးသမီးဟာ ဂျူလီယာမဟုတ်ဘူးလို့ ငြင်းမလို့လား"

"ဟင့်အင်း၊ မငြင်းပါဘူး"

"ဒါဖြင့် ... ရှင်က ဘာဖြစ်လို့ ဒီလောက်တောင် အံ့ဩသွားရ [illegible]လဲ"

"ဘာဖြစ်လို့ အံ့ဩသွားရသလဲဆိုတော့ မင်းကို ဂျူလီယာနဲ့ [illegible]ခါမှ မိတ်ဆက်မပေးဖူးသလို ဂျူလီယာ့ဓာတ်ပုံကိုလဲ တစ်ခါမှ [illegible]ခဲ့ဖူးဘူးလေ၊ ဒါနဲ့တောင် မင်းက ဂျူလီယာပါလို့ သေချာပေါက် [illegible]ပြောလာတာကို ကိုယ် မအံ့ဩသင့်ဘူးလား ... စနိုး၊ နေစမ်းပါဦး၊ [illegible]လီယာကို မင်း ဘယ်တုန်းက သိနေတာလဲ"

သူ့မေးခွန်းအဆုံး တစ်ဖက်မှ တိတ်ဆိတ်သွားလိုက်ပုံမှာ [illegible]ယ်လီဖုန်းချသွားသလား ဟုပင် ထင်ရလောက်ပါသည်။ "ကိုယ် [illegible]ဘာကို ဖြေဦးလေ ... စနိုး" ဟု ပြောလိုက်သည့်တိုင် စနိုးက [illegible]ကြာအောင် ငြိမ်သက်နေသေး၏။ တအောင့်ကြာတော့မှ စနိုး [illegible]ားစသည်။

"ကျွန်မက ရှင့်မိတ်ဆွေလို့ ပြောလို့ရသလို၊ ရှင့်ရဲ့အရင်းနှီးဆုံး [illegible]ယ်ချင်းလို့လဲ ပြောလို့ရတယ် မဟုတ်လား ကိုဆီဇာ၊ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ရဲ့ မိတ်ဆွေသူငယ်ချင်းတစ်ယောက်အနေနဲ့ ရှင်နဲ့ စေ့စပ်ပြီးမှ လက်ထပ်ပွဲပျက်လို့ လက်မထပ်ဖြစ်ခဲ့တဲ့ အမျိုးသမီးတစ်ယောက်ကို သိမနေနိုင်ဘူးလား"

"ကိုယ့်စိတ်ထင်တော့ အဲဒီလို သိနိုင်ဖို့အခွင့်အလမ်း သိပ်ကို နည်းပါးလွန်းတယ်လို့ ထင်တယ်"

သူ ခပ်ပြတ်ပြတ် တုံ့ပြန်လိုက်တော့ စနိုးက ခေတ္တတုံ့ဆိုင်း ငြိမ်သက်သွားပြီးမှ သူ့အား ပြောသည်။

"ရှင့်ကိုစိတ်ဝင်စားတဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ ဆိုရင်တော့ ရှင်နဲ့ ပတ်သက်သမျှတွေကို သိအောင်လုပ်ဖို့ကိစ္စက သိပ်မခက်ခဲပါဘူး ကိုဆီဇာ၊ ကဲ ... ဒီလောက်ဆိုရင် ကျွန်မအဖြေကို ရှင်ကျေနပ်ပြီလား"

စကားဆုံးသည်နှင့် သူ့ဘက်မှ အဖြေကိုပင် စောင့်ဆိုင်းမနေတော့ဘဲ စနိုးဖုန်းချသွား၏။

"ရှင့်ကို စိတ်ဝင်စားတဲ့ ..... မိန်းကလေးတစ်ယောက် အနေနဲ့ တဲ့ ....."





ဒါဟာ စနိုးရဲ့ ရိုးသားပွင့်လင်းမှုတစ်ခု ဖြစ်နိုင်သလို သူ့အား အတိအလင်း စိန်ခေါ်ခြင်းတစ်မျိုးလည်း ဖြစ်နိုင်ပါသည်။ တစ်နေ့တည်းမှာပင် အမျိုးသမီးနှစ်ယောက်ထံမှ ထူးဆန်းသောစကားတို့ကို သူ ကြားခဲ့ရခြင်းဖြစ်ပြီး ထိုအဖြစ်အပျက်က သူ့အား အတော်ညဉ့်နက်သည်အထိ အိပ်၍မပျော်နိုင်အောင် ဖြစ်စေခဲ့သည်။

ဂန်ပါပါတစ်ချက် ဖွာ

◈ ◈ ◈

ဘရက်ကောင်းကောင်း
ခလေးအနက်ဖြစ်စေလို
၁း၌သာ စီးကရက်ကို
ဖွာတတ်သူဖြစ်သည်။
..ဘရက်တစ်လိပ်ကိုယူ၍ ဖွာနေသဖြင့်
..ဘိုးစကားကျယ်များပြောလာမလဲဟု သူ နားစွင့်နေ



www.burmeseclassic.com

www.burmeseclassic.com

"ရှင့်ကိုစိတ်ဝ
တော့ ရှင်နဲ့ ပတ်သ
မခက်ခဲပါဘူး ကိုဆိ
ရှင်ကျေနပ်ပြီလား"

စကားဆုံးသ
တော့ဘဲ စနိုးဖုန်းချသွားေ....

"ရှင့်ကို စိတ်ဝင်စားတဲ့ ..... မိန်းကလေးတ . .
တဲ့ ....."



(၁၅)

စောသိန်းဝင်းက စီးကရက်ကို မီးညှိပြီး ဟန်ပါပါတစ်ချက် ဖွာရှိုက်လိုက်၏။

တကယ်တော့ စောသိန်းဝင်းက စီးကရက်ကောင်းကောင်းသောက်တတ်သူမဟုတ်။ ၎င်း၏စကားကို အလေးအနက်ဖြစ်စေလိုသောအခါများနှင့် စတိုင်ထုတ်လိုသောအခါများ၌သာ စီးကရက်ကိုမီးညှိပြီး အငွေ့တထောင်းထောင်းထအောင် ဖွာတတ်သူဖြစ်သည်။ ယခုလည်း သူ့ဘူးထဲမှ စီးကရက်တစ်လိပ်ကိုယူ၍ ဖွာနေသဖြင့် ဘယ်လိုစကားကြီးစကားကျယ်များပြောလာမလဲဟု သူ နားစွင့်နေမိသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



စီးကရက်တစ်လိပ်နှင့် အတန်ကြာ ဟန်လုပ်နေပြီးမှ သူ ထင်သည့်အတိုင်း စောသိန်းဝင်း စကားစတင်လာသည်။

“မင်းအနေနဲ့ တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်သင့်ပြီ ဆိုဗ”

“ငါက ဘာကို ပြတ်သားရမှာလဲ”

ပုလင်းထဲမှ လက်ကျန်ဘီယာအား ပက်ထရစ်ခွက်ထဲသို့ ငှဲ့ပေးလိုက်ရင်း သူ ပြန်မေးလိုက်တော့ စောသိန်းဝင်းက စိတ်ပျက်ဟန်ဖြင့် စုတ်တစ်ချက် သပ်လိုက်သည်။

“မင်းက တစ်ခါတစ်ခါ လည်မလိုလိုနဲ့ တော်တော်အူတဲ့ကောင်ပဲ၊ ခု … ဂျူလီယာ မင်းအပေါ် မပြတ်ဘူးဆိုတာ သေချာသလောက်ဖြစ်နေပြီ၊ မပြတ်ဘူးဆိုတော့ အချိန်မရွေး ရှေ့ဆက်လို့ရတဲ့သဘောပဲ၊ စနိုးကလဲ မင်းကို စိတ်ဝင်စားနေတဲ့အကြောင်း အတိအလင်း ဖွင့်ပြောလာတယ်။ အဲဒီတော့ မင်းအနေအထားက ဘယ်ကွေ့ကွေ့၊ ညာကွေ့ကွေ့ ကွေ့ချင်တဲ့ဘက် ကွေ့လို့ရတဲ့ လမ်းဆုံက မော်တော်ကားလိုပဲလေ၊ ငါဆိုလိုတာက …..”

“ရှည်လိုက်တာ သိန်းဝင်းရာ၊ ဂျူလီယာနဲ့ စနိုး ကြိုက်တဲ့ တစ်ယောက်ရွေးလို့ ပြောလိုက်ရင် ပြီးနေတဲ့ဥစ္စာ”





ပက်ထရစ်က စိတ်မရှည်ဟန်ဖြင့် ဝင်ပြောတော့ စောသိန်းဝင်းက ခေါင်းညိတ်ရင်း …..

“ဟုတ်တယ်၊ ပက်ထရစ်ပြောတဲ့အတိုင်းပဲ၊ မင်းအနေနဲ့ ရွေးချယ်ပိုင်ခွင့်ရှိနေပြီ ဆိုဗ၊ ပြီးတော့ ပြတ်ပြတ်သားသားရွေးချယ်ဖို့လဲ လိုအပ်နေပြီ”

စောသိန်းဝင်းတို့ပြောသည့်အတိုင်း ဆိုပါက သူ တစ်ခုခုကို ဆုံးဖြတ်ရတော့မည် ဖြစ်သည်။ သို့သော် ထိုသို့ဆုံးဖြတ်ရန် သူ မပြတ်မသားနှင့် တွေဝေနေမိသည်။

ပက်ထရစ်က အသားလုံးကြော် ပလုတ်ပလောင်းစားရင်း လှမ်းမေးသည်။

“ကဲ … ဘယ်လိုလဲ၊ မင်း ဘယ်လိုဆုံးဖြတ်မလဲ”

“လောလောဆယ်တော့ ဘာကိုမှ မဆုံးဖြတ်ချင်သေးဘူး၊ အခြေအနေကို စောင့်ကြည့်ချင်သေးတယ်”

“ဘာလဲ၊ တစ်ယောက်ယောက်က မင်းကို ခိုးပြေးတဲ့အချိန်အထိလား”

“မဟုတ်ပါဘူး၊ တစ်ခုခု သဲကွဲသွားရုံလောက်ပါ”

“နေစမ်းပါဦး၊ ခု … ဘာက မသဲမကွဲ ဖြစ်နေလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



စောသိန်းဝင်းက အားမလိုအားမရဟန်ဖြင့် လှမ်းမေးတော့ ဒ
ပခုံးတွန့်ရင်း ပြန်အဖြေပေးလိုက်သည်။

"မသဲကွဲတာကတော့ ငါကိုယ်တိုင်ပဲ စောသိန်းဝင်း"

သူ့စကားအဆုံး စောသိန်းဝင်းက ခပ်ကြောင်ကြောင် လှ
ကြည့်ပြီး ပက်ထရစ်ကတော့ ခေါင်းယမ်းသည်။

"ဆိုစမ်းပါဦး၊ မင်းက ဘာကိစ္စ မှုန်ဝါးဝါးဖြစ်နေရတာလဲ"

သူ ဘီယာလက်ကျန်ကို မော့ချလိုက်ပြီးမှ ခပ်ဆိုင်းဆိုင်း စကာ
စလိုက်သည်။

"ပွင့်ပွင့်လင်းလင်းပြောရရင် .... စနိုးကို စိတ်ဝင်စားတယ်၊ သူ
အပြောအဆို၊ အမူအရာကစပြီး သူနဲ့ရင်းနှီးသွားပုံကအစ ငါ့အတွ
စိတ်ဝင်စားစရာကောင်းနေတာအမှန်ပဲ၊ ဒါပေမဲ့ ... ငါ သူ့ကို တကယ်
ချစ်ရဲ့လားဆိုတာ ငါ့ကိုငါ မသေချာဘူး"

"ငါ့အထင် ပြောရရင်တော့ မင်း ခုလိုဖြစ်နေတာကိုက စနိုးက
ချစ်နေလို့ပဲ"

ပက်ထရစ်က အလွတ်သေချာသောလေသံဖြင့်ဝင်ပြောသည်

"မင်းပြောသလို ဖြစ်ကောင်းဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ... ငါ
အတွက်တော့ ... အဲဒီကိစ္စက ခုချိန်ထိ ဇဝေဇဝါ ဖြစ်နေတုန်း
ပက်ထရစ်၊ ပြီးတော့ ဂျူလီယာနဲ့ ပတ်သက်ပြီး နှောင်ကြိုးတွေ





များလွန်းတယ်၊ အထူးသဖြင့် ဒယ်ဒီ့ဆန္ဒကို ငါ မဆန့်ကျင်ချင်ဘူး။
ခု ... ဂျူလီယာက ငါ့အပေါ် သံယောဇဉ်ရှိနေမှန်း သိလိုက်ရတော့
ငါ့အတွက် စဉ်းစားရ ပိုခက်သွားတယ်"

စောသိန်းဝင်းက ..... သူ့စကားအား သဘောမတူဟန်ဖြင့်
ခေါင်းခါရင်း .....

"လွယ်တယ်၊ ခက်တယ်ဆိုတာ မင်းကြည့်တဲ့ ရှုထောင့်နဲ့လဲ
ဆိုင်သေးတယ် ဆိုဇာ၊ စနိုးကို ရွေးချယ်ဖို့ဆိုရင် ပိုခက်သွားတယ်လို့
ဆိုနိုင်ပေမယ့် ဂျူလီယာနဲ့ ဇာတ်လမ်းပြန်ဆက်ဖို့ ဆိုရင်တော့ ပိုပြီး
လွယ်သွားတယ်လို့ ပြောရလိမ့်မယ်၊ အရေးကြီးတာက မင်း ဘာဖြစ်
ချင်သလဲ ကိုယ့်ကိုယ်ကို သေချာဖို့ပဲ"

"ငါ့အတွက် ပြဿနာတက်နေတာကလဲ အဲဒါပဲ သိန်းဝင်း၊ ငါ
ဘာဖြစ်ချင်သလဲ ငါကိုယ်တိုင် မသေချာသေးတာပဲ"

စောသိန်းဝင်းအား သူ အမှန်အတိုင်းပြောလိုက်ခြင်းဖြစ်သည်။

❖ ❖ ❖

တစ်စုံတစ်ရာကို ရွေးချယ်ဆုံးဖြတ်ရန် သူ လေးဖင့် တွေဝေ
နေခဲ့သော်လည်း ဒယ်ဒီကတော့ အနည်းငယ်မျှ တွေဝေခြင်းမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ ဂျူလီယာ အအေးဆိုင်တွေ ဘာတွေ အတူတူ ထိုင်တယ်ဆိုကွ ...."

ဒယ်ဒီ သူ့ထံသို့ ဖုန်းဆက် မေးမြန်းလာခဲ့ခြင်း ဖြစ်သည်။ ဒယ်ဒီ့ကိုဘယ်သူပြောလဲဟု သူ မေးတော့ ဘယ်သူရှိမလဲ၊ ဂျူလီယာ ပေါ့ကွ ဟု ဒယ်ဒီက ခပ်ကြွားကြွား ပြန်ပြောပါသည်။

"သူက တမင်လာပြောတာ မဟုတ်ပါဘူး၊ ငါက အစ်အောက်ပြီး အတင်းမေးလို့ပါ"

"ဟုတ်ကဲ့၊ ကျွန်တော်လဲ အဲဒီလိုပဲ ထင်ပါတယ်"

လူတစ်ဖက်သားထံမှ သိချင်သောအကြောင်းအရာကို မရအရ မေးမြန်းရာ၌ ဒယ်ဒီက ပြိုင်ဘက်ကင်းသူဖြစ်၏။

"အအေးဆိုင်တွေ ထိုင်တဲ့အဆင့် ရောက်ပြီဆိုတော့ မင်းတို့ အခြေအနေက တိုးတက်လာပြီလို့ ပြောလို့ရမှာပေါ့၊ ဆက်ကြိုးစား ဆီဇာ၊ ငါ မင်းဆီက သတင်းကောင်း ပြန်ကြားချင်တယ်"

"ဒီအပတ် ကျွန်တော် ထိမထိုးထားဘူး ဒယ်ဒီ"

"ဘာဆိုင်လို့လဲ"

"ဒယ်ဒီပဲ သတင်းကောင်းကြားချင်တယ်ဆို ...."





"ရှစ် ... ငါဆိုလိုတာက ဂျူလီယာနဲ့ မင်းနဲ့ ပြန်အဆင်ပြေသွားပြီဆိုတဲ့ သတင်းမျိုးကို ပြောတာကွ"

"အဲဒီလိုဖြစ်ဖို့ တော်တော်ခက်လိမ့်မယ်ထင်တယ် ဒယ်ဒီ"

"ဟကောင်ရ၊ ဝမ်းနှုတ်ဆေးစားပြီး အိမ်သာတက်တာတောင် ချက်ချင်းအဆင်ပြေချင်မှပြေတာ၊ အခက်အခဲဆိုတာ နေရာတိုင်းမှာ အနည်းနဲ့အများတော့ ရှိမှာပေါ့ကွ၊ ကြိုးစားရမှာက ကိုယ့်တာဝန်ပဲ"

"ထားပါတော့၊ သူနဲ့ ကျွန်တော် အဆင်ပြေသွားပြီဆိုရင် ဒယ်ဒီက ဘာလုပ်မှာလဲ"

"ဘာလုပ်ရမှာလဲ၊ မင်းတို့နှစ်ယောက်ကို ပေးစားမှာပေါ့ကွ"

ဒယ်ဒီ့အဖြေက အလွန်ပြတ်သားလှပါသည်။

"ငါ မင်းတို့နှစ်ယောက်ကို ဘယ်လောက် နီးစပ်စေချင်သလဲ၊ မင်္ဂလာပွဲကို ဘယ်လောက်ဖြစ်စေချင်သလဲ ဆိုတာ မင်းအသိဆုံးပဲ ဆီဇာ၊ ငါမသေခင် စိတ်ချမ်းသာသွားချင်တယ်ကွာ"

ဒယ်ဒီက တောင့်တောင့်တတ ရေရွတ်လိုက်၏။ ဒီလိုဆိုတော့ လည်း သူ စိတ်မကောင်းဖြစ်ရပါသည်။ ထို့ကြောင့် ဂျူလီယာနှင့် ဆက်သက်၍ သူ တတ်နိုင်သမျှ ကြိုးစားမည့်အကြောင်း ဒယ်ဒီ့ကို ပြန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ဒယ်ဒီက စိတ်လက်ပေါ့ပါးသွားဟန်ဖြင့် ..... "ငါ ရှန်ပိန်ပုလင်းတွေ ဝယ်ထားလိုက်တော့မယ်" ဟု ဆိုသည်။

"ရှန်ပိန်က ဘာလုပ်ဖို့လဲ ဒယ်ဒီ"

သူ နားမလည်သလို မေးလိုက်တော့ ဒယ်ဒီက "ငတုံး" ဟု ရေရွတ်ရင်း ခပ်ဆောင့်ဆောင့်လေသံဖြင့် ....

"မင်းတို့မင်္ဂလာဆောင်ကျရင် ညှော်သည်တွေ တိုက်ဖို့ပေါ့ကွ ပထမတစ်ခေါက်တုန်းက တိုက်မှ မတိုက်လိုက်ရတာ"

ဂျူလီယာနှင့် သူ၏ရှေ့ရေးအတွက် ယခုတိုင်အောင် ဒယ်ဒီ စိတ်မလျှော့သေးဘဲ မျှော်လင့်ကြီးစွာ စိတ်ကူးယဉ်နေဆဲဖြစ်၏ ဒယ်ဒီ ဖုန်းချသွားတော့ အတွေးများစွာဖြင့် သူ ငေးငိုင်ကျန်ရစ် လေသည်။ သူ၏အတွေးထဲ၌ စနိုးနှင့် ဂျူလီယာတို့၏ မျက်နှာအား တစ်လှည့်စီ ရစ်ဝဲမြင်ယောင်နေမိသည်။

❁ ❁ ❁



(၁၆)

ခေါင်းလောင်းသံကြောင့် တံခါးလက်ကိုင်ဖုအား လှည့်ကာ ဆွဲဖွင့်လိုက်ချိန်အထိ ပက်ထရစ်နှင့်စောသိန်းဝင်းတစ်ယောက်ယောက် ဖြစ်လိမ့်မည်ဟု သူ ယူဆထားခဲ့သော်လည်း နှင်းဆီရောင် အပြုံး တစ်ပွင့်နှင့်အတူ အထုပ်တစ်ထုပ်ကို ကိုင်လျက် ရပ်နေသော ဂျူလီယာကို တွေ့လိုက်ရသဖြင့် သူ အံ့အားတသင့်ဖြစ်သွားရသည်။

"ယူ ... အိမ်မှာ ရှိမှ ရှိပါ့မလားလို့"

"ပျင်းတာနဲ့ ဘယ်မှမသွားဘဲ အင်္ဂလိပ်လူနာအခွေ ထိုင်ကြည့် နေတာ၊ အိမ်ထဲဝင်လေ ဂျူလီယာ"

"မဝင်တော့ဘူး၊ တို့ ယူ့ကို လက်ဆောင်တစ်ခုလာပေးတာ"



www.burmeseclassic.com

www.burmeseclassic.com



ပါကင်ပေပါနှင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကို မြှောက်ပြရင်း ဂျူလီယာက ပြောသည်။

"အိမ်ထဲဝင်ပေးလဲ ရပါတယ် ဂျူလီယာ၊ ခဏဖြစ်ဖြစ် ဝင်ထိုင်ပါဦး၊ ဒါနဲ့ စကားမစပ် ဂျူလီယာ့လက်ဆောင်က ဘာအတွက်လဲ"

"ယူ့မွေးနေ့အတွက်လေ"

"ကိုယ့်မွေးနေ့အတွက် ဟုတ်လား"

မျက်မှောင်ကြုတ်ကာစဉ်းစားနေသောသူ့ကိုကြည့်၍ဂျူလီယာက ပြုံးလိုက်သည်။

"ကိုယ့်မွေးနေ့တောင် ကိုယ်မေ့နေပြီလား ဆီဇာ၊ မနက်ဖြန် ယူ့အသက် နှစ်ဆယ့်ငါးနှစ်ပြည့် မွေးနေ့လေ"

ဒီတော့မှ ကိုယ့်မွေးနေ့ကိုပင် မေ့လျော့နေမိသော ကိုယ့်ကိုယ်ကို ဒေါသဖြစ်သွားမိပြီး ဂျူလီယာမှတ်ဉာဏ်ကောင်းမှုနှင့် သူ့အပေါ် ဂရုတစိုက်ရှိမှုကိုတော့ တလေးတစား အမှတ်ပေးလိုက်မိသည်။

"ကျေးဇူးပဲ ဂျူလီယာ ..... မင်းကြောင့်သာ မဟုတ်ရင် ကိုယ့်မွေးနေ့ကို ဘယ်လောက်ကြာကြာ မေ့နေမိမလဲမသိဘူး"

ဂျူလီယာ့လက်ဆောင်ကို လှမ်းယူရင်း .... ဂျူလီယာကို လိုက်လိုက်လှဲလှဲကျေးဇူးတင်စကားပြောလိုက်သည်။တစ်ဆက်တည်းမှာပင် ရုတ်တရက် စိတ်ကူးပေါ်လာသဖြင့် .....





"ခုလို မွေးနေ့လက်ဆောင် တကူးတက လာပေးဖော်ရတဲ့ အတွက်မနက်ဖြန်ဂျူလီယာ့ကိုတစ်ခုခုလိုက်ကျွေးပါရစေ၊ဂျူလီယာ အားတယ်မဟုတ်လား"

ဂျူလီယာ အနည်းငယ် တုံ့ဆိုင်းနေပြီးမှ "အားတော့ အားပါတယ်၊ ဘာလဲ သူက မွေးနေ့ဧည့်ခံပွဲလုပ်မလို့လား" ဟု မေးသဖြင့် သူ ခေါင်းယမ်းလိုက်သည်။

"ဟင့်အင်း ....... ဆိုင်တစ်ဆိုင်ဆိုင်မှာ တစ်ခုခု သွားစားရုံ လောက်ပါ"

"ဆိုင်မှာချည်းပဲစားနေရတာ မငြီးငွေ့ဘူးလား ဆီဇာ၊ အိမ်မှာပဲ တစ်ခုခုလုပ်စားပါလား"

"ကိုယ်မှ ဟင်းမချက်တတ်တာ"

"ဒါဖြင့်လဲ ဆိုင်ကဟင်းတွေဝယ်ပြီး အိမ်မှာပဲ ပြင်ဆင်စားပေါ့၊ ဆိုင်မှာထက်စာရင် ပိုပြီးလွတ်လွတ်လပ်လပ်နဲ့ နားအေး ပါးအေး ရှိတာပေါ့ ...."

"ကောင်းပြီလေ၊ ဒါဖြင့်လဲ ဂျူလီယာအကြံပေးတဲ့အတိုင်း လုပ်တာပေါ့၊ ဂျူလီယာ လာမယ်မဟုတ်လား"

သူမ ဒုတိယအကြိမ်မြောက် တုံ့ဆိုင်းတွေဝေသွားပြန်သည်။ ပြီးမှ ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် .....



www.burmeseclassic.com

www.burmeseclassic.com



"ပက်ထရစ်တို့ စောသိန်းဝင်းတို့ပါ ခေါ်ထားလိုက်လေ၊ တို့လာခဲ့မယ်"

"အိုကေ၊ ဒါဆို ညနေ ၆ နာရီလောက် ကိုယ့်ရဲ့ ဘတ်ဒေးဒင်နာကို စကြတာပေါ့"

ဂျူလီယာပြန်သွားပြီးနောက် ပက်ထရစ်ဆီသို့ ဖုန်းလှမ်းဆက်ကာ အကျိုးအကြောင်း ရှင်းပြလိုက်ပြီး နောက်တစ်နေ့အစီအစဉ်ကိုပါ သူ ပြောလိုက်သည်။

"ဘယ်ဆိုးလို့လဲ .... ဂျူလီယာက မွေးနေ့လက်ဆောင်တွေဘာတွေ အိမ်တိုင်ရာရောက် လာပေးတယ်ဆိုတော့ အခြေအနေက တော်တော်တိုးတက်နေပြီပဲ"

"အဲဒါအရေးမကြီးဘူး ပက်ထရစ်၊ အရေးကြီးတာက မင်းနဲ့ သိန်းဝင်း ငါ့ဆီကို ငါးနာရီလောက် အရောက်လာခဲ့ကြ၊ ဆိုင်ကမှာတဲ့ ဟင်းပွဲတွေ ပြင်ဖို့ဆင်ဖို့ ငါတစ်ယောက်တည်း နိုင်မှာမဟုတ်ဘူး၊ မင်းတို့ပါ ဝိုင်းကူမှ ဖြစ်မှာ"

"လူလေးသုံးယောက်တည်းစားမှာများ ဆီဇာရာ စားခါနီးမှ အထုပ်ဖြေပြီး ပန်းကန်ထဲ ထည့်လိုက်လဲ ရတာပဲဥစ္စာ၊ ဘာလဲ မင်းက မွေးနေ့ကိတ်တွေ၊ ဖယောင်းတိုင်တွေ၊ ပူဖောင်းတွေနဲ့ ငယ်မူပြန်မလို့လား"





"မဟုတ်ပါဘူး ... ငါက သပ်သပ်ရပ်ရပ်လေးဖြစ်စေချင်လို့ပါ၊ နောက်ပြီး စားမယ့်လူက သုံးယောက်တည်းမဟုတ်ဘဲ လေးယောက်၊ ငါးယောက်လည်း ဖြစ်ချင်ဖြစ်သွားနိုင်တယ်"

"မင်းက ဘယ်သူ့ဖိတ်ဦးမလို့လဲ"

"စနိုးတို့ကို ဖိတ်ရင်ကောင်းမလားလို့၊ ဂျူလီယာနဲ့ စနိုးကို တွေ့ပေးချင်လို့ .... မင်း ဘယ်လိုသဘောရသလဲ"

ပက်ထရစ်ကအနည်းငယ်ငြိမ်သက်သွားပြီးမှ "ကောင်းတယ်" ဟု တစ်ခွန်းတည်း တုံ့ပြန်ပါသည်။ သို့သော် .... စနိုး၏ တုံ့ပြန်မှုကတော့ တစ်မျိုးဖြစ်သည်။

"ဂျူလီယာ ဘတ်ဒေးပရက်ဆင့် လာပေးတာနဲ့ မွေးနေ့ပွဲ တစ်ပွဲဖြစ်သွားတယ်ဆိုပါတော့ ... သူ ရှင့်အပေါ် တော်တော် ဂရုစိုက်တာပဲနော်"

"အဲဒါတော့ ကိုယ်လဲ မပြောတတ်ဘူး စနိုး၊ သူ့ကြောင့်သာ မဟုတ်ရင် ကိုယ့်မွေးနေ့ကို မေ့နေမှာတော့ သေချာတယ်"

"အင်း ..... မနက်ဖြန်မွေးနေ့ပွဲကြီးကတော့ တော်တော် ပျော်စရာကောင်းမှာပဲ"

ခနဲ့သံဖြင့် စနိုးက ရေရွတ်တော့ "မွေးနေ့ပွဲ မဟုတ်ပါဘူး၊ ညစာစားကြတဲ့သဘောပါ" ဟု သူ ပြန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မွေးနေ့ပွဲမဟုတ်ရင် .... ပြန်လည် ပေါင်းစည်းညီညွတ်ရေး အထိမ်းအမှတ် ညစာစားပွဲဆိုပါတော့"

"မင်း ကိုယ့်ကို ရိသဲ့သဲ့မလုပ်ဘဲ စကားမပြောတတ်ဘူးလား စနိုး၊ ခု ... ကိုယ် မင်းကို မနက်ဖြန်လာနိုင်၊ မလာနိုင် မေးနေတာ ဂျူလီယာနဲ့လဲ မိတ်ဆက်ပေးချင်လို့ ..."

သူ အလေးအနက် ပြောလိုက်ခြင်း ဖြစ်သော်လည်း စနိုးက တော့ ထုံးစံအတိုင်း ပေါ့ပေါ့ပါးပါးရယ်မောရင်း .....

"ရှင်တို့ရဲ့ ချစ်ကြည်ရေးညစာစားပွဲကို လာနိုင်လောက်အောင် ကျွန်မ မအားတာ စိတ်မကောင်းပါဘူး ကိုဆီဇာ .... မနက်ဖြန် အဝတ်အစားကုမ္ပဏီတစ်ခုအတွက် ရှိုးတစ်ပွဲလက်ခံထားတာရှိလို့ ဒါပေမဲ့ ရှင့်အတွက် မွေးနေ့လက်ဆောင်ကိုတော့ ကျွန်မ ဆက်ဆက် လာပေးပါ့မယ်"

စနိုးက ညစာစားပွဲလာရန် ငြင်းဆန်သော်လည်း သူ့အတွက် မွေးနေ့လက်ဆောင်လာပေးမည်ဟူသောကတိကိုတော့ မပျက်ခဲ့ပါ။

၎င်း၏စကားအတိုင်း နောက်တစ်နေ့ နေ့လယ်ပိုင်း၌ စနိုး သူ့ အိမ်ကိုရောက်လာပြီး မွေးနေ့လက်ဆောင်အဖြစ် တန်ဖိုးကြီးစပို့ရှပ် တစ်ထည်ပေးပါသည်။





"အဆင်ကတော့ ရှင်နဲ့လိုက်မှာသေချာတယ်၊ ကုမ္ပဏီတစ်ခု က မေတ္တာလက်ဆောင်ရထားတာလေ"

"မင်းတော့ အကုန်အကျတွေ သိပ်များနေတော့မှာပဲ"

သူ နောက်လိုက်တော့ စနိုးက တိုးညင်းစွာ ရယ်မောသည်။ ထို့နောက် အိပ်ခန်းအတွင်းဘက်သို့ တစ်ချက်ဝေ့ဝဲကြည့်ရင်း ....

"ရှင့်ရေချိုးခန်းကို ကျွန်မ ခဏလောက် သုံးလို့ရမလား" ဟု မေးသည်။

"ဘာလဲ .... မင်းတို့အိမ်မှာ ရေမလာလို့ မွေးနေ့လက်ဆောင် ပေးပြီး ရေလာချိုးတာလား"

"ပေါက်ပေါက်ရှာရှာ .... ရှိုးမှာဝတ်ဖို့ အင်္ကျီ တစ်ခါတည်း လဲသွားချင်လို့"

လက်ထဲမှ အဝတ်အစားအိတ်ကိုပုတ်ပြရင်း သူမ ပြောသဖြင့် ရေချိုးခန်းသာမက သူ၏ အဝတ်လဲခန်းကိုပါ အသုံးပြုနိုင်ကြောင်း သူ ပြောလိုက်ပြီး စနိုး လွတ်လပ်စွာ အဝတ်လဲနိုင်ရန် ဝရန်တာ၌ ထွက်ရပ်နေလိုက်သည်။ တအောင့်ကြာတော့ အလွန်ရင်ခုန်ဖွယ် ကောင်းသော အဝတ်အစားအသစ်ဖြင့် စနိုးပြန်ထွက်လာပြီး သူ့အား ကျေးဇူးတင်စကား ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အချိန်မရလို့ သွားလိုက်ဦးမယ် ကိုဆီဇာ၊ ဟက်ပီး ဘတ်ဒေး ပျော်စရာမွေးနေ့ ဖြစ်ပါစေ"

သင်းပျံ့သော ရေမွှေးနံ့တို့ကို ချန်ထားရစ်ခဲ့ပြီး စနီးပြန်သွားချိန်မှာတော့ စားသောက်ဆိုင်မှ လာပို့မည့် ဟင်းလျာတို့ကို စောင့်ဆိုင်းရင်း ... ပန်းကန်ခွက်ယောက်များကို ပြင်ဆင်နေရာချထားခြင်းဖြင့် သူတစ်ယောက်တည်း အလုပ်ရှုပ်နေတော့သည်။

ဟင်းပွဲများ ပြင်ဆင်ခင်းကျင်းရန် အစောကြီးလာခဲ့ပါမည်ဟု အထပ်ထပ် ကတိပေးခဲ့သော ပက်ထရစ်တို့က တော်တော်နှင့် ရောက်မလာဘဲ "နည်းနည်း နောက်ကျမယ်နော်" ဟုသည်ကို ဂျူလီယာက မထင်မှတ်ဘဲ စောစီးစွာ ရောက်ရှိလာခဲ့သည်။

❖ ❖ ❖

"မင်းပြောတော့ ....၊ နောက်ကျမယ်ဆို"

"အစကတော့ နောက်ကျပြီးလာဖို့ပဲ၊ ယူ တစ်ယောက်တည်း ဟင်းပွဲတွေ မနိုင်မနင်း ပြင်ဆင်နေရမှာစိုးလို့ တမင်စောစော ထွက်လာတာ"





စေတနာရိပ်မကင်းသောစကား ဟု သူ သဘောပေါက်လိုက်သည်။

"မင်းအဆုံးအဖြတ်မှန်တယ်လို့ ပြောရမှာပေါ့၊ ဆိုင်က လာပို့သွားတဲ့ ဟင်းတွေ စားပွဲပေါ်ကို ရောက်အောင်လုပ်ဖို့ ကိုယ် တော်တော် ဒုက္ခတွေ့နေတာ"

ဟင်းထုပ်များအား ပန်းကန်ထဲသို့ ဖောက်ထည့်ရန်ကိစ္စက သူ့အတွက် အမှန်တကယ်ပင် အခက်အခဲတစ်ရပ် ဖြစ်နေပါသည်။ ဂျူလီယာက သူ့အဖြစ်ကို ပြုံးကာ "ယူလုပ်နေပုံနဲ့ဆိုရင် ဟင်းတစ်ဝက်လောက်က ပန်းကန်ထဲမရောက်ဘဲ ဘေးကို ဖိတ်ကုန်မှာ သေချာတယ် .... တို့ လုပ်ပေးမယ်"

ဂျူလီယာ၏ ကျွမ်းကျင်မှုကြောင့် အချိန်အနည်းငယ်အတွင်းမှာပင် ညစာစားပွဲက အဆင်သင့် ဖြစ်သွားလေတော့သည်။ ညှိခန်းတွင်းရှိ စားပွဲပေါ်၌ ပြင်ဆင်ထားသော ဟင်းလျာတို့ကို ကြည့်ရင်း "ပက်ထရစ်တို့ကို စောင့်ဖို့ပဲ ကျန်တော့တယ်" ဟု ဂျူလီယာက ရေရွတ်သည်။

"စောင့်မနေနဲ့ ဂျူလီယာ၊ ဒီကောင်တွေကို ဒဏ်ပေးတဲ့အနေနဲ့ ကိုယ်တို့နှစ်ယောက်တည်း အရင်စားနှင့်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပက်ထရစ်တို့ နောက်ကျနေကြခြင်းမှာ သူနှင့် ဂျူလီယာအား တမင်ရှောင်ပေးနေခြင်းကြောင့် ဖြစ်မည်ဟု တွေးလိုက်မိသဖြင့် ဂျူလီယာအား မစောင့်ရန် သူ ပြောလိုက်ခြင်းဖြစ်သည်။

"ကောင်းပါ့မလား ဆီဇာ"

"ကောင်းပါတယ်၊ ဒီညစာစားပွဲ ဖြစ်လာတာ ဂျူလီယာ ကြောင့်ပဲ ..... ဂျူလီယာ ကိုယ့်မွေးနေ့ကို အလွတ်ရမနေခဲ့ရင် ဒီပွဲ ဖြစ်လာမှာမဟုတ်ဘူး၊ ဂျူလီယာ ကိုယ့်မွေးနေ့ကို မှတ်မိတာ အံ့သြစရာပဲ"

အမှန်တကယ်ပင် ရိုးရိုးသားသားချီးကျူးလိုက်သော သူ့စကား အား ဂျူလီယာက မပွင့်တပွင့်ပြုံးသဖြင့် "ဘာပြုံးတာလဲ ဂျူလီယာ" ဟု နားမလည်သလို သူ မေးလိုက်သည်။

"ယူ့မွေးနေ့ကို မှတ်မိနေတဲ့အတွက် အံ့သြတယ် ဆိုလို့ပါ၊ တို့ ယူနဲ့ပတ်သက်ပြီး တော်တော်များများ မှတ်မိနေတယ်ဆိုရင် ယုံပါ့မလားမသိဘူး၊ ယူ့နိုင်ငံသားနံပါတ်ကစပြီး စာမေးပွဲ ခုံနံပါတ် တို့ဆီလာတိုင်း စီးလာတဲ့ကားအမျိုးအစားနဲ့ ကားနံပါတ်တွေကအစ အကုန်မှတ်မိတယ်"

"ဂျူလီယာ့စကားကြောင့် သူ အံ့သြမဆုံးနိုင်အောင်ဖြစ်နေပြီ မှာပင် ဂျူလီယာက ၎င်းထံသို့ သူ ပထမဦးဆုံးရောက်ရှိစဉ်က သူစီး





ကားအမျိုးအစား ကားနံပါတ်နှင့်တကွ နေ့ရက်တို့ကိုပါ အတိအကျ အလွဲအမှားမရှိ ရွတ်ပြလေသည်။ ဘယ်လောက်များ အားကျအံ့သြ ဖို့ကောင်းလိုက်တဲ့ ဦးနှောက်လဲ"

"ကိုယ်တော့ ... ဂျူလီယာ့ မှတ်ဉာဏ်ကို လက်ဖျားခါသွားပြီ၊ ဘကယ့်ကို ရွှေချထားဖို့ကောင်းတဲ့ ဦးနှောက်ပဲ"

သူ လိုက်လိုက်လှဲလှဲ ချီးကျူးလိုက်တော့ ဂျူလီယာက မျက်လွှာချလျက် ရက်ပြုံးတစ်ပွင့်ကိုပြုံးသည်။

"သိပ်လဲအထင်ကြီးမနေနဲ့ဦး ဆီဇာ၊ တို့ ... ခုလိုမှတ်မိနေတာ မှတ်ဉာဏ်ကောင်းလွန်းလို့ မဟုတ်ဘူး"

"မှတ်ဉာဏ်မကောင်းဘဲ ဒီလောက် အသေးစိတ်မှတ်မိနိုင်ပါ့ မလား"

"ကိုယ်စိတ်ဝင်စားတဲ့ကိစ္စမျိုး ဆိုရင်တော့ မှတ်မိနိုင်တာပေါ့ ဆီဇာ ...."

သူ့မျက်နှာအား စိုက်ကြည့်ရင်း ဂျူလီယာ ပြောလာခြင်း ဖြစ်သည်။

ကိုယ် စိတ်ဝင်စားတဲ့ကိစ္စမျိုး ဆိုရင်တော့ ..... တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"အမှန်အတိုင်းဝန်ခံရရင် တို့ ယူ့အပေါ် သံယောဇဉ်ရှိတယ် ဆီဇာ၊ ဒါကြောင့်လဲ လက်ထပ်ပွဲ ပျက်သွားတာတောင် ခုချိန်ထိ ယူ့ကို မိတ်ဆွေတစ်ယောက်လို သဘောထားပြီး ဆက်ဆံနေနိုင်တာ ပေါ့။ တကယ်လို့ လက်ထပ်ပွဲသာ မပျက်ခဲ့ရင် ......"

"ဘာဖြစ်လဲ ... ဂျူလီယာ"

"တို့အတွက် ပျော်စရာကောင်းလိမ့်မယ်ထင်တာပဲ"

ရင်ထဲမှခံစားချက်အား လှစ်ဟပြလိုက်သော ဂျူလီယာ့စကား ကြောင့် လှိုက်ခနဲ ခံစားလိုက်ရသည်။ လက်ထပ်ပွဲက ပျက်သွား မဟုတ်ပါဘူး ဂျူလီယာ ... အဖျက်ခံလိုက်ရတာပါ။

စိတ်အတွေးဖြင့် တစ်ယောက်တည်း တီးတိုးရေရွတ်နေရင်း "ဒီမင်္ဂလာပွဲကို ငါ ဘယ်လောက်ဖြစ်စေချင်သလဲ ဆိုတာ မင်း အသိဆုံးပဲ ဆီဇာ" ဟူသည့် ဒယ်ဒီ့စကားသံကို ဖြတ်ခနဲကြားယောင် လိုက်မိသည်။ ခုချိန်မှာသာ ဂျူလီယာ့ကို ဒုတိယအကြိမ်မြောက် လက်ထပ်ခွင့်တောင်းလိုက်ရင် ဘယ်လိုများနေမှာပါလိမ့်။ အလွန် တကူ ခေါင်းမညိတ်တောင်မှ ခါးခါးသီးသီး မငြင်းဆန်မှာတော့ သေချာတယ်။





(မင်းအနေနဲ့ တစ်ခုခုကို ပြတ်ပြတ်သားသားဆုံးဖြတ်သင့်ပြီ ဆီဇာ)

(ငါ ရှုပ်ပိန်ပုလင်းတွေ ဝယ်ထားလိုက်တော့မယ်)

ရုတ်တရက် .....

သူ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး ဂျူလီယာအား စကား စ လိုက်သည်။

"ကိုယ် .... တစ်ခု စဉ်းစားမိတယ် ဂျူလီယာ၊ တကယ်တော့ ကိုယ်တို့မင်္ဂလာပွဲက ကာယကံရှင်တွေကြောင့် ပျက်သွားတာမျိုး မဟုတ်ဘူး၊ ပြင်ပ ပယောဂတစ်ခုခုကြောင့်အဖျက်ဆီးခံလိုက်ရတာ"

"အဲဒီတော့ ယူပြောချင်တဲ့အဓိပ္ပာယ်က ဘာလဲ"

"ကိုယ်ပြောချင်တာကတော့ ... ဂျူလီယာသာ ဆန္ဒရှိမယ် ဆိုရင် ..."

ရုတ်တရက် အဆက်မပြတ် ထွက်ပေါ်လာသော တံခါး ခေါက်သံ ခေါင်းလောင်းသံက သူ့စကားအား တစ်ဝက်တစ်ပျက်နှင့် ရပ်ဆိုင်း သွားစေသည်။ ဂျူလီယာက ခပ်သဲ့သဲ့ပြုံးရင်း .....

"ပက်ထရစ်တို့ ရောက်လာပြီနဲ့ တူတယ်၊ တံခါး ထဖွင့်ပေး လိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဂျူလီယာ့စကားကြောင့် မထချင်ထချင်နှင့် ထိုင်ရာမှထ၍ အိမ်တံခါးဆီသို့ လျှောက်လာကာ တံခါးကို ဆွဲဖွင့်လိုက်၏။ တံခါးဝ၌ ရပ်နေသူက ပက်ထရစ်မဟုတ်သလို၊ စောသိန်းဝင်းလည်း မဟုတ်ပါ။ သူ လုံးဝမမျှော်လင့်မထားသော စနိုး ဖြစ်နေလေသည်။

"စနိုးပါလား"

"ကျွန်မကြောင့် အနှောင့်အယှက်ဖြစ်သွားပြီနဲ့တူတယ်"

စနိုးက သူ့ကိုကျော်၍ ဧည့်ခန်းထဲ၌ထိုင်နေသော ဂျူလီယာကို တစ်ချက် လှမ်းကြည့်ရင်း ပြောသည်။ စနိုး၏အသံက မကျယ်သော်လည်း ဧည့်ခန်းထဲရှိ ဂျူလီယာကတော့ ကောင်းစွာကြားနိုင်ပါသည်။

"ကိစ္စမရှိပါဘူး စနိုး .... ကိုယ်တို့လဲ ခုပဲ ညစာစားကြတော့ မလို့၊ စနိုးရောက်လာတာ အချိန်မှီပဲ"

"ကျွန်မ ညစာစားဖို့လာတာမဟုတ်ပါဘူး ကိုဆီဇာ၊ နေ့လယ်က အကျီတစ်ထည်ကျန်ခဲ့လို့ လာယူတာပါ"

ဂျူလီယာကို လှမ်းကြည့်လိုက်တော့ ၎င်း၏ မျက်နှာက အနည်းငယ်နီမြန်း၍နေ၏။ သူနှင့် စနိုးအပေါ် ဂျူလီယာ အမြင်တိမ်းစောင်းသွားပြီဖြစ်ကြောင်း သံသယဖြစ်စရာမလိုပါ။





"ကျွန်မ ဝင်ယူမယ်နော် .... ကိုဆီဇာ"

သူ့ထံမှ ခွင့်ပြုချက်ကို စောင့်ဆိုင်းမနေတော့ဘဲ စနိုး သူ့ရှေ့မှ ဖြတ်သန်းကာ အိပ်ခန်းတွင်းသို့ဝင်ရောက်သွားလေသည်။ သက်ပြင်းတစ်ချက်ကိုမှုတ်ထုတ်လိုက်တော့ သူ၏သက်ပြင်းတို့က မီးတောက်များသဖွယ် ပူလောင်ကြွပ်ဆတ်၍နေကြလေသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

“ဂျူလီယာတော့ အထင်လွဲသွားမှာပဲ”

စောသိန်းဝင်း၏ မှတ်ချက်အား ပက်ထရစ်က ခေါင်းညိတ်ထောက်ခံသည်။

“သေချာတာပေါ့၊ အကျီတစ်ထည်ကျန်ခဲ့လို့ လာယူတာပါဆိုတဲ့ စကားက ဂျူလီယာမပြောနဲ့ ငါတို့ကြားရင်တောင် တစ်မျိုးထင်မိမှာအမှန်ပဲ၊ ဖြစ်ချင်တော့ ငါတို့ကလဲ ကားဆီဝင်ထည့်ရင်းဆီဆိုင်မှာ တန်းစီနေရတာနဲ့ နောက်ကျသွားတယ်။ စနိုးမလာဘူးလို့မင်းက အသေအချာပြောထားတော့ ငါတို့နောက်ကျလဲ မင်းနဲ့ဂျူလီယာနဲ့ အေးအေးဆေးဆေး စကားပြောနေကြမှာပဲလို့တွက်ထားတာ .... ခုလိုမျိုး စနိုးရောက်လာလိမ့်မယ်လို့ လုံးဝမတွေးမိဘူး”



www.burmeseclassic.com

www.burmeseclassic.com



ပက်ထရစ်၏ စကားကို နားထောင်ရင်း စားပွဲပေါ်မှ ဟင်းပန်းကန်များကို သူ ငေးကြည့်နေမိသည်။ သူကိုယ်တိုင်လည်း စနိုးရောက်လာလိမ့်မည်ဟု မထင်ခဲ့၊ မမျှော်လင့်ဘဲ စနိုးရောက်ရှိလာခြင်းက အခြေအနေကို တစ်မျိုးတစ်ဖုံ ဖြစ်စေခဲ့သည်။ အကယ်၍ စနိုး ရောက်မလာလျှင်လည်း အခြား အခြေအနေတစ်ရပ်သို့ ပြောင်းလဲ သွားမှာကတော့ သေချာသလောက်ပင်ဖြစ်သည်။

"တကယ်ဆို စနိုးအကြောင်း အစောကြီးကတည်းက ဂျူလီယာကို မင်း ကြိုအသိပေးထားခဲ့ဖို့ကောင်းတယ် .... ဆီဇာ"

"ဟုတ်တယ်၊ အဲဒီတစ်ချက် ငါ လိုသွားတယ်"

"စနိုးရောက်လာတော့ ဂျူလီယာနဲ့ မိတ်ဆက်ပေးလိုက်ရဲ့လား"

သူ ခေါင်းညိတ်ပြလိုက်၏။

စနိုးနဲ့ ဂျူလီယာကို မိတ်ဆက်ပေးရန် သူ မမေ့လျော့ခဲ့ပါ။

"ဂျူလီယာ ... သူ့နာမည်က စနိုးတဲ့"

ဂျူလီယာက မိတ်ဆက်ပေးခံရသူများ ပြုံးလေ့ရှိသော သမားရိုးကျအပြုံးနှင့် ပုံမှန်အတိုင်း တုံ့ပြန်ခဲ့သည်။

"တွေ့ရတာ ဝမ်းသာပါတယ် စနိုး၊ တို့နာမည် ဂျူလီယာပါ"





"ကိုဆီဇာ ပြောပြထားလို့ .... မဂျူလီယာကို ကျွန်မ သိနေပါတယ်"

"ဟုတ်လား .... စနိုးအကြောင်းတော့ သူ တို့ကို တစ်ခါမှ ပြောမပြခဲ့ဘူး"

စနိုးက ညစ်ကျယ်ကျယ် အပြုံးတစ်ခုကို ပြုံးလိုက်ပြီး ....

"စကားမစပ်လို့ ဖြစ်ပါလိမ့်မယ် မဂျူလီယာ၊ ပြီးတော့ သူက သိပ်သတိမေ့တတ်တာ၊ သူ့မွေးနေ့တောင် သူ မေ့နေတာ ကြည့်ပါလား"

စနိုး၏စကားကြောင့် ဂျူလီယာ မျက်နှာတစ်ချက်ပျက်သွားသော်လည်း ချက်ချင်းပင် ဣန္ဒြေဆယ်ကာ ပြုံးလိုက်ပြီး ခပ်အေးအေး တုံ့ပြန်ပါသည်။

"ဟုတ်တယ် ..... စနိုးပြောတာအမှန်ပဲ"

အမျိုးသမီးနှစ်ယောက်၏စကားဝိုင်းက သူနှင့်မဆိုင်သည့်ပမာဖြစ်နေသည်။ တအောင့်ကြာတော့ .....

ပြောစရာစကား ပါးရှားသွားဟန်ဖြင့် တအောင့်ကြာအောင် တိတ်ဆိတ်သွားသော စကားဝိုင်းအား စနိုးက အလုပ်ရှိသေးသဖြင့် ပြန်ခွင့်ပြုရန် ခွင့်တောင်းခြင်းဖြင့် အဆုံးသတ်လိုက်သည်။ စနိုး ပြန်သွားပြီးနောက် ဂျူလီယာအား စကားမရှိစကားရှာကာ သူ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကားပျက်လို့ ကိုယ့်ကိုအကူအညီတောင်းရင်း မိတ်ဆွေဖြစ်သွားကြတာလေ"

"တော်တော်ကြည့်ကောင်းတဲ့ မိန်းကလေးပဲနော်"

"သူနဲ့သိတာ မကြာသေးဘူး၊ ကိုယ့်စိတ်ထင် ...."

"ယူ့မှာ အက်စ်ပရင်ရှိလား ဆိဇာ"

"ဟင့်အင်း၊ ဘာဖြစ်လို့လဲ"

"ညနေက ခေါင်းသွားလျှော်လိုက်မိလို့လား မသိဘူး၊ ခေါင်းနည်းနည်းကိုက်နေလို့"

"ကိုယ့်အိမ်မှာ ဘာဆေးမှဆောင်မထားဘူး ဂျူလီယာ၊ ကိုယ်သွားဝယ်ပေးရမလား"

"နေပါစေတော့ ဆိဇာ .... ဒါနဲ့ စကားမစပ် ပက်ထရစ်တို့လာတဲ့အထိ မစောင့်ဘဲ ပြန်သွားရင် စိတ်များဆိုးမလား မသိဘူး"

"ဂျူလီယာ ပြန်တော့မလို့လား"

"ဟုတ်တယ်၊ တို့ ခေါင်းကိုက်နေလို့"

"ကိုယ် ကားမောင်းပြီး လိုက်ပို့ပေးမယ်လေ"

သူ့လောကွတ်စကားကို ဂျူလီယာက ခေါင်းယမ်းရင်း ငြင်းဆန်ပါသည်။





"ရပါတယ် ဆိဇာ၊ ခေါင်းကိုက်ပေမယ့် တို့ ကားမောင်းနိုင်ပါသေးတယ်"

ကားသော့ကိုကောက်ကိုင်ရင်း ဂျူလီယာ ထိုင်ရာမှ ထရပ်လိုက်သည်။ ဂျူလီယာအား တားဆီးရန်သင့်မသင့် ဇဝေဇဝါဖြစ်နေချိန်မှာပင် "ဟက်ပီးဘတ်ဒေး ဆိဇာ" ဟု နှုတ်ဆက်ကာ ဂျူလီယာပြန်သွား၏။ တကူးတကပြင်ဆင်ထားပြီး တစ်စုံတစ်ရာ အရာမယွင်းသော ညစာစားဝိုင်း၌ (ပက်ထရစ်တို့ ရောက်လာချိန်အထိ) သူတစ်ယောက်တည်း တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့လေသည်။

"ဂျူလီယာကို မင်း ဘာ့မှ ရှင်းမပြလိုက်ဘူးလား"

အေးစက်နေပြီဖြစ်သော ဟင်းချိုပန်းကန်ကို အဓိပ္ပာယ်မဲ့စွာ ဇွန်းဖြင့် မွှေနေရင်းမှ စောသိန်းဝင်း၏ အမေးစကားအား သူခေါင်းယမ်းပြလိုက်သည်။

"ဖြေရှင်းတယ်ဆိုတာ စွပ်စွဲချက်တစ်ခုခုရှိမှ ဖြေရှင်းလို့ရတာ၊ ဂျူလီယာက ဘာမှစွပ်စွဲမသွားဘူး၊ အဲဒီတော့ ရှင်းချင်တာတောင်ရှင်းခွင့်မရလိုက်ဘူး၊ အဲဒါငါ့အတွက် အခံရအခက်ဆုံးပဲ၊ တောက်,.... တိုက်တိုက်ဆိုင်ဆိုင်ကွာ"

"ငါတော့ အဲဒီကိစ္စကို တိုက်ဆိုင်မှုတစ်ခုလို့မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံးငြိမ်သက်နေသော ပက်ထရစ်က ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

"တိုက်ဆိုင်မှုမဟုတ်ရင် တမင်လုပ်ကြံတဲ့သဘောလား"

"ဖြစ်နိုင်တယ်၊ မင်းတို့စဉ်းစားကြည့်လေ၊ ဒီနေ့ ဆီဇာ့အိမ်မှာ ညစာစားပွဲလုပ်မယ်၊ ဂျူလီယာ လာမယ်ဆိုတာ စနိုးသိနေတယ်၊ အဲဒီတော့ အကျီမေ့ကျန်ခဲ့အောင် တမင်အကွက်ချပြီး စီစဉ်တာ မဟုတ်ပါဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး"

ပက်ထရစ်၏ သုံးသပ်ချက်က သူ့အား တွေဝေသွားစေ ပါသည်။ တအောင့်ကြာမှ ပက်ထရစ်ကို သူ ပြောလိုက်သည်။

"မင်းပြောတာ ဖြစ်နိုင်တယ် ပက်ထရစ်၊ ဒါပေမဲ့ တစ်ခုတော့ စဉ်းစားစရာရှိတယ်၊ စနိုးက ညစာစားပွဲကို ခြောက်နာရီစမယ်လို့ သိထားတာ ..... သူရောက်လာတော့ ငါးနာရီခွဲပဲရှိသေးတယ်၊ ဂျူလီယာက အစောကြီးကြိုရောက်နေလို့ သူနဲ့တွေ့သွားတာ"

"ဟုတ်တယ် ..... သူ တမင်လုပ်ကြံတာဆိုရင် ဂျူလီယာ သေချာပေါက်ရှိလောက်မယ့်ခြောက်နာရီနောက်ပိုင်းပဲလာရမှာပေါ့"

စောသိန်းဝင်းကပါ သူ့ဘက်မှ ဝင်ထောက်ခံသော်လည်း ပက်ထရစ်က ခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းလိုက်သည်။





"ဂျူလီယာ အစောကြီးကြိုရောက်နေမှန်းသိလို့ သူလဲ အစောကြီးရောက်လာတာကော မဖြစ်နိုင်ဘူးလား"

"သူက ဂျူလီယာကြိုရောက်နေမှန်း ဘယ်လိုသိနိုင်မှာလဲ"

"အဲ့ဒါတော့ ငါလဲမပြောတတ်ဘူး။ ဒါပေမဲ့ ဂျူလီယာ ကိုရော ဂျူလီယာ့ဓာတ်ပုံကိုပါ မပြဖူးပဲနဲ့တောင် ဟိုတစ်ခါ အအေးဆိုင်မှာ ဆီဇာနဲ့ထိုင်နေတဲ့ အမျိုးသမီးဟာ ဂျူလီယာပါလို့ သူ သိနေ သေးတာပဲ၊ အဲဒီတော့ ဂျူလီယာကြိုရောက်နေတာကိုလဲ တစ်နည်းနည်းနဲ့ သိချင်သိနေနိုင်မှာပေါ့"

စောသိန်းဝင်းကတော့ ပက်ထရစ်စကားကို လက်ခံချင်ပုံမရ "မင်းပြောတာဖြစ်ကောင်း ဖြစ်နိုင်တယ်၊ ဒါပေမဲ့ ဖြစ်နိုင်ချေ နည်းလွန်းတယ်" ဟု ဝေဖန်သည်။ ပက်ထရစ်က အလျှော့ပေးလိုက် ဟန်ဖြင့်လက်တစ်ဖက်ကို ဟန်ပါပါမြှောက်လိုက်ပြီး .....

"အိုကေ ..... မင်းတို့ ပြောခဲ့တဲ့အတိုင်း မတော်တဆ တိုက်ဆိုင်မှုလို့ပဲ တွေးကြည့်ရအောင် ... စနိုးအကျီမေ့ကျန်ခဲ့လို့ ပြန်လာယူတယ်၊ ဂျူလီယာနဲ့တွေ့တယ်၊ ကောင်းပြီ၊ အဲ့ဒါဆိုရင် ဂျူလီယာရှေ့မှာ သူ့အကျီမေ့ကျန်ခဲ့လို့ ပြန်လာယူတာပါလို့ ပြောသင့်သလား၊ အဲဒီစကားကြောင့် ဂျူလီယာအထင်လွဲသွားနိုင် တယ်လို့ သူ မစဉ်းစားမိဘူးလား။ သူလဲ မိန်းကလေး တစ်ယောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပက်ထရစ်စကားကိုရပ်ရင်း သူနှင့် စောသိန်းဝင်းကို တစ်လှည့်စီ ကြည့်၏။ ၎င်း၏အကြည့်က အသာစီးရထားသူ တစ်ယောက်ပမာ သေချာမှုအပြည့်နှင့်ဖြစ်သည်။

"ငါပြောလိုက်မယ် ဆီဇာ ..... ခုကိစ္စဟာ မတော်တဆ တိုက်ဆိုင်မှုတစ်ခုဖြစ်ခဲ့မယ်ဆိုရင်တောင် အဲဒီတိုက်ဆိုင်မှုအပေါ် စနီး အခွင့်အရေးယူသွားတာဟော့ သေချာတယ်"

"ဘယ်လိုအခွင့်အရေးလဲ ပက်ထရစ်"

ပက်ထရစ်က မျက်လုံးမှေးစင်းလျက်ကြည့်ရင်း သူ့မေးခွန်းအား အဖြေပေးသည်။

"ဂျူလီယာနဲ့မင်းနဲ့ ပိုဝေးပြီး သူနဲ့ပိုနီးသွားစေမယ့် အခွင့် အရေးပေါ့"

ပက်ထရစ်၏အဖြေနှင့် သုံးသပ်ချက်က စောဒကတက်စရာ မလိုလောက်အောင် ရှင်းလင်းပြတ်သားလှပါသည်။ ၎င်းထင်မြင်ချက် အတိုင်းဆိုလျှင်တော့ ဤပွဲ၌ စနီး အနိုင်ရသွားသည်ဟု ယူဆ လိမ့်မည်။

❋ ❋ ❋



(၁၈)

"ကျွန်မ တကယ်ကို စိတ်မကောင်းပါဘူး ဆီဇာ၊ သူ အဲဒီလို ...င်သွားလိမ့်မယ်လို့ လုံးဝမတွေးမိဘူး"

ခပ်လှမ်းလှမ်းရှိ သင်တန်းသူများက ကြောင် လမ်းလျှောက် ...ည်းခေါ် မော်ဒယ်လ်လျှောက်နည်းကို လေ့ကျင့်နေကြချိန်၌ ...ရှေ့မှ ကြောင်မလေးက ၎င်း၏လက်သည်းများကိုငုံ့ကိုက်ရန် ကြိုးစား ...ပါသည်။

စီးကရက်ပြာတောင့်ကို မြက်ခင်းပေါ်သို့ ခြွေချလိုက်ရင်း ...ကို ကြည့်လိုက်တော့ ၎င်း၏မျက်နှာက အမှားတစ်ခုလုပ်မိသော ...လေးငယ်တစ်ယောက်ပမာ ....၊ စနီး၏အိုက်တင်ကို သူ အမှတ် ...လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း မတွေးမိသလို ကိုယ်လဲ မတွေးမိဘူး .... စနိုး၊ ဒါပေမဲ့ ဂျူလီယာကတော့ တွေးမိသွားတာ သေချာတယ်"

"သူ ဘာပြောသေးလဲ"

"ခုချိန်ထိ သူနဲ့မတွေ့ရသေးဘူး"

"ရှင်သွားတွေ့လိုက်ဖို့ကောင်းတယ်၊ ရှင် မတွေ့ခင် ဂျူလီယာကို ကျွန်မ အရင်သွားတွေ့လိုက်မယ်လေ"

စနိုး၏ စကားကြောင့် သူ တအံ့တသြမေးလိုက်သည်။

"မင်းက သွားတွေ့ပြီး ဘာလုပ်မှာလဲ"

"အကျိုးအကြောင်းရှင်းပြမှာပေါ့၊ အဖြစ်မှန်အတိုင်း နားလည်အောင်ရှင်းပြပြီး သူ့ကို တောင်းပန်လိုက်မယ်၊ တော်ကြာ သူ ရှင့်အပေါ် တကယ်အထင်လွဲနေမှာပေါ့"

လောလောဆယ် အထင်လွဲသွားရသူကတော့ သူကိုယ်တိုင် ဖြစ်သည်။

သူ မျှော်လင့်ထင်မြင်ထားခဲ့သည်က ဂျူလီယာအထင်လွဲသွား ကြောင်းသိပါက စနိုး ပျော်ရွှင်သွားလိမ့်မည် ဟူ၍ ဖြစ်သည်။ ထိုသို့ ဖြစ်အောင်လည်း စနိုး တမင်လုပ်ခဲ့တာပဲ မဟုတ်လား။ ယခုတော့ ဂျူလီယာအထင်မလွဲအောင် သွားရှင်းပြမည်ဟုဆိုသဖြင့် သူ အံ့သြ တွေဝေသွားရသည်။





"မင်း တကယ်ပြောတာလား စနိုး"

"ကျွန်မက ဘာအတွက်နောက်ပြောင်နေရမှာလဲ"

စနိုးက သူ့အား ခပ်တည်တည်ပြန်မေးသည်။

"မင်း တကယ်သွားရှင်းပြပေးမယ်ဆိုရင်တော့ ကိုယ့်အတွက် ...ကောင်းပြတာပေါ့ စနိုး၊ ဒါပေမဲ့ ဂျူလီယာကို ကိုယ်အရင် သွားတွေ့ ...ည့်ပါဦးမယ်၊ လိုအပ်ရင်တော့ မင်းကို စစ်ကူတောင်းရမှာပဲ"

"ကျွန်မတော့ ရှင့်စကားကို သူ ယုံလိမ့်မယ်မထင်ဘူး"

"အဲဒါ ကိုယ့်ကိစ္စပါ"

သူ့စကားအား စနိုးက ခေါင်းညိတ်ရင်း ... "ရှင် ဘယ်တော့ ...းတွေ့မှာလဲ" ဟု မေးသည်။

ဂျူလီယာအား ၎င်း၏အိမ်၌ သွားတွေ့လျှင်ရသော်လည်း ...လီယာ့အဖေနှင့် မျက်နှာချင်းဆိုင်ရန် သူ ဝန်လေးနေသဖြင့် သူမ ...ပျော်တမ်း ဝင်ရောက်လုပ်အားပေးနေသော ဒယ်ဒီ့ကုမ္ပဏီ၌ ...းတွေ့ရန် ဆုံးဖြတ်လိုက်သည်။

သို့သော် ... နာရီကြည့်လိုက်တော့ ရုံးချိန်ကျော်လွန်နေပြီး ...သည့်အပြင် မနက်ဖြန်ကလည်း အလုပ်ပိတ်ရက်ဖြစ်နေ၏။

"ကိုယ် တနင်္လာနေ့ကျမှပဲ သူ့အလုပ်မှာသွားတွေ့တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရှင့်အတွက် ဆုတောင်းပေးနေပါ့မယ် ... ကိုဆီဇာ ဘုရားသခင် ... ရှင့်ကို စောင့်မပါစေ"

စနိုးက သူ့အတွက် ဆုတောင်းနေသေး၏။

တကယ်တော့ ဂျူလီယာထံသို့ စနိုးအားလွှတ်၍ ဖြေရှင်းခိုင်းမည်ဆိုပါက ပို၍အဆင်ပြေမှာသေချာသော်လည်း တစ်ခု ခက်သည်မှာ ဂျူလီယာက သူနှင့်စနိုးအား အထင်လွဲသွားသည့်တိုင် အတိအလင်း ဖွင့်ဟစွပ်စွဲခြင်းမျိုး မပြခဲ့၊ ထိုသို့ မစွပ်စွဲဘဲ စနိုးအား လွှတ်လိုက်လျှင် သူ့ဘက်မှ အစိုးရိမ်လွန်ရာ ရောက်သွားနိုင်သလို ဂျူလီယာ့အနေနှင့်လည်း ပို၍မယုံသင်္ကာဖြစ်သွားနိုင်ပါသည်။

ထို့ကြောင့် အခြေအနေကိုအကဲခတ်သည့်သဘောဖြင့် သူကိုယ်တိုင် သွားတွေ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ပက်ထရစ်တို့ကတော့ သူ၏ဆုံးဖြတ်ချက်အား မထောက်ခံသလို၊ စနိုး၏စကားကိုလည်း ယုံကြည်ပုံမရ။

"စနိုးက ဒီယုန်မြင်လို့ ဒီချုံထွင်ထားတာ၊ မင်းဘက်ကကူပြီး ဖြေရှင်းပေးမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ ငါသာ မင်းနေရာမှာဆိုရင် သူ့ကို အရင်သွားရှင်းခိုင်းတယ်"





"ဂျူလီယာက အတိအလင်း စွပ်စွဲသွားတာ မဟုတ်ဘူး ပက်ထရစ်၊ ဒါကြောင့် စနိုးကို သွားမရှင်းခိုင်းဘဲ ငါ့ဘာသာ ဂျူလီယာကို အရင်သွားတွေ့ဖို့ ဆုံးဖြတ်လိုက်တာ"

"အင်းလေ ... ဒါဆိုလဲ စမ်းကြည့်ပေါ့"

သူ သွားရှင်းပြရုံနှင့် ဂျူလီယာ၏ အထင်လွဲမှားမှုအား ပြောင်းလဲနိုင်လိမ့်မည်မဟုတ်ဟု ပက်ထရစ်တို့က ယူဆထားပုံရ၏။ သူကိုယ်တိုင်လည်း ထိုသို့ပင် ထင်မြင်ယူဆထားပါသည်။ သို့သော် ဘာပဲဖြစ်ဖြစ် ပက်ထရစ်ပြောသလို စမ်းတော့ စမ်းကြည့်ရပါလိမ့်မည်။

❖ ❖ ❖

"ကိစ္စရှိလို့လား ဆီဇာ"

ဂျူလီယာ၏ ခရီးဦးကြိုနှုတ်ဆက်ပုံက သူ့အတွက် အားရစရာမရှိ။ နဂိုကမှ ယိုင်နဲ့နဲ့ဖြစ်နေသော သူ၏မျှော်လင့်ချက်တို့ တိမ်းပြိုလဲစောင်းလုနီးပါး ဖြစ်သွားရသည်။ သို့သော် ... စိတ်ကိုတင်း၍ ဂျူလီယာကို ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထွေထွေထူးထူးတော့မရှိပါဘူး၊ ကိုယ် ဂျူလီယာ့ကို အအေး တိုက်ချင်လို့ပါ"

"ယူ ရောက်လာတာ နောက်ကျတာကိုး၊ တို့ စောစောကလေး ကပဲ အအေးသောက်ပြီးသွားပြီ"

သူ စိတ်ပျက်လက်ပျက်နှင့် ထပြန်ချင်စိတ်ပေါက်သွား၏။ ဒီကြားထဲ ဂျူလီယာနှင့် သူ၏နောက်ခံသမိုင်းကို ကောင်းစွာသိနေကြသော ဒယ်ဒီကုမ္ပဏီဝန်ထမ်းတချို့က ကွက်ကြည့်ကွက်ကြည့် လုပ်နေကြသေးသည်။

"အအေးသောက်ပြီးရင်လဲ တစ်ခုခုစားပါလား ဂျူလီယာ၊ ကိုယ် ဂျူလီယာကို စကားနည်းနည်းလောက် ပြောစရာရှိလို့"

"ဘာလဲ .... ဟိုတစ်နေ့က မပြီးသေးတဲ့စကားကို ဆက်ပြောမလို့လား"

ဂျူလီယာက ရိသဲ့သဲ့လေသံဖြင့်မေးသဖြင့် သူ မျက်နှာနွေးခန့်ဖြစ်သွား၏။

"တခြားရှင်းပြစရာလေးတွေ ရှိနေလို့ပါ"

ကွန်ပျူတာခလုတ်များအား ခပ်သွက်သွက်နှိပ်ရင်း ဂျူလီယာ သူ့ကို ပြန်ပြောသည်။ သူနှင့်အတူလိုက်ရန် ဂျူလီယာ သဘောတူ





လိုက်သဖြင့် အနည်းငယ် စိတ်အေးသွားရသည်။ ယုံတာ မယုံတာ အပထား၊ သူ ရှင်းပြတာကို လိုက်နားထောင်လျှင်ပင် အခြေအနေ ဆိုးဟု ယူဆရပါလိမ့်မည်။

မိနစ်အနည်းငယ်ကြာတော့ ဂျူလီယာက ၎င်း၏အလုပ်ကို လက်စသတ်လိုက်ပြီး ထိုင်ရာမှထရပ်ကာ ... "သွားလို့ရပြီ ဆီဇာ၊ နီးနီးနားနားဆိုင်ပဲ ထိုင်ကြရအောင်" ဟု ဆိုသည်။ ဂျူလီယာစကားကြောင့် ကုမ္ပဏီနှင့် သိပ်မဝေးသော အအေးဆိုင်လေးတစ်ဆိုင်မှာ ထိုင်ဖြစ်ကြသည်။

"ယူ ပြောမယ့်အကြောင်းအရာက ရုံးဆင်းချိန်ရောက်တဲ့အထိ ရှည်နိုင်ပါဘူးနော်"

"ဟင့်အင်း၊ အဲလောက်မကြာပါဘူး၊ ကိုယ် စနီးနဲ့ပတ်သက်ပြီး ရှင်းပြချင်လို့ပါ"

စနီးဟူသော အမည်နာမကြောင့် ဂျူလီယာ့အမူအရာက ထူးထူးခြားခြားပြောင်းလဲမသွားပါ။ သူ့ထံမှ ထိုစကားမျိုး ကြားရလိမ့်မည်ဟု တင်ကြိုမျှော်လင့်ထားပုံရ၏။ သူ အချိန်ဆွဲမနေတော့ဘဲ စနီးနှင့်သူ၏ ပတ်သက်မှုကို ရှင်းပြလိုက်သည်။ စနီးနှင့်တွေ့ပုံမှစ၍ အကျိုးကျန်ခဲ့ပုံအထိဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖြစ်ကတော့ အဲဒါပဲ ဂျူလီယာ၊ မထင်မှတ်ဘဲ စနိုးရဲ့အကျီ မေ့ကျန်ခဲ့ပြီး အထင်လွဲစရာတွေ ဖြစ်ကုန်တာပဲ"

ဂျူလီယာက မပြုံးချင် ပြုံးချင် ပြုံးလိုက်ပြီး ....

"တခြားမိန်းကလေးတစ်ယောက်သာ ဆိုရင်တော့ ယူ့ စကားတွေကို နားထောင်ပြီး အော်ရယ်မှာ သေချာတယ်၊ တို့ကတော့ ယူ့ဂုဏ်သိက္ခာကို လေးစားတဲ့အနေနဲ့ မရယ်တော့ပါဘူး"

"ကျေးဇူးတင်ပါတယ် ... ဂျူလီယာ၊ ကိုယ်လဲ မင်း ယုံမှာ မဟုတ်ဘူးလို့ မျှော်လင့်ထားပါတယ်၊ ဒါပေမဲ့ ရှင်းပြဖို့လိုအပ်မယ် ထင်လို့"

"တို့ ယူ့ကို မယုံဘူးလို့ မပြောရသေးပါလား"

"မပြောပေမယ့် ... သံသယတော့ ရှိနေတယ် မဟုတ်လား ဂျူလီယာ"

သူ့စကားကြောင့် ဂျူလီယာက တိုးဖွဖွရယ်မောလိုက်သည်။

"သံသယဆိုတာကတော့ လူတိုင်းရဲ့ရင်ထဲမှာ ရှိနေနိုင်တာပဲ ဆီဇာ၊ ဘယ်လိုကိစ္စမျိုးကို ဘာကြောင့် သံသယမဖြစ်ရဘူးလို့ အတင်းပိတ်ပင်လို့ရနိုင်တာမျိုးမှ မဟုတ်တာ၊ ခု ... ယူ တို့ကို စနိုးအကြောင်းလာရှင်းပြနေတာကိုပဲ ကြည့်လေ၊ စနိုးနဲ့ ယူ့ကို တို့က





အထင်လွဲနေတယ်လို့ ယူ သံသယဝင်နေလို့ လာရှင်းပြနေတာ မဟုတ်လား"

"ထားပါတော့ ... ဂျူလီယာကရော ကိုယ်နဲ့စနိုးကို အထင် မလွဲခဲ့ဘူးလား"

"တို့က ဆုံးဖြတ်ချက်တစ်ခုကို ခပ်လွယ်လွယ်မချတတ်ဘူး ဆီဇာ၊ ခု စိတ်ဆိုးလိုက်၊ ခု ခွင့်လွှတ်လိုက်လုပ်တတ်တဲ့ မိန်းမတွေ ထဲမှာ တို့မပါတာ ယူ ကံကောင်းတယ်၊ တကယ်ဆို စနိုးအကျီ မေ့ကျန်ခဲ့တဲ့ကိစ္စဟာ သံသယဝင်စရာ၊ အထင်လွဲစရာကောင်းတာ အမှန်ပဲ၊ ဒါပေမဲ့ သေချာအောင် တို့အချိန်ယူပြီး စဉ်းစားချင် သေးတယ်၊ ယူနဲ့စနိုးနဲ့အနေအထားကိုလဲ တို့ စောင့်ကြည့်ချင် သေးတယ်"

ဥပဒေစကားနှင့်ဆိုလျှင်တော့ ဂျူလီယာပြောပုံက သူ့အား ဆိုင်းငံ့ပြစ်ဒဏ် ချမှတ်လိုက်ခြင်းပင် ဖြစ်သည်။ သေချာအောင် အချိန်ယူ စဉ်းစားစောင့်ကြည့်ချင်ပါသတဲ့။

"ကိုယ်နဲ့စနိုးရဲ့အနေအထားကိုသိဖို့အတွက် အချိန်ကုန်ခံပြီး စောင့်ကြည့်နေစရာမလိုပါဘူး ဂျူလီယာ၊ မင်း စနိုးနဲ့တွေ့လိုက်ရင် ရှင်းသွားမှာပါ"

"တို့ သူနဲ့ တွေ့ပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်သော စကားကြောင့် သူ တအံ့တဩဖြစ်သွားရသည်။ ဂျူလီယာက အေးဆေးစွာပင် ... "မနေ့က ဘုရားကျောင်းက အပြန် သူနဲ့လမ်းမှာတွေ့တာ" ဟု ရှင်းပြ၏။ စနိုးဘာပြောသေးသလဲဟု သူစိတ်ဝင်တစား မေးလိုက်သည်။

"ခု ယူပြောတဲ့အတိုင်းပါပဲ၊ သူ့အကျီမေ့ကျန်ရစ်တဲ့အကြောင်းရှင်းပြပြီး အထင်မလွဲဖို့ တောင်းပန်တယ်ဆိုပါတော့"

ဒီလိုဆိုတော့လည်း စနိုး သူ့အပေါ် ကတိတည်သားပဲ ဟုတွေးရင်း ... ဂျူလီယာ အထင်လွဲအောင် တမင်အကွက်ဆင်တာဖြစ်မယ်ဟု ထင်မြင်ယူဆခဲ့မှုတို့ကို ချက်ချင်းပင် ငြင်းဆန်မေ့ပျောက်ပစ်လိုက်သည်။

"စနိုးနဲ့တွေ့ပြီးပြီဆိုတော့ မင်းရင်ထဲက သံသယတွေ ရှင်းလောက်ရောပေါ့ ဂျူလီယာ၊ သူ ရှင်းပြတာကိုတော့ မင်းလက်ခံနိုင်လိမ့်မယ်လို့ ကိုယ်ထင်တယ်"

သူ သေချာပေါက်လေသံဖြင့်ပြောလိုက်တော့ ... ဂျူလီယာက နှုတ်ခမ်းတွန့်ကွေးလျက် လှပစွာ ပြုံးလိုက်သည်။

"ဘာမှ လက်မခံနိုင်စရာမရှိပါဘူး ဆီဇာ၊ စနိုးက အဖြစ်မှန်အတိုင်း အားလုံးကို ပွင့်ပွင့်လင်းလင်းရှင်းပြသွားတာပဲ၊ သူ ဆီဇာ





စိတ်ဝင်စားသလိုဖြစ်မိတဲ့အကြောင်းတောင် ရိုးရိုးသားသား ဝန်ခံသွားသေးတယ်"

ဂျူလီယာ၏ နောက်ဆုံးစကားက ဝိုက်လက်သီးတစ်လုံးသာဖြစ်မည်ဆိုပါက တအံ့တဩ ကြက်သေ သေသွားမိသော သူ့ကို နေရာမှာပင် နောက်ကောက်ကျသွားနိုင်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# (၁၉)

## (စနိုး၏ မှတ်တမ်းမှ)

ဆီဇာနှင့်ပတ်သက်ပြီး ကျွန်မအား မကြာခဏဝေဖန်အကြံပေး ...ရှိသော ယွန်းသည် ကျွန်မ၏အပြုအမူတချို့ကြောင့် မကြာခဏ ...သလို တအံ့တဩဖြစ်နေတတ်၏။ အထူးသဖြင့် ဆီဇာ့ကိုယ်စား ...လီယာနှင့် သွားတွေ့ပြီး ရှင်းပြမည်ဆိုသောအခါ၌ .....

"ဘာကြောင်တာလဲ"

ဟု သဘောမကျဟန်နှင့် ကန့်ကွက်ခဲ့ပါသည်။

တကယ်တော့ ဂျူလီယာအထင်လွဲအောင် အကျီမေ့ကျန်ခဲ့ ...ဇာတ်လမ်းအား တမင်အကွက်ချကာ ကျွန်မ ဖန်တီးခဲ့ခြင်း ...။ ထိုသို့ဖန်တီးပြီးမှ ရိုးရိုးသားသား အကျီမေ့ကျန်ခဲ့တာပါဟု



www.burmeseclassic.com

www.burmeseclassic.com



သွားရှင်းပြမည်ဆိုသော ကျွန်မအား ယွန်း နားမလည်နိုင်သည်မှာ သိပ်တော့ အံ့သြစရာမဟုတ်ပါ။

"ကိုယ်လိုချင်တဲ့ဘက်ချည်းပဲ သိပ်ဆွဲနေရင် ပြတ်သွားမှာစိုးလို့ ငါက ကြိုးကို အလျှော့အတင်း လုပ်ပေးမလို့ ...."

ကျွန်မ ရှင်းပြသောအခါ ယွန်းက ရယ်မောရှုံ မှတ်ချက်ချ ပါသည်။

"နင့်ကိုယ်နင်စွန်လွှတ်တမ်းဆော့နေတယ်လို့များ အောက်မေ့ နေသလား စနီး"

"ဟင့်အင်း ... ငါက ငါးမျှားတမ်း ကစားနေတာ၊ အကောင် ကြီးကြီးငါးကို မျှားနေတာလေ၊ ဒါကြောင့် တစ်ဖက်က ခြေကုန် လက်ပန်းကျအောင် တမင်လျှော့လိုက် တင်းလိုက် လုပ်ပေးနေတာ"

"ဒါနဲ့ပဲ ... ဂျူလီယာကို သွားတွေ့စရာလိုလို့လားဟာ"

"အကျိုးမေ့ကျန်ခဲ့တဲ့ကိစ္စဟာ ငါက တမင်လုပ်တာလို့ ဆီဇာ မတွေးမိဘဲနေမှာမဟုတ်ဘူး ယွန်း၊ ခု ချက်ချင်းမတွေးမိတောင် တဖြည်းဖြည်းစဉ်းစားရင် သံသယဝင်လာမှာပဲ၊ တကယ်လို့ငါက ဂျူလီယာကို သွားတွေ့ပြီး ရှင်းပြလိုက်မယ်ဆိုရင် သူ ဇဝေဇဝါ ဖြစ်သွားမှာ သေချာတယ်"





ကျွန်မစကားဆုံးတော့ ယွန်းက တွေးတွေးဆဆနှင့် ငြိမ်သက် သွားပါသည်။ အတန်ကြာမှ ... "နင်ပြောတာဖြစ်နိုင်တယ်၊ ဒါပေမဲ့ ဂျူလီယာက နင့်စကားကို ယုံပြီး နင်နဲ့ ဆီဇာသူ့ရှစ္စကို တကယ် သံသယရှင်းသွားရင် ဘယ်လိုလုပ်မလဲ" ဟု မေးသည်။

"မပူပါနဲ့ဟာ ... ဂျူလီယာကလဲ ဇဝေဇဝါဖြစ်နေမှာပါ"

ကျွန်မက ယုံကြည်စိတ်ချစွာ ပြန်ပြောလိုက်သည်။ ခုအချိန်၌ ဂျူလီယာရော ဆီဇာပါ သို့လော သို့လောနှင့် ဇဝေဇဝါဖြစ်နေရန် အထူးလိုအပ်ပါသည်။ သို့မှသာ ကျွန်မဘက်က တစ်ပန်းသာမည် မဟုတ်ပါ။

တနင်္ဂနွေနေ့တိုင်း ဂျူလီယာ ဘုရားကျောင်းတက်မှန်း သိထား သဖြင့် ဘုရားကျောင်းမှပြန်လာသော ၎င်းနှင့် အမှတ်တမဲ့ဆုံဆည်း သည့်ပုံမျိုး ဖန်တီးရန် သိပ်မခက်ခဲလှပါ၊ ထို့အတူ အကျီကျန်ခဲ့ခြင်း အပေါ် အထင်မမှားရန် ရှင်းပြရသည်မှာလည်း ကျွန်မအတွက် အပါးလွယ်ကူလှပါသည်။

"ခုလိုရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ် စနီး"

"ကျွန်မကတော့အားလုံးကိုရှင်းရှင်းလင်းလင်းဖြစ်စေချင်လို့ပါ၊ နောက်တော့ မဂျူလီယာအနေနဲ့ ရိုးသားပွင့်လင်းတာကို သဘောကျ မယ်လို့ မျှော်လင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တို့ ..... သဘောကျပါတယ်"

"ဒါဆို ကျွန်မဘက်က ပွင့်ပွင့်လင်းလင်း ဝန်ခံစရာတစ်ခု ရှိနေ ပါတယ် မဂျူလီယာ၊ တခြားတော့မဟုတ်ပါဘူး ... ဆီဇာကို ကျွန် စိတ်ဝင်စားခဲ့မိတဲ့အကြောင်းပါ"

ဂျူလီယာ မျက်နှာ ကွက်ခနဲပျက်သွားတော့ ကျွန်မစိတ်ထဲ ကျိတ်၍ ပြုံးလိုက်မိ၏။ ဒီလောက်ဆိုလျှင်တော့ ဆီဇာနှင့်ပတ်သ ၍ ဂျူလီယာဘက်မှ ဇဝေဇဝါမဖြစ်မှာကို စိုးရိမ်စရာမလိုတော့

ယွန်းကို ပြန်ပြောပြတော့ ... ယွန်းက မပွင့်တပွင့်ပြုံး၍ "ဂျူလီယာကို သွားတွေ့မယ် ဆိုကတည်းက နင့်မှာအကြံတစ်ခု ရှိလိမ့်မယ်လို့ ငါထင်သားပဲ၊ ဆီဇာနဲ့ပတ်သက်ပြီး နင် ဒီလော သဘောထားမကြီးနိုင်မှန်း ငါသိပါတယ်" ဟု ရေရွတ်သည်။

ဆီဇာနှင့်ပတ်သက်၍ ကျွန်မ သဘောထား မကြီးနိုင် ကတော့ အမှန်ပဲဖြစ်သည်။ တစ်ခါတစ်ရံ မေ့မေ့ပျောက်ပျောက် ခွင့်လွှတ်လိုစိတ်များ ဝင်ရောက်လာတတ်သော်လည်း မေသင်း အကြောင်း တွေးလိုက်မိသည်နှင့် ထိုစိတ်တို့က လေတိုက်သ လွင့်ပါးပျောက်ကွယ်သွားကြမြဲဖြစ်သည်။

❖ ❖ ❖





"နင့်အဖေက ရန်ကုန်ပြန်ရောက်နေပြီး ဘာဖြစ်လို့ နင်တို့နဲ့ တူတူ မနေတာလဲ"

ကားပြတင်းအပြင်ဘက်ကို ငေးမောနေရာမှ ယွန်းက ကျွန်မ အား မေးပြီးမှ ချက်ချင်းဆိုသလိုပင် သတိရသွားဟန်ဖြစ်၍ ပျာပျာ လဲ တောင်းပန်သည်။

"ဆောရီးဟာ၊ နင့်အဖေနဲ့ အမေ ကွဲနေတာ ငါမေ့သွားလို့"

"ကွဲနေတာမဟုတ်ဘူး ယွန်း၊ သဘောထားချင်း မတိုက်ဆိုင်လို့ တူတူမနေကြတာပါ"

ကားဂီယာကိုချိန်းရင်း ကျွန်မ ပြန်ပြောလိုက်သည်။

တကယ်တော့ ... မေမေရော ဖေဖေပါ နှစ်ယောက်စလုံး အားပြီး မာနကြီးသူများဖြစ်၏။ ထို့ကြောင့် သဘောထားချင်း ိုက်ဆိုင်မှုနည်းပါးကာ နားလည်မှု ပါးရှားလာသော အချိန်၌ အဖေက အိမ်ခွဲနေရန် ဆုံးဖြတ်ချက်ကို အလွယ်တကူချခဲ့ပြီး မေမေ လည်း တစ်စုံတစ်ရာ မကန့်ကွက်ခဲ့ပါ။

"နယ်မှာ အခြေချမယ်ဆိုပြီး ဖေဖေထွက်သွားတော့ ငါက ဘိုးတို့ မေမေတို့နဲ့ ကျန်ခဲ့တယ်၊ ငါ့ညီမကတော့ ဖေဖေနဲ့ သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ နင်နဲ့ မေသင်းကြူနဲ့က တစ်နှစ်ကြီး တစ်နှစ်ငယ် ညီအစ်မတွေဆိုပြီး နာမည်တွေက ဘယ်လိုဖြစ်တာလဲ"

"ဖေဖေနဲ့ မေမေနဲ့က ယုံကြည်မှုချင်းမတူဘဲ ထမ်းပိုး တစ်ချောင်းတည်းကို အတူတူ ထမ်းခဲ့ကြလို့ပဲ ဆိုပါတော့ဟာ ငါတို့ကို မွေးတော့ ဘိုးဘိုးနဲ့ မေမေက စနိုးနဲ့ စမိုင်းလ် လို့ နာမည်ပေးတယ်၊ မြန်မာဆန်တဲ့ ဖေဖေကတော့ ငွေနှင်းဖြူနဲ့ မေသင်းကြူလို့ပဲ ခေါ်တယ်၊ ကြာတော့ မေမေတို့နဲ့ နေတဲ့ ငါ့နာမည်က စနိုးလို့ တွင်သွားပြီး၊ ဖေဖေနဲ့နေတဲ့ သူ့နာမည်က မေသင်းကြူဆိုပြီး အတည်ဖြစ်သွားတယ်၊ အဖြစ်ကတော့ အဲဒါ ယွန်း ...."

ယွန်းက စာနာဟန်ဖြင့် ခေါင်းညိတ်ရင်း "ငါ သဘောပေါက်ပြီ စနိုး" ဟု ရေရွတ်သည်။

"သူနဲ့ငါနဲ့က နာမည်တင် မဆင်တာမဟုတ်ဘူး၊ စိတ်ဓာတ်ချင်း လဲ လုံးဝမတူဘူး၊ ငါက ... ပေါ့ပေါ့ပါးပါး နေတတ်သလောက် သူ ကတော့ အရာရာကို အလေးအနက်ထားလွန်းတယ်၊ အစွဲအလမ်း လဲ အရမ်းကြီးတယ်၊ အဆိုးဆုံးကတော့စိတ်ဓာတ်ပျော့ညံ့လွန်းတာပဲ ဆယ်တန်းဖြေတုန်းက ဘာသာစုံဖြေနိုင်လျက်သားနဲ့ သူမှန်းထားတဲ့ ဆေးတက္ကသိုလ်အမှတ် မမီမှာစိုးလို့ ဆိုပြီး နောက်ဆုံးနေ့ဖြေတော့





အဖြေစာရွက်ကို အကုန် ပြန်ခြစ်ပစ်ခဲ့တယ်လေ၊ အဲဒီလောက် ကြောင်တာ"

"ဟယ် ... ဒါဆို အဲ့ဒီနှစ်က သူ စာမေးပွဲကျတာပေါ့၊ နောက် နှစ်တော့ ဆေးဝင်တယ်မဟုတ်လား စနိုး"

"ဟင့်အင်း ... စာမေးပွဲကို ဆက်မဖြေတော့တာ ဒီနေ့အထိပဲ"

"ဟောတော့ ...."

ယွန်းက တအံ့တသြ ရေရွတ်လိုက်သည်။ မေသင်းကြူနှင့် တွေ့လျှင် ယခုထက်ပိုပြီး အံ့သြရပါဦးမည်။

"ရှေ့နားကျရင် ရောက်တော့မှာပါ၊ ဖေဖေကတော့ ဒီအချိန်ဆို ဂေါက်ကွင်းသွားနေလို့ ရှိမှာမဟုတ်ဘူး၊ နင် မေသင်းနဲ့ပဲ တွေ့ရ လိမ့်မယ်"

ကျွန်မ လမ်းမကြီးမှတစ်ဆင့် မြေနီလမ်းအတိုင်း ချိုးကွေ့ ဝင်လာခဲ့ပြီး တစ်ထပ်တိုက်ပုပုလေးတစ်လုံးရှေ့အရောက် ကားကို ထိုးရပ်လိုက်သည်။ ကျွန်မ မျှော်လင့်ထားသည့်အတိုင်း ဖေဖေ ရှိမနေပါ၊ အိမ်တံခါး လာဖွင့်ပေးသော ကလေးမလေးကို မေသင်းကြူ ဟု မေးလိုက်တော့ အခန်းတစ်ခန်းဆီသို့ လက်ညှိုး ညွှန်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ကျွန်မက စမိုင်းလ်ကော ဟူ၍သာ မေးလိုက်မည်ဆိုပါက အိမ်ဖော်မလေး ကြောင်တောင်တောင်ဖြစ်နေပါလိမ့်မည်။ ဤနေရာ ဤအသိုင်းအဝိုင်း၌ စမိုင်းလ် ဟူသောအမည်ကို မေ့လျော့ထားခဲ့ကြသည်မှာ အတော်ကြာပြီဖြစ်သည်။ အိမ်ဖော်မိန်းကလေး ညွှန်ပြသော အခန်းထဲ ရောက်တော့ ကျွန်မထင်သည့်အတိုင်းပင် ပန်းချီဆွဲနေသော မေသင်းကို တွေ့လိုက်ရသည်။

ပန်းချီဆွဲနေသော မေသင်းက ယွန်းနှင့် ကျွန်မကို တစ်ချက် လှည့်ကြည့်သည်။ ၎င်း၏အကြည့်က မည်သည့်ခံစားမှုမှမပါသော ဗလာသက်သက် အကြည့်မျိုးဖြစ်သည်။

"နေကောင်းရဲ့လား မေသင်း၊ .... နင့်ကို ငါ့သူငယ်ချင်းနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူ့နာမည်က ယွန်းတဲ့"

"တွေ့ရတာ ဝမ်းသာပါတယ် မေသင်းကြူ .... တို့ကို စနိုးလိုး ညီအစ်မအရင်းလို သဘောထားပါနော်"

မေသင်းက စက်ရုပ်ဆန်ဆန် ခေါင်းတစ်ချက်ညိတ်ပြရုံမှအပ ဘာမှပြန်မပြောသလို ပြုံးရယ်ခြင်းလည်း မပြု၊ ယခင်က စမိုင်းလ် ဟူသောအမည်နှင့်လိုက်အောင် အစဉ်အမြဲပြုံးရယ်နေတတ်သော ၎င်း၏မျက်နှာပေါ်၌ အပြုံးအရယ်တို့ ပျောက်ကွယ်သွားခဲ့သည်မှာ အတော်ကြာပြီဖြစ်၏။





"နှုတ်ဆက်လိုက်ဦးလေဟာ ...."

ကျွန်မ ဝင်ပြောမှ သံစဉ်အနိမ့်အမြင့်မရှိသော အေးစက်စက် လေသံဖြင့် "တွေ့ရတာဝမ်းသာပါတယ်" ဟု ရေရွတ်ပြီး ၎င်း၏ ဆွဲလက်စ ပန်းချီကားဆီသို့ မေသင်း ခေါင်းပြန်လှည့်သွားသည်။

မေသင်းရေးဆွဲသော ပန်းချီမှာ ပန်းချီဟုခေါ်ဆိုရန် အလွန် ခက်ခဲပါလိမ့်မည်။ မျဉ်းကြောင်းများ၊ စက်ဝိုင်းများနှင့် ကလေး တစ်ယောက် ရေးခြစ်ထားသည့်ပမာ ရှုပ်ယှက်ခတ်နေပြီး မလှမပ လက်ရေးဖြင့်ရေးထားသော စာတန်းများလည်း ပါရှိပါသေးသည်။ ကျွန်မ ဖတ်ရှု၍ရသလောက်ကတော့ ....

"အသည်းကွဲခြင်း"

"လွမ်းတယ်"

"ရေတစ်ခွက် ယူပေးကြစမ်း" ... ဟူ၍ဖြစ်ပါသည်။

ဒါကို ခေတ်သစ် မော်ဒယ်လ်လွန် ပန်းချီကားဟု သတ်မှတ်ရမည်လား၊ ဦးနှောက်နှင့်အာရုံကြောဝေဒနာရှင်တစ်ဦး၏ပေါက်ကွဲမှုဟုပင် ခေါ်ဆိုရမည်လား ကျွန်မ စဉ်းစား၍မရ။

ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေသော မေသင်းအနား၌ ကျွန်မတို့နှစ်ယောက် နာရီဝက်ခန့် တိတ်တဆိတ်လေး ထိုင်နေခဲ့ကြပြီးနောက် မေသင်းကို နှုတ်ဆက်ကာ ပြန်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ ... အဲဒီလိုဖြစ်တာ ကြာပြီလား စနိုး"

အပြန်လမ်း၌ ယွန်းက ကျွန်မအား မေးသည်။

"အသည်းကွဲပြီးကတည်းကပဲ ဆိုပါတော့ .... ယွန်း"

"ဘာရောဂါလဲ"

"ဆရာဝန်တွေကတော့ ... ဦးနှောက်နဲ့ အာရုံကြော တုံ့ပြန်မှုအားနည်းတာ ... တဲ့၊ အာရုံကြော အားဆေးတွေ စွဲသောက်ရင် ပျောက်သွားလိမ့်မယ်လို့ ပြောတာပဲ၊ ဒါပေမဲ့ ... ငါတော့ မထင်ဘူး ယွန်း၊ သူ တကယ်ဖြစ်နေတာက လူပြုစားခံရတာ၊ ဆီဇာကြောင့် ခုလိုဖြစ်ရတာ"

ယွန်းက အတန်ကြာငြိမ်သက်သွားပြီးမှ သက်ပြင်း ငွေ့ငွေ့ ရှိုက်ကာ ... "နှင့်ခံစားချက်ကို ငါနားလည်ပြီ စနိုး" ဟု ခပ်လေးလေး ရေရွတ်သည်။ ကျွန်မကတော့ မေသင်း၏ပန်းချီကားထဲမှာ .... "အသည်းကွဲခြင်း" ... "လွမ်းတယ်" ဟူသော စာတန်းတို့ကို ယခုတိုင်အောင် မြင်ယောင်နေမိဆဲဖြစ်သည်။

❖ ❖ ❖





အကယ်၍ ဖေဖေသာ ငှက်သိုက်လုပ်ငန်းနှင့် အခြားစီးပွားရေး လုပ်ငန်းများလုပ်ကိုင်ရန် ကော့သောင်းမြို့၌ အခြေမချခဲ့လျှင် ထိုမြို့သို့ အလည်ရောက်ရှိလာသော ဆီဇာနှင့်မေသင်း တွေ့ဆုံဖြစ်ခဲ့လိမ့်မည် မဟုတ်သလို ယခုလို ခံစားရလိမ့်မည် မဟုတ်ပါ။ သို့သော် ... ကံကြမ္မာသည် အညှိုးအတေး ကြီးစွာဖြင့် ... ဆီဇာသူရစ္စအား ကော့သောင်းမြို့လေးဆီသို့ ပို့ဆောင်ပေးခဲ့ခြင်းဖြင့် မေသင်းကြူ အသည်းကွဲစေရန် ဖန်တီးခဲ့လေသည်။

' စနိုးရေ .... ငါ့မှာ ချစ်သူရှိနေပြီဆိုရင် နင် အံ့ဩနေမလား၊ ငါ သူ့ကို မြင်မြင်ချင်း ချစ်မိသွားတာသိလား၊ သူကလဲ ငါ့ကို အရမ်းချစ်တယ်၊ သူ့နာမည်က ခပ်ဆန်းဆန်းပဲ ဆီဇာသူရစ္စတဲ့၊ ဒီမြို့က မဟုတ်ဘူး၊ ရန်ကုန်က အလည်လာရင်း တွေ့ကြတာ ....

"ငါတို့ လက်ထပ်ဖို့အထိ ရည်ရွယ်ခဲ့ကြတယ်၊ သူက ငါ့ကို လက်ထပ်ပါရစေတဲ့၊ ငါ ဘာမှပြန်မပြောလိုက်ဘူး၊ လက်ထဲက လက်စွပ်ကိုပဲ ချွတ်ပေးလိုက်တယ်၊ သူ ငါ့လက်စွပ်ကွင်း အတိုင်းမှတ်လို့ရအောင်လေ၊ နင် မနာလိုဖြစ်နေပြီလား စနိုး၊ ငါ့စာတွေဖတ်ပြီး ရယ်မနေနဲ့ဦးနော် ....."

"သူ့အရေးကြီးတဲ့ ကိစ္စတစ်ခုရှိလို့ ရန်ကုန်ကို ခဏပြန်သွားဘယ်၊ ရန်ကုန်ရောင်ရင် ... သူ့မိဘတွေကိုဖွင့်ပြောပြီး လူကြီးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



လာတောင်းမယ်တဲ့၊ ဖေဖေသဘောတူပါ့မလားဟင် ... နင် ဘယ်လို ထင်သလဲ စနိုး၊ ငါတော့ ရင်တွေအရမ်းခုန်နေပြီဟာ .....”

“ရန်ကုန်ရောက်ရောက်ချင်း ငါ့ဆီစာထည့်မယ်တဲ့၊ ခုချိန်တော့ စာရောက်မလာသေးဘူး၊ ငါလဲ သူ့လိပ်စာမေးမထားလိုက်မိဘူး”

“စာရော လူရော ရောက်မလာသေးဘူး၊ ငါ အရမ်းစိတ်ပူနေပြီဟာ ... ငါ ဘာလုပ်သင့်သလဲ စနိုး”

“လွမ်းလွန်းလို့ ညတိုင်း ငိုနေရတယ်”

“နေမကောင်းဖြစ်နေတယ်၊ သူ့နာမည်ကို ကယောင်ကတမ်း ယောင်မိလို့ ဖေဖေရိပ်မိသွားတယ်”

“ငါ အလှည့်စားခံလိုက်ရတာလားဟင်၊ ဖေဖေက ရန်ကုန်ပြန်ပြောင်းတော့မယ်တဲ့၊ နေလို့မကောင်းဘူးဟာ၊ ညည အိပ်မက်တွေလဲ မကောင်းဘူး”

အထက်ပါ စာသားများမှာ မေသင်း ကျွန်မထံ ရေးခဲ့သော စာပေါင်းများစွာအနက်မှ မှတ်မိသမျှဖြစ်သည်။ ကျွန်မထံသို့ နောက်ဆုံးရောက်ရှိလာသောစာမှာ မေသင်းကြူ ကျန်းမာရေး အခြေအနေမကောင်းသဖြင့် ရန်ကုန်သို့ အပြီးပြောင်းရွှေ့လာတော့မည် ဖြစ်ကြောင်း ဖေဖေ၏ အကြောင်းကြားစာ ဖြစ်ပါသည်။





ကျွန်မအတွေး၌ မည်မျှကြာအောင် နစ်မြောသွားမိသည် မသိ။

ယွန်းက “စနိုး ရှေ့မှာမီးပွိုင့်” ဟု အလန့်တကြား အော်ဟစ်သတိပေးတော့မှ ကမန်းကတန်း ဘရိတ်ကို ဆောင့်အုပ်လိုက်ရသည်။ ယွန်းက ကျွန်မအား ထိတ်ထိတ်ပျာပျာနှင့်ကြည့်ကာ .....

“ရင်တုန်လိုက်တာ စနိုးရာ၊ နင် ဘာဖြစ်သွားတာလဲ”

“ဆောရီးဟာ ... ငါ အတွေးနည်းနည်းလွန်သွားလို့ ....”

“နင် အတွေးလွန်တာက အရေးမကြီးဘူး စနိုး၊ ငါ ယောကျ်ား မရသေးဘဲနဲ့တော့ အသေမခံနိုင်ဘူး၊ ရှေ့ကျရင် ငါ မောင်းပေးမယ်”

“အံမာ ... အဖြစ်သည်းမနေစမ်းပါနဲ့၊ ယောကျ်ားမရဘဲ နင် မသေချင်သလို၊ ငါလဲ ဆီဇာ့ကို လက်စားမချေရဘဲနဲ့ အသေမခံနိုင်ပါဘူး”

ကျွန်မ မျက်စောင်းခဲရင်း ခပ်တည်တည်ပြောလိုက်တော့မှ ယွန်းက ရယ်ကျဲကျဲဖြင့် ... “အလကားစတာပါဟာ၊ နင် မောင်းတာကို ငါ စိတ်ချပါတယ်” ဟု စကားလျှောချသွား၏။

ကျွန်မ ဆီဇာအား လက်စားချေရန်အမြန်ဆုံးနှင့် အထိရောက်ဆုံး နည်းလမ်းတို့ကို အမောတကော စဉ်းစားအကြံထုတ်နေမိသည်။ ရုတ်တရက် တစ်စုံတစ်ရာကို စဉ်းစားလိုက်မိပြီး ယွန်းအား ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဓာတ်ပုံတွေကို အသုံးချတော့မယ် ယွန်း"

"ဓာတ်ပုံတွေ ...."

"ဟုတ်တယ် ..... နင် ရိုက်ထားတဲ့ဓာတ်ပုံတွေလေ၊ ခု အဲဒီ ဓာတ်ပုံတွေကို အသုံးချဖို့ အချိန်တန်ပြီလို့ ငါ ထင်တယ်"

ကျွန်မစကားကို ယွန်းနားလည်ဟန် မတူပါ၊ သို့သော် ကိစ္စမရှိ၊ ကျွန်မကိုယ်ကျွန်မ နားလည်နေဖို့က ပိုအရေးကြီးပါသည်။



(၂၀)

"ကွန်ကရက်ကျူလေးရှင်း ဆီဇာ"

သူ့ကို တွေ့သည်နှင့် ဂျူလီယာက ထိုင်ရာမှထရပ်၍ လက်တစ်ဖက်ကို ဆန့်တန်းပေးရင်း .... ချီးကျူးစကားကိုဆိုသည်။ ဘာအတွက် ချီးကျူးဂုဏ်ပြုစကားဆိုမှန်း သူ စဉ်းစားမရ။ ၎င်း၏ လက်ဖဝါးနွေးနွေးလေးကို ဘုမသိ ဘမသိနှင့် ဆွဲကိုင်လှုပ်ယမ်းကာ ပြန်လည်နှုတ်ဆက်လိုက်ရ၏။

အခြေအနေကတော့ အတော့်ကို ထူးခြား ဆန်းကြယ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တို့ ယူနဲ့ စကားပြောစရာရှိလို့ ညနေဘက်အားရင် အိမ်ကို လာခဲ့ပါဦး" ဟု ဂျူလီယာ ဖုန်းဆက်လာကတည်းက တစ်ခုခုတော့ ထူးပြီဟုသူတွေးခဲ့မိသည်။ မင်္ဂလာပွဲပျက်ပြီးနောက်ပိုင်း ဂျူလီယာတို့ အိမ်သို့ သူ မရောက်ဖြစ်၊ သူ့အပေါ် အမြင်မကြည်လင်သော ဂျူလီယာ့ဖခင်နှင့် မျက်နှာချင်းဆိုင်ရမှာ ဝန်လေးသလို ဂျူလီယာကလည်း သူ့အား မဖိတ်ခေါ်ခဲ့ပါ။

ယခုမှ ဖုန်းဆက်ပြီး ထူးထူးခြားခြား ဖိတ်ခေါ်လာခဲ့ခြင်းကြောင့် သူ အံ့သြရသလို ထူးဆန်းသော ဂျူလီယာ၏ ခရီးဦးကြိုနှုတ်ဆက်ပုံကြောင့် သူ ဇဝေဇဝါဖြစ်ခဲ့ရ၏။

"ဘာအတွက် ကိုယ့်ကို ကွန်ကရက်ကျူလေးရှင်း လုပ်တာလဲ ဂျူလီယာ"

သူ ... နားမလည်သလို မေးတော့ ဂျူလီယာက ပြုံး၍ ... "ဖြည်းဖြည်းပေါ့ ဆီဇာ၊ အမောပြေအောင် အအေးလေးဘာလေး သောက်လိုက်ပါဦး" ဟု အေးဆေးစွာ တုံ့ပြန်သည်။ အအေးဘူး တစ်ဘူးကို ဖောက်၍ သူ့ကို ကမ်းပေးလာသဖြင့် မယူချင့်ယူချင်နှင့် လှမ်းယူလိုက်ရသည်။

ဂျူလီယာကလည်း ၎င်းအတွက် အအေးဘူးကို ဖောက်ကာ တစိမ့်စိမ့် သောက်သုံးနေ၏။





ဂျူလီယာ၏ အမူအရာက အေးတိအေးစက် နိုင်လှသည်ဟုပဲ ပြောရမလား၊ တည်တည်ငြိမ်ငြိမ် ရှိလွန်းလှသည်ဟုပဲ သတ်မှတ်ရမလား သူဝေခွဲ၍ မရ။

သူကတော့ ဂျူလီယာ သူ့အား ဖုန်းဆက်လှမ်းခေါ်ခြင်း၏ အကြောင်းရင်းကိုသာ စိတ်စောစွာ သိချင်နေမိသည်။ မသောက်ချင် သောက်ချင်နှင့် သောက်နေရသော သူ၏ အအေးဘူး တစ်ဝက်ကျိုးချိန်ကျမှ ဂျူလီယာက စကားစတင်လာခဲ့သည်။

"ယူနဲ့ စနိုးနဲ့ ဆက်ဆံရေးကို တို့ အချိန်ယူပြီး စောင့်ကြည့်ချင်သေးတယ်လို့ ယူ့ကို ပြောခဲ့ဖူးတာ မှတ်မိသေးလား ဆီဇာ"

"အဲဒီကိစ္စကို မေ့သွားရလောက်အောင် ကိုယ့်ရဲ့မှတ်ဉာဏ်တွေ မချွတ်ယွင်းသေးပါဘူး၊ ကိုယ် ... သေသေချာချာကြီးကို မှတ်မိနေပါတယ်"

"ဒါဖြင့် အဲဒီအချိန်ကာလဟာ ဒီနေ့ကစပြီး ပြီးဆုံးသွားပြီလို့ သတ်မှတ်လိုက်တော့ ဆီဇာ"

ခပ်ရှင်းရှင်းပြောလာသော ဂျူလီယာ့စကားကို ရုတ်တရက် သူ နားမလည်ပါ။

"မင်းဆိုလိုတာက ဘာအဓိပ္ပာယ်လဲ ဂျူလီယာ"



www.burmeseclassic.com

www.burmeseclassic.com



"ယူ့ကို ဒီနေ့ကစပြီး မိတ်ဆွေအဖြစ် စိတ်ရှင်းရှင်းနဲ့ ဆက်ဆံတော့မယ်ဆိုတဲ့အဓိပ္ပာယ်ပေါ့၊ ဆီဇာရော စနိုးကိုရော နှစ်ယောက်စလုံးကိုပြောတာ"

သူနှင့်စနိုးအား ယနေ့မှစ၍ စိတ်ရှင်းရှင်းနှင့်ဆက်ဆံတော့မည်ဟူသော ဂျူလီယာ့စကားကို သူ ဇဝေဇဝါ ဖြစ်နေသေး၏။ အတော်ကြီးကြာမှ ထုံထိုင်းလှသောသူက .....

"ကျေးဇူးတင်ပါတယ် ဂျူလီယာ၊ ခုလိုကြားရတာ ဝမ်းသာပါတယ်"

"တို့လဲ ယူ့အတွက် ဝမ်းသာပါတယ် .... ဆီဇာ၊ စနိုးလိုမိန်းကလေးတစ်ယောက်နဲ့ ချစ်သူဖြစ်ခွင့်ရတာ ယူ ကံကောင်းပါတယ်လေ"

ဂျူလီယာ့ စကားက .... သူ့ နားလည်မှုတို့ကို ကမောက်ကမဖြစ်သွားစေပါသည်။

"ဘယ်လို ... ဂျူလီယာ၊ စနိုးနဲ့ချစ်သူဖြစ်ခွင့်ရတာ ဟုတ်လား"

သူ တအံ့တသြ ရေရွတ်လိုက်တော့ ဂျူလီယာက မပြုံးချင်ပြုံးချင် ပြုံးလိုက်သည်။

"ဘာလဲ .... ယူက ခုချိန်ထိ စနိုးနဲ့ သမီးရည်းစားတွေဖြစ်နေတဲ့ကိစ္စကို ထိမ်ချန်ထားချင်လို့လား"





ထိန်ချန်ဖို့နေနေသာသာ ဂျူလီယာ ဘာတွေပြောနေမှန်းပင် ...နားမလည်ပါ။ ဂျူလီယာက လက်ထဲမှအအေးဘူးကို လှည့်ပတ် ...စားရင်း အလွန်တည်ငြိမ်သောအသံဖြင့် သူ့အား ပြောသည်။

"သူများတွေ ပြောပြလို့ ... ယူ မိန်းကလေးတစ်ယောက်နဲ့ ...နေတဲ့အကြောင်း တို့ သိထားတာကြာပြီ ဆီဇာ .... ဒါပေမဲ့ တို့ ...က်ချင်းမယုံခဲ့ဘူး၊ ယူ့မွေးနေ့မှာ စနိုးကိုတွေ့တော့ ဘေးလူတွေ ...ပြာတဲ့စကားကို ယုံရမလို ဖြစ်ခဲ့သေးတယ်၊ ခုတော့ မယုံလို့ ...ဖြစ်တော့ဘူး ဆီဇာ"

"ဘာကြောင့်လဲ"

"ဘာကြောင့်လဲ ဆိုတော့ သံသယဖြစ်စရာ အချက်အလက် ...အပြင် ယုံကြည်လောက်စရာ အထောက်အထားကိုပါ တွေ့လာ ...ပေါ့"

ယုံကြည်လောက်စရာအထောက်အထားဟူသော စကားက ...က်သိက္ခာအား ထိပါးစိန်ခေါ် လိုက်ခြင်းပင် ဖြစ်သည်။ ဘယ်လို ...ထောက်အထားမျိုးပါလိမ့်။

"မင်းပြောတဲ့ အထောက်အထားကို ကိုယ် သိခွင့်မရှိဘူးလား ...လီယာ"



www.burmeseclassic.com

www.burmeseclassic.com



ဂျူလီယာက ဘေးနားမှ စာအိတ်တစ်အိတ်အား လှမ်းယူကာ ရှေ့သို့ ချပေးသည်။

ဂျူလီယာအမည်တပ်၍ စာတိုက်မှတစ်ဆင့် ပေးပို့လိုက်သော ခပ်ထူထူ စာအိတ်တစ်အိတ် ဖြစ်သည်။ ဖောက်ထားပြီးဖြစ်သော ထိုစာအိတ်ကို ဖွင့်လိုက်တော့ စာတစ်စောင်ထွက်လာရမည့်အစား ဓာတ်ပုံအချို့သာ ထွက်ပေါ်လာပါသည်။

ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့လျော့ကာ အပျော်ပျော်ကြီး ပျော်နေကြသော ချစ်သူစုံတွဲတစ်တွဲအား အဝေးမှ လှမ်းရိုက်ထား သောပုံများ ဖြစ်နေ၏။ ဗိုလ်ချုပ်ဈေး၊ ရုပ်ရှင်ရုံရှေ့၊ အင်းလျား ကန်စောင်းတို့၌ လက်ချင်းချိတ်ကာ အပျော်ကြီးပျော်နေပုံရသော ဓာတ်ပုံထဲမှစုံတွဲမှာ သူနှင့် စနိုး ဖြစ်နေခြင်းက အံ့သြစရာကောင်း သော ကံဆိုးမိုးမှောင်ကျမှုပင် ဖြစ်သည်။

စနိုး၏ ချစ်သူအဖြစ် သူ ဟန်ဆောင်ပေးခဲ့ရစဉ်က ရိုက်ယူ ထားခဲ့သော ပုံများဖြစ်ကြောင်း သံသယဖြစ်စရာ မလိုပါ။ သို့သော် ဓာတ်ပုံထဲမှာ စနိုး၏ သူ၏အမူအရာများက ဟန်ဆောင်နေကြ ပါဟု ယုံကြည်ရန် ခဲယဉ်းလောက်အောင် သဘာဝကျကျနှင့် ပြုံး နေကြသည်ကတော့ ... သူ့အတွက် အလွန်ဆိုးဝါးလှသော ကံ တစ်ခု ဖြစ်နေပါတော့သည်။





"တို့ ... ယူ့အခက်အခဲကို ကိုယ်ချင်းစာပါတယ် ဆီဇာ၊ ယူနဲ့ စနိုးနဲ့ ချစ်သူဖြစ်နေတဲ့အကြောင်းသာ အန်ကယ်သိသွားရင် အကြီး အကျယ် စိတ်ဆိုးမှာ သေချာတယ်၊ ဒါကြောင့် ယူတို့အချင်းချင်း ရိုးရိုးသားသား ခင်မင်နေသလိုမျိုး .... ဟန်ဆောင်နေကြတာကို တို့နားလည်ပါတယ်"

"မဟုတ်ဘူး ဂျူလီယာ၊ မင်းထင်သလို လုံးဝမဟုတ်ဘူး၊ စနိုး ကို လူတစ်ယောက် လိုက်နှောင့်ယှက်နေလို့ ကိုယ်က စနိုးချစ်သူ အဖြစ် ဟန်ဆောင်ပေးခဲ့ရဖူးတယ် .... ဒီပုံတွေက အဲဒီတုန်းက ပုံတွေ ...."

သူ ပျာပျာသလဲ ကန့်ကွက် ငြင်းဆန်ကာ ရှင်းပြလိုက် သော်လည်း .... သူ့ကြိုးစားမှုက အချည်းနှီးသာလျှင် ဖြစ်သည်။ ဂျူလီယာက ခပ်တိုးတိုး ရယ်မောလိုက်ကာ ....

"ဘာလဲ တို့ကိုတောင် .... မယုံတော့ဘူးလား ဆီဇာ၊ ယူတို့ ကိစ္စကို အန်ကယ့်ကို ပြန်ပြောမှာ စိုးလို့လား"

အခြေအနေကတော့ .... ရှင်းလေ ရှုပ်လေဖြစ်နေတော့မှာ သေချာပါသည်။ သူ စနိုးကို ဖြတ်ခနဲ သတိရလိုက်ပြီး .... "မင်း မယုံရင် စနိုးကို တွေ့ပြီး မေးကြည့်နိုင်ပါတယ် ဂျူလီယာ၊ ကိုယ် အကယ်ပြောနေတာပါ" ဟု သူ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စနိုးကို မေးလဲ မဟုတ်ဘူးလို့ဘဲ ငြင်းမှာပေါ့ ဘာထူးမှာလဲ"

ဂျူလီယာ့စကားကြောင့် သူ အကြီးအကျယ် စိတ်ဓာတ်ကျသွားရ၏။ ဂျူလီယာက စကားပွဲကို နိဂုံးချုပ်လိုဟန်ဖြင့် နာရီကို တစ်ချက်ကြည့်လိုက်ကာ .....

"တို့ ညည့်ခံပွဲတစ်ခု သွားစရာရှိသေးလို့ အဝတ်အစား လဲလိုက်ဦးမယ် ဆီဇာ၊ ဘာပဲဖြစ်ဖြစ် ယူ့ကိုရော စနိုးကိုပါ မိတ်ဆွေရင်းချာတွေလို ... တို့ အခင်အမင်မပျက် ဆက်ဆံနေမှာပါ။ စနိုးနဲ့တွေ့ရင် သူ့အတွက် တို့ ဝမ်းသာတယ်ဆိုတဲ့အကြောင်း ပြောပြလိုက်ပါ"

ဂျူလီယာက စကားကြို ပါးနေသေး၏။

သူကတော့ ... ဂျူလီယာအား ပြန်ပြောရန် စကားလုံးတို့ကို ရှာဖွေ၍မရအောင် စိတ်ဓာတ်တို့ နောက်ကျိရှုပ်ထွေးနေကြသည်။ စားပွဲပေါ်ရှိ ဓာတ်ပုံထဲမှာတော့ သူနှင့် စနိုးက ယခုတိုင်အောင် လက်ချင်းချိတ်လျက် ရှိနေကြပါသေးသည်။

"ကိုယ် တစ်ခုလောက် မေးပါရစေ ဂျူလီယာ၊ ဒီဓာတ်ပုံတွေ မင်း ဘယ်သူ့ကို ရိုက်ခိုင်းခဲ့တာလဲ"

"ဟင့်အင်း ... ဘယ်သူ့ကိုမှ မရိုက်ခိုင်းပါဘူး"





"ဒါဖြင့် ဒီဓာတ်ပုံတွေက ဘယ်လိုလုပ်ပြီး မင်းဆီရောက်လာတာလဲ"

"တို့လည်းမသိဘူး၊ ယူတို့အကြောင်း အမှန်အတိုင်းသိစေချင်တဲ့ တစ်ယောက်ယောက်က လှမ်းရိုက်တာလို့ ထင်တာပဲ"

ဂျူလီယာအပြောအရ ဆိုလျှင်တော့ ဖလင်ခ၊ ဓာတ်ပုံကူးခ၊ စာတိုက်တံဆိပ်ခေါင်းခတို့ကို ရက်ရက်ရောရောအကုန်ခံနေသည့် စေတနာရှင်ပုဂ္ဂိုလ်တစ်ယောက် ရှိနေပါလိမ့်မည်။

❖ ❖ ❖

"မင်းကိုမင်း ဟုတ်လှပြီ ထင်နေသလား .... ဆီဇာ"

တယ်လီဖုန်း နားထောင်ခွက်ထဲမှ ထွက်ပေါ်လာသည့် မိုးခြိမ်းသံက ထုံးစံအတိုင်း မာကျောကျယ်လောင်၍နေပါသည်။

ဂျူလီယာထံမှပြန်လာပြီး ဓာတ်ပုံကိစ္စအား စိတ်ထဲမှတနုံ့နုံ့နှင့် အခဲမကြေဖြစ်နေစဉ်မှာပင် ဒယ်ဒီ သူ့ထံသို့ ဖုန်းဆက်လာခြင်း ဖြစ်သည်။ အရင်းမရှိ အဖျားမရှိ စတင်လာသော ဒယ်ဒီ့စကားအား ဘယ်လိုတုံ့ပြန်ရမလဲ ..... စဉ်းစားနေစဉ်မှာပင် ဒုတိယမြောက် မိုးခြိမ်းသံက ဆက်တိုက်ဆိုသလို ထွက်ပေါ်၍လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း အဲဒီကောင်မလေးနဲ့တွဲနေတာ ဘယ်လောက်ကြာပြီလဲ ဟေ့ကောင်"

"ဘယ်ကောင်မလေးကို ပြောတာလဲ ဒယ်ဒီ"

"ဘယ်ကောင်မလေးရှိမလဲ၊ မင်းအခုတွဲနေတဲ့ ကောင်မလေးကို ပြောတာပေါ့ကွ .... ဘာလဲ မင်း ကောင်မလေးတစ်ယောက်နဲ့ ရှုပ်နေတဲ့ကိစ္စကို ငါမသိဘူးများ အောက်မေ့လို့လား"

သူ မြန်မြန်မဖြေပါက ဒယ်ဒီ့အသံက မိုးခြိမ်းသံအဖြစ်မှ မိုးကြိုး ပစ်သံအဆင့်သို့ ပြောင်းလဲသွားနိုင်ပါသည်။

"ကျွန်တော် ဘယ်ကောင်မလေးနဲ့မှ မရှုပ်ပါဘူး ဒယ်ဒီ ဒယ်ဒီ့ကို ဘယ်သူက ဘာပြောလိုက်လို့လဲ"

"ဘယ်သူမှ မပြောဘူး .... ပြောချင်းပြော ဓာတ်ပုံတွေက ပြောတာပဲ ဖြစ်မယ်"

"ဗျာ ..... ဓာတ်ပုံတွေ"

ဓာတ်ပုံဟူသော အသုံးအနှုန်း ပါလာသဖြင့် သူ တအံ့တဩ ရေရွတ်လိုက်မိသည်။

"ဟုတ်တယ်၊ ဒီနေ့မနက်ပဲ ငါ့ဆီကို စာအိတ်တစ်အိတ်နဲ့ ဓာတ်ပုံတွေ ရောက်လာတယ်၊ မင်းနဲ့ ကောင်မလေးတစ်ယောက်နဲ့ မိုးမမြင် လေမမြင်ဖြစ်နေတဲ့ပုံတွေလေ၊ မင်း ဘာပြောချင်သေးလဲ"





သူ ဘာမှ ပြန်မပြောချင်တော့ပါ၊ ဒယ်ဒီ့ဆီရော ဂျူလီယာ့ဆီ ကိုပါ ဓာတ်ပုံတွေအခမဲ့ဖြန့်ဝေပေးနေသည့် အမည်မသိ စေတနာရှင် ပုဂ္ဂိုလ်ကိုသာ စိတ်ထဲမှ ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲလိုက်မိသည်။

"ငါက .... မင်းကို ဂျူလီယာနဲ့ပြန်ပြီးပေါင်းဖို့ မျှော်လင့် ထားတာ ဆီဇာ၊ ခု ... မင်းလုပ်နေပုံက ငါ့မျှော်လင့်ချက်တွေကို တမင်အရွဲ့တိုက်ပြီး ဖျက်ဆီးနေသလိုပဲ"

"တောင်းပန်ပါတယ် ... ဒယ်ဒီ၊ ကျွန်တော် တမင်ရည်ရွယ်ပြီး လုပ်တာမဟုတ်ပါဘူး၊ ပြီးတော့ ... ဓာတ်ပုံထဲက ကောင်မလေးနဲ့ ကျွန်တော်နဲ့ ခုချိန်ထိ ရိုးရိုးသားသား သူငယ်ချင်းတွေအဆင့်မှာပဲ ရှိပါသေးတယ်"

သူ ရှင်းပြမှုကို ဒယ်ဒီလက်ခံပုံမရ။

"ဘာကွ၊ သူငယ်ချင်းတွေဟုတ်လား၊ အဲဒီစကားကို ကျမ်းကျိန် ပြီး အရူးတွေရှေ့ သွားပြောရင်တောင် ဘယ်အရူးမှ ယုံမှာမဟုတ်ဘူး၊ တောက် ... ဂျူလီယာသာ ဒီဓာတ်ပုံတွေ တွေ့သွားလို့ကတော့ကွာ"

ဒယ်ဒီ ဒေါသတကြီးရေရွတ်ရင်း စကားကို တစ်ဝက်တစ်ပျက် နှင့် ရပ်ဆိုင်းပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် စိတ်မကောင်းပါဘူး ဒယ်ဒီ၊ ဂျူလီယာ တွေ့ပြီး သွားပါပြီ"

သူ အမှန်တကယ်ပင် စိတ်မကောင်းစွာ ရိုးရိုးသားသား ဝန်ခံလိုက်တော့ ဒယ်ဒီ တအံ့တဩလေသံဖြင့် .....

"ဘာပြောတယ်၊ ဂျူလီယာ တွေ့သွားပြီ ဟုတ်လား"

"ဟုတ်ကဲ့၊ ဒယ်ဒီ့ဆီကို ရောက်လာသလိုမျိုး ဂျူလီယာ့ဆီကိုလဲ စာတိုက်ကနေ ဓာတ်ပုံတွေ ရောက်သွားတယ်၊ စောစောကပဲ ကျွန်တော် .... ဂျူလီယာနဲ့ သွားတွေ့ပြီး ပြန်လာတာ"

ဒယ်ဒီ ခေတ္တတိတ်ဆိတ်သွားပြီးမှ ဂျူလီယာ ဘာပြောသလဲ ဟု ခပ်တိုးတိုးလေသံဖြင့် မေးသည်။

"သူ ... ကျွန်တော့်ကို မိတ်ဆွေတစ်ယောက်လိုပဲ ဆက်ဆံတော့မယ် .... တဲ့"

ဒီတစ်ခါတော့ .... အတော်ကြီးကြာအောင် ဒယ်ဒီ ငြိမ်သက်တိတ်ဆိတ်သွားပါသည်။

ဒယ်ဒီ့ ဒေါသတို့ ပေါက်ကွဲလာမည့်အချိန်ကို သူ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေလိုက်သည်။ သို့သော် အံ့ဩစရာကောင်းလောက်အောင်ပင် ဒယ်ဒီ သူ့အား .... ဒေါသတကြီး ပြစ်တင်





ကြိမ်းမောင်းခြင်းမျိုးမပြုဘဲ စိတ်ကိုချုပ်တည်းထားသည့် သွားကြိတ်သံမျိုးဖြင့် သူ့အား ပြောသည်။

"ငါက ငါ လျှောက်စေချင်တဲ့လမ်းကို ပြခဲ့ပြီးပြီ .... ဆီဇာ၊ လမ်းကြောင်းပေါ် ရောက်အောင်လဲ ဆွဲတင်ပေးခဲ့ပြီးပြီ၊ ဒီကြားထဲက မင်းလမ်း မင်းဖောက်ပြီး မင်းဘာသာ လျှောက်ချင်တယ် ဆိုရင်လဲ လျှောက်ပေတော့ .... ငါ မင်းကို ဘေးမဲ့ပေးလိုက်ပြီ၊ ဂျူလီယာနဲ့ ပတ်သက်ပြီး ငါ တိုက်တွန်းခဲ့တဲ့ကိစ္စကိုလဲ မေ့လိုက်ပေတော့၊ ငါ ဘာမှ ဝင်မစွက်ဖက်တော့ဘူး ဟုတ်ပြီလား"

စီရင်ချက်တစ်ခုပမာ ပြတ်သားလှသော ဒယ်ဒီ့စကားတို့ကို နားထောင်ရင်း သူ လှိုက်ခနဲ ဝမ်းနည်းသလို ခံစားလိုက်ရသည်။ ဒယ်ဒီက ခပ်ပြတ်ပြတ်လေသံဖြင့် သူ့အား မေးသည်။

"မင်း ဘာပြောစရာရှိသေးသလဲ ... ဆီဇာ"

သူ့၌ ပြောစရာစကား အမြောက်အမြား ရှိနေသော်လည်း မပြောရန် ဆုံးဖြတ်လိုက်၏။

"မရှိပါဘူး ဒယ်ဒီ"

"ကောင်းတယ် .... ဒီနေ့ကစပြီး မင်းလုပ်ချင်တာ မှန်သမျှ လွတ်လွတ်လပ်လပ် လုပ်နိုင်ပြီ၊ ငါ့အိမ်ကို အချိန်မရွေး ဝင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သလို ... အကူအညီလိုရင်လဲ အချိန်မရွေးတောင်းနိုင်တယ်၊ ဒါပေမဲ့ .... ငါ့ရဲ့သေတမ်းစာထဲမှာတော့ မင်းနာမည်ပါမှာမဟုတ်ဘူး ဆိဗျာ၊ ငါပြောတာကို နားလည်တယ်မဟုတ်လား"

သူ ကောင်းစွာနားလည်ပါသည်။

ဒယ်ဒီက သူ့အား သားအဖြစ်မှ တရားဝင် စွန့်လွှတ်လိုက်ခြင်း မဟုတ်သည့်တိုင် သားတစ်ယောက်ပမာ မသတ်မှတ်တော့သည့် သဘောပင်ဖြစ်သည်။ သူ ... နားလည်ကြောင်း ပြောလိုက်တော့ ဒယ်ဒီက ကံကောင်းပါစေဟု ဗိုလ်ဆန်ဆန် နှုတ်ဆက်ပါသည်။

"ဂွတ်လဒ် ...." တဲ့။

ဒယ်ဒီနှင့် ဖုန်းပြောအပြီး တစ်ချိန်လုံး အောင့်ထားရသော လေပူတို့ကို မှုတ်ထုတ်လိုက်တော့ သူ၏အခန်းတစ်ခုလုံး ချက်ချင်း ပင် ပူနွေးလောင်မြိုက်ကာ ခြောက်သွေ့သွားလေတော့သည်။

◉ ◉ ◉



(ကဏ္ဍ နှစ်)

တောင်းသောသူ မည်သည်ကား ရ၏။

ရှာသောသူလည်း တွေ့၏။

တံခါးခေါက်သောသူအားလည်း တံခါးကို ဖွင့်၏။

(မ၊ ၇ း ၈)

www.burmeseclassic.com

www.burmeseclassic.com

(၁)

ဒယ်ဒီ၏ ဥပေက္ခာပြုမှုက အတော့်ကို ထိရောက်သည်ဟု ...ရပါလိမ့်မည်။ သူ့အား သူစိမ်းတစ်ယောက်သဖွယ် သဘော ...ားခြင်းကြောင့် ထိခိုက်ကြေကွဲခဲ့ရ၏။

ဒယ်ဒီ စိတ်ပြေလောက်မည့်အချိန်ကိုမှန်း၍ အချိုသာဆုံး ...က်နှာနှင့် အတူ ဒယ်ဒီအလွန်ကြိုက်သော (၁၄ နှစ်သား ရှိင်ရှယ် ...) တစ်ပုလင်းဝယ်ကာ .... ဒယ်ဒီထံသို့ သူ ရောက်ရှိသွားခဲ့ ...ာ်လည်း အခြေအနေက သိပ်မထူးလှပါ။

"...နေကောင်းတယ်နော် .... ဒယ်ဒီ"

www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီက ခေါင်းကိုသာ တစ်ချက်ဆတ်ပြ၏။ ကတ္တီပါရှူးအိတ်နှင့် ပုလင်းကို စားပွဲပေါ်တင်ရင်း ... "ဒယ်ဒီ့အတွက် ဝယ်လာတာ" ဟု သူ ပြောတော့ "ရေခဲသေတ္တာထဲ ထည့်ထားလိုက်" ဟု ပြန်ပြောပါသည်။

"ဒယ်ဒီ တစ်ခါတည်း မသောက်ဖူးလား"

"ငါ ဘလူးလေဘယ် ပြောင်းသောက်နေတယ်"

"ဒါဆိုလဲ ... နောက်နေ့မှသောက်ပေါ့"

"မသောက်တော့ဘူး၊ ဆာဝါးကိုပဲ လက်ဆောင်ပေးလိုက်တော့မယ်"

ငင်း အလွန်ကြိုက်သော ပုလင်းကို မသောက်ဘဲ တခြားတစ်ယောက်အား လက်ဆောင်ပေးမည်ဆိုကတည်းက ဒယ်ဒီ သူ့အပေါ် တင်းမာနေဆဲဖြစ်ကြောင်း သူသဘောပေါက်လိုက်ပါသည်။ ထို့ကြောင့် ဒယ်ဒီနှင့်အတူ ညစာစားရန် စိတ်ကူးကို စွန့်လွှတ်ပြီး တပ်ခေါက်ကာ ပြန်လာခဲ့ရသည်။

"လူကြီးဆိုတာမျိုးက ... ဒီလိုပါပဲကွာ၊ နောက်တော့ စိတ်ပြေသွားမှာပါ"

ပက်ထရစ်နှင့် စောသိန်းဝင်းက သူ့အား ဝိုင်းဖျောင်းဖျပါသည်။



"ခုဆို ... မင်းမှာ ဘာမှထောက်ထားစရာ မရှိတော့ဘူး၊ မင်းဆုံးဖြတ်ချင်တာကို လွတ်လွတ်လပ်လပ် ဆုံးဖြတ်လို့ရပြီ၊ အဲဒါ ...ရှုံးထဲက အမြတ်ပဲ"

သူကိုယ်တိုင်လည်း ထိုသို့ပင် မျှော်လင့်ပါသည်။

သူ့အနာဂတ်အား သူ့ဘာသာ ဖန်တီးနိုင်တော့မည်ဟူသော ...သံဖြင့် ကြေကွဲမှုကို ဖြေသိမ့်ရ၏။ "ဒီနေ့ကစပြီး မင်းလုပ်ချင်တာ ...လွတ်လွတ်လပ်လပ်လုပ်နိုင်ပြီ" ဟူသောစကားက ....

သူ့ဦ့တွယ်ငြိနေသော နှောင်ကြိုးတို့ကို ဒယ်ဒီ သဘောထား ...ကြီးစွာ ဖြတ်တောက်ပေးလိုက်ခြင်းပင် ဖြစ်သည်။ စောသိန်းဝင်း ...ကတော့ ....

"ဖလင်ဖိုး အကုန်ခံပြီး ဓာတ်ပုံတွေ ရိုက်ပေးတဲ့ ကင်မရာ ...ဆရာကို ကျေးဇူးတင်သင့်တယ်"

ဟု မှတ်ချက်ချ၏။

သူငယ်ချင်းနှစ်ယောက်စလုံးက ငဲ့ညှာစရာ နှောင်ကြိုးတို့မှ ...င်းလွတ်သွားသော သူ့အတွက် ဝမ်းသာနေကြကြောင်း သံသယ ...ဖြစ်စရာမလိုပါ။ သူ ပြောပြလိုက်သဖြင့် ဒယ်ဒီနှင့် သူ၏အခြေအနေ ...ကို သိသွားသော စနိုးကတော့ ပက်ထရစ်တို့နှင့် ဆန့်ကျင်ဘက် ...ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကောင်းစရာပဲနော်"

အမှန်တကယ် စိတ်မကောင်း ဖြစ်သွားသည့်ပုံဖြင့် ရေရွတ်သဖြင့် ဘာဖြစ်လို့လဲ စနိုး ဟု သူ မေးတော့ ....

"ရှင်တို့သားအဖနှစ်ယောက်က သိပ်ချစ်ကြတာ မဟုတ်လား။ ခုလိုဖြစ်သွားတော့ စိတ်မကောင်းစရာပေါ့၊ ပြီးတော့ ကျွန်မ ပယောဂကြောင့် ဖြစ်သွားရတာဆိုရင်လဲ မမှားဘူး"

ထိုသို့ သူ့အတွက် စိတ်မကောင်းဖြစ်ပြတတ်သော စနိုးသည် သူ မတွေးမိသော အတွေးအခေါ်တို့ကိုလည်း တွေးခေါ်ပြတတ်ပါသေးသည်။ တစ်ရက် စနိုး သင်တန်း၌ ထိုင်စကားပြောနေစဉ် စနိုးက ကောက်ခါငင်ခါဆိုသလို သူ့အား လှမ်းပြောပါသည်။

"ဒီပုံစံအတိုင်းဆိုရင်တော့ ရှင့်မှာ ရန်သူရှိနေပြီ ဆီဇာ"

ရန်သူဟူသော အသုံးအနှုန်းက သူ့အတွက် အံနည်းငယ် ဆန်းကြယ်၍နေသဖြင့် ....

"မင်း ဘာကိုဆိုလိုတာလဲ စနိုး" ဟု သူ ပြန်မေးလိုက်သည်။

"ရှင် စဉ်းစားကြည့်လေ .... ရှင့်လက်ထပ်ပွဲတုန်းကတစ်ခါ အနှောင့်အယှက်ခံခဲ့ရတယ်၊ ခုလဲ ... ရှင်နဲ့ကျွန်မရဲ့ပုံတွေကို ချောင်းရိုက်ပြီး ဂျူလီယာနဲ့ ရှင့်အဖေဆီပို့တယ်ဆိုတော့ ဒါဟာ လူမှုရေ





လုပ်ကြံမှုပဲ၊ ရှင့်ကို မလိုတဲ့ လူတစ်ယောက်ယောက် ရှိနေတာ သေချာတယ်"

စနိုး၏သုံးသပ်ချက်အား သူ အထင်ကြီးလေးစားသွားပါသည်။

"မင်း တော်တယ် စနိုး၊ ကိုယ်နဲ့ ကိုယ့်သူငယ်ချင်းတွေလဲ အဲဒီလိုပဲ ယူဆထားကြတယ်၊ ကိုယ်စဉ်းစားလို့မရတာက ဘာကြောင့် ခုလို လိုက်နှောင့်ယှက်နေသလဲဆိုတာပဲ"

"ရှင့်အပေါ် နာကြည်းစရာကိစ္စတစ်ခုခုရှိလို့ပေါ့ ဆီဇာ"

"မင်းစကားက သေချာလှချေလား"

"သိပ်သေချာတာပေါ့၊ နာကြည်းစရာကိစ္စမရှိဘဲ ဘယ်သူမှ ခုလိုပေါကြောင်ကြောင်ကိစ္စမျိုးကို အချိန်ကုန်ခံပြီးမလုပ်ဘူး"

ထိုစကားအား ပြောစဉ် ... စနိုး၏မျက်နှာက တိကျသေချာမှု၊ လေးနက်မှုတို့ဖြင့် အနည်းငယ် တင်းမာနေသလို ထင်ရ၏။ သူ ငေးကြည့်နေကြောင်း သတိပြုမိသွားတော့မှ ၎င်း၏မျက်နှာက အနည်းငယ် ပြေလျော့သွားပြီး .....

"ဆောရီးပဲ ဆီဇာ၊ ရှင်က ကျွန်မစကားကို မယုံသလိုပြောလို့ ကျွန်မလေသံ နည်းနည်းမာသွားတယ်"

"လေသံတင်မကဘူး စနိုး၊ မင်းမျက်နှာပါ မာသွားသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ အဲဒါဆိုရင် နောက်တစ်ခါထပ်ပြီး တောင်းပန်ပါတယ်၊ ပါးစပ်နဲ့ တောင်းပန်ရုံနဲ့ မကျေနပ်ရင်လဲ ရှင့်ကို တစ်ခုခု လိုက်ကျွေးပြီး တောင်းပန်မယ်လေ၊ ဘယ့်နှယ်လဲ"

"အဲဒီတောင်းပန်နည်းကတော့ ကိုယ့်အတွက် အဆင်ပြေဆုံး ဖြစ်လိမ့်မယ်၊ ကိုယ် မနက်စာ မစားရသေးဘူး"

သူ့စကားကြောင့် စနိုးက တအံ့တသြလေသံဖြင့် ရေရွတ်သည်။

"ဘုရားသခင်၊ ခုချိန်ထိတောင် ရှင် မနက်စာမစားရသေးဘူး ဟုတ်လား"

"ကော်ဖီတစ်ခွက်တောင် မသောက်ရသေးဘူး"

"အို: ... ဒီပုံတိုင်းဆိုရင်တော့ ရှင် အစာအိမ်ရောဂါ ရတော့မှာ သေချာတယ်၊ ရှင့်ကို အချိန်မှန်မှန် ထမင်းစားဖို့ သတိပေးမယ့်လူ တစ်ယောက်တော့ လိုနေပြီ ဆိဇာ"

"ကိုယ်လဲ အဲဒီလိုလူမျိုး တွေ့အောင် ရှာဖို့ ဆုံးဖြတ်ထားပါတယ်"

သူ့စကားအား စနိုးက မပွင့်တပွင့် အပြုံးနှင့်အတူ တုံ့ပြန်လေသည်။





"ဒါဟာ ရှင့်အနာဂတ်အတွက် ရှင့်ရဲ့ ပထမဆုံး ကိုယ်ပိုင် ဆုံးဖြတ်ချက်ဆိုပါတော့ ဟုတ်လား"

"အစစ်ပဲ၊ ကိုယ့်ရဲ့ဆုံးဖြတ်ချက်နဲ့ပတ်သက်ပြီး မင်း ဘယ်လို သဘောရသလဲ စနိုး"

စနိုးက မေးစေ့ကိုလက်နှင့်ပွတ်ကာ စဉ်းစားဟန်ပြုရင်း ...

"ကောင်းသားပဲ၊ ဒါပေမဲ့ ... အသက်ကြီးကြီး အိမ်ဖော်ဖြစ်ဖို့တော့ လိုတယ်၊ ဒါမှ သူ့စကားကို ရှင် လေးစားမှာ"

"ကိုယ်က အသက်ကြီးကြီး အိမ်ဖော်လိုချင်တာ မဟုတ်ဘူး စနိုး၊ အသက်ငယ်ငယ် ဘဝဖော်လိုချင်တာ၊ ကိုယ့်ဘဝကို သပ်သပ် ရပ်ရပ်ဖြစ်သွားအောင် တိုက်ချွတ် ဆေးကြောပေးမယ့် အဖော် လိုချင်တာ"

သူ့စကားအဆုံး၌ စနိုးက .... ခပ်တိုးတိုး ရယ်မောလိုက်ပြီး ပြန်ပြောသည်။

"ဘဝကို တိုက်ချွတ်ဆေးကြောဖို့ ဆိုရင်တော့ ဆပ်ပြာမှုန့် တော်တော်ကုန်မှာပဲနော်"

သူ၏ အလေးအနက်စကားအား ပေါ့ပါးသွားအောင် ခပ် လွယ်လွယ်ပြောင်းလဲပစ်နိုင်သော စနိုး၏ပါးနပ်လိမ္မာမှုကို စိတ်ထဲမှ ကြိတ်၍ ချီးကျူးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က စနိုး သူ့အား ထမင်းလိုက်ကျွေးပါသည်။ ဆီးဖု (ဒ်) ခေါ် ပင်လယ်အစားအစာဆိုင်၌ဖြစ်၏။ သူက ရေခူသုပ်ကို အားရ ပါးရစားတော့ စနိုးက မှတ်ချက်ချသည်။

"ရှင့်ကြည့်ရတာ ပင်လယ်အစားအစာ တော်တော်ကြိုက်ပုံပဲ"

"ကိုယ်က ထူးထူးဆန်းဆန်း အစားအစာဆိုရင် ဘာပဲဖြစ်ဖြစ် သဘောကျတယ်၊ ကိုယ့်သူငယ်ချင်းတွေက ငါးမန်းသားမစားရဲဘူး ကိုယ်ကတော့ စားတာပဲ၊ နောက်ပြီး ထိပ်ကိုဖောက်ပြီးစုပ်ရတဲ့ စေတီခရုဆိုလား ဘာလား ... အဲဒါလဲ စားတာပဲ"

မိုက်ဆာဆာနှင့်လာချပေးသမျှ ဟင်းတို့ကို ပလုတ်ပလောင်း စားရင်း သူ ပြန်ပြောလိုက်တော့ စနိုး မျက်မှောင် ကြုတ်သွား၏။

"အဲဒီခရုကို ရှင် ဘယ်မှာစားဖူးလဲ"

"ကော့သောင်းမှာ"

"ကော့သောင်း ...."

စနိုး၏ အထိတ်တလန့် အာမေဋိတ်သံကြောင့် သူပင် တအံ့ တဩဖြစ်သွားရသည်။

"နေစမ်းပါဦး၊ ကိုယ် ကော့သောင်းမှာ ပင်လယ်ခရုစားဖူးတာ ကိစ္စက ... မင်းအတွက် အထိတ်တလန့်ဖြစ်စရာကောင်းနေလို့လား"





သူ့မေးခွန်းကြောင့် စနိုးက မျက်နှာအမူအရာကို ပြောင်းလဲ လိုက်ပြီး ကမန်းကတန်း ပြန်ပြောသည်။

"ဆောရီး ဆီဇာ .... ကျွန်မ လန့်သွားတာမဟုတ်ဘူး၊ ကျွန်မ ကိုယ်တိုင်လဲ ကော့သောင်းရောက်ဖူးလို့ တိုက်ဆိုင်လိုက်တာဆိုပြီး အံ့သြသွားတာ၊ ဒါနဲ့ စကားမစပ် .... ရှင် အဲဒီကို ဘယ်တုန်းက ရောက်ဖူးတာလဲ ... ဟင်"

"အတိအကျတော့ မမှတ်မိတော့ဘူး၊ နှစ်နှစ်ကျော်၊ သုံးနှစ် လောက်တော့ ရှိရောပေါ့ ဘာဖြစ်လို့လဲ"

"ဟင့်အင်း ... ဘာမှမဖြစ်ပါဘူး၊ ကျွန်မ ရောက်ဖူးတဲ့ အချိန်နဲ့ တူနေမလားလို့ပါ"

တို့နောက် အလွန်စကားသွက်သော စနိုးတစ်ယောက် သိသိ သာသာ ငြိမ်သွားပါသည်။ စနိုး ဘာဖြစ်သွားတာလဲဟု သူ မေးတော့ ကော့သောင်းအကြောင်းတွေးနေမိလို့ပါဟု လျော့ရဲရဲ အဖြေပေး၏။ စနိုး၏အဖြေကို အားမရသော်လည်း တစ်စုံတစ်ရာ ထပ်မမေးဖြစ်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com

(၂)

ဂျူလီယာနှင့်ပတ်သက်သည့် နှောင်ကြိုးတို့ ပြေလျော့ခဲ့ခြင်းကြောင့်လား၊ သို့တည်းမဟုတ် ဒယ်ဒီ၏ သဘောထားကြီးစွာ ဘေးမဲ့ပေးခဲ့ခြင်းကြောင့်ပဲလားမသိ၊ စနိုးနှင့်ပင   သက်၍ သူ၏ တွေဝေနေမှုတို့  တစ်စထက်တစ်စ ပါးလျရော့ရဲလာခဲ့သည်။

တစ်ချိန်တည်းမှာပင် စနိုးအပေါ် နူးညံ့စွာ ရင်ခုန်နေမိကြောင်း သူ့ကိုယ်သူ သေချာလာခဲ့၏။

(စနိုးကလည်း ရင်ခုန်ဖွယ် ကောင်းအောင် ဆွဲဆောင်နိုင်ခဲ့ပါသည်) သူ၏တိုက်ခန်းလေးဆီသို့ ယွန်းနှင့်ဖြစ်စေ၊ သူမတစ်ယောက်တည်းဖြစ်စေ မကြာခဏ ရောက်ရှိလာတတ်ပြီး သူ့အား အော်ဂင်တီးခိုင်းကာ သီချင်းဆိုလေ့ရှိသော စနိုးသည် .....



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံတော့ ခပ်ဆန်းဆန်းစကားတို့ဖြင့် ရင်ခုန်ဖွယ် မေးခွန်းမျိုးကို မေးတတ်ပါသေးသည်။

"ရှင့်ရဲ့အနာဂတ်အတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက်ကို ဘယ်တော့ချမှာလဲ ဆီဇာ"

ဒါဟာ ... ရေလာမြောင်းပေး စကားတစ်ခွန်းဆိုလျှင်တော့ ဘာဆုံးဖြတ်ချက်လဲဟူသော မေးခွန်းမျိုးကို သူ ပြန်မေးဖို့မသင့်ပါ။

"အဲဒီကိစ္စအတွက် ကိုယ်စဉ်းစားနေတယ် စနိုး၊ သေသေချာချာ ကို အချိန်ယူပြီး စဉ်းစားနေတယ်"

သူမ၏မျက်နှာအားစေ့စေ့ကြည့်ရင်း သူ ပြောလိုက်လျှင်တော့ သူမက ဟက်ခနဲ တစ်ချက်ရယ်လျက် ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့် ပြတတ်ပါသည်။

"ရှင် ဆုံးဖြတ်ပြီးတဲ့အခါကျရင် အဲဒီဆုံးဖြတ်ချက်ကို ကျွန်မ သိပါရစေ ... ဆီဇာ၊ ဘယ်လိုဆုံးဖြတ်ချက်မျိုးပဲ ဖြစ်ဖြစ်ပေါ့"

"ကိုယ့်စိတ်ထင်တော့ အရှင်ဆုံး သိခွင့်ရမယ့်လူဟာ ... မင်းပဲ စနိုး"

"ဒါဆို .... ကျွန်မ ကံကောင်းတယ်လို့ ပြောရမှာပေါ့"





စနိုးသည် .... ပွင့်လင်းလွန်းသော မိန်းကလေးတစ်ယောက် ဖြစ်ကြောင်း သံသယရှိစရာ မလိုပါ။

စနိုး ပွင့်လင်းသလောက် သူကတော့ တစ်ခါတစ်ရံ တွေဝေနေ တတ်ပြီး ... သူ၏ တွေဝေမှုအား ပက်ထရစ်နှင့် စောသိန်းဝင်းတို့ ကတော့ အားမလို အားမရနိုင်စွာ ပြစ်တင် ရှုတ်ချတတ်ပါသည်။ သို့သော် .... စနိုးနှင့် သူ၏အနေအထားသည် မကြာခင် ချစ်သူများ အဖြစ်သို့ ရောက်ရှိကြလိမ့်မည် ဆိုခြင်းကိုတော့ အငြင်းမပွားကြပါ။

"မင်း မယုံရင်စောင့်ကြည့်၊ သိပ်မကြာခင် စနိုးနဲ့ မင်းနဲ့ ချစ်သူ တွေ ဖြစ်သွားကြလိမ့်မယ်"

"တကယ်လို့ မဖြစ်ခဲ့ရင်ကော"

"အဲဒါဆိုရင်တော့ ... ယတြာချေတဲ့အနေနဲ့ ကိုယ့်ကိုယ်ကို သတ်သေလိုက်ပေတော့"

"ကျေးဇူးကြီးလှပါပေတယ်"

ဒယ်ဒီ၏ ဥပေက္ခာ ပြုမှုကြောင့် စိတ်လေနေခဲ့သော်လည်း သူ၏ ကံကြမ္မာက ကိုယ့်ကိုယ်ကို သတ်သေရလောက်အောင်တော့ မဆိုးဝါးခဲ့ပါ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အိမ်မှာ ဟင်းချက်စရာ အိုးခွက်ပန်းကန်တွေ စုံစုံလင်လင် ရှိသလား ဆီဇာ"

ခါစ်ရက် စနိုးက သူ့အား ထူးထူးဆန်းဆန်း မေးမြန်းလာခဲ့သည်။

"ဘာလုပ်မလို့လဲ စနိုး၊ ပဲလှော်နဲ့ လာလဲမလို့လား"

"မနောက်နဲ့နော်၊ ကျွန်မက အကောင်းမေးနေတာ"

စနိုးက ချစ်စဖွယ် နှုတ်ခမ်းစူရင်း ရေရွတ်ပါသည်။

"ဟိုကောင်တွေ ဘီယာ လာသောက်တဲ့အခါ အမြည်းလေး ဘာလေးကြော်ဖို့ လှော်ဖို့လောက်တော့ ရှိတယ်၊ အလှူအတန်းပေး လောက်အောင်တော့ ... စုံစုံလင်လင် မရှိဘူးပေါ့၊ စနိုးက ဘာလုပ် မလို့လဲ"

"ဟင်းလာချက်မလို့"

စနိုး၏ စကားကြောင့် သူ ဟက်ဟက်ပက်ပက် ရယ်မောလိုက် တော့ .....

"မရယ်နဲ့ ဆီဇာ၊ ကျွန်မ တကယ်လာချက်မှာ၊ ရှေ့အပတ် ကျရင် ကျွန်မမွေးနေ့လေ၊ ရှင့်မွေးနေ့တုန်းက ကျွန်မ ဘာမှမ... ပေးမယ့် ကျွန်မ မွေးနေ့မှာတော့ ရှင့်ကို ကောင်းကောင်း...





စားစေချင်တယ်၊ ဒါကြောင့် ... ကျွန်မကိုယ်တိုင် ရှင့်အိမ်မှာ လာချက် ကျွေးမလို့၊ ရှင်းပြီလား"

"စိတ်ကူးကတော့ အပျံစားပဲ၊ ဒီပုံတိုင်းဆိုရင်တော့ ဟင်းတွေ ကလဲ အပျံစားဖြစ်မှာ သေချာတယ်"

"သိပ်သေချာတာပေါ့၊ ဟိုတစ်လောကတင် ဟင်းချက်နည်း စာအုပ်တွေဝယ်ပြီး သေသေချာချာ လေ့လာထားတာ"

စနိုးက ခပ်ကြွားကြွား လေသံဖြင့်ပြောတော့ "ကောင်းရော ကွာ" ဟု ရေရွတ်ရင်း သူ့နဖူးကို သူ ရိုက်လိုက်မိသည်။

သို့သော် နောက်တစ်ပတ် စနိုး သူ့ထံသို့ ဟင်းချက်စရာများ နှင့်အတူ ရောက်ရှိလာပြီး ချက်ပြုတ်ကြော်လှော်သောအခါမှာတော့ စနိုး၏ ဟင်းလျာများက သူ ထင်သလောက် မဆိုးဝါးခဲ့ပါ။ ထင်မှတ်ဘဲ အခြေအနေ ဆိုးသွားသည်က စနိုး၏ ဘယ်ဘက် လက်ညှိုးကလေးဖြစ်သည်။ ဝက်အူချောင်းကြော်များကို ခပ်စွေစွေ ...ိုးရင်း စနိုး၏လက်ကလေး ဓားရှသွားခြင်းဖြစ်၏။

စနိုး၏ ခပ်အုပ်အုပ်အော်သံကြောင့် အပြေးအလွှား ရောက်ရှိ သွားတော့ ... စနိုးက သူမ၏လက်ကလေးကို ခါယမ်းရင်း "ဓားရှ သွားပြီ" ဟု ငိုမဲ့မဲ့မျက်နှာနှင့် ကလေးတစ်ယောက်သဖွယ် အော်ဟစ် ...နေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပါဦး ... အနာထည့်တဲ့ဆေးလေး ဘာလေး ယူပေးပါဦး"

သွေးရဲရဲထွက်နေသည့်လက်ညှိုးကလေးကို မကြည့်ရဲသလို မျက်နှာလွှဲရင်း သူ့ကိုသာ အော်ဟစ်နေပါသည်။ သူ့အိမ်၌ မည်သည့် ဆေးမှ ဆောင်လေ့မရှိသလို၊ သူကိုယ်တိုင်ကလည်း ရှေးဦးသူနာပြု သင်တန်း တက်ဖူးသူတစ်ယောက် မဟုတ်ပါ။

သို့သော် .... ကံကောင်းထောက်မစွာ ငယ်စဉ်က ဖားရှလျှင် သူ၏အထိန်းတော်နာနီလုပ်ပေးလေ့ရှိသည့်နည်းကို သတိရလိုက်မိ ပြီး စန်း၏လက်ညှိုးကို လှမ်းယူကာ ပါးစပ်နှင့် ငုံထားလိုက်၏။

"အိုး ... အဲဒါ ဘာလုပ်တာလဲ"

စန်းက ရှက်လန့်အံ့သြဟန်ဖြင့်မေးတော့ ... သူက အသာနေ ဟူသော သဘောဖြင့် သူမအား လက်ကာပြလိုက်ပြီး ဒဏ်ရာမှ သွေး တို့ကို စုပ်ယူကာ  လက်ဆေးခွက်ထဲသို့ ထွေးထုတ်ပစ်လိုက်၏။ ထို့နောက်  ရေစင်စင်ဆေးပြီး  သူ၏လက်ကိုင်ပဝါဖြင့် စည်းပေး လိုက်ပါသည်။

"ကဲ ... ကိုယ်တတ်သလောက် မှတ်သလောက်တော့ လုပ်ပေး လိုက်ပြီ၊ ဘာမှမပူနဲ့တော့"

"ပျောက်သွားမှာလား ဟင်"





"ပျောက်မှာပေါ့ ဆေးခန်းသာမှန်မှန်သွားပြ၊ တစ်ပတ်အတွင်း အကောင်းပကတိ ဖြစ်သွားလိမ့်မယ်"

သူ့စကားကြောင့် စန်းက နှုတ်ခမ်းစူရင်း ... ဒါတော့ သူပြော မှလား ... ဟု ရေရွတ်လေသည်။

စန်း၏ မပြီးပြတ်သေးသော ဝက်အူချောင်းကြော် လှီးဖြတ် သည့်ကိစ္စကို သူ ဝင်လုပ်ပေးလိုက်၏။

စန်းက  ဘာစိတ်ကူးပေါက်သည်မသိ၊  သူ့အား ငေးကြည့် နေရင်းမှ လှမ်းမေးပါသည်။

"ရှင် မရွံဘူးလားဟင်"

"ဝက်အူချောင်းတွေကိုလား"

"ဟုတ်ပါဘူး၊ ကျွန်မလက်ကသွေးတွေကိုပြောတာ၊ ပါးစပ်နဲ့ စုပ်ထုတ်တော့  ရောဂါတွေ ဘာတွေ ကူးမှာကို မစိုးရိမ်ဘူးလား၊ ကျွန်မမှာ ကူးစက်ရောဂါတွေ ဘာတွေရှိရင် ရှင် ဘယ်လိုလုပ်မလဲ"

"အဲဒါဆိုရင်လဲ အကူးခံလိုက်ရုံပေါ့ စန်းရဲ့"

"တကယ်လား"

"တကယ်ပေါ့၊ ကိုယ့်စိတ်ထဲမှာ မင်းလက်ကဒဏ်ရာ သက်သာ အောင် ဘာလုပ်ပေးရမလဲ ဆိုတဲ့ စိတ်ကူးကလွဲပြီး ဘာမှမရှိဘူး ... ကိုယ့်၊ ရောဂါကူးမှာတို့ဆိုတာ စဉ်းတောင်မစဉ်းစားမိဘူး"



www.burmeseclassic.com

www.burmeseclassic.com



စနိုးက သူ့အား ခပ်တွေတွေစိုက်ငေးရင်း မှတ်ချက်ချသည်။

"ဒီလိုဆိုတော့လဲ ရှင့်ကြည့်ရတာ စိတ်ကောင်းရှိပုံရသားပဲ"

"ဘုရားသခင် ..... မင်းပြောပုံက အစကတော့ ကိုယ်က စိတ်ကောင်းမရှိတဲ့ လူယုတ်မာကြီး ကျနေတာပဲ"

"ပြောနိုင်ဖူးလေ၊ အရင်တုန်းက ရှင့်အကြောင်းကို ကျွန်မမှ သေသေချာချာမသိခဲ့ဘဲ"

"ခုကော သိပြီလား"

စနိုးက ပခုံးနှစ်ဖက်ကို ဟန်ပါပါ တွန့်လိုက်ပြီး .....

"အင်း ... ခုတော့ နည်းနည်းပါးပါးသိလာပြီ ဆိုပါတော့"

"ဥပမာ တစ်ခုလောက်ပြောပြပါလား"

"ဥပမာ ရှင်လိုးတဲ့ဝက်အူချောင်းတွေ ကြမ်းပြင်ပေါ် ကျကုန်ပြီ ဆိုတာမျိုးပေါ့"

စနိုးအား စကားလှည့်ပြောရင်း လိုးသောကြောင့် ဝက်အူ ချောင်း အတော်များများဟာ ပန်းကန်ထဲသို့ ရောက်ရမည့်အစား စနိုးပြောသလို ကြမ်းပေါ်သို့ ကျကုန်သဖြင့် ..... သူ အရှက်ပြေ





ရယ်မောရင်း ... ကိုယ့်ဘဝမှာ ဝက်အူချောင်း တစ်ခါမှ မလိုးခဲ့ဖူးဘူး ဟု ဆင်ခြေပေးလိုက်ရသည်။

"ကျွန်မကြောင့် ပထမဦးဆုံး လိုးဖြစ်သွားတယ် ဆိုပါတော့"

"အစစ်ပဲ၊ မင်းကြောင့် ပထမဦးဆုံးလုပ်ဖြစ်မယ့် နောက်ထပ် ကိစ္စတစ်ခုလဲ ရှိသေးတယ်"

"ဘာလဲဟင်"

စနိုးက စိတ်ဝင်တစား မေးမြန်းလာချိန်၌ ဝက်အူချောင်း လိုးခြင်းကိစ္စကို ရပ်ဆိုင်းလိုက်ပြီး ... စနိုးရှေ့သို့ လျှောက်လာကာ သူ ပြောလိုက်သည်။ တင်ကြိုပြင်ဆင်မထားဘဲ ရုတ်တရက် ပြောချ လိုက်ခြင်း ဖြစ်သည်။

"မင်းကို ရည်းစားစကားပြောဖို့လေ၊ ကိုယ် မင်းကို ချစ်နေမိပြီ စနိုး"

သူ့စကားအဆုံး စနိုး၏ တုံ့ပြန်မှုက သူ လုံးဝမမျှော်လင့်မထား သည့် တုံ့ပြန်မှုမျိုးဖြစ်သလို သူ့အား စိတ်အနှောင့်အယှက်ဖြစ်စေ သည့် တုံ့ပြန်မှုမျိုးလည်း ဖြစ်ပါသည်။ ၎င်း၏ သွားတန်းလေးများ



www.burmeseclassic.com

www.burmeseclassic.com



ဖွေးခနဲဖြစ်သွားသည်အထိ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ခြင်း ဖြစ်၏။

"ဘာလဲ၊ ဂျူလီယာနဲ့ ဇာတ်လမ်းပြီးသွားလို့ ... နောက်ထပ် ဇာတ်လမ်းအသစ်တစ်ပုဒ် ရှာတဲ့သဘောလား"

စနိုး၏စကားကြောင့် ကျင်ခနဲ ဖြစ်သွားပြီး ... သူ၏လေသံတို့ ကြွပ်ဆတ် မာကျောသွားကြ၏။

"မင်း ကိုယ့်ကို လျှော့တွက်လှချေလား ... စနိုး၊ တွေ့ကရာ မိန်းကလေးတွေကို ရည်းစားစကားပြောပြီး ဇာတ်လမ်းရှာတတ်တဲ့ ယောကျ်ားတွေထဲမှာ ကိုယ်မပါဘူး၊ ကိုယ့်ဘဝမှာ ပထမဦးဆုံး ရည်းစားစကား ပြောဖူးပြီး ပထမဦးဆုံး ချစ်မိတဲ့ မိန်းကလေးဟာ မင်းပဲ"

ဒေါသကြောင့် အနည်းငယ် တုန်ခါသွားသော သူ့စကား အဆုံး၌ စနိုးက အံ့သြဖွယ်ကောင်းစွာ ငြိမ်သက်သွားပြီး သူ့မျက်နှာ အား တစ်ခါမှ မမြင်ဖူးသည့်ပမာ ခပ်တွေတွေ ငေးစိုက်ကြည့်နေ လေသည်။ အတော်ကြီးကြာမှ စနိုးက သက်ပြင်းတစ်ချက်ကို ခပ်ဖွဖွ ရှိုက်ကာ ....

"ဆောရီး .... ဆီဇာ၊ ကျွန်မ တောင်းပန်ပါတယ်၊ ရှင့်ရဲ့ ပထမ ဦးဆုံး ရည်းစားစကားကို နားထောင်ခွင့်ရတဲ့အတွက်လဲ ကျေးဇူးတင်





ပါတယ်၊ ရှင် (ပရိုပို့စ်) လုပ်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး ကျွန်မ အချိန်ယူ စဉ်းစားချင်သေးတယ် ဆိုရင်တော့ .... ရှင် ခွင့်ပြုနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

ဒီလိုဆိုတော့လည်း သူ၏ခံပြင်းစိတ်တို့ ချက်ချင်းပင် အရည် ပျော်သွားကာ ..... ၎င်း၏တောင်းဆိုမှုကို ကျေကျေနပ်နပ်ကြီး ခေါင်းညိတ်ပြလိုက်ရလေသည်။

◉ ◉ ◉



www.burmeseclassic.com

www.burmeseclassic.com

(၃)

"ပြောပါဆိုတုန်းကတော့ မပြောရဲသလို ဘာလို့လို့နဲ့ ပြောမယ့် ပြောတော့လဲ ဆိုင်းမဆင့်၊ ဘုံမဆင့်ကြီး ပြောချလိုက်တာပဲ"

"ငါလဲ မရည်ရွယ်ဘဲနဲ့ လွှတ်ခနဲ ပြောဖြစ်သွားတာ သိန်းဝင်း"

"စနိုးက ဘာပြောလဲ"

"စဉ်းစားချင်သေးတယ်တဲ့"

ပက်ထရစ်က လက်ဖျစ်တစ်ချက်တီးရင်း ... "ဒါဆိုသေချာပြီ" ဟု ရေရွတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာသေချာတာလဲ"

"မင်းကို ချစ်တယ်လို့ အဖြေပေးဖို့ပေါ့၊ မိန်းကလေးတွေက စဉ်းစားဦးမယ်တို့၊ အမေနဲ့တိုင်ပင်ပါရစေဦးတို့ ပြောပြီဆိုရင် ကျွန်မ ရှင့်ကို ချစ်ပါမယ်လို့ အဖြေတစ်ဝက် ပေးလိုက်တာနဲ့ အတူတူပဲ နောက်ပြီး စနိုးက မင်းကို ညွတ်နေပြီးသား၊ ကဲ .... ဘာမှ တွေဝေ မနေနဲ့၊ အောင်ပွဲခံဖို့သာ အဆင်သင့် ပြင်ထားပေတော့"

မိန်းကလေးပေါင်းများစွာ တွဲခဲ့ဖူးသော ပက်ထရစ်၏ စကားကို တော့ သူ သံသယမဖြစ်သင့်ပါ၊ ဒယ်ဒီပြောခဲ့ဖူးသည့် စကားအရဆို လျှင်တော့ သူ့အနေနှင့် ရှန်ပိန်ပုလင်းတွေ ဝယ်ထားရမည့် အခြေ အနေမျိုးဟု ဆိုရပါလိမ့်မည်။

"မင်း မနက်ဖြန်ကစပြီး ခန်းဝင်ပစ္စည်းတွေ စုဆောင်းထားပေ တော့၊ ပါရာရာ ရာရာဘုံ ဆိုတဲ့ စိန်နဲ့မြ မွေ့ရာတို့ ဘာတို့ပေါ့ကွာ ခုလောလောဆယ်တော့ ... အကြိုအောင်ပွဲခံတဲ့ အနေနဲ့ ငါတို့ နှစ်ယောက်ကို ဘီယာလိုက်တိုက်"

သူငယ်ချင်းနှစ်ယောက်၏ ဝမ်းမြောက်ဝမ်းသာ အားပေး ကြောင့် ပျော်ရွှင်တက်ကြွနေခဲ့သည်။ ထိုနေ့က ငွေ တစ်သောင်း ကျော် ကုန်သွားသော်လည်း သူ အနည်းငယ်မှ နှမြောတွန့်တိုခြင်း မဖြစ်မိ။





သူတို့သွားစားသောဆိုင်က စနိုး သိချင်းဆိုသည့်ဆိုင်ဖြစ်ပြီး စနိုး၏တေးသံချိုချိုလေးကို ရင်ခုန်စွာ နားဆင်ခံစားခဲ့ရသောကြောင့် ဖြစ်သည်။ စနိုး၏မျက်နှာနုနုလေးအား မြင်တွေ့လိုစိတ်တစ်ခုတည်း ဖြင့် အချိန်နှင့် ငွေကြေးတို့ကို သုံးစွဲခဲ့ခြင်း ဖြစ်သည်။

သို့သော် ... သူ၏ အိပ်မက်များအား စိုးမိုးသိမ်းပိုက်ထားသော စနိုးကတော့ ထိုကိစ္စကို သဘောကျဟန် မတူပါ။

"ရှင် ... ကျွန်မကို တွေ့ချင်ရင် သင်တန်းမှာ လာတွေ့လို့ ရသားပဲ၊ ပြီးတော့ ... ဘီယာသောက်တဲ့ကိစ္စကို ရှင့်အိမ်မှာတင် အကောင်အထည်ဖော်လို့ ရလျက်သားနဲ့ ဘာဖြစ်လို့ ပိုက်ဆံတွေ အလကားဖြုန်းပစ်ရတာလဲ"

ညတွင်းချင်းပင် စနိုးက သူ့အား ဖုန်းဆက်ကာ အပြစ်တင်လေ သည်။

"ကိုယ် မင်းကို တွေ့ချင်တဲ့ အချိန်က · မင်းရဲ့သင်တန်းချိန် မဟုတ်တော့ဘူးလေ ... စနိုးရဲ့"

"ပြီးတော့ ... ဟိုကောင်တွေက ကိုယ့်ရဲ့အောင်မြင်မှုအတွက် ဘီယာလိုက်တိုက်ရမယ်လို့ အတင်းဂျီကျနေလို့"

"ရှင့်ရဲ့အောင်မြင်မှု ... ဟုတ်လား၊ ဘာအောင်မြင်မှုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မင်းကို ရည်းစားစကားပြောဖြစ်တဲ့ အောင်မြင်မှုလေ"

စနိုး တိုးဖွဖွရယ်မောရင်း "တစ်ခါတစ်ခါ ရှင်ဟာ တော်တော် ရယ်စရာကောင်းတယ်နော်" ဟု ရေရွတ်ရင်း ဖုန်းချသွားပါသည်။

သူ အမှန်တကယ် ရယ်စရာကောင်း မကောင်း မသေချာ သော်လည်း စနိုးကတော့ အံ့သြစရာများနှင့် ပြည့်နှက်နေသည့် မိန်းကလေးတစ်ယောက် ဖြစ်ကြောင်းကိုတော့ သံသယဖြစ်စရာ မလိုပါ။ များသောအားဖြင့် ရည်းစားစကား အပြောခံရသည့် မိန်းကလေးတိုင်းလိုလို .... အနည်းနှင့် အများ ရှက်ရွံ့နေတတ် သော်လည်း .....

သူ၏စနိုးကတော့ တစ်စုံတစ်ရာ ထူးခြားမှုမရှိဘဲခါတိုင်းလိုပင် သူ့အား ပုံမှန်အတိုင်း ဆက်ဆံခဲ့ပါသည်။ တစ်ခါတစ်ရံတော့လည်း အချစ်အကြောင်း၊ အိမ်ထောင်ရေးအကြောင်းကို သူမကပင် စတင် ဆွေးနွေးချင် ဆွေးနွေးနေတတ်ပြန်သည်။

ဘယ်လောက်များ နားလည်ရခက်လိုက်တဲ့ အမျိုးသမီးလဲ။

ဥပမာ သူမအား ရည်းစားစကားပြောပြီး စတုတ္ထမြောက်နေ့ သူ့ကို ကောက်ခါငင်ခါ မေးမြန်းလာသည့် မေးခွန်းက .....

"အချစ်ဆိုတာကို ရှင် ယုံသလား" ဟူ၍ ဖြစ်သည်။





တကယ်တော့ သူမအား ချစ်ရေးဆိုထားသည့် အမျိုးသား တစ်ယောက်အား ထိုသို့မေးခွန်းမျိုးကို မမေးသင့်ပါ။ သို့သော် သူကတော့ စနိုး၏အမေးကို ခေါင်းညိတ်အဖြေပေးလိုက်ပါသည်။

"ကျွန်မကတော့ မယုံဘူး"

ဘုရား ကယ်တော်မူပါ။

သူ စနိုးအား တအံ့တသြကြည့်လိုက်တော့ သူမက ပြုံး၍ ...

"သိပ်လဲ လန့်မသွားပါနဲ့ဦး၊ အရင်တုန်းက မယုံတာကို ပြောတာပါ"

"တော်ပါသေးရဲ့၊ ခုကော ယုံပြီလား"

"အင်း ... ယုံပြီလို့ပဲ ပြောရတော့မှာပေါ့၊ ယုံကြည်လောက် စရာ အဖြစ်အပျက်တစ်ခုနဲ့ ကြုံခဲ့ဖူးတယ်လေ၊ အရမ်းချစ်တတ်ပြီး အရမ်းခံစားတတ်တဲ့ မိန်းကလေးတစ်ယောက်နဲ့ နီးနီးကပ်ကပ် နေခဲ့ ဖူးတယ်၊ အဲဒီကောင်မလေးက သူ့ရည်းစားကို ဘယ်လောက်ထိ ချစ်သလဲဆိုရင် ... ရူးမတတ်ကို ချစ်တာ၊ သိပ်သနားဖို့ကောင်းတာပဲ"

စနိုး၏ လေသံက ... ဆွေးမြည့်မှုတို့ စွက်ဖက်နေသယောင် ထင်ရ၏။

"သူ့ရည်းစားနဲ့ ကွဲသွားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကွဲသွားတာမဟုတ်ဘူး၊ သူ့ရည်းစားက သစ္စာဖောက်သွားတာ၊ ယောကျ်ားမပီသတဲ့ လူတစ်ယောက်ရဲ့ အပျော်တမ်း အသည်းခွဲတာကို ခံလိုက်ရတာ"

ဒီတစ်ခါတော့ စနိုး၏ လေသံက ဒေါသဖြင့် တုန်ခါ၍နေလေသည်။

"သနားစရာပဲ၊ အဲဒီလို သစ္စာမရှိတဲ့လူမျိုးကို ဘုရားသခင်က ဒီတိုင်းကြည့်နေမှာ မဟုတ်ပါဘူး စနိုး၊ သူ့ရဲ့အပြစ်ဒဏ်ကို သူ ပြန်ခံရမှာပါ"

သူ ပြောလိုက်တော့ စနိုး၏ မျက်လုံးများက ဝင်းလက်သွားကြပြီး ....

"ကျွန်မကလဲ အဲဒီအတိုင်း ဖြစ်စေချင်တာ ဆီဇာ၊ အဲဒီလို ဖြစ်အောင် ရှင်က ကူပြီး ဆုတောင်းပေးမယ် မဟုတ်လား"

စနိုး ကျေနပ်ရန် သူ ခေါင်းညိတ်ပြလိုက်တော့ "ရှင့်ဆုတောင်း မြန်မြန်ပြည့်ပါစေ ..." ဟု သူမက ထပ်ဆင့် ဆုတောင်း နေပါသေးသည်။

အချစ်နှင့်ပတ်သက်သည့် စနိုး၏ အယူအဆများက သမားရိုးကျဆန်မလိုနှင့် တစ်ခါတစ်ရံတော့လည်း ထူးခြားဆန်းကြယ်၍ နေတတ်သည်။





"ကျွန်မက ချစ်တဲ့လူနဲ့ လက်ထပ်တဲ့လူကို တစ်ယောက်တည်းပဲ ဖြစ်စေချင်တယ်၊ ဥပမာ ရှင့်ကို ချစ်တယ်လို့ ပြောပြီးမှ ရှင်နဲ့ လွဲသွားရတာမျိုး အဖြစ်မခံနိုင်ဘူး၊ ကျွန်မရဲ့အချစ်နဲ့ အိမ်ထောင်ရေးဟာ တစ်ထပ်တည်းပဲ ဖြစ်ရမယ်၊ ဒါနဲ့ စကားမစပ် ... ရှင် ကျွန်မကို လက်ထပ်ဖို့အထိ ရည်ရွယ်ထားတာတော့ သေချာပါတယ်နော်"

စနိုး၏ နောက်ဆုံးမေးခွန်းက သူ့ဂုဏ်သိက္ခာကို ထိခိုက်လာသဖြင့် အောင့်သက်သက် ခံစားလိုက်ရသည်။

"မင်းဟာ ကိုယ် (ပရိုပို့စ်) လုပ်ထားတဲ့ မိန်းကလေးမဟုတ်ဘဲ တခြားယောကျ်ားလေးတစ်ယောက်သာ ဖြစ်နေမယ် ဆိုရင်တော့ ကိုယ့်လက်သီးနဲ့ ဆွဲထိုးမိမှာ သေချာတယ်၊ ကိုယ် မင်းကို လက်ထပ်ဖို့အထိ မရည်ရွယ်ဘဲ ... ရည်းစားထားတန်းကစားဖို့ ကြိုးစားနေတာ မဟုတ်ဘူး"

"ဒါဖြင့် ... ရှင် ကျွန်မကို တကယ်လက်ထပ်မယ်ပေါ့"

သူ ချက်ချင်းပင် လဲသေချင်စိတ် ပေါက်သွားပါသည်။

"ဒီမယ် ... ဒေါ်စနိုး ... ခင်ဗျားကသာ ကျုပ်ကို ချစ်တယ်လို့ ခုအဖြေပေး၊ ခုချက်ချင်း ခင်ဗျားကို ကျုပ်လက်ထပ်ယူမယ်၊ ကဲ... ဘယ်လိုသဘောရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



စနိုးက ဟက်ခနဲ တစ်ချက်ရယ်ပါသည်။

"ကျွန်မကလဲ ... အဲဒီကိစ္စကို ခုကတည်းက ရှင်းရှင်းလင်းလင်း ဖြစ်ချင်လို့ သေချာအောင် မေးနေရတာ ဦးဆီဇာရေ၊ ရှင်နဲ့ ကျွန်မ လက်ထပ်ဖို့မသေချာမချင်း ကျွန်မ ရှင့်ကို အဖြေမပေးနိုင်သေးဘူး ရှင်းပြီလား"

"မင်း ဆိုလိုတာက ... မင်းနဲ့ ကိုယ်နဲ့ တရားဝင်စေ့စပ်ပြီးမှ အဖြေပေးမယ်ဆိုတဲ့ သဘောလား"

"ဟင့်အင်း ... လက်ထပ်ပြီးမှ အဖြေပေးမှာ"

စနိုးသာ ရှူးမနေလျှင်တော့ .... သိပ်မကြာခင် သူ ရှူးသွားနိုင်ပါသည်။

ဘယ်လောက်များ ထူးဆန်းလိုက်တဲ့ အတွေးအခေါ်ပါလဲ၊ လက်ထပ်ပြီးမှ ချစ်တယ်ဆိုတဲ့ အဖြေကို ပေးနိုင်မယ်တဲ့၊ သူမထံမှ ချစ်တယ်ဆိုတဲ့ စကားတစ်ခွန်းကို ကြားရဖို့အတွက် သူမအား အရင်ဆုံး လက်ထပ်ရမည့်သဘောပင် ဖြစ်သည်။

"လူတစ်ယောက်ကို ချစ်တယ်လို့ ဝန်ခံလိုက်တာဟာ အဲဒီ လူကို အရှုံးပေးလိုက်တာပဲ၊ ဘဝတစ်ခုလုံး အဆုံးခံ၊ အရှုံးခံပေးပြီး လက်ထပ်ခွင့် ... ဆိုတဲ့ နှစ်သိမ့်ဆုကလေးတောင် ပြန်မရဘူးဆိုရင်





ဘာလုပ်မှာလဲ၊ ဒါကြောင့် အချစ်နဲ့ အိမ်ထောင်ရေး တစ်ထပ်တည်း ကျဖို့ သေချာမှ ကျွန်မက အဖြေပေးချင်တာ"

"ဒါပေမဲ့ ... လက်ထပ်ပြီးမှ အဖြေပေးမယ် ဆိုတာကြီးက အစိုးရိမ်လွန်ရာ မကျလွန်းဘူးလား"

"ဟင့်အင်း မကျပါဘူး၊ ရှင်နဲ့ ဂျူလီယာတောင် လက်ထပ်ခါနီး မိနစ်ပိုင်းအလိုကျမှ မင်္ဂလာပွဲပျက်ပြီး ကွဲခဲ့ရသေးတာပဲ၊ ကံကြမ္မာ ဆိုတာကြီးက ဘာမှပြောလို့ရတာမဟုတ်ဘူး ဆီဇာ"

"ဒါပေမဲ့ ... ကျွန်မကတော့ ကျွန်မရဲ့ ကံကြမ္မာကို သေချာချင်တယ်၊ တစ်စက်ကလေးတောင် အတိမ်းအစောင်းမခံနိုင်ဘူး"

ဒီလိုဆိုပြန်တော့လည်း စနိုး၏အယူအဆက စေ့ဒကတက် စရာ မလိုလောက်အောင်ကို ယုတ္တိတန်သည်ဟု ဝန်ခံရပါလိမ့်မည်။ သူ ခေါင်းညိတ် သဘောတူလိုက်ပြီး .....

"ကိုယ်ကတော့ မင်းဆီက ချစ်တယ်ဆိုတဲ့စကားကို ကြားရဖို့ အတွက်ဆိုရင် ဘာပဲလုပ်ရလုပ်ရ အဆင်သင့်ပဲ၊ မင်းကို လက်ထပ် ရမယ်ဆိုတော့ ကိုယ့်အတွက် ပိုတောင် ပျော်စရာကောင်းသေးတယ်၊ ကဲ .... ဘယ်လို ကိတ်မုန့်မျိုးနဲ့ ဘယ်လို ဘုရားကျောင်းမျိုးကို မင်း သဘောကျသလဲ၊ ပြီးတော့ ... မင်းမိဘတွေဆီကို ဘယ်တော့ လာတောင်းရမလဲ၊ ပြော ....."



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအား စနိုးက ယဉ်စစ ပြုံး၏။ အောင်နိုင်သူ တစ်ယောက်၏ အပြုံးမျိုးဟု သူ တွေးလိုက်မိသည်။

"ကျွန်မရဲ့ အိမ်ထောင်ရေးကို ကျွန်မ တစ်ယောက်တည်း ဆုံးဖြတ်လို့ရပါတယ် ဆီဇာ၊ မိဘတွေက ကျွန်မကို ကိုယ်ပိုင် လွတ်လပ်ခွင့်ပေးထားပြီးသားပါ၊ ကျွန်မ ရှင့်ကို ဘယ်တော့လောက် လက်ထပ်ရင်ကောင်းမလဲ၊ အရင်စဉ်းစားလိုက်ဦးမယ်၊ တစ်ခုတော့ ရှိတယ်နော်၊ ကျွန်မက စိတ်ကူးယဉ်တတ်တယ်၊ ဧည့်ခံပွဲလုပ်တာမျိုး ကျွန်မ ဝါသနာမပါဘူး၊ သူငယ်ချင်းအဖော်နှစ်ယောက်လောက်နဲ့ ဘုရားကျောင်း သေးသေးလေးမှာ ... တိတ်တိတ်ဆိတ်ဆိတ်ပဲ လက်ထပ်ချင်တယ်၊ ဖြစ်နိုင်ရင် .... မီးချောင်းတွေ မထွန်းဘဲ ဖယောင်းတိုင်လေးတွေပဲ ထွန်းထားတဲ့ ဘုရားကျောင်းမျိုးမှာ လက်ထပ်ချင်တာ"

"တော်သေးတာပေါ့၊ မင်းစိတ်ကူးထဲမှာ မဂ်လာမြင်းလှည်း တွေ၊ ဂါဝန်ရှည်ကြီးတွေ ဘာတွေ မပါပေလို့"

သူ့စကားကြောင့် စနိုးက ခပ်လွင်လွင် ရယ်မောရင်း .....

"ကျွန်မက ..... ခေတ်နောက်ပြန်ဆွဲနေတာ မဟုတ်ပါဘူး၊ အိပ်မက်ဆန်ဆန် ရင်ခုန်ချင်လို့ပါ"





"ကိုယ်လဲ ... မင်းနဲ့အတူတူ ရင်ခုန်ချင်လှပြီ စနိုး၊ ဘယ်တော့ လောက် ရင်ခုန်ခွင့်ရနိုင်မလဲ"

"ဖြည်းဖြည်းပေါ့ ဆီဇာ၊ ရှင် ရင်ခုန်ရမှာပါ၊ ကော်ဇောနီကြီး ပေါ် ဖြတ်လျှောက်တဲ့အခါ ခြေလှမ်းမမှားအောင် ခုကတည်းက လေ့ကျင့်ထားပေါ့၊ နှလုံးရောဂါတွေ ဘာတွေရှိရင် ဆရာဝန်နဲ့ပြထား၊ အဲဒီနေ့အတွက် စိတ်ငြိမ်ဆေးတွေဘာတွေ ကြိုပြီးဆောင်ထား"

တစ်ခါတစ်ရံတော့လည်း စနိုးသည် ထိုသို့ပင် ပဟေဠိဆန်စွာ နားလည်ရခက်ခဲသော မိန်းကလေးတစ်ယောက် ဖြစ်နေတတ်၏။ ဘာပဲဖြစ်ဖြစ် သူကတော့ ထိုမိန်းကလေးကို စူးစူးရှရှ ချစ်နေမိပြီ ဖြစ်သည်။ သူမထံမှ လက်ထပ်ကြရအောင် .... ဟူသော စကားနှင့် လက်ထပ်မည့် ရက်ကိုသာ စိတ်စောစွာ သည်းခံ စောင့်ဆိုင်းနေရ လေသည်။

သူ့အဖြစ်က အောင်မှာသေချာလျက်နှင့် မကပ်သေးသော အောင်စာရင်းအတွက် တင်ကြို စိတ်မောနေရသော ကျောင်းသား တစ်ယောက်နှင့် တူလှပါသည်။

ဘာဖြစ်လို့များ စနိုး အချိန်ဆွဲနေရတာလဲ ....။

◉ ◉ ◉



www.burmeseclassic.com

www.burmeseclassic.com

## (၄)

## (စနိုး၏ မှတ်တမ်းမှ)

ပြတင်းပေါက် အပြင်ဘက်ရှိ နှင်းမှုန်တို့ ဝေ့သီနေသော ဆောင်းနံနက်ခင်းက ပန်းချီကားတစ်ချပ်ပမာ လှပနေ၏။ ကျွန်မ င်းကို အလွန်ချစ်ပါသည်။ ကျွန်မဘဝ၌ ကျွန်မချစ်ရသော အရာ တော်များပြား၏။

သို့သော် သစ္စာမဲ့သူများနှင့် လိမ်ညာတတ်သောသူများတော့ ပါ၏၊ ထိုသူများကို တီကောင်များထက်ပင် ကျွန်မ ရွံရှာမုန်းတီးလှ သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဘေး၌ စမိုင်းလ်ခေါ် မေသင်းကြူက အပြုံးအရယ်ကင်းမဲ့စွာ ... တိတ်တိတ်ဆိတ်ဆိတ်ကလေး ထိုင်နေ၏။ ကျွန်မစိတ်အတွေးတို့ကို ဖြတ်တောက်လိုက်ပြီး မေသင်းဘက်သို့ မျက်နှာလှည့်လိုက်သည်။

"ငါပြောတာ နင် သဘောပေါက်တယ်မဟုတ်လား မေသင်း"

မေးသာမေးလိုက်ရသော်လည်း မေသင်းထံမှ တုံ့ပြန်မှု တစ်စုံတစ်ရာ ရလိမ့်မည်ဟူ၍တော့ ကျွန်မ မမျှော်လင့်ပါ။ သို့သော် အံ့ဩဖွယ် ကောင်းစွာပင် မေသင်းက ကျွန်မ အမေးအား ခေါင်းညိတ်ပြပါသည်။ ကျွန်မ မေသင်းကို ပြုံးကြည့်၍ ပြောလိုက်သည်။

"ကဲ ..... အမောပြေပြီ ဆိုရင် နောက်တစ်ခေါက်လောက် လျှောက်လိုက်ရအောင် မေသင်း"

ဒီတစ်ခါတော့ မေသင်းက ခေါင်းယမ်းပါသည်။

"တစ်ခေါက်တည်းပါ မေသင်းရဲ့၊ ဒီတစ်ခေါက်လျှောက်ပြီးရင် ဒီနေ့အဖို့ နားလို့ရပြီ၊ နောက်နေ့တွေကျမှ ဝတ်စုံပြည့်လေ့ကျင့်မယ်လို့မှာပါတယ် မေသင်းရယ်"

"ငါ့ခြေထောက်တွေ နာနေပြီ"

အနိမ့်အမြင့်မရှိသော ခြောက်ကပ်ကပ်လေသံဖြင့် မေသင်းက ပြန်ပြောရင်း ၎င်း၏ ခြေထောက်ကို ငုံ့ကြည့်သည်။ ဒေါက်မြင့်ဖိနပ်





စီးကျင့်မရှိသော မေသင်း၏ ခြေထောက်နုနုလေးအား လေဒီရှူးအသစ်ကလေးက ကောင်းစွာ ဒုက္ခပေးနေပုံရ၏။

မေသင်းကို သနားသော်လည်း မတတ်နိုင်ပါ၊ မဟုတ်တောင်လေဒီရှူးလေးဖြင့် လှလှပပ လျှောက်တတ်အောင်တော့ ကျွန်မလေ့ကျင့်ပေးရပါလိမ့်မည်။

"နင်တစ်ယောက်တည်း လျှောက်ရမှာ မဟုတ်ပါဘူး မေသင်းရဲ့၊ ငါ ... နင့်ကို ဘေးကနေ တွဲပေးမှာပါ"

"ဟင့်အင်းဟာ"

ကလေးတစ်ယောက်သဖွယ် ခေါင်းတစ်ခါခါနှင့် ငြင်းဆန်နေသော မေသင်းအား ထိုင်ရာမှထအောင် ဆွဲဆောင်ဖို့ တစ်နည်းသာ ရှိပါတော့သည်။ ကျွန်မ အချိုသာဆုံးလေသံဖြင့် မေသင်းကို မေးလိုက်သည်။

"နင် ... ဆီဇာသူရစ္စနဲ့ တွေ့ချင်တယ်ဆို"

ဆီဇာသူရစ္စ ဟူသော အမည်ကြောင့် မေသင်း၏မျက်လုံးများ လင်းလက်သွားကြပြီး ခေါင်းကို ခပ်သွက်သွက် ညိတ်ပြပါသည်။

"ခု...သူနဲ့တွေ့ရတော့မှာ၊ နင် ဝမ်းမသာဘူးလား၊ ပြီးတော့ သူ့ရှေ့မှာ လေဒီရှူးလေးနဲ့ လှလှပပလေး လမ်းလျှောက်မပြချင်ဘူးလား၊



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်မောင်းကိုကိုင်ပြီး နတ်သမီးလေးတစ်ပါးလိုနင်လမ်းလျှောက်ပြလိုက်ရင် သူ သိပ်သဘောကျသွားမှာ သေချာတယ်"

"ဟုတ်တယ် .... ငါ လျှောက်ပြမယ်"

"ဒီလိုမှပေါ့ မေသင်းရဲ့ ကဲ ... ထ ငါ့လက်မောင်းကိုကိုင်ထား၊ ငါ့ခြေထောက် လှမ်းတဲ့အတိုင်း ဖြည်းဖြည်းလေး လိုက်လှမ်းနော်၊ ခြေထောက်နာတာကို ဂရုမစိုက်နဲ့၊ တဖြည်းဖြည်းအသားကျသွားရင် နာတာတွေ ပျောက်သွားလိမ့်မယ်"

ကျွန်မ ပြောသည့်အတိုင်း .... မေသင်းက ကြိုးစားပမ်းစား လျှောက်ရှာပါသည်။

သို့သော် ... ဒေါက်မြင့်ဖိနပ် တစ်ခါမှမစီးဖူးသည့်အပြင် ဖိနပ်ပေါက်နေသဖြင့် မေသင်း၏ လမ်းလျှောက်ပုံက အချိုးတကျ မရှိလှ၊ ကိစ္စတော့မရှိပါ။ မေသင်းထက် ဆိုးဝါးသော မိန်းကလေးများကိုပင် လမ်းလှလှလျှောက်တတ်အောင် ကျွန်မ သင်ပေးခဲ့တာပဲ။

သုံး လေးရက်လောက် ကြာလျှင် မေသင်းလည်း ၎င်း၏ လေဒီရှူးအသစ်ကလေးနှင့် အသားကျကာ ဆင်မယဉ်သာဖြစ်သွားပါလိမ့်မည်။

အဓိက ... က ယုံကြည်မှုပဲ မဟုတ်လား။





ကျွန်မကိုယ် ကျွန်မ ယုံကြည်သလို ကျွန်မ သင်ပေးသည့်အတိုင်း မေသင်း လိုက်နာလိမ့်မည်ဟုလည်း ကျွန်မယုံကြည်၏။ မယုံကြည်ရတာဆို၍ ကံကြမ္မာသာ ရှိပါလိမ့်မည်။

သို့သော် ထိုကံကြမ္မာကိုပင် ယုံကြည်စိတ်ချရအောင် ကျွန်မ ကြိုးစားယူပါမည်။ ယခုအချိန်၌ ဘာကိုမှ ကျွန်မ အတိမ်းအစောင်း မခံနိုင်ပါ။ အထူးသဖြင့် ဆိဇာသူရှစ္စ ဟူသော အမျိုးသား၏ အနာဂတ်နှင့် ပတ်သက်ပြီး ပို၍အတိမ်းအစောင်းမခံနိုင်ပါ။

မေသင်းအား လမ်းလျှောက်နည်း သင်တန်းပေးနေသည့် ရက်များအတွင်း ဆိဇာက ကျွန်မ၏ သင်တန်းသို့ နေ့စဉ် အခစား ရောက်ရှိလာတတ်မြဲ ဖြစ်သလို၊ ဖုန်းအဆက်အသွယ်လည်း မပျက်ခဲ့ပါ။

တစ်ရက် ညကြီးသန်းခေါင် ကျွန်မထံ ဖုန်းဆက်လာခဲ့သည်။ ကံကောင်းထောက်မစွာ ကျွန်မ ခုတင်ဘေး၌ ဖုန်းအပိုတစ်လုံး တပ်ဆင်ထားသဖြင့် ထိုဖုန်းကို ကမန်းကတန်း ကောက်ကိုင်လိုက်တော့ ထင်သည့်အတိုင်းပင် သူပဲ ဖြစ်နေပါသည်။

"စနိုးလား .... ကိုယ်ပါ"

"ဖုန်းမြည်ကတည်းကရှင်ပဲဖြစ်လိမ့်မယ်လို့ထင်ထားပြီးသားပါ၊ ဒါနဲ့ စကားမစပ် ... ရှင့်အိမ်က နာရီတွေ သံပတ်မှန်မှန်ပေးရဲ့လား ဆိဇာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်နာရီတွေက မှတ်ခဲ့အိုရီတွေလေ၊ သံပတ်ပေးစရာမလိုဘူး၊ ဘာဖြစ်လို့လဲ စနိုး"

"ဘုရားရေ ... ဘာဖြစ်လို့လဲ ဟုတ်လား၊ ခု ... ဘယ်နှစ်နာရီရှိပြီလဲ၊ ရှင်သိရဲ့လား ..."

"သိသားပဲ၊ ဆယ့်တစ်နာရီခွဲပြီးလို့ ဆယ်မိနစ်ပဲရှိသေးတယ်"

"ည ဆယ့်တစ်နာရီ မိနစ်လေးဆယ် .... ဆိုတဲ့ အချိန်ဟာ ဖုန်းဆက်ဖို့နောက်ကျနေပြီလို့ ရှင်မထင်ဘူးလား၊ ကျွန်မတို့အိမ်က ဆယ့်တစ်နာရီဆိုတာနဲ့ တစ်အိမ်လုံး အိပ်ရာဝင်ကြတာ၊ တော်သေးတာပေါ့၊ ကျွန်မ အိပ်ရာဘေးက ဖုန်းကို အမြန်ကိုင်လိုက်မိလို့၊ တခြားတစ်ယောက်ယောက်သာကိုင်ရင် ဖုန်းသူ့ရဲ့ထင်ပြီး ရှင် အဆဲခံရမှာ သေချာတယ်"

ကျွန်မ ခပ်ဆတ်ဆတ်ပြောတော့ သူ အတန်ကြာ ငြိမ်သက်သွားပြီး ဆောရီး ဟု တောင်းပန်ပါသည်။

"ကိုယ့်ကြောင့် အနှောင့်အယှက် ဖြစ်သွားတဲ့အတွက် စိတ်မကောင်းပါဘူး စနိုး၊ ကိုယ်လဲ ခုပဲ အိပ်ရာဝင်တော့မလို့ပါ၊ မအိပ်ခင် တစ်ခု စဉ်းစားမိလို့ မင်းဆီ ဖုန်းဆက်လိုက်တာ"

"ရှင်က ဘာစဉ်းစားမိလို့လဲ"





"ဩော် ... ကိုယ် အိပ်ရာမဝင်ခင် မင်းကို နှုတ်ဆက်သင့်တယ် ထင်လို့"

"ဘုရား .... ဘုရား ရှင့်အခြေအနေက အတော်ဆိုးနေပြီပဲ ဆိဇာ"

ကျွန်မ တမင်ရွဲ့ပြောလိုက်သော်လည်း သူကတော့ မမှုပါ။

"ဟုတ်တယ်၊ ကြာရင် ဒီထက်ပိုဆိုးဖို့ပဲရှိတော့တယ်၊ ကဲ ... ဂွတ်နိုက် စနိုး၊ အိပ်မက်လှလှမက်ပါစေ"

စကားဆုံးသည်နှင့် ဆိဇာ ဖုန်းချသွားပါသည်။

ကျွန်မကတော့ တတူတူမြည်နေသော ဖုန်းခွက်ကို ကိုင်ထားရင်း စိတ်ကူးယဉ်ဆန်လှသည့် ထိုအမျိုးသားကို စိတ်ပဲဆိုးရမလား၊ ဖွဲ့ဆုပဲပေးရမလား ဝေခွဲမရအောင် ဖြစ်နေမိသည်။

တစ်ခါကလည်း မန္တလေးမှ ရှိုးတစ်ခုအတွက် ကက်ဝေါ့ခ်လျှောက်ပေးရန် ငှားသဖြင့် နှစ်ရက်ခန့် ကျွန်မ ခရီးထွက်ရ၏။ မန္တလေးတည်းမည့် ဟိုတယ်လိပ်စာကော၊ ဖုန်းနံပါတ်ပါ ကျွန်မ သူ့ကိုပေးထားခဲ့သည်။ သူက ဘူတာလိုက်ပို့ပေးရင်း ရောက်ရောက်ချင်း သူ့ဆီ ဖုန်းဆက်ရန် တတွတ်တွတ်မှာနေသဖြင့် ကျွန်မ ခေါင်းညိတ်ပြခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးရှိ တည်းခိုမည့် ဟိုတယ် ရောက်တော့ ဟိုတယ် မန်နေဂျာက ကျွန်မနာမည်မေးပြီး သံကြိုးစာ ရောက်နေကြောင်း ဆီးပြောသည်။ ကျွန်မ တအံ့တသြနှင့် စာကို ဖွင့်ဖတ်လိုက်တော့ တခြားလူမဟုတ်၊ ဆီဇာသူရစ္စ၏စာပင် ဖြစ်လေသည်။

စနိုး .....

ဖုန်းဆက်ဖို့မမေ့နဲ့နော် .... တဲ့။

စာက တစ်စောင်တည်း မဟုတ်ပါ။

နောက်တစ်စောင်မှာ ရေးထားသည်က "ရောက်ရောက်ချင်း ရေမချိုးနဲ့၊ ရာသီဥတု အပြောင်းအလဲနဲ့ ဖျားနေလိမ့်မယ် ... တဲ့"

ကဲ ... ဘယ့်လောက်များ သည်းလိုက်တဲ့လူလဲ။

ယွန်းကတော့ ... "နင်ရူးသွားလိမ့်မယ်" ဟု စိုးရိမ်တကြီး သတိပေးပါသည်။ စေတနာနှင့်ပြောမှန်း သိသော်လည်း ကျွန်မ၏မာနနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုကို ထိပါးသလို ခံစားခဲ့ရ၏။ "ငါက ခပ်လွယ်လွယ် ကြွေကျတဲ့ ပန်းတစ်ပွင့် မဟုတ်ဘူး .... ယွန်း၊ အမုန်းတရားတွေနဲ့ ပေါက်ကွဲဖို့ တာစူနေတဲ့ .... မီးတောင်လို မိန်းမတစ်ယောက်ပါ၊ ငါ့အတွက် မစိုးရိမ်ပါနဲ့ဟာ"

ဤသို့ဖြင့် ကျွန်မ ပေါက်ကွဲဖို့အချိန် တရွေ့ရွေ့နီးကပ်လာခဲ့ပါသည်။

❖ ❖ ❖





"စနိုး သိပြီးပြီလား၊ ပက်ထရစ်ဟောင် သင်္ဘောပြန်တက်တော့မယ် ..."

"ဟုတ်လား၊ ကောင်းတာပေါ့"

"မကောင်းဘူး"

"ဘာဖြစ်လို့လဲ"

"သူက သင်္ဘောမတက်ခင် ရှန်ပိန်သောက်သွားချင်တာတဲ့"

"ဒါဖြင့်လဲ ဝယ်တိုက်လိုက်ပေါ့"

"ဝယ်တိုက်လို့မရဘူး၊ သူ သောက်ချင်တာက ကိုယ်နဲ့စနိုးရဲ့ မင်္ဂလာဦး ရှန်ပိန်တဲ့ ..."

ထင်သားပဲ၊ နောက်ဆုံးတော့ ဒီဘူတာပဲဆိုက်လိမ့်မယ်ဆိုတာ..

ကျွန်မအသံထွက် ရယ်မောလိုက်တော့ ... သူက မျက်မှောင်ကြုတ်ပါသည်။

"မင်း ကိုယ့်ကို ရက်ချိန်းလေးဖြစ်ဖြစ် ကြိုပေးသင့်ပြီထင်တယ်၊ ကိုယ့်အတွက် ပြင်ဖို့ဆင်ဖို့အချိန်ရအောင် ပြောတာပါ"

"အလိုလေး၊ ရှင်က ဘာတွေများ ကြိုပြီး ပြင်ဆင်စရာလိုလို့လဲ ဦးဆီဇာရဲ့ ....၊ လက်ထပ်ခါနီး ဆု (တ်) ကောက်ဝတ်လိုက်ရုံ ပြီးတဲ့ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စကားအဆုံး ..... သူ သက်ပြင်းချရင်း ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်သည်။

"ကိုယ်တော့ မင်းကို ဘယ်လိုနားလည်ရမှန်း မသိတော့ဘူး စနိုး ...."

ကျွန်မက လူတိုင်း နားလည်အောင် ရေးထားတဲ့ ခပ်ညံ့ညံ့ ကဗျာတစ်ပုဒ်မှ မဟုတ်တာ။

သူ နားမလည်သည့်အတွက် ကျွန်မ ဘယ်လိုမှ မခံစားရပါ။ သို့သော် မင်္ဂလာဆောင်ဖြစ်ခဲ့လျှင်တော့ ..... မင်္ဂလာဆောင်သည့် နေ့မှာပင် သူ ကျွန်မကို ကောင်းစွာ နားလည်သွားပါလိမ့်မည်။

ထိုရက်များအတွင်း ပက်ထရစ်က သင်္ဘောတက်သွားခဲ့၏။ သင်္ဘောမတက်ခင်တစ်ရက် နှုတ်ဆက်ပွဲ လုပ်ချင်သည် ဆိုသဖြင့် ယွန်းနှင့် ကျွန်မ ပက်ထရစ်၏ နှုတ်ဆက်ညစာစားပွဲသို့ သွားခဲ့ရပါသေးသည်။

ထိုပွဲ၌ ပက်ထရစ်က .....

"ဒီတစ်ခေါက် သင်္ဘောပြန်တက်ရတာ .... မတန်ဘူးဗျာ (ဝီလ်ဒင်ကိတ်) လဲ မစားရ၊ ရှန်ပိန်လဲ မသောက်ရနဲ့ ...."





ဟု ခပ်တည်တည်နောက်ပြောင်သဖြင့် ကျွန်မ ပြုံးနေလိုက်ရ၏။ စောသိန်းဝင်းက ....

"ဘာမှမပူနဲ့ ပက်ထရစ်၊ မင်းအတွက် ငါ ပို့ပြီး စားသောက်ပေးထားမယ်"

"ခုကတည်းက စားမန်ခုတ်နေပြန်ပြီ၊ ကျွေးမယ့်သူက ကျွေးမှာ သေချာရဲ့လားပဲ မေးကြည့်ပါဦး"

စောသိန်းဝင်းအား နောက်သလိုလိုနှင့် ဆီဇာက ကျွန်မကို လှမ်းရိလိုက်ခြင်းဖြစ်သည်။

"ဆီဇာပြောတာ ဟုတ်တယ်၊ ဘယ်လိုလဲ စနိုး၊ ကျွန်တော်တို့ စားရမှာ သေချာပါတယ်နော်"

"စားရမယ့်ကံပါရင်တော့ စားရမှာပေါ့၊ ကျွေးတဲ့သူကတော့ ဘယ်သူပဲကျွေးကျွေး အကြောင်းမဟုတ်ပါဘူး"

ကျွန်မစကားကြောင့် ဆီဇာ သိသိသာသာ မျက်နှာပျက်သွားပြီး လှမ်းမေးသည်။

"ဘာလဲ .... စနိုးက ကျွေးချင်စိတ်မရှိဘူး ဆိုပါတော့"

သူ သိပ်ပြီး စိတ်ပျက်လက်ပျက် ဖြစ်သွားမှာကိုတော့ ကျွန်မ စိုးလိုက်ပါ၏၊ ထို့ကြောင့် ခေါင်းယမ်းရင်း ....



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး .... ကျွန်မလဲ ကျေးချင်ပါတယ်၊ ကံကြမ္မာသာ အတိမ်းအစောင်းမရှိခဲ့ရင်ပေါ့"

"အဲဒီကံကြမ္မာဆိုတာကြီးကို ကိုယ့်တာဝန်ထားလိုက်စမ်းပါ"

သူက ခပ်ရဲရဲ အာမခံနေသဖြင့် ကျွန်မ ပြုံးလိုက်မိသည်။

"ကောင်းပြီလေ .... ဒါဖြင့်လဲ သိပ်မကြာခင်တစ်နေ့နေ့ပေါ့"

"အဲဒီနေ့က ပြက္ခဒိန်ထဲမှာရှိတာတော့ သေချာပါတယ် နော်"

ဆီဇာ့မေ့ခွန်းကြောင့် ကျွန်မ အသံထွက် ရယ်မောလိုက်မိပြီး ခေါင်းကို ခပ်သွက်သွက် ညိတ်ပြလိုက်ရ၏။

"အသေအချာကိုရှိပါတယ် ဆီဇာ၊ ရှင် ဘာမှ စိတ်မပူပါနဲ့"

အမှန်တော့ ထိုနေ့အတွက် စိတ်ပူရမည့်သူမှာ ဆီဇာမဟုတ်ဘဲ ကျွန်မသာဖြစ်၏။ တစ်စုံတစ်ခုသောအကြောင်းကြောင့် ချွတ်ချော် တိမ်းစောင်းသွားမှာကို ကျွန်မ တကယ်ပဲ စိုးရိမ်နေမိပါသည်။

သို့သော် .... ကံကောင်းထောက်မစွာပင် ယခုအချိန်ထိတော့ ဘုရားသခင်က ကျွန်မဘက်၌ ရှိနေပါသေးသည်။

◉ ◉ ◉



(၅)

ကျွန်မအား .... နားမလည်သူများ စာရင်း၌ ဆီဇာသူရစ္စ တစ်ယောက်တည်းမဟုတ်ဘဲ ယွန်းပါ ပါဝင်သည်ဟုဆိုရပါလိမ့်မည်။ ယွန်းက ကျွန်မအား တအံ့တဩ မေးခဲ့၏။

"နင် ဆီဇာ့ကို တကယ်လက်ထပ်မလို့လား စန်း"

"နင် ဘယ်လိုထင်သလဲ"

"မပြောတတ်ဘူးလေ၊ ဒါပေမဲ့ ... နင် သူ့ကိုပြောနေပုံကတော့ တကယ့်အသေအချာကြီးလိုပဲ"

"ငါ သူ့ကို တကယ်လက်ထပ်ဖြစ်သွားစေချင်တယ် ... ယွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ ... ဒါဖြင့် နင် သူ့ကို ယူမယ်ပေါ့"

ယွန်း အံ့သြသွားပုံက အထိတ်တလန့်နိုင်လှပါသည်။ ကျွန်မ အေးဆေးစွာပင် ပြန်ပြောလိုက်၏။

"ငါ သူ့ကို မယူပါဘူး၊ ပြီးတော့ လက်လဲ မထပ်ဘူး"

ယွန်းက ခေတ္တ ငေးငိုင်သွားပြီးမှ ...

"ငါ သဘောပေါက်ပြီ၊ လက်ထပ်ခါနီးကျမှ မယူနိုင်တော့ဘူး ဆိုပြီး သူ့ကို အရှက်ခွဲမလို့ မဟုတ်လား၊ အဲဒီအကြံအတိုင်းသာ အောင်မြင်ခဲ့ရင်တော့ သူ တော်တော်နာမှာ သေချာတယ်၊ လူပုံ အလယ်မှာ အရှက်ကွဲလိုက်မယ့်ဖြစ်ခြင်း"

ယွန်းက အတွေးဖြင့်မှန်းဆရေရွတ်နေချိန်၌ ကျွန်မ ခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းနေမိသည်။

"ငါ ..... သူ့ကို အဲဒီလောက် မရက်စက်ချင်ဘူး ယွန်း၊ လူ တစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ရစရာ မရှိအောင် နင်းချေပစ်ဖို့ မရည်ရွယ်ပါဘူး၊ ငါ သူ့ကို ထွက်ပေါက်တစ်ခုတော့ ပေးမှာပါ"

ယွန်းက နားမလည်နိုင်သောမျက်နှာနှင့် ကျွန်မကို ကြည့်သည်။

"ထွက်ပေါက်ဟုတ်လား၊ နင့် ဥစ္စာက ဘာတွေလဲ စနိုး၊ သူ့ကို လက်မထပ်ဘူးလဲပြောတယ်၊ ပြီးတော့ .... မယူနိုင်ဘူးလို့ ငြင်းဖို့





ကျတော့လဲ ရက်စက်ရာကျမယ် ... မလုပ်ချင်ဘူးဆိုတော့ ကြာရင်... ခေါင်းစားတာနဲ့ ငါ ရူးမှာ သေချာတယ်"

ယွန်း၏ စိတ်ပျက်လက်ပျက် ညည်းညူသံကို .... ကျွန်မ မသိကျိုးကျွန်ပြုကာ ပြုံးလိုက်ပြီး စားပွဲပေါ်မှ ကားသော့ကို ကောက်ကိုင်ကာ ထိုင်ရာမှ ထရပ်လိုက်သည်။

"နင် ဘယ်သွားမလို့လဲ စနိုး"

"မော်ဒယ်တစ်ယောက်ဆီသွားမလို့၊ နင်လိုက်ခဲ့၊ နင်နဲ့တွေ့ပေး ချင်လို့"

ယွန်းက စုတ်တစ်ချက်သပ်ရင်း ..."ငါတော့ခေါင်းစားဦးမယ်နဲ့ တူတယ်" ဟု ရေရွတ်၏။

"ခေါင်းမစားပါဘူးဟာ၊ လိုက်ခဲ့ပါ"

"အေးနော် .... ငါ ရူးရင်တော့ နင့်ကြောင့်ပဲ"

ယွန်းက မကျေမနပ်နှင့် ပွစိပွစိရေရွတ်ကာ ကျွန်မနောက်သို့ ထလိုက်လာပါသည်။

"တစ်ခုတော့ကြိုပြောထားမယ်နော်၊ မော်ဒယ်က ငါကိုယ်တိုင် (ဝဲလ်ထရိန်း)ပေးထားတာ၊ ငါ့ခွင့်ပြုချက်မရဘဲ နင် သူ့ကို ဘာစကား မှ မပြောရဘူး၊ သူ့ရှေ့မှာလဲ ငါ့ကို ဘာမှ မမေးရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ် စနီး၊ ငါရှူးမယ်၊ နင်လုပ်နေပုံနဲ့တော့ အသေအချာကို ရှူးလိမ့်မယ်"

သို့သော် .... မရှူးနိုင်ပါ၊ ယွန်း ခေါင်းထဲမှ ရှုပ်နေတာတွေ ရှင်းသွားဖို့ ကျွန်မ တမင်ခေါ်လာခဲ့ခြင်း ဖြစ်သည်။

❖ ❖ ❖

မျက်နှာခွံအုပ်ထားသည့် ဇာပဝါက ထူလွန်းသဖြင့် မျက်နှာကို ကောင်းစွာ မမြင်ရ၊ ဖြူလွှသော သတို့သမီးဝတ်စုံက ခပ်သွယ်သွယ် ကိုယ်လုံးလေးအား လှပစွာ ပုံဖော်ပေးထား၏။ ကက်ဆက်မှ ထွက်ပေါ်လာသည့် မင်္ဂလာတီးလုံးသံနှင့်အတူ ပန်းစည်းကိုကိုင်ရင်း စည်းချက်နှင့်အညီ တစ်လှမ်းချင်း လျှောက်လာပုံက ....

နတ်သမီးတစ်ပါး ကြွလှမ်းလာသည့်နှယ် သိမ်မွေ့ညင်သာလွန်းလှပါသည်။

အသားအရည်က ကျွန်မလောက်မဖြူသော်လည်း မိတ်ကပ်အကူအညီကို ရယူလိုက်မည် ဆိုလျှင်တော့ ကျွန်မနီးပါး ဖြူဝင်းသွားနိုင်ပါသည်။ ဘေးနားမှ ယွန်းကတော့ ပါးစပ်အဟောင်းသားနှင့် သတို့သမီးလေးကို ငေးကြည့်နေ၏။





ကက်ဆက်မှ တီးလုံးသံ ရပ်ဆိုင်းသွားချိန်အထိ ယွန်းက တအံ့သြ ငြိမ်သက်နေဆဲဖြစ်သည်။ ကျွန်မ ညင်သာဖွဖွ လက်ခုပ်တီး၍ သြဘာပေးလိုက်ပြီး ထိုင်ရာမှ ထကာ ကျွန်မ၏မော်ဒယ်လေးဆီသို့ လျှောက်လာပြီး ချီးကျူးစကား ပြောလိုက်သည်။

"နင် သိပ်တော်တယ် မေသင်း၊ နတ်သမီးလေးအတိုင်းပဲ"

"ငါ ... ငါ ... သူနဲ့ ဘယ်တော့တွေ့ရမှာလဲဟင်"

မျက်နှာအုပ်ထားသော ဇာပဝါကို မတင်ရင်း အက်ရှရှအသံလေးဖြင့် မေသင်း ကျွန်မအား မေးသည်။

ကြည်စမ်း ,... သေသေချာချာမှာထားလျက်နဲ့ မေသင်း တလွဲပြန်ပြီ ...

စောစောက ဖြာဝေနေသည့် စိတ်ကလေးများ ချက်ချင်းငြိမ်စဉ်သွားကာ .... ကျွန်မစိတ် တိုတောင်းသွားပါသည်။

"ငါ နင့်ကို မှာထားတာ မေ့သွားပြီလား မေသင်း၊ ဒီ အဝတ်စား ဝတ်ထားတဲ့အချိန်မှာ ဘာစကားမှ မပြောရဘူး .... ဖြစ်နိုင်ရင် ချောင်းတောင်မဆိုးရဘူးဆိုတာလေ"

"ဆောရီးကွာ၊ ငါ ... ငါ မေ့သွားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါနောက်ဆုံးဖြစ်ပါစေ၊ နောက်တစ်ခါဆိုရင်တော့ နင်သူနဲ့ ဘယ်တော့မှ တွေ့ခွင့်ရတော့မှာ မဟုတ်ဘူး၊ ငါပြောတာ နားလည်တယ် မဟုတ်လား"

ကျွန်မ ခပ်ထန်ထန်လေးပြောလိုက်တော့ မေသင်းက ကျွန်မအား တောင်းပန်သော အကြည့်ဖြင့် ကြည့်ရင်း .... ရိုကျိုးစွာ ခေါင်းညိတ်ပြပါသည်။

ဒီလိုဆိုပြန်တော့လည်း သနားစရာကောင်းလှသော မေသင်းကို ကျွန်မ စိတ်မဆိုးနိုင်တော့ပါ။ ၎င်း၏ ပါးကလေးကို နမ်းရင်း ကျွန်မ ချိုသာစွာ ပြောလိုက်သည်။

"နောက်ဆို ခုလိုမျိုးမမေ့နဲ့တော့နော် မေသင်း၊ ဒီအဝတ်အစားဝတ်ထားတဲ့အချိန်ကစပြီး ပြန်မချွတ်မချင်း ဘယ်သူ့ကိုမှ စကားမပြောမိစေနဲ့၊ ခေါင်းညိတ်ခေါင်းခါပဲ လုပ်ရမယ် သေချာမှတ်ထားနော် ...."

မေသင်း ခေါင်းညိတ်ပြ၏။ ကျွန်မ သူ့ပခုံးလေးကိုဖက်ကာ "လာ ... အဝတ်အစားသွားလဲရအောင်" ဟု ပြောလိုက်တော့ ကျွန်မခေါ်ဆောင်ရာသို့ အလိုက်သင့် ပါလာပါသည်။ မေသင်းအား အိမ်နေရင်းအဝတ်အစား ပြန်လဲပေးပြီးနောက် ကျွန်မတို့ ပြန်လာခဲ့ကြ၏။





ယွန်းကတော့ အိပ်မွေ့ချခံထားရသူ တစ်ယောက်ပမာ လမ်းစ်ဝက်အထိ တိတ်ဆိတ် ငြိမ်သက်နေပါသည်။ "နင် ဘယ်လိုသဘောရသလဲ ယွန်း" ဟု ကျွန်မမေးသည်ကိုပင် ချက်ချင်းပြန်မဖြေ ်ဘဲ နှုတ်ဆိတ်နေသေး၏။ အတော်ကြီးကြာမှ ဇဝေဇဝါအသံဖြင့် န့်ဖြေသည်။

"အံ့သြစရာပဲ"

ယွန်း၏အဖြေကြောင့် .... ကျွန်မ ကျေနပ်သွား၏။ ဒီလိုပဲ င်ရမှာပေါ့။

"မေသင်းက နင့်လောက် အသားမဖြူတာနဲ့၊ အရပ် နည်း ည်းလေး ပုတာကလွဲရင် ကိုယ်လုံးကိုယ်ပေါက်ကော အမူအရာရော အတိုင်းပဲ စနိုး၊ မျက်နှာမှာ အုပ်ထားတဲ့ ဇာကလဲ ထူတော့ တ်တရက်ဆိုရင် နင်လို့ပဲ ထင်ကြမှာ သေချာတယ်"

"ငါကလဲ အဲဒီလိုသေချာချင်တာ ယွန်း၊ မိတ်ကပ်လိမ်းလိုက်ပြီး က်မြင့်ဖိနပ်စီးလိုက်ရင် ဘယ်သူမှ သံသယရှိတော့မှာ မဟုတ်ဘူး၊ ာကိုယ်တိုင်က ငါလို့ထင်မှာပဲ"

ကျွန်မစကားအဆုံး ယွန်း ကျွန်မအား ဖြတ်ခနဲ တစ်ချက် ည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နှင် ဆိုလိုတာက မေသင်းကို"

တစ်ပိုင်းတစ်စ ရပ်ဆိုင်းသွားသော ယွန်း၏စကားအား ကျွန်မ ဆက်ပေးလိုက်၏။

"ဟုတ်တယ် ယွန်း .... ငါ ဆိုလိုတာကတော့ နှင့်စိတ်ထဲမှာ ထင်နေတဲ့အတိုင်းပဲ"

ယွန်းက ခပ်တွေတွေ ငေးငိုင်ငြိမ်သက်သွားသည်။

"နှင် စဉ်းစားကြည့်စမ်း ... ယွန်း၊ ကော်ဇောနီကြီးပေါ်မှာ တစ်လှမ်းချင်း လျှောက်လာတဲ့ သတို့သမီးကိုတွဲပြီး သင်းအုပ်ဆရာ ရှေ့မှာရပ်၊ သင်းအုပ်ဆရာ တိုင်ပေးတဲ့အတိုင်း အသက်သေဆုံးတဲ့ အချိန်အထိ သစ္စာရှိရှိ ပေါင်းသင်းပါ့မယ်လို့ ကျမ်းကျိန်ပြီး သစ္စာဆို ပြီးတော့ ကိုယ်ဆိုထားတဲ့သစ္စာအတိုင်း သက်သေအဖြစ် ကိုယ်စား ပြုတဲ့ လက်စွပ်ချင်း လဲဝတ်၊ နောက် .... သတို့သမီးကို မင်္ဂလာဦးအနမ်းလေးပေးဖို့ .... မျက်နှာပေါ်က ဇာပဝါလေးကို ဖြည်းဖြည်းချင်းလှပ်လိုက် ... အဲဒီအချိန်မှာ ဆီဇာ တွေ့လိုက်ရတဲ့ မျက်နှာက ငါ့မျက်နှာမဟုတ်ဘဲ သူ အသည်းခွဲထားခဲ့ဖူးတဲ့ မေသင်း ရဲ့ မျက်နှာဖြစ်နေရင် ... နှင်တွေးကြည့်စမ်း၊ သူ ဘယ်လိုဖြစ်သွားမယ် ထင်သလဲ"





"ဘုရား ... ဘုရား ... ငါသာဆိုရင်တော့ တစ္ဆေခြောက် ခံရ သလို မေ့လဲသွားမှာ သေချာတယ်"

"မကောင်းမှုဆိုတာလဲ တစ္ဆေတစ်ကောင်လိုပဲ ယွန်း၊ ဘယ်လို ပဲ ထွက်ပြေးပြေး ... နောက်ကနေ အရိပ်လို လိုက်ခြောက်နေမှာပဲ၊ သူ့ရဲ့အပြစ်ဒဏ်အတွက် ဒီလောက်တော့ခံသင့်ပါတယ်၊ တကယ်ဆို မေသင်းကို ထက်ထပ်မယ်လို့ ... သူကိုယ်တိုင် ကတိပေးပြီးမှ သစ္စာ ဖောက်သွားခဲ့တာ မဟုတ်လား၊ ငါက သူ့ကတိတည်အောင် ကူညီ ပေးတဲ့ သဘောပါ"

"နှင် ကူညီပုံက ဆီဇာ့အတွက်တော့ ... တော်တော့်ကို ခြောက်ခြားစရာကောင်းတဲ့ ကူညီမှု ဖြစ်မှာပဲ"

ယွန်း၏ မှတ်ချက်ကို ကျွန်မ ရယ်မောရှုသာ နေလိုက်၏။ ယွန်းက စဉ်းစားသလို အတန်ကြာငြိမ်သက်နေပြီးမှ "နှင့်ရဲ့စီမံကိန်း မှာ အားနည်းချက်တစ်ခု ရှိနေတယ်" ဟု ဆိုသည်။

"သင်းအုပ်ဆရာက သတို့သားနဲ့ သတို့သမီးကို မေးခွန်းတွေ မေးဦးမယ်မဟုတ်လား၊ အဲဒီအခါကျရင် နှင်နဲ့ မေသင်းနဲ့က အသံ ချင်းမှ မတူတာ၊ ဘယ်လိုလုပ်မလဲ"

ယွန်းပြောသလိုပင် ... လက်ထပ်ပေးမည့် သင်းအုပ်ဆရာက သတို့သားနှင့် သတို့သမီး တို့အား မေတ္တာစစ် မေတ္တာမှန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ခြင်း ဟုတ်၊ မဟုတ်၊ လက်ထပ်ခြင်းကို ငြင်းဆိုလိုသည် ဆန္ဒ ရှိ၊ မရှိ မေးခွန်းများ မေးတတ်၏။

သို့သော် .... ထိုမေးခွန်းများမှာ ဦးဆောင်မေးခွန်းများသာ ဖြစ်သဖြင့် ဟုတ်တယ်၊ မဟုတ်ဘူး ဖြေဆိုရုံပင် ဖြစ်သည်။

"(ပါစတာ) မေးတဲ့မေးခွန်းတွေက ခေါင်းညိတ်ခေါင်းခါ လ လို့ရတဲ့ မေးခွန်းတွေပါဟာ၊ ပါးစပ်နဲ့ဖြေမှ မဟုတ်ပါဘူး၊ န တွေးသလိုသာဆိုရင် စကားမပြောတတ်တဲ့လူတွေ ဘယ်လိုလ မင်္ဂလာဆောင်မလဲ"

"ဒါပေမဲ့ နင်က စကားမပြောတတ်တဲ့ ... အ, နေတဲ့သူ မဟုတ်ဘဲ၊ စကားမပြောဘဲ ခေါင်းညိတ်ခေါင်းခါပဲလုပ်နေရင် ဆ သံသယမဝင်နိုင်ဘူးလား"

"မဝင်နိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်ကျရင် လက်ထပ်မယ့် သတို့သမီးက စကားပြောနိုင်မှာမဟုတ်ဘူးလေ အတွက် ငါ တွေးထားပြီးသားပါ"

ကျွန်မ ခပ်ရဲရဲပြောလိုက်၏။

အမှန်တကယ်လည်း ဟာကွက်မရှိအောင် ကျွန်မ တ တွေးတော ပြင်ဆင်ထားခဲ့ပြီးဖြစ်သည်။ မေသင်းသာ တလွဲတ မလုပ်ခဲ့ပါက ကျွန်မ၏စီမံကိန်း မအောင်မြင်စရာမရှိပါ။





"ဒီဇာတ်လမ်းမှာ အရေးကြီးဆုံးက မေသင်းပဲ ယွန်း၊ ဒုတိယ တော့ နင်ပေါ့၊ နင်က အဝိကဇာတ်ပို့ လုပ်ပေးရမယ်၊ သတို့သမီး အရံလေ ..."

"ဒီပွဲ မပြီးမချင်း ... ငါ အသုံးတော်ခံနေရဦးမယ်ဆိုတာကို သဘောပေါက်ပြီးသားပါ"

ယွန်းက ဆူပွပွရေရွတ်လိုက်တော့ ကျွန်မ ပြုံးရင်း ... "ပွဲက ပြီးတော့မှာပါဟာ၊ ဒီတစ်ခါနောက်ဆုံးပါပဲ" ဟု ယုံကြည်စိတ်ချ သော လေသံဖြင့် ပြောလိုက်သည်။

တကယ်လည်း ပွဲပြီးဖို့အချိန်က သိပ်မလိုတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

(၆)

ကျွန်မ တတိယအကြိမ်မြောက် ချောင်းဆိုးလိုက်ချိန်မှာတော့ ဆိဇာ သတိပြုမိသွားပုံရသည်။

"မင်း အခုတလော ချောင်းတွေဆိုးလှချေလား"

"ဟုတ်တယ်၊ အအေးတွေသောက်တာ များသွားလို့၊ အာသီး ရောင်နေတာ"

"ဆေးခန်း မသွားဘူးလား"

ကျွန်မ ခေါင်းယမ်းပြလိုက်တော့ သူက စုတ်တစ်ချက်သပ်ရင်း ဆေးခန်းလေးဘာလေး သွားပြမှပေါ့၊ ကရုဏာဒေါသော ပြစ်တင် လေသည်။

"ဆေးသောက်လိုက်ရင် ကောင်းသွားမှာပါ"

၆



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ .... အအေးတို့ ရေခဲတို့ စားမိသောက်မိရင်တော့ ပြန်ဖြစ်တာပဲ မဟုတ်လား"

"အဟဲ ... တစ်ခါတလေမှပါ"

ပြောနေရင်း နောက်တစ်ကြိမ် ချောင်းထပ်ဆိုးတော့ သူက ကျွန်မအား မျက်မှောင်ကြုတ်၍ ကြည့်ကာ ...

"မင်း တော်တော်ပေတဲ့မိန်းကလေးပဲ၊ ကိုယ် ဆေးခန်း လိုက်ပို့ပေးမယ်"

"ဟင့်အင်း .... မသွားချင်ဘူး"

"မသွားလို့မဖြစ်ဘူးစနိုး၊ ရောဂါဆိုတာ နတုန်းက ကုလိုက်တာ အကောင်းဆုံးပဲ"

ကျွန်မ ဟန်ဆောင်ငြင်းဆန်ကြည့်သေးသော်လည်း ဘယ်လိုမှ မရပါ၊ နောက်ဆုံး ကျွန်မအသိဆရာဝန်မနှင့်ပဲ ပြမည် ဟူသော ခြွင်းချက်ဖြင့် သူ၏ ကမ်းလှမ်းမှုကို လက်ခံလိုက်ပါသည်။

ဆေးခန်းရှေ့ရောက်တော့ သူ့အား ကားထဲမှာပင် စောင့်နိုင်းထားခဲ့ပြီး ဆေးခန်းထဲဝင်ကာ မတွေ့တာ ကြာပြီဖြစ်သော အသိဆရာဝန်မနှင့် စကားထိုင်ပြောနေလိုက်၏။ ဆယ်မိနစ်လောက်ကြာတော့မှ ကျွန်မ ခပ်တည်တည်နှင့် ပြန်ထွက်လာခဲ့ပါသည်။





"ဆရာဝန်က ဘာပြောလိုက်လဲ"

ကားထဲရောက်သည်နှင့် သူက ဂရုတစိုက် လှမ်းမေး၏။ ကျွန်မ အလွန်စိတ်ညစ်သော မျက်နှာမျိုးနှင့် ခပ်ဆောင့်ဆောင့် ပြန်ဖြေလိုက်သည်။

"ဆေးတွေ ပေးလိုက်တယ်၊ တစ်ပတ် ဆယ်ရက်လောက် စောင့်ကြည့်လို့မှ မသက်သာရင် အာသီးဖြတ်ရမယ်တဲ့၊ ကျွန်မတော့ သေချင်တာပဲ"

"ဒါ .. သေချင်လောက်အောင် စိတ်ညစ်စရာကိစ္စမဟုတ်ပါဘူး စနိုးရဲ့ ... သူ ပေးလိုက်တဲ့ဆေးတွေ သောက်လိုက်ရင် သက်သာသွားမှာပါ"

"တကယ်လို့ မသက်သာရင်ကော ..."

"မသက်သာတော့လဲ သူပြောတဲ့အတိုင်း အာသီးဖြတ်လိုက်ပေါ့၊ တစ်သက်လုံးအတွက် ကောင်းမယ့်ကိစ္စပဲ၊ အာသီးဖြတ်တယ်ဆိုတာ ကြောက်စရာမဟုတ်ပါဘူး၊ ဆရာဝန်တွေအတွက် အသေးအဖွဲ့ကိစ္စပါ"

"သူတို့အတွက် အသေးအဖွဲ့ဖြစ်ပေမယ့် ကျွန်မအတွက်တော့ အသေးအဖွဲ့ မဟုတ်ဘူး ... ဆီဇာ၊ ခွဲတာ ဖြတ်တာတွေ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်တယ်၊ နောက်ပြီး .... အာသီးဖြတ်ပြီးရင် တော်တော်နဲ့ အသံပြန်မထွက်ဘူး .... တဲ့"

တကယ် ဟုတ် မဟုတ် ကျွန်မ မသိပါ၊ စိတ်ကူးနှင့် ရမ်းပြော လိုက်ခြင်းဖြစ်သည်။ ကံကောင်းထောက်မစွာပင် သူက ကျွန်မ စကား အတိုင်း ရောယောင်ကာ ....

"ခဏတစ်ဖြုတ် အသံမထွက်တော့လဲ ဘာဖြစ်သေးလဲ စနိုးရဲ၊ ခဏခဏအာသီးယောင်တဲ့ ဝေဒနာကို ခံစားနေရတာထက် စာရင် ခဏလောက် အသံမထွက်တာကို သည်းခံလိုက်တာက ပိုမကောင်း ဘူးလား။ ဘာလဲ မင်းမှာ အရေးတကြီး မိန့်ခွန်းပြောစရာတွေ၊ သီချင်း ဆိုစရာတွေ ရှိနေလို့လား"

"အဲဒါတွေထက်ပိုပြီး အရေးကြီးတဲ့ ကိစ္စရှိတယ်၊ ဒီလကုန် ကျွန်မ မင်္ဂလာဆောင်မလို့"

"ဘယ်လို ... မင်္ဂလာဆောင်မလို့ ... ဟုတ်လား"

သူ အံ့သြသွားပုံက ထိတ်ထိတ်ပျာပျာ နိုင်လှပါသည်။ ကျွန်မ အနည်းငယ် ရှက်အန်းသောမျက်နှာနှင့် ခေါင်းညိတ်ရင်း ....

"ဟုတ်တယ် ဆီဇာ၊ ဒီလကုန်ရင် ရှင်နဲ့လက်ထပ်ဖို့ ကျွန်မ ဆုံးဖြတ်ထားတယ်"





"မင်း တကယ်ပြောနေတာလား စနိုး"

သူ ဝမ်းသာအံ့သြစွာ ဗလုံးဗထွေးမေး၏။ ကျွန်မ ခေါင်းညိတ် ပြလိုက်ပြီး ...

"တကယ်ပေါ့ ဆီဇာ၊ ဒီကိစ္စမျိုးက အပျင်းပြေ နောက်ပြောင် စရာမှ မဟုတ်တာ"

"အို ... ကိုယ်အရမ်းပျော်သွားပြီ စနိုး၊ မင်းကို သိပ်ကျေးဇူး တင်တယ်"

ကိုယ်လိုချင်နေသော ကစားစရာတစ်ခု ရလိုက်သည့် ကလေး တစ်ယောက်ပမာ သူ ... တကယ်ပင် ရွှင်မြူးသွားပါသည်။ သူ၏ ပျော်ရွှင်မှုက ကျွန်မထံသို့ ကူးစက်လာမလားဟုပင် ထင်ရ၏။ ကျွန်မ ကတော့ အေးဆေးတည်ငြိမ်စွာပင် သူ့အား ငေးကြည့်နေမိသည်။

"ကိုယ် ... ဒယ်ဒီ့ကို အသိပေးလိုက်တော့မယ်"

"ဘာကိုလဲ"

"မင်းနဲ့ မင်္ဂလာဆောင်မယ့်ကိစ္စကိုပေါ့"

"ဟင့်အင်း ... ရှင် အသိမပေးရဘူး၊ ကျွန်မလဲ မင်္ဂလာဆောင် မပြီးမချင်း ဘယ်သူ့ကိုမှ ကြိုအသိမပေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ ကျွန်မအား နားမလည်သလိုကြည့်၏။

"ခြွင်းချက်အနေနဲ့ သတို့သားအရံလုပ်မယ့် ရှင့်သူငယ်ချင်းကိုတော့ အသိပေးနိုင်တယ်၊ ကျွန်မလဲ ယွန်းကို အသိပေးမှာပါ"

သူ ကျွန်မအား အတန်ကြာအောင် ခပ်တွေတွေ ငေးစိုက်ကြည့်နေပြီးမှ ...

"မင်းဟာ တော်တော့်ကို ပဟေဠိဆန်တဲ့ မိန်းကလေးပဲ စန်း၊ ဘာပဲဖြစ်ဖြစ် မင်းရဲ့စည်းကမ်းချက်မှန်သမျှကို ကိုယ် လိုက်နာမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ .... ကိုယ်က မင်းကို ချစ်နေမိတဲ့သူကိုး"

ထိုစကားကိုတော့ သံသယကင်းရှင်းစွာပင် ကျွန်မ ယုံကြည်လိုက်ပါသည်။

ကျွန်မကို ချစ်မိသည့်အတွက် နောက်မှ သူ နောင်တကြီးစွာ ရနေမည့်အဖြစ်ကို တွေးရင်း .... ကျွန်မ မသိမသာပြုံးလိုက်မိသည်။

ထိုနေ့က သူနှင့် လမ်းခွဲပြီးနောက် ကျွန်မ ယွန်းထံသို့ ဖုန်းဆက်ကာ အသိပေးလိုက်သည်။

"ငါ ... မီးစိမ်းပြလိုက်ပြီ ယွန်း"

"ဘာကိုလဲ"





"လက်ထပ်ဖို့ ကိစ္စလေ .... ဒီလကုန် သုံးဆယ့်တစ်ရက်နေ့ လက်ထပ်မယ်လို့ သူ့ကို ပြောလိုက်ပြီ"

ကျွန်မစကားအား ယွန်းက အေးဆေးစွာ တုံ့ပြန်ပါသည်။

"ကောင်းပါတယ်၊ မြန်မြန်ပွဲသိမ်းတာပေါ့ ...." တဲ့။

အမှန်တကယ်လည်း ပွဲသိမ်းဖို့အချိန် စေ့နေပြီ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

## (၇)

စနိုးထံမှ လက်ထပ်မည် ဟူသော ကတိနှင့် လက်ထပ်မည့် နေ့ရက် အတိအကျကိုသိရပြီးနောက် သူ၏စိတ်တို့ ပေါ့ပါးပျော်ရွှင် နေခဲ့သည်။ သူ့ဘဝ၏ ဒုတိယအကြိမ်မြောက် လက်ထပ်ခါနီး အတွေ့အကြုံသည် ပထမဦးဆုံး အတွေ့အကြုံနှင့် သိသာစွာ ခြားနား နေ၏။

ဂျူလီယာနှင့် လက်ထပ်ခါနီးတုန်းက မည်သို့မျှ မခံစားခဲ့ရဘဲ ယခုမှ ထူးထူးခြားခြား ပျော်ရွှင်နေမိသော ကိုယ့်ကိုကိုယ်ပင် တအံ့ တဩဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကြည့်ရတာ ခုတလော တယ်ပြီးတက်ကြွနေပါလား၊ ဘာလဲ စနိုးနဲ့ လက်ထပ်ရတော့မယ် ဆိုပြီး အူမြူးနေတာလား"

သူ့အဖြစ်ကိုရိပ်မိပုံရသော စောသိန်းဝင်း၏စကားကြောင့် သူ ရယ်မောကာ ခေါင်းညိတ် ဝန်ခံခဲ့ရသည်။ ငါ့ အခြေအနေက အဲဒီ လောက်တောင် သိသာနေပြီလား ဟု သူ မေးတော့ စောသိန်းဝင်းက မဆိုင်းမတွပင် ... သိပ်သိသာတာပေါ့ ဟု အဖြေပေး၏။

"အံ့ဩဖို့တော့ ကောင်းတယ်၊ ဂျူလီယာနဲ့တုန်းက ငါ ဘာမှ မခံစားခဲ့ရဘူး"

"ဘယ်ခံစားရမလဲ၊ အဲဒီတုန်းက မင်းက ချစ်မှမချစ်တတ်သေး တာ ....."

သူ ခေါင်းညိတ်ပြီး ... မင်းပြောတာဖြစ်နိုင်တယ်ဟုပြောတော့ စောသိန်းဝင်းက ...

"ဖြစ်နိုင်တာ မဟုတ်ဘူး၊ တကယ်ဖြစ်နေတာ ....၊ စနိုးကို မင်း တကယ်ချစ်နေပြီ၊ အဲဒီတော့ ... ခံစားတတ်လာတာပေါ့ ဒါ မဆန်းပါဘူး"

စောသိန်းဝင်း ပြောသလိုပင် သူ စနိုးကို တကယ်ချစ်နေမိ ကြောင်း သံသယဖြစ်စရာ မလိုလောက်အောင် သေချာပါသည်။





သို့သော် .... စနိုး သူ့အပေါ် တကယ်ချစ်မချစ်ဆိုသည်ကိုတော့ တစ်ခါတစ်ရံ သူ ဇဝေဇဝါဖြစ်နေမိသည်။ စောသိန်းဝင်းက ...

"မချစ်ဘဲနဲ့ မင်းကို လက်ထပ်ပါ့မလား၊ ဘယ်မိန်းကလေးမှ ကိုယ် တကယ်မချစ်နိုင်ဘဲနဲ့ လက်ထပ်ပါ့မယ်လို့ ကတိမပေးဘူး"

စောသိန်းဝင်း၏စကားက ယုတ္တိတန်နေသဖြင့် တစ်စုံတစ်ရာ စောဒကမတက်နိုင်ဘဲ လက်ခံခဲ့ရ၏။ စနိုးကတော့ ....

"ကျွန်မ ရှင့်ကို တကယ် ချစ် မချစ် လက်ထပ်ပြီးတဲ့အခါကျရင် ရှင် သိမှာပါ"

ဟု သူ့အား အေးဆေးစွာ ပြောခဲ့သည်။

လက်ထပ်မည့်နေ့ရက်ကို ၎င်းဘာသာ သတ်မှတ်ခဲ့သော စနိုး သည် လက်ထပ်မည့် ဘုရားကျောင်းကိုလည်း သူမ စိတ်တိုင်းကျ ရွေးချယ်ခဲ့၏။ စနိုးရွေးချယ်ခဲ့သောဘုရားကျောင်းက မြို့လယ်ကောင် နှင့် အတော်လှမ်းသောနေရာရှိ တိတ်တိတ်ဆိတ်ဆိတ် ဘုရား ကျောင်းလေး ဖြစ်သည်။

"ရှင် ... သဘောကျရဲ့လား ဆီဇာ"



www.burmeseclassic.com

www.burmeseclassic.com



၎င်းရွေးချယ်ထားသော ဘုရားကျောင်းနှင့်ပတ်သက်၍ သူ့သဘောထားကိုမေးတော့ ပါးစပ်နှင့် မဖြေဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

ယခုအချိန်၌ စနိုး၏ ရွေးချယ်မှုမှန်သမျှအား သူ့ဆန္ဒအဖြစ် သတ်မှတ်ရန် ဝန်မလေးပါ၊ စနိုးသဘောကျမည်ဆိုလျှင် သူကလည်း သဘောကျမည်သာဖြစ်၏။

"မင်းဆန္ဒဟာ ကိုယ့်ဆန္ဒပဲ စနိုး၊ မင်းစိတ်တိုင်းကျသာ လုပ်ပါ"

ဟု သူ ပြောတော့ စနိုးက ရယ်မောရင်း .....

"တကယ်ပြောတာလား၊ ဒါဆို .... လက်ထပ်မယ့်ရက်ကို နောဂ်ဆုတ်လိုက်မယ်လေ ... ဘယ့်နှယ်လဲ"

"မင်း စိတ်ချမ်းသာမယ်ဆိုရင် ကိုယ် လက်ခံရမှာပေါ့"

"ရှင် သဘောကောင်းသားပဲ၊ အလကား နောက်တာပါ၊ လက်ထပ်ပွဲကို ကျွန်မဘက်က အပျက်မခံနိုင်ပါဘူး"

"တော်သေးတာပေါ့" ဟု တွေးရင်း ...သက်ပြင်းချလိုက်သည်။ တကယ်သာ လက်ထပ်မည့်ရက်ကို ရွှေ့ဆိုင်းလိုက်မည်ဆိုပါက သူဘာမှမတတ်နိုင်ပါ၊ ၎င်း၏ဆန္ဒအတိုင်း လိုက်လျောရမည်ဖြစ်၏။





"ကျွန်မ နောက်လိုက်လို့ ရှင် စိတ်ညစ်သွားပြီလား"

"ဟင့်အင်း မညစ်ပါဘူး၊ စိတ်ပူသွားတာ"

စနိုးက ခပ်တိုးတိုး ရယ်မော၏။ ထို့နောက် ချောင်းတဟွတ်ဟွတ် ဆိုးလေသည်။

"မင်း ... ဆရာဝန်ပေးတဲ့ဆေးတွေ မှန်မှန်မသောက်ဘူးလား စနိုး"

"သောက်တာပဲ၊ ဒါပေမဲ့ ချောင်းက ခုချိန်ထိ ဆိုးတုန်းပဲ"

"ဆေးမှန်မှန်သောက်ရင် သက်သာသွားမှာပါ"

သို့သော် စနိုး၏ချောင်းဆိုးခြင်းက တော်တော်နှင့် မသက်သာခဲ့ပါ။

ဆရာဝန်ထံသို့ ဒုတိယအကြိမ်မြောက် သွားပြပြီး ဆေးအသစ်တွေ ပြောင်းပေးလိုက်တယ် ဟု သူ့အား ပြောသည်။ ထိုဆေးနဲ့မှ မသက်သာလျှင် အာသီးဖြတ်ရလိမ့်မယ်ဟု စနိုး ညည်းညည်းညူညူ ရေရွတ်သဖြင့် စိတ်မပူရန် သူ အားပေးရသည်။

ထိုအတောအတွင်း လက်ထပ်လက်စွပ်အတွက် စနိုး၏ လက် အတိုင်းကို ခန့်မှန်းရန် သူ့၌အဆင်သင့်ရှိသောရွှေလက်စွပ်ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



စနိုးအား ဝတ်ခိုင်းကြည့်ခဲ့၏။ စနိုးက ရွှေလက်စွပ်ကလေးကို ကြည့်ကာ ....

"ဘယ်ဆိုးလို့လဲ၊ ရှင်က လက်စွပ်တွေဘာတွေတောင် လုပ်ပြီး ပြီပဲ"

"ဟင့်အင်း .... မလုပ်ရသေးပါဘူး၊ ဒီလက်စွပ်က မင်းလက် အတိုင်းကို ခန့်မှန်းဖို့ နမူနာဝတ်ကြည့်ခိုင်းတာ"

စနိုးက လက်စွပ်ကလေးကို သေသေချာချာကြည့်ရင်း ဒါ ... ဘယ်သူ့လက်စွပ်လဲဟု စိတ်ဝင်တစားမေး၏။

"အဲဒီလက်စွပ်က ပိုင်ရှင်မရှိသေးဘူး၊ အစကတော့ ဂျူလီယာ အတွက် ရည်ရွယ်ပြီး လုပ်ထားတာ"

သူ အမှန်အတိုင်း အဖြေပေးလိုက်တော့ စနိုးက ပြုံး၍ ....

"ဂျူလီယာမဝတ်ဖြစ်လိုက်တဲ့လက်စွပ်ကိုး" ဟု ရေရွတ်ရင်း ၎င်း၏လက်၌ ဝတ်ဆင်ကြည့်လိုက်၏။ လက်စွပ်ကလေးက စနိုး၏ လက်နှင့် အနေတော် ဖြစ်နေလေသည်။

"အံ့ဩစရာပဲနော် ... ဂျူလီယာ မဝတ်လိုက်ရတဲ့လက်စွပ်က ကျွန်မလက်နဲ့အတော်ပဲ၊ ကွက်တိ လာဖြစ်နေတယ်"





"ဒါဖြင့် အဲဒီလက်စွပ်အတိုင်း အသစ်တစ်ကွင်း ထပ်လုပ် လိုက်မယ်"

"မလုပ်နဲ့တော့လေ ... ဒီလက်စွပ်လဲ ကျွန်မလက်နဲ့ တော်နေ တာပဲ၊ ဒါကိုပဲ လက်ထပ်လက်စွပ်အဖြစ် သတ်မှတ်လိုက်ပေါ့"

စနိုးက လက်စွပ်ကို ချွတ်၍ ဘူးအတွင်းသို့ ပြန်ထည့်ရင်း သူ့အား ပြောသည်။

"ကိုယ်က ... မင်းအနေနဲ့ အသစ်တစ်ကွင်းဝတ်ချင်မလားလို့"

"မလိုပါဘူး၊ ဒီလက်စွပ်ကလဲ အဟောင်းမှ မဟုတ်တာ၊ တကယ်လို့ .... ကျွန်မလက်နဲ့ မတော်ဘူးဆိုရင်တော့ တစ်မျိုးပေါ့၊ ခု ... တော်နေသားပဲ"

"ကောင်းပြီလေ ... ဒါဖြင့်လဲ မင်းဆန္ဒအတိုင်း ဒီလက်စွပ်ကိုပဲ လက်ထပ်လက်စွပ်အဖြစ် သတ်မှတ်လိုက်မယ်"

လက်စွပ်ဘူးလေးကို ပြန်ယူရင်း သူ ပြောလိုက်တော့ စနိုးက သဘောတူဟန်နှင့် ခေါင်းညိတ်ပြလေသည်။

သို့သော် .... စောသိန်းဝင်းကတော့ ထိုရွှေလက်စွပ်လေးအား လက်ထပ်လက်စွပ်အဖြစ် သတ်မှတ်ရန် သဘောတူပုံမရပါ။



www.burmeseclassic.com

www.burmeseclassic.com



"အသစ်တစ်ကွင်း ထပ်လုပ်လိုက်စမ်းပါကွာ"

ဟု သူ့အား တိုက်တွန်းလေသည်။

"ငါလဲ လုပ်မလို့ဘဲ ... စနီးက မလိုပါဘူးလို့ပြောတာနဲ့ မလုပ်ဖြစ်တာ"

"ငါတော့ အဲဒီလက်စွပ်ကို သဘောမကျဘူး"

"ဘာဖြစ်လို့လဲ"

"နိမိတ်မကောင်းလို့၊ အဲဒီလက်စွပ်က ဂျူလီယာနဲ့တုန်းက ပွဲပျက်ခဲ့တဲ့လက်စွပ်ကြီး၊ ငါသာဆိုရင်တော့ အသစ်တစ်ကွင်း ထပ်လုပ်မှာပဲ"

စောသိန်းဝင်း၏ စကားကြောင့် သူ ရယ်မောကာ ....

"ငါတော့ အဲဒါတွေ အယုံအကြည်မရှိဘူး သိန်းဝင်း၊ စနီး ... ယုံကြည်ပုံမရဘူး"

ဟု သူ ပြန်ပြောလိုက်၏။

သို့သော် .... နိမိတ်မကောင်းဘူး ဟူသော စကားကို ... တအုံ့နွေးနွေး ဖြစ်နေမိသည်။

ထို့ကြောင့် လက်ထပ်ရန် အလွန်နီးကပ်သောအချိန် ... အသစ်တစ်ကွင်းထပ်လုပ်ဖို့ သူ ဆုံးဖြတ်ဖြစ်ခဲ့၏။ ရက်က အ...





နီးကပ်နေသဖြင့် မီပါ့မလားဟု စိုးရိမ်နေသော်လည်း ပန်းထိမ်ဆရာကတော့ မီအောင်လုပ်ပေးပါမည်ဟု အာမခံသည်။

(၎င်း၏စကားအတိုင်း လက်ထပ်မည့်နေ့ မတိုင်ခင် ညနေ၌ အပြီးလုပ်ပေးခဲ့သည်။)

"ကျွန်မ အာသီးဖြတ်ရလိမ့်မယ်"

လက်ထပ်မည့်နေ့မတိုင်ခင် တစ်ရက်၌ စနီးက အာသီးဖြတ်ရမည့်အကြောင်း သူ့အား အသိပေးလာခဲ့သည်။

"ကျွန်မ စိတ်မကောင်းပါဘူး ဆီဇာ၊ လက်ထပ်ပွဲကျရင် ကျွန်မ စကားပြောနိုင်မှာ မဟုတ်ဘူး"

အရေးကြီးသည့် ရက်ထဲမှာမှ တိုက်တိုက်ဆိုင်ဆိုင် အာသီးဖြတ်ရမည်ဆိုသဖြင့် သူ စိတ်ပျက်သွား၏။ သို့သော် ... ကျန်းမာရေးကိစ္စဖြစ်နေသဖြင့် သူ ဘယ်လိုမှ မတတ်နိုင်ပါ။

"လက်ထပ်ပွဲမှာ စကားမပြောနိုင်က အကြောင်းမဟုတ်ပါဘူး၊ မင်း ဘယ်မှာ အာသီးဖြတ်မှာလဲ"

"ကျွန်မအသိဆရာဝန်ဆီမှာ"

"ကိုယ် လိုက်ပို့ပေးမယ်လေ"

"ဟင့်အင်း ... ကျွန်မ ယွန်းကိုပဲ အဖော်ခေါ်သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ဂရုစိုက် လိုက်ပို့ပေးချင်သော်လည်း စနိုးက သူ့ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့၏။ ထို့ကြောင့် သက်ပြင်းတစ်ချက်ချရင်း သူမ၏ဆန္ဒကို လိုက်လျောလိုက်ရပါသည်။

"ဒါဖြင့်လဲ မင်း အာသီးဖြတ်ပြီးတဲ့အချိန် ကိုယ် လာတွေ့မယ်လေ၊ ဘယ်ကိုလာခဲ့ရမလဲ"

စနိုး ခေတ္တငြိမ်သက်သွားပြီးမှ ...

"အာသီးဖြတ်ပြီးရင် ... ကျွန်မအိမ်ပြန်ပြီး အနားယူလိုက်တော့မယ်၊ နောက်နေ့မှပဲ တွေ့ကြတာပေါ့"

စနိုး၏ စကားကြောင့် သူ အနည်းငယ် အောင့်သက်သက်ဖြစ်သွားပြီး "နောက်နေ့က ... လက်ထပ်မယ့်နေ့လေ" ဟု ပြောလိုက်တော့ စနိုးက ရယ်မောလျက် ....

"ကျွန်မ သိပါတယ် ဦးဆီဇာသူရစ္စရဲ့၊ ဒီလောက်အရေးကြီးတဲ့နေ့မျိုးကို ကျွန်မ မေ့ထားပါမလား"

"ဒါဖြင့် ... မင်းကို ဘယ်မှာလာခေါ်ရမလဲ ... ပြောဦးလေ"

"လာခေါ်စရာမလိုပါဘူး၊ ဘုရားကျောင်းမှာပဲ ဆုံကြတာပေါ့"

စနိုး၏ စကားက သာမန်ကိစ္စတစ်ခုအတွက် အချိန်းအချက်ပြုသည့်ပမာ .... ပေါ့ပျက်ပျက် နိုင်လွန်းလှပါသည်။ တကယ်ဆိုလက်ထပ်ခြင်းလို ကိစ္စမျိုးအတွက် .... ယခုထက်ပို၍ လေးနက်သင့်သည်ဟု သူ ထင်၏။





သို့သော် စနိုးက ဘုရားကျောင်းမှာပင် ဆုံကြတာပေါ့ ... ဟု ဆိုသောအခါ တစ်စုံတစ်ရာ စောဒကတက်မနေတော့ဘဲ ၎င်း၏စကားအတိုင်း ခေါင်းညိတ်သဘောတူခဲ့ပါသည်။

ထိုညက စိတ်လှုပ်ရှားမှုကြောင့် .... သူ တော်တော်နှင့် အိပ်မပျော်ခဲ့၊ ဒီကြားထဲ အသစ်ထပ်လုပ်ထားသော လက်စွပ်က ပထမလက်စွပ်ထက် အနည်းငယ်သေးနေသဖြင့် စနိုးလက်နှင့် တော်ပါ့မလားဟု တထင့်ထင့် ဖြစ်နေခဲ့ရသည်။

အတော်ညဥ့်နက်တော့မှ မှေးခနဲအိပ်ပျော်သွားပြီး မိုးမလင်းခင်အစောကြီး ပြန်နိုးလာခဲ့သည်။ သူ ဆက်အိပ်ရန် မကြိုးစားတော့ဘဲ မိုးလင်းမည့်အချိန်ကိုသာ ထိုင်စောင့်နေလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

(၈)

သတို့သားအရံလုပ်မည့် စောသိန်းဝင်း သူ့ထံသို့ ရောက်ရှိလာချိန်၌ သူက အနောက်တိုင်းဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထားပြီး ဖြစ်နေလေသည်။

"တယ်·ဝီရိယကောင်းနေပါလား ... ငါတောင် အဝတ်အစား မလဲခဲ့ရဘူး၊ ဒီရောက်မှ လဲမယ်ဆိုပြီး အဝတ်တွေ အိတ်နဲ့ထည့်လာတယ် ...."

လက်ထဲမှ အညိုရောင်ခရီးဆောင်အိတ်လေးကို မြှောက်ပြရင်း စောသိန်းဝင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လဲ ... လဲတော့လေ၊ တော်ကြာ နောက်ကျနေဦးမယ်"

"နောက်မကျပါဘူးကွာ .... အချိန်တွေ အများကြီးရှိပါသေးတယ်၊ ဖြည်းဖြည်းပေါ့ .... ဆေးလိပ်ကလေး ဘာလေး သောက်ပါရစေဦး"

အိတ်ကပ်ထဲမှ စီးကရက်ဘူးကိုထုတ်ကာ စီးကရက်တစ်လိပ်ကို ဟန်ပါပါ ခဲလိုက်ပြီးမှ ဟိုစမ်းဒီစမ်းနှင့် မီးခြစ်လိုက်ရှာနေသဖြင့် သူ စိတ်မရှည်တော့ဘဲ စားပွဲပေါ်မှ ဇစ်ပိုမီးခြစ်ကိုယူကာ လှမ်းပေးလိုက်ရသည်။

တစ်ခါတစ်ရံမှ ဆေးလိပ်သောက်သူဖြစ်သဖြင့် စောသိန်းဝင်း၏ ဆေးလိပ်သောက်ပုံက ဘယ်တော့မှ အချိုးတကျ မရှိခဲ့ပါ။

"ငါ အသစ်လုပ်ထားတဲ့လက်စွပ်က နည်းနည်းသေးနေတယ် သိန်းဝင်း၊ စနိုးနဲ့ တော်ပါ့မလားမသိဘူး"

"လွယ်ပါတယ်ကွာ .... ဟိုရောက်တော့ ဘုရားကျောင်းထဲမဝင်ခင် အပြင်မှာ အစမ်းဝတ်ခိုင်းကြည့်လိုက်ပေါ့"

စောသိန်းဝင်း အကြံပေးသလိုပင် လုပ်ကြည့်ရပါလိမ့်မည်။ အကယ်၍ လက်စွပ်အသစ်နှင့် မတော်ပါက ပထမလက်စွပ်ကိုပင် ပြောင်း၍ဝတ်ပေးရန် ဆုံးဖြတ်လိုက်၏။ ရုတ်တရက် ပက်ထရစ်ကို





သတိရလိုက်မိပြီး ... "ပက်ထရစ်သာရှိရင် ကောင်းမယ်ကွာ" ဟု တမ်းတလိုက်မိသည်။

ထိုအချိန်ကျမှ စောသိန်းဝင်းက တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် ကိုယ်နဖူး ကိုယ်ရိုက်ပြီး .....

"ကြည့်စမ်း မေ့နေလိုက်တာ၊ မနေ့ကမနက်ပိုင်း ဒီကောင်ကြီး ငါ့ဆီကို ဘန်ကောက်ကနေ ဖုန်းဆက်သေးတယ်၊ ငါက မင်း ဒီနေ့ လက်ထပ်မယ့်အကြောင်းပြောပြလိုက်တော့ ဘယ်မှာလက်ထပ်မှာလဲ၊ ဘယ်အချိန်လဲ အတိအကျမေးနေလို့ ပြန်ပြောလိုက်ရသေးတယ် ....."

စောသိန်းဝင်း၏ စကားကြောင့် ပက်ထရစ်သာ ရှိလျှင် သိုက်သိုက်ဝန်းဝန်းနှင့် ပိုပျော်စရာကောင်းမှာပဲဟု သူ တွေးလိုက်မိသည်။ စောသိန်းဝင်းက စီးကရက်တစ်လိပ် ကုန်တော့မှ ထိုင်ရာမှ ထရပ်ပြီး ပျင်းရိလေးတွဲ့စွာ အညောင်းဆန့်ရင်း ...

"ကဲ .... ငါ အဝတ်လဲလိုက်ဦးမယ်၊ ဖိနပ်တောင် တိုက်မလာမိဘူး၊ မင်းအိမ်မှာ ဖိနပ်တိုက်ဆေးရှိတယ်မဟုတ်လား"

"ရှိတယ်"

"ခေါင်းလိမ်းဆီနဲ့ ဘော်ဒီစပရေးလဲ ပါမလာဘူး၊ လောလော လောလောနဲ့ဆိုတော့ အကုန်မေ့ကျန်ခဲ့တယ်၊ နောက်ပြီး ....."



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ သိန်းဝင်းရာ .... ငါ့အိပ်ခန်းထဲမှာ မင်းသုံးချင်တာတွေ အကုန်ယူသုံး၊ သိပ်တော့မကြာစေနဲ့ကွာ၊ ဘုရားကျောင်းကို စောစော ရောက်ချင်တယ်"

"စိတ်ချပါ၊ ဆယ်မိနစ်အတွင်း အဆင်သင့်ဖြစ်စေရမယ်"

နောက်ဆယ်မိနစ်အကြာမှာတော့ ဝတ်စုံပြည့်ဝတ်ဆင်ပြီးသွားသော စောသိန်းဝင်းနှင့်အတူ ဘုရားကျောင်းရှိရာသို့ ထွက်လာခဲ့ကြသည်။

အင်းစိန်ရှိ ဘုရားကျောင်းလေးသို့ သူတို့ ရောက်ရှိသွားချိန်မှာ ချိန်းထားသည့် အချိန်ထက် စောနေသဖြင့် စနိုးတို့ ရောက်မလာကြသေးပါ၊ စိတ်စောစွာဖြင့် နာရီကြည့်လိုက်ကာ လမ်းမဆီသို့ မျှော်ငေးလိုက်နှင့် ဂနာမငြိမ်ဖြစ်နေသော သူ့အား ....

"စိတ်အေးအေးထားစမ်းပါကွာ၊ အချိန်တန်တော့ ရောက်လာပါလိမ့်မယ်"

ဟု စောသိန်းဝင်းက လှမ်းပြောသည်။

. ချိန်းထားသည့် အချိန်ထက် ဆယ်မိနစ်ခန့် နောက်ကျပြီးမှ ဘုရားကျောင်းရှိရာသို့ ချိုးကွေ့ဝင်ရောက်လာသော ယွန်း၏ ကားကို လှမ်းမြင်လိုက်ရသည်။





"ဟိုမှာ လာကြပြီ"

စောသိန်းဝင်းရော သူပါ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး .... သတို့သမီးအားကြိုရန် ကားရပ်မည့်နေရာလောက်ကိုမှန်း၍လျှောက်လာကာ အသင့်စောင့်ဆိုင်းနေလိုက်၏။ ယွန်းက ကားမောင်းပြီး၊ မင်္ဂလာဝတ်စုံဆင်မြန်းထားသော စနိုးက ကားနောက်ခန်း၌ လိုက်ပါလာသည်။

သူ ကားတံခါးကို ဖွင့်ပေးပြီး လက်ကမ်းကြိုဆိုလိုက်၏။

အဖြူရောင် မင်္ဂလာဝတ်စုံ ဆင်မြန်းထားသည့် စနိုးမှာ နတ်သမီးလေးတစ်ပါးပမာ အသက်ရှူမှားမတတ် လှပ၍နေလေသည်။ မျက်နှာ၌ အုပ်ထားသည့် ဇာပဝါမှ အနည်းငယ်ထူသဖြင့် အပြုံးသဲ့သဲ့ဖြင့် စိုလက်နေသည့် နှုတ်ခမ်းအစုံကိုသာ တွေ့မြင်ခွင့်ရပါသည်။

"နေကောင်းတယ်နော် စနိုး၊ အာသီးဖြတ်တာ အဆင်ပြေရဲ့လား ....."

သူ့အမေးကို စနိုးက တစ်စုံတစ်ရာ အဖြေမပေးပါ။

"သူ ... စကားပြောလို့မရဘူးလေ ကိုဆီဇာ"



www.burmeseclassic.com

www.burmeseclassic.com



ယွန်းက လှမ်းသတိပေးတော့မှ သူ သဘောပေါက်သွားပြီး ဆောရီးဟု တောင်းပန်လိုက်ရသည်။ စောသိန်းဝင်းက ဘုရားကျောင်းထဲ ဝင်ကြရအောင်ဟု တိုက်တွန်းတော့မှ သူတို့အားလုံး ဘုရားကျောင်းဘက်သို့ လျှောက်လာကြပြီး လှေကားထစ်များကို တက်ကာ၊ ဘုရားကျောင်းထဲသို့ လှမ်းဝင်လိုက်ကြသည်။

တိတ်ဆိတ်သော ဘုရားကျောင်းလေးထဲ၌ အနည်းငယ် မှောင်၍နေပြီး အပြင်ဘက်အလင်းရောင်မှ ရုတ်တရက်ဝင်လာသော သူတို့အတွက် ပိုမှောင်နေသလို ခံစားရ၏။ ခုံတန်းရှည်များနားသို့ မရောက်မီ စောသိန်းဝင်းက သူ့အား ပြောသည်။

"ဆီဇာ .... လက်စွပ် စမ်းဝတ်ကြည့်ခိုင်းဦးလေ"

စောသိန်းဝင်း သတိပေးတော့မှ မေ့လျော့နေမိသော လက်စွပ်အသစ်ကလေးကို သတိရလိုက်ပြီး သူ့လက်မောင်းအား လျှော့ရဲရဲ ဆုပ်ကိုင်ထားသော စနီးကို ပြောလိုက်သည်။

"ကိုယ် လက်စွပ်အသစ်တစ်ကွင်း ထပ်လုပ်ထားတယ်၊ မတော် ခဏလောက် ဝတ်ကြည့်ရအောင်နော်"

လက်စွပ်ဘူးထဲမှ လက်စွပ်အသစ်ကလေးကို ထုတ်ယူပြီး စနီး၏လက်၌ဝတ်ပေးလိုက်၏။ လက်စွပ်ကအနည်းငယ်သေးသဖြင့်





ကျပ်နေလိမ့်မည်ဟု မျှော်လင့်ထားသော်လည်း ... သူ ထင်သလို မဟုတ်ဘဲ ရှောရှောရှူရှူ ဝတ်ဆင်၍ရ၏။

လက်စွပ်ချင်းပဲမှားသလားဟုံ တွေးလိုက်ပြီး နောက်လက်စွပ်ကိုပါ ထုတ်ယူ၍ ဝတ်ပေးလိုက်တော့ အနည်းငယ်ချောင်နေကြောင်း တအံ့တသြတွေ့လိုက်ရ၏။ ပထမဆုံးအကြိမ် စနီးအား ဝတ်ခိုင်းစဉ်အခါက ထိုလက်စွပ်မှာ ၎င်း၏လက်နှင့် အနေတော်ဖြစ်နေပါလျက် ဘာဖြစ်လို့ ယခုမှ သိသာစွာ ချောင်နေရတာလဲ။

တစ်ခုခုတော့ မှားနေပြီဟု တွေးရင်း သူ ထိတ်ခနဲဖြစ်သွား၏။

"ဆီဇာ .... မြန်မြန်လုပ်လေကွာ၊ ပါစတာနဲ့ ဝင်တွေ့ရဦးမှာ၊ ငါတို့ကို စောင့်နေရရင် မကောင်းဘူး"

စောသိန်းဝင်းက စိတ်မရှည်ဟန်ဖြင့် သူ့အား လှမ်းပြောသည်။

"ခဏလေ ... သိန်းဝင်း"

"ဘာဖြစ်လို့လဲ ဆီဇာ"

"တစ်ခုခုတော့ မှားနေပြီထင်တယ် သိန်းဝင်း"

"ဘာမှားတာလဲ"

စောသိန်းဝင်းက သူ့နားသို့ ရောက်လာပြီး မေးသည်။ အဖြေပေးရန် အနည်းငယ် တွန့်ဆုတ်နေသော်လည်း မတတ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဇာပဝါထူထူ လွှမ်းခြုံထားသော သတို့သမီး၏မျက်နှာကို ငေးကြည့်နေရာမှ သက်ပြင်းတစ်ချက်ချကာ ပြောလိုက်သည်။

"သူ ... စန်း မဖြစ်နိုင်ဘူး"

သူ့စကားကြောင့် စောသိန်းဝင်းက သူ့မျက်နှာအား တအံ့တဩ ကြည့်သည်။

"ဘာပြောတယ် ... စန်းမဖြစ်နိုင်ဘူး ဟုတ်လား"

"ဟုတ်တယ် သိန်းဝင်း၊ သူ ... စန်း မဟုတ်ဘူး"

"ပြဿနာပဲ ... မင်းဘာတွေ ထကြောင်နေတာလဲ ဆိဇာ"

စောသိန်းဝင်းအား ဘာမှပြောမနေတော့ဘဲ သတို့သမီး၏ မျက်နှာပေါ်မှ ဇာပဝါကို မ,လိုက်၏။ ဇာပဝါအောက်မှမျက်နှာက စန်း၏ မျက်နှာမဟုတ်၊ တစ်ခါမှ မမြင်ဖူးသော အမျိုးသမီး တစ်ယောက်၏မျက်နှာ ဖြစ်နေလေသည်။

စောသိန်းဝင်းရောသူပါ နှစ်ယောက်စလုံး ကြက်သေသေသွားကြသည်။ တအောင့်ကြာမှ စောသိန်းဝင်းက ၎င်းအားမေးလိုက်၏။

"ခင်ဗျား ... ဘယ်သူလဲ"

ထိတ်လန့်သော မျက်ဝန်းအစုံနှင့် သတို့သမီးက ဘာမှအဖြေမပေးဘဲ ခေါင်းကိုသာ တသွင်သွင် ခါယမ်းနေလေသည်။





"မေးနေတာ ... ဖြေဦးလေ၊ ခင်ဗျားနာမည် ဘယ်သူလဲ"

"မေသင်းကြူ၊ စန်းရဲ့ ညီမ"

ထိုအဖြေစကားအား အမျိုးသမီးက ပြောခြင်းမဟုတ်သလို ယွန်းက ဝင်ဖြေခြင်းလည်း မဟုတ်ပါ၊ သူတို့နောက်ဘက်ခုံတန်းရှည်၏ အစွန်ဆုံး မှောင်ရိပ်ထဲမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

သူတို့အားလုံး အသံလာရာဆီသို့ ချာခနဲ လှည့်ကြည့်လိုက်ကြသည်။

◉ ◉ ◉



www.burmeseclassic.com

www.burmeseclassic.com

## (၉)

## (စနိုး၏ မှတ်တမ်းမှ)

ကျွန်မ အလွန်ဖြစ်ချင်နေသော ဆန္ဒတစ်ခုအား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပြီဟူသောအတွေးဖြင့် ပျော်ရွှင်နေမိသည်။ ကျွန်မ၏ အောင်မြင်မှုအား ကျွန်မကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်ကြည့်ရှုကာ တစိမ့်စိမ့်အရသာခံချင်သော်လည်း ယွန်းက ထိုမျှအထိ မစွန့်စားသင့်ဟု သတိပေးသည်။

"နင် .... ဘုရားကျောင်းအထိ လိုက်ဖို့ မသင့်ဘူး ယွန်း။ ဆိဗာဖြစ်ဖြစ် စောသိန်းဝင်းဖြစ်ဖြစ် တစ်ယောက်ယောက်က နင့်ကို တွေ့သွားတာနဲ့ နင့်အစီအစဉ်တွေအကုန်လုံး ကမောက်ကမဖြစ်သွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ယွန်း၏စကားက မှန်ကန်နေသည့်အပြင် ကျွန်မ ခက်ခက်ခဲခဲ ဖန်တီးတည်ဆောက်ထားခဲ့ရသည့် အခြေအနေကို နောက်ဆုံးအချိန် ကျမှ အပျက်အစီး မခံနိုင်သည့်အတွက် ဘုရားကျောင်းသို့ လိုက်လံ ကြည့်ရှုရန် ဟူသော ဆန္ဒကို စွန့်လွှတ်လိုက်ရပါသည်။

"ဒါဖြင့် .... သင်တန်းက ရုံးခန်းလေးထဲမှာ ငါ စောင့်နေမယ်၊ လက်ထပ်ပွဲပြီးတာနဲ့ နင် ငါ့ဆီ ဖုန်းဆက်လိုက်၊ မေသင်းကိုလဲ ဂရုစိုက်ဦး"

"ငါသိပါတယ်"

"မေသင်း .... ငါ မှာတာတွေ နင် မှတ်မိတယ်နော်"

မေသင်းအား စိတ်မချစွာ တတွတ်တွတ်မှာရသေး၏။

သို့သော် အကြိမ်ကြိမ် အထပ်ထပ် လေ့ကျင့်ဇာတ်တိုက်ထား ပြီးဖြစ်သဖြင့် ဆိုးဆိုးဝါးဝါးအမှားမျိုးကိုတော့ မေသင်း လုပ်လိမ့်မည် မဟုတ်ဟု ကျွန်မ ယုံကြည်ပါသည်။ မေသင်းက သတို့သမီးဝတ်စုံနှင့် လိုက်ဖက်စွာ အချိုးတကျရှိနေပြီ ဖြစ်၏။

"နောက်ကျနေလိမ့်မယ် သွားကြတော့"

ယွန်းက ကားကို ကိုယ်တိုင်မောင်းပြီး မေသင်းကတော့ နောက်ခန်းမှ ထိုင်ကာ လိုက်ပါသွား၏။





သူတို့ ဘုရားကျောင်းသို့ ရောက်ရှိမည့် အချိန်လောက်၌ မော်ဒယ်လ်သင်တန်း ရုံးခန်းလေးထဲမှာ ကျွန်မတစ်ယောက်တည်း စိတ်လှုပ်ရှားစွာ ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေမိသည်။ အဆင်မှ ပြေပါ့မလား၊ အို ... ပြေမှာပါ မေသင်းကို သေသေချာချာ သင်ပေးထားတာပဲ၊ နောက်ပြီး ယွန်းလဲပါနေတဲ့ဥစ္စာ၊ စိတ်ပူစရာ မလိုပါဘူး။

နာရီကိုကြည့်လိုက်၊ လမ်းလျှောက်လိုက်နှင့် ကျွန်မ ဂနာမငြိမ် ဖြစ်နေသည်။ နောက်ဆုံး ကုန်နိုင်ခဲလှသော အချိန်တို့ကို ဖြုန်းရန် လက်ကိုင်အိတ်ထဲမှ မေသင်း၏ဓာတ်ပုံတို့ကိုထုတ်ယူကာ စားပွဲပေါ် သို့ ဖြန့်ခင်းလိုက်၏။ လက်ထပ်ဝတ်စုံဖြင့် လေ့ကျင့်စဉ် မေသင်းအား ရှုထောင့်အမျိုးမျိုးမှ ရိုက်ထားသောပုံများ ဖြစ်သည်။

မျက်နှာ၌ ဇာပဝါ အုပ်မထားသောကြောင့် ချစ်စရာကောင်း သော မေသင်း၏ မျက်နှာလေးကို အမူအရာမျိုးစုံနှင့် တွေ့မြင်နေရ သည်။ ကျွန်မ ဓာတ်ပုံတစ်ပုံချင်းကို စိတ်ဝင်တစား ကြည့်ရှုခြင်းဖြင့် အရာအားလုံးကို မေ့လျော့ထားလိုက်သည်။

ဓာတ်ပုံများဖြင့် ဘယ်လောက် အာရုံဝင်စားနေမိသည် မသိ၊ စားပွဲရှေ့သို့ တစ်စုံတစ်ယောက် လာရပ်သဖြင့် အရိပ်ကျလာမှတော့ မှသာ ကျွန်မ ကမန်းကတန်း မော့ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မ ... ဂျူ ... လီ ... ယာ"

"နေကောင်းတယ်နော် စနိုး"

ကျွန်မ လုံးဝမျှော်လင့်မထားမိသော ဂျူလီယာ ကျွန်မစားပွဲရှေ့၌ ရောက်ရှိနေခြင်းအား ကျွန်မ တအံ့တသြ ဖြစ်နေမိ၏။

"တို့ ... စနိုးကို မွေးနေ့ဖိတ်စာ လာပေးတာပါ။ တို့ကြောင့် အနှောင့်အယှက် ဖြစ်သွားတာလား ... စနိုး"

"ဟင့်အင်း ... မဖြစ်ပါဘူး မဂျူလီယာ"

ဂျူလီယာက ဖိတ်စာတစ်စောင်ကို စားပွဲပေါ်သို့ တင်ပေးရင်း ပြန့်ကြဲနေသော ဓာတ်ပုံများအား စိတ်ဝင်တစား ငေးကြည့်နေလေသည်။ ထို့နောက် ကျွန်မ ဘယ်လိုမှ မျှော်လင့်မထားသော မေးခွန်းတစ်ခုကို ကောက်ခါငင်ခါမေးသည်။

"ဒီပုံတွေက .... ကျော့သောင်းက မေသင်းကြူရဲ့ ပုံတွေ မဟုတ်လား .... စနိုး"

ကျွန်မ တအံ့တသြဖြင့် ဂျူလီယာကို မော့ကြည့်လိုက်မိသည်။

"မဂျူလီယာ သူ့ကိုသိလို့လား"

"ဟင့်အင်း ... လူချင်းတော့ မသိပါဘူး၊ ဓာတ်ပုံထဲမှာ မြင်ဖူးတာပါ"





ဓာတ်ပုံထဲမှာ မြင်ဖူးတယ်ဆိုတော့ ... ဂျူလီယာ အားလုံးကို သိနေပြီဆိုတဲ့ သဘောပေါ့။

"မဂျူလီယာ ...အဲဒီအကြောင်းတွေကိုသိနေတာကြာပြီလား"

"ဘယ်အကြောင်းတွေလဲ စနိုး"

"ဆီဇာနဲ့ မေသင်းကြူ အကြောင်းလေ"

ဂျူလီယာက ကျွန်မ၏ စကားကို နားမလည်သည့်ပမာ သံယောင်လိုက် ရေရွတ်ရင်း ခပ်တွေတွေငေးကြည့်နေသဖြင့် ကျွန်မ နောက်တစ်ကြိမ် ထပ်ပြောလိုက်ရသည်။

"ဆီဇာနဲ့ မေသင်းကြူ သမီးရည်းစားဖြစ်ခဲ့တဲ့အကြောင်းကို ပြောတာပါ"

ဂျူလီယာ၏မျက်နှာပေါ်၌ နားမလည်နိုင်မှုတို့ ဒုတိယအကြိမ်မြောက် ဖြတ်သန်းသွားကြပြီး .... မျက်မှောင်ကြုတ်လျက် ခေါင်း တစ်ချက် ခါယမ်း၏။

"ဆီဇာနဲ့ မဟုတ်ပါဘူး၊ ပက်ထရစ်နဲ့ပါ"

ဘုရားရေ ... ပက်ထရစ်နဲ့တဲ့၊ ဒီအမျိုးသမီး ဘာတွေကြောင် နေပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ငြင်းဆန်မည်ပြုစဉ်မှာပင် ဂျူလီယာက ဆက်ပြောသည်။

"အဲဒီတုန်းက ပက်ထရစ် သဘော်မလိုက်ရသေးဘူး၊ အတွေ့အကြုံရအောင် ဆိုပြီး သူ့ဦးလေးရဲ့ ငါးဖမ်းလှေမှာ ဝင်လုပ်ရင်း ကော့သောင်းက မေသင်းကြူနဲ့ တွေ့တာ ....၊ ပက်ထရစ် အဲဒီ ကောင်မလေးကို တကယ်ချစ်သွားပြီး လက်ထပ်ဖို့တောင် စီစဉ်သေးတယ်၊ မမျှော်လင့်ဘဲ သဘော်တက်သွားရလို့ ကောင်မလေးနဲ့ အဆက်အသွယ်ပြတ်သွားပုံရတယ်၊ ပြန်ရောက်တော့ ကောင်မလေးကို သွားရှာပေမယ့် မတွေ့တော့ဘူး၊ ပက်ထရစ်အစ်မတွေက တို့နဲ့ အရမ်းခင်တယ်၊ သူတို့ပြောပြလို့ အဲဒီအကြောင်းတွေ သိရတာ၊ မေသင်းကြူရဲ့ ဓာတ်ပုံကိုလဲ သူတို့ပြလို့ မြင်ဖူးတာ"

သေချာတယ် ... တစ်ခုခုတော့ အကြီးအကျယ်ကိုလွဲမှားနေပြီ။

သို့သော် .... မည်သည့်အချက် လွဲမှားနေကြောင်း ကျွန်မ စဉ်းစား၍မရ။

မေသင်းအနေနှင့် တကယ်မဟုတ်ဘဲ သူမ၏ချစ်သူမှာ ဆီဇာ ဖြစ်ကြောင်း လိမ်ညာ ပြောဆိုလိမ့်မည် မဟုတ်ပါ။ အကယ်၍ လိမ်ညာမည်ဆိုလျှင်တောင်မှ ဆီဇာသူရစ္စ၏ အမည်ကို မကြားဖူးဘဲ လိမ်ညာ၍မရနိုင်ပါ။





နာမည်တူ မရှိနိုင်သော ထိုအမည်ကို အသုံးပြု လိမ်ညာဖို့အတွက် အနည်းဆုံး ဆီဇာ၏ အမည်ကို ရင်းရင်းနှီးနှီး သိကျွမ်းနေဖို့ လိုအပ်ပါသည်။

"ကဲ ... တို့လဲ တခြားမိတ်ဆွေတွေဆီ ဝင်စရာရှိသေးလို့ တို့ကို ခွင့်ပြုပါဦး"

ဂျူလီယာက ထိုင်ရာမှထရပ်ကာ တံခါးဝသို့ ထွက်ခွာသွားတော့ .... ကျွန်မ ကမန်းကတန်းထရပ်ရင်း ဂျူလီယာကို လှမ်းတားလိုက်မိသည်။

"ခဏလေး .... မဂျူလီယာ"

ဂျူလီယာ ခြေလှမ်းတို့ တုံ့ဆိုင်းရပ်တန့်သွားပြီး .... ကျွန်မဘက်သို့ လှည့်ကြည့်၏။

"ဘာများလဲ .... စနီး"

ကျွန်မ ပင့်သက်တစ်ချက်ကို အားယူရှိုက်သွင်းလိုက်ပြီး ....

"တကယ်လို့ မေသင်းကြူက သူ့ချစ်သူက ဆီဇာသူရစ္စ ပါလို့ အတိအကျပြောခဲ့ဖူးတယ်ဆိုရင် မဂျူလီယာ ဘယ်လိုသဘောထားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .... ဘယ်လိုမှ သဘောမထားဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ မဖြစ်နိုင်ဘူး ဆိုတာ သေချာနေလို့ပဲ၊ ဆီဇာရော .... စောသိန်းဝင်းပါ ကော့သောင်းကို သုံးလေးရက်လောက် အလည် ရောက်ဖူးတယ်၊ ဒါပေမဲ့ ... အဲဒီအချိန်တုန်းက မေသင်းကြူနဲ့ ပက်ထရစ် မတွေ့ကြသေးဘူး၊ အဲဒီနောက်ပိုင်းတော့ ကော့သောင်း ကို ဆီဇာ တစ်ခေါက်မှ ထပ်မရောက်ဖြစ်ဘူး၊ အဲဒီတော့ ဆီဇာနဲ့ မေသင်းကြူရဲ့ဇာတ်လမ်းဆိုတာ လုံးဝမဖြစ်နိုင်ဘူး စနိုး၊ ခေါင်းထဲက ထုတ်ပစ်လိုက်ပါ"

ဂျူလီယာ၏ အသံက ၎င်း၏စကားအတွက် ယုံကြည်စိတ်ချ ထားသည့် အသံမျိုးဖြစ်သည်။ ဂျူလီယာ ထွက်ခွာသွားပြီးနောက် ကျွန်မ တစ်ယောက်တည်း တုန်လှုပ်ချောက်ချားမှုတို့နှင့် ဘာလုပ် ရမှန်းမသိစွာ ငြိမ်သက်ကျန်ရစ်ခဲ့၏။

ဂျူလီယာ ပြောသည့်အတိုင်းသာ မှန်ခဲ့မည် ဆိုလျှင်တော့ အလွန်ဆိုးဝါးသော အမှားတစ်ခုကို ကျွန်မ ကျူးလွန်နေမိပြီ ဖြစ်သည်။

(ကိုယ့်ဘဝမှာ ရည်းစားမပြောခဲ့၊ မိန်းကလေးသူငယ်ချင်း တောင် မရှိခဲ့ဖူးဘူး)





(မင်းရဲ့ စည်းကမ်းချက်မှန်သမျှကို .... ကိုယ် လိုက်နာမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က မင်းကို ချစ်နေမိတဲ့သူကိုး)

(ဆီဇာနဲ့မဟုတ်ပါဘူး ... ပက်ထရစ်နဲ့ပါ)

ကျွန်မ ထိုင်ရာမှ ဝုန်းခနဲ ထရပ်ကာ အခန်းထောင့်ရှိတယ်လီ ဖုန်းဆီသို့ အပြေးအလွှား ရောက်ရှိသွား၏။ ယွန်း၏ ဆယ်လူလာ ဖုန်းနံပါတ်တို့ကို သွေးရူးသွေးတန်းနှိပ်ရင်း ... အချိန်မီပါစေဟုလည်း တဖွဖွ ဆုတောင်းနေမိသည်။

အရင်လိုသည်ဆိုမှ ပထမအကြိမ် လိုင်းမဝင်သဖြင့် နောက် တစ်ကြိမ် ခေါ်ရပြန်သည်။ ဒီတစ်ခါတော့ ကံကောင်းထောက်မစွာ ယွန်းနှင့် အဆက်အသွယ် ရပါသည်။

"ယွန်းလား၊ ငါပါ ... စနိုးပါ၊ ငါပြောတာကို သေချာနားထောင် ယွန်း၊ လက်ထပ်ပွဲကို အခုရပ်လိုက်ပါ၊ အခုချက်ချင်း ရပ်ပစ်လိုက်ပါ"

ယွန်းက ချက်ချင်းမဖြေသဖြင့် ကျွန်မ စိတ်မရှည်နိုင်စွာ ထပ် ပြောရ၏။

"ငါပြောတာ ကြားရဲ့လား ယွန်း၊ လက်ထပ်ပွဲကို အခုချက်ချင်း ရပ်ပစ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထဲမှ ယွန်း၏ သက်ပြင်းချသံကို ကြားလိုက်ရသည်ဟု ထင်မိ၏။

"ငါ စိတ်မကောင်းပါဘူး ... စနိုး၊ နင် နောက်ကျသွားပြီ"

"ဘာ ....."

"တအောင့်ကြာရင် လက်ထပ်ပွဲက ပြီးတော့မှာ"

ဘုရား ကယ်တော်မူပါ။

လက်ထပ်ပွဲပြီးတော့မှာတဲ့လား၊ ဟင့်အင်း မဖြစ်ရဘူး၊ အဲဒီလို မျိုး မဖြစ်စေရဘူး၊ လက်ထဲမှ ဖုန်းခွက်ကို ပစ်ချလိုက်ပြီး ကားသော့ ကိုယူကာ ရုံးခန်းထဲမှ အပြေးအလွှား ထွက်လာခဲ့သည်။

ယခုအချိန်၌ ဘုရားကျောင်းသို့ အမြန်ဆုံးရောက်ရှိရန်ကိစ္စမှာ ကျွန်မအတွက် အလွန်အရေးကြီးနေပါသည်။

◈ ◈ ◈



(၁၀)

အိပ်မက်ဆိုးတစ်ခုမှ လန့်နိုးလာသည့်ပမာ ယခုတိုင်အောင် ထိတ်လန့် တုန်လှုပ်နေဆဲ ဖြစ်သည်။ အငြိုးအတေး ကြီးလှသော မိန်းမတစ်ယောက်၏ လှပသေသပ်စွာ လှည့်စားခဲ့မှုအား တအံ့တသြ နှင့် မယုံကြည်နိုင်အောင် ဖြစ်နေမိသည်။

စနိုးသူ့အပေါ် ခြိမ်းမှုအထိရက်စက်လိမ့်မည်ဟုဘယ်တုန်းကမှ ထင်မိခဲ့၊ တကယ့်ကို ကြောက်စရာကောင်းတဲ့အဖြစ်ဆိုးတစ်ခုပါပဲ။

"လုပ်ရက်လိုက်တာ" ဟူသော စကားကို ထပ်ခါတလဲလဲ အကျင်စွာ ရေရွတ်နေမိသည်။ အကယ်၍သာ လက်စွပ်ကို တင်ကြို တ်ဆင်မပေးမိပါက ယခုအချိန်၌ ကြောက်မက်ဖွယ်ရာ ထောင် ချောင်အတွင်း၌ သူ ကျရောက်ပြီးဖြစ်နေပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်ရှေ့ လူပရိသတ်ရှေ့၌ လက်ထပ်ထားသော အမျိုးသမီးအား သေတပန်သက်တဆုံး ပေါင်းသင်းရမည်ဖြစ်၏။ ဘာသာရေးအရ ပြန်လည်ကွာရှင်းခွင့်မရှိ။ ထိုအချက်ကို သိပြီးဖြစ်သော စနိုးက သူ့ဘဝအား အဆုံးစီရင်ရန် ရက်စက်စွာ လုပ်ကြံခဲ့ခြင်းဖြစ်သည်။

သို့သော် ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကြောင့် ကံဆိုးမိုးမှောင်ကျမည့်အဖြစ်မှ လက်မတင်လေး လွတ်မြောက်ခဲ့ရသည်။

"မေသင်းကြူ ... စနိုးရဲ့ ညီမ"

အဖြစ်အပျက်တို့က အလွန်လျင်မြန်စွာ ဖြစ်ပျက်ခဲ့သဖြင့် အိပ်မက်တစ်ခုပမာ ဆိုးဝါးနိုင်လွန်းလှပါသည်။

"ပက်ထရစ်"

မှောင်ရိပ်ထဲမှ ထွက်လာသူအား တွေ့လိုက်သည်နှင့် စောသိန်းဝင်းရော သူပါ အံ့သြစွာ ရေရွတ်လိုက်မိသည်။ ပက်ထရစ် ဘယ်လိုလုပ်ပြီး ဒီနေရာမှာ ရောက်နေရတာလဲ၊ ဘာကြောင့် ရောက်လာရတာလဲ။

သူ မယုံကြည်နိုင်စွာ တအံ့တသြ တွေဝေနေမိသည်။





ထိုအချိန်မှာပင် သတို့သမီးဝတ်စုံ ဆင်မြန်းထားသော အမျိုးသမီး၏နှုတ်ဖျားမှ "ဆီဇာသူရှစ္စ" ဟူသော အခေါ်အဝေါ်တစ်ခု အလန့်တကြား ထွက်ကျလာသည်။

ထို့နောက် ပက်ထရစ်ရှိရာသို့ ရောက်ရှိသွားပြီး တစ်စုံတစ်ခုသော အကြောင်းကြောင့် လွတ်ထွက်သွားမည့်အလား တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်လေသည်။ ပက်ထရစ်မှအပ သူတို့အားလုံး ငေးကြောင် မှင်သက်နေမိကြ၏။

ပက်ထရစ်က မေသင်းကြူကို ပွေ့ဖက်လျက် သူရှိရာသို့ လျှောက်လာပြီး .....

"မင်း ငါ့ရဲ့ သတို့သားအရံ လုပ်ပေးမယ် မဟုတ်လား ဆီဇာ"

"နေပါဦး ... ခု ဘာတွေဖြစ်နေကြတာလဲ"

"ပြီးတော့မှ .... မင်းကို ငါ ရှင်းပြမယ်၊ လောလောဆယ် လက်ထပ်ပွဲကို အရင်ဆုံး ကျင်းပလိုက်ရအောင်"

ဘုရားကျောင်းသို့ သတို့သားလောင်းအဖြစ် ရောက်ရှိလာခဲ့ပြီး သတို့သားအရံအဖြစ်ဆောင်ရွက်ပေးခဲ့ရသောသူ့အဖြစ်က ရယ်စရာကောင်းလှသလို ခံပြင်းနာကြည်းစရာလည်း ကောင်းလှပါသည်။

စနိုး၏လုပ်ကြံမှုနှင့် ပတ်သက်၍ ယွန်း ရှင်းပြတော့မှ အံ့တသြ တုန်လှုပ်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"စနိုးရဲ့လုပ်ရပ်က ... ရက်စက်တယ် ဆိုပေမယ့် သူ့ဘက်က ကြည့်ရင်တော့ မမှားဘူးလို့ ကျွန်မ ထင်တယ်၊ ကျွန်မလဲ စနိုးနေရာမှာဆိုရင် ... သူ့အတိုင်း လုပ်မိမှာပဲ၊ ကိုယ့်ညီမတစ်ယောက်လုံး ရူးမတတ် ခံစားနေရတာကိုမြင်ရင် ဘယ်သူပဲဖြစ်ဖြစ် အနည်းနဲ့အများတော့ ပြန်ပြီး လက်စားချေချင်မှာပဲ"

စိတ်ဖိစီးမှု ဦးနှောက်နှင့်အာရုံကြော အားနည်းမှုတို့ကို အပြင်းအထန်ခံစားခဲ့ရသည်ဆိုသော မေသင်းကြူကို ကြည့်ရင်း ယွန်းက သူ့အား ပြောသည်။

လက်စွပ်ကိစ္စကြောင့် စနိုးမဖြစ်နိုင်မှန်း ရိပ်မိခဲ့သည့်အတွက် ကံကောင်းသည်ဟု ဆိုရပါလိမ့်မည်၊ ဒါတောင် ပက်ထရစ် အချိန်မီ ရောက်မလာပါက ဖြေရှင်းရ အတော်ခက်နေဦးမှာ အလွန်သေချာပါသည်။

"နေစမ်းပါဦး ..... ပက်ထရစ် ဘယ်လိုရောက်လာတာလဲ"

စောသိန်းဝင်း၏အမေးအား ချက်ချင်းမဖြေသေးဘဲ ပက်ထရစ်က စီးကရက်ကို အားပါးတရ ဖွာရှိုက်လိုက်ပြီးမှ ဖြည်းဖြည်းချင်း ရှင်းပြသည်။





"ယွန်းရဲ့အစ်ကို ကားဝယ်ရောင်း ကိုသက်ရဲ့ ကျေးဇူးကြောင့်လို့ ပြောရမှာပဲ၊ သူက အလုပ်ကိစ္စတစ်ခုနဲ့ ဘန်ကောက်ရောက်လာတုန်း မမျှော်လင့်ဘဲ ငါနဲ့တွေ့ပြီး ရန်ကုန်ကအကြောင်းတွေ စကားစပ်မိကြတယ်၊ ဒီလိုနဲ့ စနိုးအကြောင်းရောက်သွားပြီး စနိုးက ဆီဇာကို တကယ်ချစ်တာမဟုတ်ဘူး၊ လက်စားချေချင်လို့ ချစ်ဟန်ဆောင်တာလို့ပြောပြတယ်၊ သူလဲ အဲဒီအကြောင်းကို နောက်မှသိရတာတဲ့၊ ဆီဇာကြောင့် ကောသောင်းက စနိုးရဲ့ညီမအသည်းကွဲခံရတဲ့အတွက် လက်စားချေမှာတဲ့၊ ဘယ်လိုလက်စားချေမှာလဲဆိုတာတော့ သူလဲ မသိဘူး၊ ဘာပဲဖြစ်ဖြစ် .... ကောသောင်းက ညီမဆိုတာရယ်၊ ဆီဇာသူ့ရှစ္စကြောင့် အသည်းကွဲခဲ့ဖူးတယ် ဆိုတာရယ် ... အဲဒီနှစ်ချက်ထဲတင် ငါ ရန်ကုန်ကို အမြန်ဆုံးပြန်လာခဲ့တာပဲ"

"ဘန်ကောက်လေဆိပ်ကနေ သိန်းဝင်းဆီ ဖုန်းလှမ်းဆက်တော့ ဒီနေ့လက်ထပ်မယ့်အကြောင်းနဲ့လက်ထပ်မယ့်ဘုရားကျောင်းကိုပါ သိလိုက်ရတယ်၊ စနိုးက လက်စားချေရုံ သက်သက်ဆိုရင် ဆီဇာကို လက်ထပ်စရာအကြောင်း လုံးဝမရှိဘူး၊ ဒါပေမဲ့ ... သိန်းဝင်းက အသေအချာကြီးပြောနေလို့ ဘုရားကျောင်းမှာ လာစောင့်နေလိုက်တာပဲ၊ ခုလိုမျိုး မေသင်းကြူနဲ့ အစားထိုးလိမ့်မယ်လို့ လုံးဝမထင်မိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ... မင်း အချိန်မီ ပြန်ရောက်လာတဲ့အတွက် ကျေးဇူးတင်တယ် ပက်ထရစ်၊ ဒါပေမဲ့ ... မေသင်းကြူရဲ့ချစ်သူဟာ ဆီဇာပါလို့ ဘာဖြစ်လို့ စနိုးက စွပ်စွဲရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ မေသင်းချစ်သူရဲ့နာမည်က တကယ် ဆီဇာသူရစ္စ ဖြစ်နေလို့ပေါ့"

"ဘာ ...."

သူ တအံ့တသြရေရွတ်လိုက်တော့ ပက်ထရစ်က စီးကရက်ကို ပြာခွက်ထဲသို့ ထိုးချေလိုက်ရင်း ..... "ဖြစ်ပုံက ..... ဒီလိုကွ" ဟု အစချီသည်။

❖ ❖ ❖

ထိုစဉ်က ပက်ထရစ် နိုင်ငံခြားသင်္ဘောမလိုက်ခင် ပင်လယ်ပြင် အတွေ့အကြုံရရန် ၎င်း၏ဦးလေးပိုင် တနင်္သာရီတိုင်းမှ ငါးဖမ်းလှေ တစ်စီး၌ အပျော်တမ်းဝင်လုပ်ခဲ့သည်။ အလုပ်မဝင်ခင် စောသိန်းဝင်း၊ ဆီဇာတို့ကိုပါ အဖော်ခေါ်၍ ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့ များသို့ လည်ပတ်ခဲ့ကြသေးသည်။ အလွန်သဘောကောင်းသော ပဲ့နင်းကြီးက ၎င်းတို့နှင့်အတူ တကောက်ကောက်လိုက်ပါခဲ့၏။





တပတ်ခန့်အကြာ ဆီဇာတို့ ပြန်သွားပြီးနောက် ပဲ့နင်းကြီး၏ လှေ၌ ပက်ထရစ် အလုပ်ဝင်ခဲ့သည်။ ပဲ့နင်းကြီးက ပက်ထရစ်ကို အလွန်ချစ်သော်လည်း ပက်ထရစ်၏ အမည်ကိုတော့ မကြာခဏ မှားယွင်းခေါ်တတ်၏။ အထူးသဖြင့် ဆီဇာသူရစ္စ၏ အမည်နှင့် မှားယွင်းခြင်းဖြစ်သည်။

"ပက်ထရစ် ဆိုတဲ့ နာမည်က ခေါ်ရတာ လျှာလိပ်တယ်၊ ဆီဇာကျတော့ ခေါ်ရတာ လွယ်တယ်တဲ့၊ ငါ .. ဘယ်လောက်ပဲ ပြင်ပေးပြင်ပေး ပြင်တုန်းခဏပဲ၊ နောက်ပိုင်း ဆီဇာသူရစ္စလို့ပဲ မှားမှား ခေါ်တယ်၊ အဲဒီကနေ ... ဆီဇာဆိုပြီး နှုတ်ကျိုးသွားတယ်၊ ပဲ့နင်းကြီး ကစပြီး လှေပေါ်ပါတဲ့လူ အကုန်လုံး ငါ့ကို ဆီဇာလို့ပဲ ခေါ်ကြ တော့တယ်၊ အဲဒီအချိန်မှာ မေသင်းကြူနဲ့တွေ့တာပဲ"

ကော့သောင်းမြို့၏ နာမည်ကြီး စားသောက်ဆိုင်တစ်ဆိုင်၌ ဟိုဘက်ဝိုင်း၊ ဒီဘက်ဝိုင်း ဆုံဆည်းခဲ့ကြခြင်းဖြစ်သည်။ တွေ့တွေ့ချင်း ပက်ထရစ်က မေသင်းကြူအား စိတ်ဝင်စားခဲ့သလို၊ မေသင်းကြူက လည်း ပက်ထရစ်အပေါ် ရင်ခုန်ခဲ့၏။ အတူပါလာသော လှေသမား များ၏ အခေါ်အဝေါ်ကြောင့် ပက်ထရစ်၏အမည်မှာ ဆီဇာသူရစ္စ ဟုပင် မေသင်းကြူ ထင်မှတ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရက်အနည်းငယ် အကြာ၌ သူတို့နှစ်ယောက် ချစ်သူများအဖြစ်သို့ ရောက်ရှိခဲ့ကြလေသည်။ ချစ်သူများဖြစ်ချိန် အထိ မေသင်းကြူက ဆီဇာသူရဇ္ဇဟု သတ်မှတ်ခေါ်ဝေါ်နေဆဲ ဖြစ်သည်။

"ငါကလဲ နဂိုကတည်းက နောက်တာပြောင်တာ ဝါသနာပါ တော့ သူများခေါ်တဲ့အတိုင်း အသာငြိမ်နေလိုက်တယ်၊ နောက်မှ လက်ထပ်ဖိတ်စာထဲမှာ နာမည်မှန်ထည့်ရိုက်ပြီး သူ့ အံ့ဩအောင် လုပ်မယ်ပေါ့၊ တကယ်လဲ သူ့ကို လက်ထပ်ဖို့ ဆုံးဖြတ်ထားတယ်၊ လက်ထပ်လက်စွပ် လုပ်ဖို့ သူ့ဆီက လက်စွပ်တစ်ကွင်းတောင် ယူထားသေးတယ်၊ အဲဒီအချိန်မှာ အမြန်ပြန်လာဖို့ ရန်ကုန်က လှမ်း အကြောင်းကြားတယ်"

ပက်ထရစ်၏ မိခင်က မကြာခဏဖျားနာတတ်သဖြင့် ထို့ အတွက် လှမ်းခေါ်ခြင်းဖြစ်မည်ယူဆကာ ရန်ကုန်သို့ အမြန်ပြန်လာ ခဲ့၏။ သို့သော် ပက်ထရစ်အား လှမ်းခေါ်သောကိစ္စမှာ ၎င်းထင်သလို မဟုတ်ဘဲ သဘော်တက်ရန်အတွက် ဖြစ်သည်။

"သဘော်တက်ရမယ့်ရက်ကအရမ်းကိုကပ်နေပြီးကော့သောင်း ကို အကျိုးအကြောင်း ပြန်ပြောဖို့ ဘယ်လိုမှ အချိန်မရတော့ဘူး၊ ဒါကြောင့် သဘော်တက်ရတဲ့ အကြောင်း ပြန်လာလာချင်း





လက်ထပ်မယ့်အကြောင်း စာရေးပြီး လူကြုံနဲ့ပေးလိုက်တယ်၊ ကံဆိုး ချင်တော့ အဲဒီစာက သူ့ဆီမရောက်ဘဲ ငါ့ဦးလေးဆီရောက်သွား တယ်၊ ရှုပ်ရှုပ်ယှက်ယှက်တွေ ဆိုပြီး ဖြုပစ်လိုက်တဲ့အကြောင်း နောက်မှသိရတယ်၊ သဘော်က ပြန်လာတော့ ကော့သောင်းမှာ သူ့ကိုသွားရှာပေမယ့် မတွေ့တော့ဘူး၊ ရှမ်းကန်ဘက်ပြောင်းသွား သလိုလို၊ ရန်ကုန်ပဲ ပြောင်းသွားသလိုလိုနဲ့ အစပျောက်သွားတယ်၊ အဖြစ်ကတော့ ... အဲဒါပဲ ...."

❖ ❖ ❖

ယွန်းနှင့် မေသင်းကြူအပါအဝင် လူငါးယောက်ထိုင်နေသော စကားဝိုင်းက အံ့ဩဖွယ် ကောင်းလောက်အောင် တိတ်ဆိတ်၍ နေလေသည်။ သူတို့အားလုံး အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြ ခြင်း ဖြစ်သည်။

အတန်ကြာမှ ယွန်းကချောင်းတစ်ချက်ဟန့်ရင်းစကားစသည်။

"ခုချိန်လောက်ဆိုရင်တော့ ... စနိုးတံစ်ယောက် ပျော်ယာခတ် နေမှာပဲ"

"ဘာဖြစ်လို့လဲ ယွန်း"



www.burmeseclassic.com

www.burmeseclassic.com



စောသိန်းဝင်းက စိတ်ဝင်တစား လှမ်းမေး၏။

သူကတော့ ၎င်းတို့၏စကားကို စိတ်မဝင်စားနိုင်ဘဲ ခံပြင်းမှုဖြင့် တိတ်ဆိတ်စွာ နှာကျင်နေမိသည်။

"ဘုရားကျောင်းမှာတုန်းက စနိုး ကျွန်မဆီကို ဖုန်းဆက်သေးတယ်၊ ဘာကြောင့်မှန်း မသိဘူး၊ လက်ထပ်ပွဲကို ခုချက်ချင်းရပ်ပစ်လိုက်ပါတဲ့၊ အဲဒီအချိန်မှာ ကိုပက်ထရစ်နဲ့ မေသင်းကြူက လက်စွပ်လဲနေကြပြီ၊ ဒါကြောင့် လက်ထပ်ပွဲက ပြီးတော့မှာလို့ ပြောလိုက်တော့ ချက်ချင်းပဲ ဖုန်းချသွားတယ်၊ ထပ်ဆက်တော့ ဖုန်းမကိုင်တော့ဘူး၊ သူ့ကြည့်ရတာ တော်တော်အလောတကြီးဖြစ်နေပုံပဲ"

ယွန်း၏စကားအဆုံး၌ ပက်ထရစ်က ဝင်ပြောသည်။

"ဖုန်းမကိုင်တော့ဘူးဆိုတော့ သူ ဘုရားကျောင်းကို လိုက်သွားလို့ဖြစ်မှာပေါ့"

"ဟုတ်တယ် ... ဘုရားကျောင်းမှာ ကျွန်မတို့ကို မတွေ့ရင် ကိုဆီဇာအိမ်ကို ဆက်သွားလိမ့်မယ်၊ အဲဒီမှာလဲ မတွေ့ဘူးဆိုရင် သူ တော်တော်မောသွားမှာပဲ၊ ကျွန်မတို့ ... ကိုပက်ထရစ်အိမ်မှာ ရောက်နေတယ်လို့ သူ ဘယ်လိုမှ တွေးမိမှာ မဟုတ်ဘူး"





"ကိစ္စမရှိပါဘူး၊ အဲဒီမှာ မတွေ့ရင် ယွန်းရဲ့ဆယ်လူလာကို သူ လှမ်းဆက်မှာပေါ့"

စောသိန်းဝင်း၏ စကားမဆုံးခင်မှာပင် ယွန်း၏ဆယ်လူလာဖုန်းမှ တတီတီအသံထွက်ပေါ်လာသဖြင့် ... "ကဲ ... သုခမိန်ကြီးပြောတာ မမှန်ဘူးလား" ဟု ဂုဏ်ယူဝင့်ကြွားသံနှင့် ... စောသိန်းဝင်းက ရေရွတ်လေသည်။

ယွန်းက ... တော်ပါပေတယ် သုခမိန်ကြီးရယ်ဟု ရေရွတ်ပြီး ဖုန်းကိုဖွင့်၍ ဟယ်လိုဟု ထူးလိုက်သည်။ တစ်ဖက်မှပြောနေသည်ကို နားထောင်ရင်း ယွန်း၏မျက်နှာ သိသိသာသာ ပျက်ယွင်းသွားလျက် "ရှင်" ဟု အာမေဋိတ်သံ ပြုလိုက်သဖြင့် ....

ဖုန်းပြောခြင်းကို စိတ်ဝင်တစား နားစွင့်နေကြသော ပက်ထရစ်တို့က ... "ဘာဖြစ်လို့လဲ ယွန်း" ဟု ပြိုင်တူလိုလို လှမ်းမေးကြသည်။

"မဂျူလီယာဖုန်းဆက်တာ၊ စနိုး ကားအက်ဆီးဒင့်ဖြစ်လို့တဲ့"

တစ်ခန်းလုံး ထိတ်လန့်အံ့သြသံတို့ဖြင့် ဆူညံသွားကြသည်။ ယွန်းက တယ်လီဖုန်းကို သူ့ထံသို့ လှမ်းပေးရင်း ပြောသည်။

"မဂျူလီယာက ကိုဆီဇာနဲ့ စကားပြောချင်လို့တဲ့"

ဖုန်းကိုလှမ်းယူရန် ချီတုံချတုံ ဖြစ်စွာ တွေဝေနေသေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မြန်မြန်ပြောလိုက်စမ်းလကွာ"

ပက်ထရစ် တိုက်တွန်းတော့မှ သတိဝင်ပြီး ဖုန်းကိုယူကာ နားထောင်လိုက်သည်။

"ပြောပါ"

"ဆီဇာလား တို့ပါ၊ ဂျူလီယာပါ၊ စနိုး အက်ဆီးဒင့်တ် ဖြစ်လို့ ဆေးရုံကိုအမြန်လာခဲ့ပါ"

"စိုးရိမ်ရသလား"

"အခြေအနေက ဘယ်လိုမှန်းမသိသေးဘူး၊ စောစောတုန်းကတော့ သတိပြန်ရလို့ တို့နဲ့စကားနည်းနည်း ပြောဖြစ်တယ်၊ ယွန်းဖုန်းနံပါတ်ကိုပေးပြီး ဖုန်းဆက်ခိုင်းတယ်၊ ယူ့ကိုလဲ အရမ်း တွေ့ချင်နေတယ်၊ ယူ အမြန်ဆုံးလာခဲ့ပါ"

"ကောင်းပြီလေ၊ ခုချက်ချင်း ထွက်လာခဲ့မယ်"

သူ့စကားဆုံးသည်နှင့် အကုန်လုံး ထိုင်ရာမှထရပ်ကာ ထွက်ခွာရန် အဆင်သင့် ဖြစ်နေလေသည်။

ဆေးရုံသို့ မောင်းလာရာ လမ်းတစ်လျှောက်လုံး ယွန်းနှင့် မေသင်းကြူက စနိုး ဘာမှမဖြစ်ပါစေနဲ့ဟု တဖွဖွရေရွတ်ဆုတောင်းနေကြသည်။ သူကတော့ ဘယ်လိုဆုမျိုးကို တောင်းသင့်မှန်း စဉ်းစား၍မရနိုင်လောက်အောင် သိစိတ်တို့ ဝေဝါးနေကြ၏။



(၁၁)

ဝင်းဝါနုဖတ်သော မျက်နှာသွယ်သွယ်လေးမှအပ ခန္ဓာကိုယ်၏ နေရာအတော်များများ၌ ပတ်တီးဖြူဖြူတို့က ဖုံးလွှမ်းနေရာယူထားကြသည်။ မျက်လုံးအစုံကို မှေးမှိတ်လျက် အသက်ကို ဖြည်းညင်းစွာ ရှူရှိုက်နေ၏။

အိပ်ပျော်နေတာလား၊ မေ့မြောနေတာလား ဝေခွဲ၍မရ။

သွေးပုလင်းမှ တစ်စက်ချင်းကျနေသော သွေးတို့ကို အမိပ္ပာယ်မဲ့စွာ သူ ငေးကြည့်နေမိသည်။ ဘေးနားမှ ဂျူလီယာ၏စကားသံက ခပ်တိုးတိုး ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"တို ... သူ့ သင်တန်းကျောင်းကို မွေးနေ့ဖိတ်စာ သွားပေးတာ၊ သင်းတန်းထဲကထွက်လာပြီး ကားပေါ်ရောက်တော့မှ ဆီဇာ့အတွက် ဖိတ်စာပါ သူ့ကို တစ်ခါတည်းပေးခဲ့ရင် ကောင်းမှာပဲလို့တွေးမိပြီး သင်တန်းကျောင်းဘက် ပြန်လျှောက်လာတုန်း အထဲကနေ စနိုး ပြေးထွက်လာတယ်၊ ကားပေါ်တက်ပြီး တရကြမ်း မောင်းထွက်သွားတယ်၊ တို့လဲ စိတ်ပူသွားပြီး သူ့ကားထွက်သွားတဲ့ဘက်ကို တို့ကားနဲ့ အမီလိုက်ပေမယ့် မျက်ခြည်ပြတ်သွားတယ်၊ အဲဒါနဲ့ သူငယ်ချင်း တစ်ယောက်ဆီဝင်ဖို့ ဦးဝိစာရလမ်းအတိုင်း မောင်းလာရင်း တစ်နေရာရောက်တော့ စနိုးရဲ့ကားနဲ့ တခြားကားတစ်စီး တိုက်ထားတာကို တွေ့လိုက်ရတာပဲ"

"အဲ့ဒါ ဘုရားကျောင်းကို လိုက်လာတာဖြစ်မယ်"

ခြောက်ကပ်ကပ် စကားသံတို့က သူ့နှုတ်ဖျားမှ ထွက်ပေါ်၍ လာသည်။ ဂျူလီယာက ခေါင်းညိတ်ပြီး သူ့စကားကို တုံ့ပြန်သည်။

"ဟုတ်တယ် ... လက်ထပ်ပွဲကို အချိန်မီတားဖို့ ဘုရားကျောင်းကို သွားတာလို့ သူ ပြောပြတယ်"

ခပ်တိုးတိုး ငိုရှိုက်နေသော ယွန်းက အဲဒါ ကျွန်မအပြစ်ပဲ၊ ဖုန်းထဲကနေ သေသေချာချာ ရှင်းပြလိုက်ရင် ခုလိုဖြစ်မှာ မဟုတ်ဘူး ဟု ငိုသံတို့ရောပြွမ်းလျက် ဗလုံးဗထွေး ရေရွတ်သည်။





ထိုအချိန်မှာပင် ခပ်သဲ့သဲ့ ညည်းညူသံနှင့်အတူ စနိုး၏ ကိုယ်လေး လူးလွန့်လျက် မျက်တောင်တို့ ဖြည်းညင်းစွာ ပွင့်လာလေသည်။

"စနိုး သတိရပြီလား .... ဆီဇာတို့ ရောက်လာကြပြီ"

စနိုးက ခေါင်းတစ်ချက် ညိတ်ပြရင်း ခုတင်ဘေး၌ ဝိုင်းရံ ရပ်နေကြသူများအား တစ်ယောက်ချင်း လိုက်ကြည့်လေသည်။ ထို့နောက် သူ့ထံ၌ စနိုး၏အကြည့်တို့ ရပ်တန့်သွားကြပြီး စကား ပြောရန် အားယူလိုက်သည်။

နီစွေးသော နှုတ်ခမ်းလွှာနှစ်ခု လှုပ်ခတ်သွားကြပြီး မှိန်ဖျော့ တိုးညင်းသည့် အက်ရှရှအသံလေး ထွက်ပေါ်၍လာသည်။

"ကျွန်မကို ... ခွင့်လွှတ်ပါဆီဇာ .... တဲ့"

သူ ခေါင်းညိတ်ရမလား၊ ဒါမှမဟုတ် ခေါင်းပဲ ခါယမ်းလိုက်ရမလား....

သို့သော် သူ့နှလုံးသားက ထိုမျှအထိ မမာကျောနိုင်ပါ။

"ကိုယ် ... ခွင့်လွှတ်ပါတယ် စနိုး"

"ကျွန်မ မစူးစမ်းမဆင်ခြင်ဘဲ လျှောက်လုပ်ခဲ့မိတာပါ ဆီဇာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်အားလုံးကို သိပြီးပါပြီ၊ အဲဒါတွေအကုန်လုံး မေ့ပစ်လိုက်ပါ .... စနိုး"

သူ့စကားအား သဘောမတူဟန်ဖြင့် သူမ ခေါင်းယမ်းသည်။

"ကျွန်မ ဘယ်လိုမှ မေ့လို့မရဘူး ဆီဇာ၊ ကျွန်မရဲ့ အမှားကြောင့် ရှင်နဲ့ ဂျူလီယာရဲ့ လက်ထပ်ပွဲ ပျက်ခဲ့ရတယ်၊ လူ အတော်များများ စိတ်ဆင်းရဲခဲ့ရတယ်"

သူ သက်ပြင်းတစ်ချက်ကို ချလိုက်၏။

ဂျူလီယာကတော့ စနိုး၏လက်ဖဝါးတစ်ဖက်ကို ဆုပ်ကိုင်ရင်း

"အဲဒီကိစ္စအတွက် ဆီဇာရော တို့ပါ ဘယ်လိုမှ သဘောမထားပါဘူး စနိုး၊ ပြီးတော့ ..... စနိုးတစ်ယောက်တည်းရဲ့ အမှားလဲ မဟုတ်ပါဘူး၊ ကံကြမ္မာကိုက မှားယွင်းဖို့ တမင်ဖန်တီးလာတာပါ"

"မဂျူလီယာ ကျွန်မကို ခွင့်လွှတ်တယ်ပေ့ါနော်"

"ခွင့်လွှတ်ပါတယ် .... စနိုး၊ တို့တွေ အကုန်လုံး စနိုးကို ခွင့်လွှတ်တယ်"

ပင့်သက်တစ်ချက်ကို စနိုး ခက်ခဲစွာ အားယူ ရှိုက်သွင်းလိုက်သည်။





"ကျွန်မကို ခွင့်လွှတ်တယ်ဆိုရင် အခွင့်အရေးလေး တစ်ခုလောက် ပေးပါလား"

"ဘာလဲစနိုး"

"ဘာအခွင့်အရေးလဲ"

သူရော ဂျူလီယာပါ ပြိုင်တူလိုလို မေးလိုက်ကြ၏။

"ကျွန်မကြောင့် ... ပျက်စီးခဲ့ရတဲ့ မင်္ဂလာပွဲကို ကျွန်မကိုယ်တိုင် ပြန်ပြီး ကျင်းပပေးချင်တယ်၊ အနည်းဆုံး လက်စွပ်လဲတာလောက် ဖြစ်ဖြစ် မြင်တွေ့သွားချင်တယ်၊ ကျွန်မကို သနားရင် အဲဒီအခွင့်အရေးလေး တစ်ခုတော့ ပြန်ပေးပါနော်"

စနိုး၏ စကားကြောင့် နင့်ခနဲ ခံစားလိုက်ရ၏။

ဂျူလီယာ၏မျက်ဝန်းမှာတော့ မျက်ရည်တွေ ဝေ့သီနေကြလေသည်။

"ကျွန်မရဲ့ဆန္ဒကို ဖြည့်ဆည်းပေးမယ် မဟုတ်လား ... ဟင်"

ဂျူလီယာ သူ့ကို ဖြတ်ခနဲ တစ်ချက်ကြည့်၏။ သူ ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်သည်။

"ကောင်းပြီစနိုး၊ စနိုးရှေ့မှာ တို့တွေ လက်စွပ် လဲကြမယ်လေ၊ စနိုးကျေနပ်တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



စနိုး၏ နှုတ်ခမ်းတို့ ကွေးညွတ်လျက် ခပ်ယဲ့ယဲ့ပြုံးလိုက်ပြီး ခေါင်းကို ညိတ်ပြလေသည်။ ထို့နောက် ဘယ်အချိန်တုန်းကတည်းက လက်ထဲ၌ဆုပ်ကိုင်ထားသည်မသိသော ရွှေလက်စွပ်တစ်ကွင်းကို ဂျူလီယာ၏ လက်ထဲသို့ ထည့်ပေးရင်း.... "ဆီဇာကို ဝတ်ပေးဖို့" ဟု ခပ်တိုးတိုး ပြောသည်။

BURMESE CLASSIC

သူ၏ ကုတ်အင်္ကျီအိတ်ထဲမှာတော့ လက်စွပ်နှစ်ကွင်း အဆင်သင့် ရှိနေသည်။

တစ်ကွင်းက အသစ်ထပ်လုပ်ထားသည့် လက်စွပ်ဖြစ်ပြီး နောက်တစ်ကွင်းကတော့ ... အရင်တုန်းကတည်းက ဂျူလီယာအတွက် ရည်ရွယ်ပြုလုပ်ထားပြီး (စနိုးလက်နှင့် အနေတော်ဖြစ်နေခဲ့သော) လက်စွပ်ကလေးဖြစ်သည်။

ထိုလက်စွပ်ကလေး သူ့၌ အဆင်သင့်ရှိနေကြောင်း စနိုး ရိပ်မိပုံရ၏။

လက်စွပ်လဲရန် ဂျူလီယာနားသို့ သူ ချဉ်းကပ်သွားတော့ စနိုးက ခဏလေးဟူသောသဘောဖြင့် လက်ကာပြပြီး ယွန်းကို လှမ်းခေါ်သည်။ ယွန်းက ချက်ချင်းပင် အနားသို့ရောက်လာပြီး "ဘာလဲစနိုး" ဟု မေးတော့ ....





"မေသင်း လမ်းလျှောက်ကျင့်တဲ့အခွေနဲ့ ကက်ဆက်ကလေး နင့်ဆီမှာ မဟုတ်လား"

ယွန်းက ခေါင်းညိတ်ပြပြီး လက်ပွေ့အိတ်ထဲမှ ခရီးဆောင် ကက်ဆက်အသေးလေးကို ထုတ်ပေးတော့ "ဖွင့်လိုက်ပါ" ဟု ခပ်တိုးတိုး ပြောသည်၊ ယွန်းက ကက်ဆက်ခလုတ်ကို နှိပ်လိုက်၏။

လျှပ်စစ်အော်ဂင်နှင့်တီးထားသော မင်္ဂလာတီးလုံးသံက ငြိမ့်ညောင်းစွာ ထွက်ပေါ်၍လာသည်။ စနိုးက ... ဂျူလီယာနှင့် သူ့ကို ပြုံးကြည့်ရင်း လှမ်းပြောသည်။

"အခန်းဝကနေ ကျွန်မဆီကို လျှောက်လာပါနော်"

ဂျူလီယာရော သူပါ စနိုး၏ တောင်းဆိုမှုမှန်သမျှကို လိုက်လျောရန် ဆုံးဖြတ်ထားကြပြီး ဖြစ်သဖြင့် အခန်းဝသို့ ပြန်ဆုတ်ပြီးမှ မင်္ဂလာတီးလုံးသံနှင့်အတူ စနိုးရှိရာသို့ ဖြည်းညင်းစွာ လျှောက်လှမ်းလာကြသည်။

စနိုးရှေ့ရောက်တော့ နှစ်ယောက်စလုံး ရပ်လိုက်ကြပြီး သူ၏ အိတ်ထဲမှ လက်စွပ်ကလေးကို ထုတ်ကာ ဂျူလီယာ၏ လက်၌ ဝတ်ဆင်ပေးလိုက်၏။ ဂျူလီယာက စနိုးပေးထားသော လက်စွပ်ကို သူ၏လက်၌ ပြန်လည်ဝတ်ဆင်ပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်စွပ်ကိုကြည့်လိုက်တော့ ဖောင်းကြွစာလုံးနှစ်လုံး ရေးထိုးထားကြောင်း တွေ့ရသည်။

တရုတ်စာလုံးမဟုတ်သလို အင်္ဂလိပ်စာလုံးလည်းမဟုတ်ပါ။

အလွန်ရိုးစင်းသည့် မြန်မာစာလုံးနှစ်လုံး ဖြစ်ပါသည်။

"ချစ်တယ် ... တဲ့"

သူ လိုက်ခနဲ ဖြစ်သွားပြီး စနိုးကို လှမ်းကြည့်လိုက်တော့ နီစွေးသော နှုတ်ခမ်းအစုံက ပြုံးနေဆဲဖြစ်သည်။ သို့သော် ... မျက်ဝန်းမှာတော့ မျက်ရည်တို့ ဝေ့ဝဲနေကြ၏။

❖ ❖ ❖

လျှပ်စစ်အော်ဂင်၏ မင်္ဂလာတီးလုံးသံ ရပ်ဆိုင်းသွားသည်နှင့် အခန်းအတွင်း တိတ်ဆိတ်ငြိမ်သက်ခြင်းက ချက်ချင်းပင် လွှမ်းမိုးသွားလေသည်။



၂၅။ အလင်းဖျော့ကောင်းကင် ၁၉၉၈ ဖွန် (ဒုတိယအကြိမ်)
၂၆။ ကောင်းကင်ခါးခါး ၁၉၉၈ စက်တင်ဘာ(ဗီဒီယို)
၂၇။ လျော်ကြေး ၁၉၉၈ ဒီဇင်ဘာ (ဗီဒီယို)
၂၈။ လမ်းလျှောက်သူများ ၁၉၉၉ ဖွန်

## ယခု

၂၉။ အိပ်မက်ရာသီ ၁၉၉၉ အောက်တိုဘာ

## ဆက်လက်ထွက်ရှိမည့် စာအုပ်များ

၁။ သင်၏ချစ်လှစွာသော
၂။ မြစ်ကျိုးအင်း
၃။ စိမ်းမြဝေရီ

www.burmeseclassic.com